
www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

# ချစ်လွန်းတော့လည်း အခက်သား



www.burmeseclassic.com

တက္ကသိုလ်တင်မြင့်

ချစ်လွန်းတော့လည်းအခက်သား

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ် (၅၉) ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်တင်မြင့် ၈၉၅. ၈၃

ချစ်လွန်းတော့လည်းအခက်သား ၊ တက္ကသိုလ်တင်မြင့်၊ ရန်ကုန်၊

စေတနာစာပေ၊ ၂၀၁၃

၃၁၂-စာ၊ ၅×၇

(၁) ချစ်လွန်းတော့လည်းအခက်သား



# တက္ကသိုလ်တင်မြင့်

# ချစ်လွန်းတော့လည်းအခက်သား

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၀-ခုနှစ်
ဝန်းကျင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

သူ၏မျက်လုံးတို့သည် ရေခဲခြစ်ရောင်းသော ကောင်မလေးထံသို့သာ အဆက်မပြတ်ကြည့်နေသည်။

သူက လင့်ရိုဘာကားပေါ်မှဖြစ်သည်။ ဈေးအတွင်း ကားရပ်ခွင့်နေရာတွင် ငွေနှစ်ကျပ်ပေး၍ရပ်ပြီး ကားပေါ်မှထိုင်ကာ ရေခဲခြစ်ရောင်းသော ကောင်မလေးက ကားရပ်ခွင့်နေရာမှ ပေနှစ်ဆယ်အစိတ်ကွာခန့် ဈေးထောင့်တွင် ရေခဲခြစ်ရောင်းနေခြင်းဖြစ်ပါ၏။

သူ၏အသက်ကို ခန့်မှန်းမည်ဆိုလျှင် ၃၅ နှင့် ၄၀ ကြားဟု ခန့်မှန်းနိုင်သည်။

ရေခဲခြစ်ရောင်းသော ကောင်မလေး၏အသက်မှာ ၁၅ နှစ်သို့ မဟုတ် ၁၆ နှစ်ခန့်ဟု မြင်ရုံနှင့် ခန့်မှန်းနိုင်သည်။ အသက်အတန်ငယ်ရင့်သွားသူဆိုလျှင် ရုပ်သွင်ကိုကြည့်ပြီး လေးငါးနှစ်ခန့် အတိုးအလျှော့ခန့်မှန်းရတတ်စေကာမူ နုပျိုလွန်းသေးသည့် ဆယ်ကျော်သက်အရွယ်လေး၏ မျက်နှာလေးကိုကြည့်ပြီး တစ်နှစ်တန်သည် နှစ်နှစ်တန်သည် အတိုးအလျှော့ဖြင့် ခန့်မှန်းရန်လွယ်ပါ၏။ နုပျိုလွန်းသေးသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



နေရာဒေသမှာ မော်လမြိုင်မြို့၏ အစည်ကားဆုံးဈေး ဟု ဆိုနိုင်လောက်သော မိုင်ဒါဈေးဖြစ်ပါ၏။

သို့တစေ ...

မော်လမြိုင်မြို့၏ မိုင်ဒါဈေး အစည်ကားဆုံးဖြစ်လာ ရသည်မှာ မှောင်ခိုပစ္စည်းအရောင်းအဝယ် အဓိကကြောင့်ဟု ဆိုရလိမ့်မည်ထင်သည်။

ဈေးတစ်ဈေး စည်ကားလာပြီဆိုလျှင် လူပေါင်းစုံ တွေ့ရှိတတ်သည်။ ယခု မော်လမြိုင်မိုင်ဒါဈေး ပတ်လည်ဝန်းကျင် တွင် ဆိုက်ကားသမားတွေ၊ ပခုံးထမ်းအလုပ်သမားတွေ၊ မြင်းလှည်း သမားတွေ မျိုးစုံသည်။ အစဉ်မပြတ် ရှိနေသည်။

ရေခဲခြစ်ရောင်းသူကောင်မလေးက မော်လမြိုင်ဒေသ ခံဖြစ်နေသည်။ လင့်ရှိဘာပေါ်မှလူက မော်လမြိုင်၏ ဧည့်သည် တစ်ဦး ဖြစ်ပါ၏။

အလုပ်သမားနှစ်ဦး ဖြစ်ဟန်တူသည်။

အင်္ကျီပြာကိုယ်စီ ဝတ်ထားကြပေသည်။

မော်လမြိုင်မြို့ဝယ် အငှားယာဉ်မောင်းသူ၊ ယာဉ် လိုင်းစုံမောင်းသူနှင့် အလုပ်သမားများစသည်တို့ကို သည်တစ်ခု တော့ချီးကျူးဖို့ကောင်းသည်။ သူတို့သည် သူတို့၏တံဆိပ်အမှတ် အသား ကွဲခြားသည်ကလွဲပြီး သူတို့အလုပ်ချိန်အတွင်း အလုပ် တာဝန်တွင်ရှိနေကြောင်း အင်္ကျီပြာကို ဝတ်ဆင်ပြထားကြသည်။

အင်္ကျီပြာဆင်တူဝတ်ထားကြသော အလုပ်သမားနှစ် ဦးသည် သူ၏လင့်ရှိဘာကားရှေ့မှဖြတ်ပြီး လမ်းလျှောက်ရင်း တေးတစ်ပုဒ် အော်ဟစ်သွားကြသည်။



တေးတစ်ပုဒ်ဆိုရာ၌ အများပြည်သူသိသော တေးမျိုး မဟုတ်။ သူတို့ဘာသာသူတို့ အော်ဟစ်သွားသည့် ပုံစံမျိုးဖြစ်နေ သည်။

“နွားအိုကြီးက မြက်နုကြိုက်တယ်”

ဟု တစ်ယောက်က ဆိုလိုက်သည်။

“ဟင်းအိုးလေးကို အားနာပါကွယ်၊ အမဲရိုးကြီးရယ်”

ဟု နောက်တစ်ယောက်က ဆိုပြန်သည်။

ဘေးပတ်ဝန်းကျင်မှလူတွေက ဝါးခနဲရယ်လိုက်ကြ သည်။ ပတ်ဝန်းကျင်မှလူတွေဆိုသည်မှာ နေ့စဉ်ဈေးရောင်းနေ သူတွေ၊ လေးဘီး အငှားကားမောင်းသူတွေနှင့် အခြားအလုပ်သမား တွေ ဖြစ်ကြသည်။

လင့်ရှိဘာပေါ်မှ လူသည် ကားတံခါးဖွင့်ကာ အေး ဆေးစွာပင် အောက်သို့ဆင်းလိုက်သည်။

မိမိအား စောင်းချိတ်ပြီး သီချင်းဆိုသွားသော အင်္ကျီ ပြာနှင့် အလုပ်သမားနှစ်ယောက်ဆီသို့ လင့်ရှိဘာပေါ်မှလူက လှမ်း၍ အသံပြုလိုက်သည်။

“ဟေ့ ... လူနှစ်ယောက်”

အလုပ်သမားနှစ်ဦးက ခပ်တည်တည်ပင် သူ့ထံသို့ ပြန်လျှောက်လာသည်။

“ခင်ဗျားတို့ ခုနက သီချင်းလုပ်ပြီးဆိုသွားတာ ကျုပ်ကို စလိုက်တာလား”

“ဟုတ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ထက်ပုံရသော အလုပ်သမားတစ်ဦးက ပြတ်ပြတ်ပင် ဟုတ်တယ်ဟု ဖြေလိုက်သည်။

"အဲသည်လို ခင်ဗျားတို့ ဘာလို့ အဲသည်လို စချင်တာလဲဗျာ၊ ခင်ဗျားတို့က သည်မြို့ခံလူတွေပါ၊ ကျုပ်က ဧည့်သည်ပါ"

"ဒါတော့ ခင်ဗျားဟာခင်ဗျား စဉ်းစားကြည့်ပေါ့ဗျာ၊ ဟိုကောင်မလေး မိငယ်ဟာ မရှိဆင်းရဲလို့ ရေခဲခြစ်ရောင်းစားနေတာပါ၊ နောက်ပြီး ခင်ဗျားသမီးအရွယ် တူမအရွယ်လေးပါ၊ ခင်ဗျားက ကိုယ်ပိုင်ကားစီးပြီး မိငယ်ကို လာလာငမ်းနေတာ ကျုပ်တို့ ကြည့်မရတော့ဘူး"

"သြော် ... သြော် ... သည်မိန်းကလေးနာမည်က မိငယ်တဲ့လား၊ ထားပါတော့လေ၊ ကျုပ်က မိငယ်ကို လာငမ်းနေတာပါတယ်လို့ ခင်ဗျားတို့ ဘာလို့ စွပ်စွဲနိုင်သလဲ"

အခြေအတင် တစ်ခုခုဖြစ်လာပြီဆိုလျှင် ဘာရယ်မဟုတ် ဘေးမှလူတွေ ဝိုင်းလာကြတတ်သည်။ ဈေးအတွင်းမှာဆိုတော့ ပိုဆိုးသည်။

"သိပ်စွပ်စွဲနိုင်တာပေါ့၊ ခင်ဗျား သည်နေရာမှာ ကားလာရပ်ပြီး မိငယ်ကို သည်လိုလာကြည့်တာ သည်နေ့ပါဆိုရင် သုံးရက်ရှိသွားပြီ၊ နေ့တိုင်းလာကြည့်နေတယ် မဟုတ်လား၊ ကောင်မလေးခမျာ ဈေးတောင်မရောင်းရဲတော့ဘူးလို့ သူ့အဖေကိုတောင်ပြောနေပြီ၊ ကျုပ်တို့အနေနဲ့လည်းပဲ ဘေးကကြည့်နေတာ ကြည့်မကောင်းတော့ဘူး"



"မိန်းကလေးတစ်ယောက်ကို နေ့တိုင်းလာကြည့်နေမိတာနဲ့ ငန်းရာရောက်ရောလားတဲ့ဗျာ၊ တခြားအကြောင်းတစ်ခုခုကြောင့်ကော မိငယ်ကို ကျုပ် လာကြည့်နေတာ မဖြစ်နိုင်ဘူးလား"

အလုပ်သမားက တစ်ခုခုပြန်ပြောရန် ဟန်ပြင်လိုက်စဉ် ဘေးမှ သြဇာညောင်းဟန်တူသော အသံကြီးတစ်ခု ဝင်လာပေသည်။

"ဟေး ... ဟေး ... ဘာဖြစ်နေကြတာလဲဟေ၊ သည်လူတွေက ဘာကိစ္စ ဝိုင်းနေကြတာလဲ၊ ဖယ်ကြစမ်း"

လူတွေရှဲသွားကြသည်။ သြဇာညောင်းသော ပုဂ္ဂိုလ်ကြီး လင့်ရှိဘာကားအနီးသို့ ရောက်လာသည်။

"ဟာ ... ဆရာကိုသက်ဦးပါလား၊ ဘယ်တုန်းက မော်လမြိုင်ရောက်နေသလဲ၊ အခုကော ဘာတွေဖြစ်နေသလဲ ဆရာကိုသက်ဦး"

"သြော် ... ဦးမြတ်စံ၊ ကျွန်တော် မော်လမြိုင်ရောက်နေတာ ငါးရက်လောက်ရှိပြီ၊ ကျိုက္ခမိနဲ့စက်စဲဘက်ကို ဆင်နရီတွေ လာကြည့်တာပဲဗျာ၊ အဲ ... အခုဖြစ်နေတာကတော့ အဲသည် အလုပ်သမားနှစ်ယောက်ကိုသာ မေးကြည့်ပေတော့ ဦးမြတ်စံ၊ ဖြစ်ပုံက ရယ်စရာလည်းကောင်းတယ်၊ ရှက်စရာလည်းကောင်းနေတယ်"

ဦးမြတ်စံက အလုပ်သမားနှစ်ဦးဘက်ကို လှည့်ကြည့်လိုက်သည်။ ဦးမြတ်စံ လှမ်းကြည့်သည်နှင့် အလုပ်သမားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကဘော့ ဦးခေါင်းငုံ့သွားသည်။ ထက်မြက်ပုံရသော အလုပ်သမား ကတော့ ကိုယ်ဟန်အနေအထား ယို့သွားသည်။ အလုပ်သမား နှစ်ဦးအပေါ်၌လည်း ဦးမြတ်စံက ဩဇာညောင်းပုံရကြောင်း သိသာပါ၏။

"ဆိုစမ်း မောင်ညိုနဲ့ သောင်းစိန်၊ မင်းတို့နှစ်ယောက်နဲ့ ဆရာကိုသက်ဦး ဘာပြဿနာတွေ ဖြစ်နေသလဲ"

"အဲသည်လူ လင့်ရိုဘာကားနဲ့ သည်ဈေးကိုလာတာ သုံးရက် ဆက်တိုက်ပဲ ဆရာကြီး"

"အေး ... အဲဒါ ဘာဖြစ်လဲ"

ထက်မြက်ပုံရသော အလုပ်သမားက မိငယ် ရေခဲခြစ်ဆိုင်လေးသို့ လက်ညှိုးထိုးပြရင်း ဆက်ဖြေသည်။

"သူဟာ မိငယ်ကို ထိုင်ကြည့်နေတယ်၊ နေ့တိုင်း အကြာကြီး လာကြည့်တာမျိုးပါ ဆရာကြီး၊ ကျွန်တော်တို့ မိငယ်အတွက် အကာအကွယ်ပေးသင့်တယ်ထင်လို့ နောက်ထပ် သူမလာ့ရဲအောင်လုပ်တာပဲ"

ဦးမြတ်စံက ကိုသက်ဦးဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ကိုသက်ဦးသည် မိငယ်ရှိရာသို့ပင် ငေးကြည့်မြဲကြည့်နေသည်ကို ပက်ပင်းတိုးနေပါ၏။ ဦးမြတ်စံသည် မိငယ်ရှိရာသို့ လှမ်းကြည့်ပြန်သည်။ မိငယ်သည် နှုတ်ခမ်းစူထားသည်။ ဦးမြတ်စံတို့ဘက်သို့ လှည့်မကြည့်။ ဘေးတိုက်ပုံစံပေးထားသည်။ မိငယ်၏နှုတ်ခမ်းမှာ တလှုပ်လှုပ်ဖြင့် မကျေမနပ် တစ်ခုခုရေရွတ်နေမှန်း သိသာသည်။



"ဆရာကိုသက်ဦး မိငယ်ကို စိတ်ဝင်စားလို့လား"

ကိုသက်ဦးက ဦးမြတ်စံနှင့် မျက်နှာချင်းပြန်ဆိုင်လိုက်သည်။ ဦးခေါင်းကိုလည်း ညင်သာစွာညိတ်ပြလိုက်ပါ၏။

"သည်ကလေးမရဲ့ မျက်လုံးနဲ့ နှုတ်ခမ်းဟာ ပရိသတ်ကို ဆွဲဆောင်နိုင်တဲ့ အားမာန်တွေနဲ့ အလှတွေ အများကြီးရှိနေတယ် ဦးမြတ်စံ၊ သည်ကလေးမလေးကို ကျကျနနသင်ပေးလိုက်ရင် ဇာတ်ဆောင်မင်းသမီးကောင်းတစ်လက် ဖြစ်လာနိုင်တဲ့အလားအလာတွေ အများကြီးရှိနေတယ်"

"အားပါးပါး ဆရာကိုသက်ဦးရယ်"

ကိုသက်ဦး၏စကားအဆုံး၌ ဦးမြတ်စံက မော်လမြိုင်အသံဝဲဝဲကြီးဖြင့် အားပါးပါးဖြစ်သွားလေတော့သည်။

"အဲဒါကြောင့် ဆရာကိုသက်ဦး မိငယ်ကို သုံးရက်ဆက်တိုက် လာကြည့်နေတာလားဟင်"

"ဟုတ်တယ် ဦးမြတ်စံ၊ သည်မိန်းကလေးရဲ့ သူ့ပင်ကိုသဘာဝလှုပ်ရှားမှုလေးတွေကို လာပြီးအကဲခတ်နေတာ"

ဦးမြတ်စံ ခေါင်းကုတ်လိုက်ပေသည်။

"ကဲ ... မောင်ညိုနဲ့ သောင်းစိန်တို့ သွားကြတော့၊ ကိုယ်လုပ်စရာရှိတာဆက်လုပ်၊ ဟောသည် ဆရာကိုသက်ဦးဟာ မင်းတို့ထင်သလို မိငယ်ကို အန္တရာယ်ပေးဖို့လာကြည့်နေတာမဟုတ်ဘူးဟေ့၊ မိငယ်ကို မ,စချင်တဲ့စေတနာနဲ့ လာကြည့်နေတာ၊ မိငယ်ကို ရုပ်ရှင်မင်းသမီးနေရာပေးရင် ရမလားလို့ အကဲခတ်လာကြည့်နေတာကွ၊ မှတ်ထား၊ အဲဒါ ရန်ကုန်က သက်ဦးရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ သက်ဦးတဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ _ ဒါရိုက်တာသက်ဦးတဲ့"

ဒါရိုက်တာသက်ဦးတဲ့ပေါ့ဆိုလေမှ လူတွေ ဝိုင်းအုံကြည့်ဖို့ ကြိုးစားကြပြန်တော့သည်။

"ကဲ ... ဆရာကိုသက်ဦး ကျွန်တော့်အိမ်သွားကြစို့၊ တော်ကြာ ဈေးထဲကလူတွေတင်မကဘူး လမ်းမတန်းကလူတွေပါ ဆရာကိုသက်ဦးကို လာကြည့်ကြလိမ့်မယ်၊ ဆရာကိုသက်ဦးက ပရိသတ်ကြိုက်နေတဲ့ ဒါရိုက်တာမဟုတ်လား"

ကိုသက်ဦးကပင် လင့်ရိုဘာကားမောင်းပြီး ဦးမြတ်စံက ဘေးမှထထိုင်သည်။ မိုင်ဒါဈေးထွက်ပေါက်သို့ ကိုသက်ဦး မောင်းထွက်လာစဉ် မိမိအား ဝိုင်းကြည့်နေသည့်ကြားမှပင် မိငယ်ကို ကိုသက်ဦး လှမ်းကြည့်လိုက်သေးသည်။

မိငယ်၏မျက်ဝန်းကလေးတွေသည် ပြုံးဝိုင်းဝိုင်းလေးဖြင့် ဒါရိုက်တာသက်ဦးကို လှမ်းကြည့်နေသည်။ စောစောကစူသားသော နှုတ်ခမ်းလေးကလည်း ယခုမူ ဝလုံးလေးသဏ္ဍာန် ဝိုင်းနေသည်။

ရေခဲခြစ်သည်မလေးသည် မိမိအား နိုင်ငံနှင့်အဝှမ်း ကျော်ကြားလျက်ရှိနေသော ဒါရိုက်တာ ကိုသက်ဦးကိုယ်တိုင်က ဇာတ်ဆောင်တစ်ယောက်အနေနှင့် ဖြစ်နိုင် မဖြစ်နိုင်အတွက် သုံးရက်တိတိ လာရောက်အကဲခတ်ကြည့်နေသည်ဟု သိလိုက်သည်နှင့် အရမ်းကြီးအံ့ဩသွားမိသည်။ ထို့နောက် အရမ်းကြီး ဝမ်းသာသွားမိသည်။ အံ့ဩဝမ်းသာခြင်းအတွက် အထွတ်အထိပ်သို့ ရောက်နေစဉ်မှာ ဒါရိုက်တာသက်ဦး၏ လင့်ရိုဘာကားက မိုင်ဒါဈေးပေါက်မှ ထွက်သွားလေပြီ။



ဈေးဆိုတော့ သတင်းထူးတစ်ခုဖြစ်လာပြီဆိုလျှင် တောမီးပမာ ပြန့်နှံ့မှုမြန်လွန်းသည်။

"ကဲ ... မိငယ် နင်တော့ သိန်းထီတွေပေါက်ပြီမှတ်တော့ ပေါ့၊ ရန်ကုန်က နာမည်ကြီးမင်းသမီးတွေ ဇာတ်ကားတစ်ထုပ်ကို ငါးသောင်းနဲ့ တစ်သိန်းကြားမှာရသတဲ့၊ နင်သာ အဲသည်လိုရရင် နင်ပွပြီဟ မိငယ်"

"ဖြစ်နိုင်တယ်ကွ၊ မိငယ်က ကလေးလိုလို လူကြီးလိုလိုနဲ့ စုတ်တီးစုတ်ဖတ်နေလို့ သည်ကောင်မလေးရုပ်က ဆိုးတာမှ မဟုတ်တာ"

"ဟ ... ဒါရိုက်တာသက်ဦးဆိုတဲ့ လူက အနုပညာနဲ့ပတ်သက်လာရင် သိပ်မာနကြီးတဲ့လူတစ်ယောက်လို့ ရုပ်ရှင်စာစောင်တစ်ခုထဲမှာ ငါ ဖတ်လိုက်ရဖူးတယ်ကွ၊ အဲသည်စာစောင်ထဲမှာ ဒါရိုက်တာသက်ဦးကို တမင်ပင့်ရေးထားတာလား ဘာလားတော့မသိဘူးပေါ့ကွာ၊ ကနေ့ အကယ်ဒမီတွေရထားတဲ့ မင်းသားတွေ မင်းသမီးတွေတောင် ဒါရိုက်တာသက်ဦးနဲ့ ရိုက်ပြီဆိုရင် စရန်ငွေတစ်ဝက် အဆုံးခံရိုက်တာမို့ ဒါရိုက်တာသက်ဦးရဲ့ကားဆိုရင် မင်းသားတွေ မင်းသမီးတွေ အကြောတွန့်သတဲ့"

"ဘာလို့အကြောတွန့်သတဲ့လဲကွ၊ စရန်တွေ တစ်ဝက်အဆုံးခံတယ်ဆိုတာကကော ဘာအဓိပ္ပာယ်လဲကွာ"

"သူ့ကားမှာ ရိုက်ဖို့ရွေးလိုက်တဲ့ ဇာတ်ဆောင်မင်းသား မင်းသမီးတွေနဲ့ ဇာတ်ရံတွေကို ကန်တော့ပွဲပေးတဲ့နေ့မှာ စရန်ငွေတစ်ဝက်စီ ဒါရိုက်တာသက်ဦးကပေးသတဲ့၊ အဲ ...

www.burmeseclassic.com



ကားရိုက်ပြီဆိုတာနဲ့ ရိုက်ကွင်းထဲမှာ သူလိုချင်တဲ့ အမူအရာကို မရရအောင် လုပ်ခိုင်းသတဲ့၊ တချို့နာမည်သိပ်ကြီးနေတဲ့ မင်းသားတို့ မင်းသမီးတို့ဆိုတာက ဒါရိုက်တာက သည်လိုလုပ်ပါဆိုပေမယ့် သူတို့က ဟိုလိုလုပ်တာက ပိုကောင်းမယ် ဘာမယ်နဲ့ ဒါရိုက်တာခိုင်းတိုင်းမလုပ်ဘူးတဲ့ကွ၊ အဲဒါမျိုးဆိုရင် ဒါရိုက်တာသက်ဦးက တော်ပြီ၊ သည်မင်းသားနဲ့ ဆက်မရိုက်ဘူး၊ သည်မင်းသမီးနဲ့ ဆက်မရိုက်ဘူး၊ ရိုက်ပြီးသားဖလင်တွေ မီးရှို့ပစ်ဆိုပြီး တကယ်မီးရှို့ပစ်တဲ့လူတဲ့ကွ၊ သဘောကတော့ကွာ၊ သူ့အနုပညာကို တန်ဖိုးထားတယ်၊ ငွေတွေဆုံးရှုံးချင်ဆုံးရှုံးပလေ့စေဆိုတဲ့ သဘောပေါ့၊ နောက်ပြီးမှ သည်ဇာတ်ကိုပဲ တခြားသူ့စကားနားထောင်တဲ့ မင်းသားနဲ့ မင်းသမီးကိုရှာပြီး ပြန်ရိုက်သတဲ့၊ သည်လောက်မာနကြီးတဲ့လူတဲ့ဟေ့"

"ဟာ ... ဒါဆိုရင် ဇာတ်ရုံတွေဇာတ်ပို့တွေ ရိုက်ထားတဲ့ဖလင်ပါ မီးရှို့တဲ့အထဲ ပါသွားတော့ နောက်တစ်ခါထပ်ရိုက်တော့ ဇာတ်ရုံတွေ ဇာတ်ပို့တွေ နစ်နာမှာပေါ့"

"မနစ်နာစေရဘူးတဲ့ကွ၊ နောက်ထပ်စရန်တစ်ဝက် ထပ်ပေးသတဲ့၊ ဒါကြောင့် ရုပ်ရှင်နယ်မှာ ဒါရိုက်တာသက်ဦးကို စရန်နှစ်ခါပေး ဒါရိုက်တာလို့တောင် နာမည်တွင်သတဲ့"

မိငယ်သည် ဒါရိုက်တာသက်ဦးအကြောင်းကို တစ်ယောက်တစ်ပေါက်ပြောလေ၊ စိတ်ဝင်စားစွာနားထောင်လေ ဖြစ်နေတော့သည်။ အားလုံးပြောသမျှသည် ဒါရိုက်တာသက်ဦး တော်



ကြောင်း၊ အနုပညာရင့်ကျက်ကြောင်းနှင့် အနုပညာမာနကြီးကြောင်းတွေချည်း ဖြစ်ပေသည်။

တစ်ယောက်တစ်ပေါက်ပြောကြသည်ကို နားထောင်ရင်း မိငယ်သည် သူမဘာသာ စဉ်းစားမိလာသည်။

ဒါရိုက်တာသက်ဦး ပထမနေ့ လင့်ရှိဘာပေါ်မှ မိငယ်ကို ထိုင်ကြည့်နေစဉ် မိငယ် ဘာမျှမသိသေး။ ဘေးမှ မုန့်ဟင်းခါးရောင်းနေသည့် အေးမိက စတင်ပြောလိုက်မှ မိငယ်သိလိုက်ရခြင်းဖြစ်တော့သည်။

"ဟဲ့ ... မိငယ်၊ ဟိုကားပေါ်ကလူကြီးလေ နင့်ကိုစိုက်ကြည့်နေတာ အကြာကြီးဟဲ့"

ထိုအခါမှ မိငယ်က လှမ်းကြည့်မိသည်။

မိငယ်ရင်ထဲတွင် မကျေမနပ်လေးဖြစ်ရသည်။ လူကအသက်ကြီးပြီ။ အသားညိုသည့်အထဲ ကော်ကိုင်းအနက်နှင့် ပါဝါမျက်မှန်တပ်ထားသေးသည်။ ပုံမလှာရေးချပုံမလှ။ မိငယ် အပျိုလေးအား အခြားကောင်လေးတွေကလည်း သည်လိုပင် ကြည့်တတ်သည်သာ။ ကောင်ချောချောလေးတွေကြည့်လျှင် မိငယ် စိတ်ထဲ၌ကျေနပ်သလိုခံစားရပေမင့် သည်လူကြီး သည်လိုကြည့်သည်ကိုတော့ မိငယ် မကြိုက်။ သည်ကြားထဲ အေးမိက ထပ်၍ပြောနေပြန်သည်။

"သတိထားနော် မိငယ်၊ တချို့ ပိုက်ဆံရှိတဲ့ အဲသည်လိုလူကြီးတွေဟာ နင်တို့ငါတို့လို ဆင်းရဲတဲ့ အပျိုလေးတွေကို မော်တော်ကားကြီးပြ၊ ရွှေတွေငွေတွေပြနဲ့ အခွေငင်ကြတတ်ကြသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



မိငယ်စိတ်ထဲတွင် ပို၍ မကျေမနပ် ဖြစ်လာတော့သည်။

လင့်ရှိဘာပေါ်မှ လူကြီးကို မိငယ် မျက်စောင်းထိုးသည်။ နှုတ်ခမ်းစူပြသည်။ ခြေဆောင့်ပြသည်။

နောက်ရက်တွေ သည်လူကြီး သည်ကားနှင့်လာပြန်တော့ မိငယ်စိတ်ထဲတွင် ပို၍ မကျေမနပ်ဖြစ်လာသည်။ ဈေးသိမ်းအိမ်အပြန်တွင် ခြေတစ်ဖက် လက်တစ်ဖက်မသန်သော ဖခင်ဦးလူအေးကို တိုင်တန်းတော့သည်။ ဖခင်ဦးလူအေးက သမီးအတွက် ရတက်မအေးဖြစ်ကာ အလုပ်သမားမောင်ညိုနှင့် သောင်းစိန် အိမ်ရှေ့မှဖြတ်အသွားတွင် လှမ်းခေါ်ပြီး သူ၏သမီးလေး မိငယ်ကို စောင့်ရှောက်ပေးရန် အကူအညီတောင်းသည်။

ယနေ့ ဦးလေးညိုနှင့် ဦးသောင်းစိန်က လင့်ရှိဘာနှင့် လူကြီးကို ရန်စတော့သည်။

"ဘုရား ... ဘုရား ... ငါ့ကို ဒါရိုက်တာကြီး စိတ်ကွက်သွားပြီနေမှာပါ၊ ငါ့ကို ရုပ်ရှင်မင်းသမီးခန့်တော့မှာမဟုတ်တော့ပါဘူး"

တွေးရင်း တွေးရင်း မိငယ် ဝမ်းနည်းလာသည်။ အလွန်ကြီးမားသော အခွင့်အရေးတစ်ရပ် ဆုံးရှုံးသွားပြီဟူသော အသိစိတ်လေးဖြင့် ဘာမပြောညာမပြော မိငယ်ငိုချလိုက်လေတော့သည်။

"ဟာ ... သည်ကောင်လေးမိငယ် ဘာရူးထတာလဲ၊ အခုအကောင်းပကတိက အခု ငိုချလိုက်တယ်"



"ရှင်တို့ ဘာသိလို့လဲ၊ မိငယ်က သူ့ကို မျက်စောင်းထိုးပြတယ်၊ နှုတ်ခမ်းစူပြတယ်၊ ခြေစောင့်ပြတယ်၊ ဟောသည် ဦးလေးညိုနဲ့ ဦးလေးသောင်းစိန်တို့လည်း မကောင်းဘူး"

"ဟေ ... တို့ကမကောင်းဘူး ဟုတ်လား"

"ဒါပေါ့၊ သူ့ဘာသာ ကားပေါ်ကထိုင်ကြည့်နေတာပဲ၊ မိငယ်ကို ဘာလုပ်သေးလို့လဲ၊ အဲဒါ သက်သက်မယ့် သွားရန်စတယ်၊ ဈေးလယ်ခေါင်ကြီးမှာဆိုတော့ ဒါရိုက်တာကြီး ရှက်သွားမှာပေါ့"

"ဟေ ... နင့်အဖေက မနေ့က နင့်ကို စောင့်ရှောက်ပေးပါလို့ အကူအညီတောင်းလို့လည်း တို့က လုပ်ရသေးရဲ့၊ နင်က အခု တို့ကို အပြစ်ပြောပြီလား မိငယ်"

"အို ... မိငယ်တော့ တစ်သက်လုံး ရေခဲခြစ်ရောင်းတဲ့ဘဝက တက်မှာမဟုတ်တော့ဘူး၊ နဂိုကတည်းက မိငယ်က ရုပ်ရှင်သိပ်ကြိုက်တာ၊ ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်တာ"

ပြောရင်းဆိုရင်းပင် မိငယ် ပို၍ ငိုလာသည်။ ပို၍ ရှိုက်လာသည်။ သြော် ... အသက် ၁၆ နှစ် ဆယ်ကျော်သက်အရွယ် မြီးကောင်ပေါက်ဆိုလေတော့ ကလေးစိတ်တစ်ဝက် လူကြီးစိတ်တစ်ဝက်ဖြင့် ဝမ်းနည်းမှုကို ဟန်မဆောင်နိုင်၊ ကလေးလိုငိုချလိုက်သည်သာ။ ထို့ပြင် ဤအရွယ်လေးတွေသည် အထူးသဖြင့် ရုပ်ရှင်ကို အလွန်ကြိုက်တတ်ပြီး ရုပ်ရှင်ရူးမလေးတွေ ဖြစ်တတ်သည်မဟုတ်လား။

ဘေးမှ လူတွေသည် မိငယ်ကိုကြည့်ပြီး ရယ်ရမလို သနားရမလို စိတ်လေးများပင် ဖြစ်ပေါ်လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ...

ရွှေဆိုင်မှ အသက်အစိတ်ခန့်ရှိ ဒေါ်လာမိုးဆိုသည့် အမျိုးသမီး ပေါက်ချလာသည်။

ဒေါ်လာမိုးသည် မိုင်ဒါဈေးထဲပင် မှန်ဗီရိုလေးတစ်လုံးဖြင့် ရွှေဆိုင်ဖွင့်ထားသူဖြစ်ပါ၏။ ဒေါ်လာမိုး၏ မိဘတွေမှာ ရွှေပန်းတိမ်လုပ်ငန်းလုပ်သည်။ ရွှေတစ်ကျပ်သား ငွေသုံးထောင်ကျော်နေသောခေတ်ဝယ် ဒေါ်လာမိုးတို့သည် လူချမ်းသာစာရင်းဝင်သူတွေဖြစ်ပါ၏။ ဒေါ်လာမိုးသည် အမြဲတစေ ရုပ်ရှင်မင်းသမီးဝိုက်ဖမ်းနေသူဖြစ်သည်။ ဆံပင်ပုံမှအစ အဖိုးတန်မိတ်ကပ်ကို နေ့စဉ်အသုံးပြုပြီး ဆန်းသည်ဟေ့ဆိုသည့် အဝတ်အထည်ကို တစ်နေ့တစ်မျိုး ထည်လဲဝတ်နိုင်သူဖြစ်ပေသည်။ ရွှေဆိုင်ဖွင့်ထားပေမင့် ဒေါ်လာမိုး အမြဲတစေ ဆန္ဒရှိနေသည်မှာ ရုပ်ရှင်မင်းသမီး ဖြစ်မြောက်ရေးဖြစ်တော့သည်။

ဒေါ်လာမိုးကို ဘေးပတ်ဝန်းကျင်မှ အပေါင်းအသင်းတွေက တစ်နေ့တစ်မျိုးဝတ်ဆင်လာသည့် ဖက်ရှင်ကိုကြည့်ကာ ...

"ဟယ် ... ဒေါ်လာမိုးရယ်၊ လှလိုက်တာ၊ သည်နေ့ နင်ဝတ်ဆင်လာလိုက်တာ ဟိုဇာတ်ကောင်ထဲက ရုပ်ရှင်မင်းသမီး ခင်သန်းနုနဲ့ ချွတ်စွပ်ပဲဟယ်"

သည်စကားမျိုးကြားလိုက်ရလျှင် ဒေါ်လာမိုး အရမ်းဝမ်းသာသွားသည်။ နားဝင်ချိုလှသည်။ အဲသည်လို ချီးမွှမ်းလိုက်သူကို ဒေါ်လာမိုးက ချက်ချင်းကြီးတွင် အပြုံးလေးလောက်နှင့်သာ တုံ့ပြန်ပြီး တအောင့်တခဏကြာပြီးလေမှ ချီးမွှမ်းသူအတွက်



ရေခဲစိမ်းလိမ္မော်ရည်လား သို့မဟုတ် ထမင်းချိုင့်ဖွင့်စားသည့်အချိန်တွင် ချီးမွှမ်းသူကိုခေါ်ကာ အိမ်မှပို့ပေးလိုက်သော စားကောင်းသောက်ဖွယ်များအပြင် အနီးအပါးမှ ကြက်သားလုံးကြော်တို့ ဝက်သားဘိစတိတ်တို့ သီးသန့်ထပ်မှာပြီး ထမင်းလက်ဆုံစားဖို့ ဖိတ်ခေါ်လိုက်သည်သာ။

ဒေါ်လာမိုးအား နှုတ်တရွတ်ကြီး မြှောက်ပင့်၍ မရ။ နှုတ်တရွတ် မြှောက်ပင့်လိုက်လျှင် ဒေါ်လာမိုးက သူမအား မဟုတ်တန်းလျား နှုတ်မြှောက်ပေးမှန်း သိသွားတတ်သည်။

ဥပမာဆိုကြပါစို့။

ဒေါ်လာမိုးက ညကကြည့်လာသော ရုပ်ရှင်ထဲမှ မင်းသမီး နွဲ့နွဲ့မူ၏ အလှဆုံးပုံသဏ္ဍာန်ကို အတုယူပြီး ချယ်သဖြိုးလိမ်းဝတ်စားဆင်ယင်ပြီး နောက်တစ်နေ့ ဈေးထွက်သည်ဆိုပါစို့။

"ဟယ် ... ဒေါ်လာမိုးလှလိုက်တာ၊ ဝါဝါဝင်းရွှေလား အောက်မေ့ရတယ်"

ဟု သွားရောက်မချီးကျူးလေနှင့်။

အောက်သွားမည်။

ဘယ့်နှယ် သူခိုးချသောပုံစံက နွဲ့နွဲ့မူပုံစံ။ ချီးကျူးသူက ဝါဝါဝင်းရွှေ၏အလှ။

သည်လောက်အတိကျတော့လည်း ဒေါ်လာမိုးက သူ့ကို မဟားဒယားမြှောက်ပင့်မှန်း သိသွားသည်။ ဒါမျိုးကျလျှင် ဒေါ်လာမိုးက ပြန်၍ပင် စကားမပြောတော့။

www.burmeseclassic.com



ဒေါ်လာမိုးသည် ဤသို့သော ဒေါ်လာမိုးပါပေ။

ယခုလည်း တောမီးပမာ ပြန့်နှံ့သွားသောသတင်းကြောင့် ရေခဲခြစ်သည်မလေး မိငယ်ကို ဒါရိုက်တာသက်ဦးကိုယ်တိုင်က ရုပ်ရှင်မင်းသမီးနေရာအတွက် လာရောက်အကဲခတ်နေသည့် သတင်းစကားကြောင့် ဈေးအတွင်းပိုင်းကျသော ဒေါ်လာမိုး အပြေးကလေး လာရောက်ခြင်းဖြစ်ပေတော့သည်။

ဒေါ်လာမိုး ရောက်လာချိန်တွင် အရမ်းငိုနေသော မိငယ်ကို တွေ့ရပါ၏။

လက်တို့ခြေတို့ဖြင့် အနီးမှ မုန့်ဟင်းခါးသည် အေးမိကို မိငယ် ဘာလို့ သည်လောက်ငိုသလဲဟု ဒေါ်လာမိုးက တိုးတိုး တိတ်တိတ် မေးကြည့်သည်။ အေးမိက အကျိုးအကြောင်း ပြောပြပြီးသောအခါ ဒေါ်လာမိုး ပြုံးလိုက်သည်။

ရေခဲခြစ်ခုံလေး၏ ခွေးခြေတစ်ခုတွင် ဒေါ်လာမိုး ဝင်ထိုင်သည်။

"အလကားငိုမနေနဲ့ မိငယ်၊ မျက်ရည်တွေ နှမြောစရာ၊ အဲသည်ဒါရိုက်တာကိုသက်ဦးရဲ့အကြောင်း ငါ ကြားဖူးတယ်၊ သူက မင်းသားတွေ မင်းသမီးတွေဆိုရင် သိပ်နှိမ်တာ၊ တကယ့်ဝါရင့်မင်းသား မင်းသမီးတွေတောင် ဒါရိုက်တာသက်ဦးနဲ့ ရိုက်ရမယ်ဆိုရင် သိပ်ကြောက်တာတဲ့၊ အဲသည်တော့ စဉ်းစားကြည့်ပေါ့ဟယ်၊ နင့်ကို မင်းသမီးအဖြစ်ရိုက်ဖို့ လာကြည့်တယ်ဆိုတာ ဖြစ်နိုင်မလား၊ နင်က ကင်မရာတောင်မြင်ဖူးတာမှ မဟုတ်တဲ့ တကယ့်အရိုင်းသက်သက်ပဲဟာ၊ မသကာ ငါ့ကိုလာကြည့်တယ်ဆိုရင် နီးစပ်ချင် နီးစပ်ဦးမယ်"



"ဝှိ"

ကိုညိုဆိုသည့် အင်္ကျီပြာနှင့် အလုပ်သမားသည် ဒေါ်လာမိုး၏ စကားအဆုံးတွင် ဘာကြောင့်မှန်းမသိ ဝက်အော်သလို ဝှီဟုအော်လိုက်ရင်း ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

✣ ✦ ✣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

“ဆရာကိုသက်ဦး ဘာသောက်မလဲ၊ အိမ်မှာ ကျောက်ဆူးသံဘူးဘီယာရှိတယ်၊ ရမ်(မ်)ရှိတယ်”

“မန္တလေးပုလင်းဘီယာမရှိလား ဦးမြတ်စံ”

“အား … အဲဒါလည်းရှိတယ်၊ ကျွန်တော်ကဘီယာချင်းအတူတူ နိုင်ငံခြားသံဘူးဘီယာကို ဆရာကိုသက်ဦး ပိုကြိုက်မလားလို့”

ကိုသက်ဦးက ဦးခေါင်းကို ညင်သာစွာ ခါယမ်းပြလိုက်ပေသည်။

“နိုင်ငံခြားဆိုပေမယ့် ကျောက်ဆူးဘီယာဟာ မန္တလေးဘီယာလောက် ကောင်းမှမကောင်းတာပဲ ဦးမြတ်စံ”

ဦးမြတ်စံက ရေခဲသေတ္တာထဲမှ မန္တလေးဘီယာနှစ်ပုလင်းထုတ်ယူသည်။ ညနေခင်းစားပွဲမှာပင် ဘီယာပုလင်း ဖန်ခွက်စသည်တို့ချပြီး မီးဖိုဘက်သို့ ဦးမြတ်စံ ပြန်ဝင်သွားသည်။ အမြည်းတစ်ခုခု သွားစီစဉ်နေသည် ထင်ပါ၏။



ကိုသက်ဦးသည် ရေခဲသေတ္တာထဲမှ ထုတ်ယူကာစအေးမြနေသော ဘီယာပုလင်းကိုဖောက်လိုက်သည်။ ဖန်ခွက်ထဲငှဲ့ပြီး သုံးလေးငုံ ဆက်တိုက်မျိုချလိုက်သည်။ ယခုလို မတ်လ၏ ပူအိုက်လှသော နေ့ခင်းပိုင်းတွင် ဘီယာအေးသည် ရင်တွင်းကလီစာအားလုံးကို အေးမြသွားစေပါ၏။

နှာနှာနေနေ ဘီယာကို ဆက်သောက်ရင်း ကမ်းနားလမ်းတွင်ရှိနေသော ဦးမြတ်စံ၏ လွှာချင်းတစ်ထပ်တိုက်လေး၏ ညနေခင်းပတ်လည်ကို ကိုသက်ဦး ဝေ့ကြည့်မိသည်။

ဦးမြတ်စံတစ်ယောက် မော်လမြိုင်တွင်နေမှန်း ကိုသက်ဦး သိတော့သိသည်။ သို့ပေမင့် ဦးမြတ်စံ၏နေရပ်လိပ်စာအတိအကျကို ကိုသက်ဦး မသိခဲ့။

တကယ်တော့ ဦးမြတ်စံသည် ကိုသက်ဦးနှင့် တရင်းတနှီး မိတ်ဆွေမဟုတ်ခဲ့။ ကိုသက်ဦး၏ဖေဖေ ဦးအောင်ကြီးနှင့်သာ ရင်းနှီးသူဖြစ်သည်။ ဖေဖေ ဦးအောင်ကြီး မကွယ်လွန်မီအချိန်အထိ ဦးမြတ်စံသည် ရန်ကုန်မှ ဖေဖေဦးအောင်ကြီးအိမ်သို့ မကြာခဏရောက်လာတတ်သည်။ ဖေဖေ၏ ကုန်သွယ်အရောင်းအဝယ် စီးပွားရေးလုပ်ငန်းတွင် ဦးမြတ်စံသည် ဖေဖေနှင့် တွဲဘက်ဆိုသည်ထက် ဦးမြတ်စံအား ဖေဖေဦးအောင်ကြီးက အမြတ်တစ်ဝက်စနစ်ဖြင့် ငွေအရင်းအနှီး ထုတ်ပေးခဲ့သည်ထင်ပါ၏။ တိတိကျကျတော့မသိ။

ကိုသက်ဦးက နဂိုကတည်းက ဖေဖေဦးအောင်ကြီး၏ ကုန်သွယ်အရောင်းအဝယ် လုပ်ငန်းကို စိတ်မဝင်စားဘဲ ရုပ်ရှင်ဒါရိုက်တာလိုင်းတွင်သာ ကြိုးစားနေခဲ့သောအချိန်မို့ ဦးမြတ်စံ ဖေဖေ့ဆီအဝင်အထွက်များရင်း သိကျွမ်းခဲ့သည့် အဆင့်သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကတည်းက ဦးမြတ်စံသည် ဖေဖေဦးအောင်ကြီးအား ဆရာကြီးဟုခေါ်ပြီး ကိုသက်ဦးကိုတော့ ဆရာကိုသက်ဦးဟု ခေါ်လေ့ရှိခဲ့သည်။ ရပ်ရှင်နယ်ပယ်တွင် ဒါရိုက်တာတစ်ဦးအား 'ဆရာ'ဟု ခေါ်ဝေါ်လေ့ရှိသောကြောင့် ဦးမြတ်စံက ကိုသက်ဦးအား ဆရာကိုသက်ဦးဟု ခေါ်ခြင်းပေလား။ သို့မဟုတ် ဖေဖေ့ကို ဆရာကြီးဟုခေါ်ရင်း သားဖြစ်သူကိုပါ ဆရာတတ်ခေါ်၍ ခေါ်ခြင်းပေးလားတော့မသိ။

ဖေဖေ ဆုံးသွားပြီးနောက် ဦးမြတ်စံကို ကိုသက်ဦး မတွေ့တော့။ ယနေ့မှ တိုက်တိုက်ဆိုင်ဆိုင်တွေ့လာခြင်း ဖြစ်ပေသည်။ ယခုလက်ရှိအခြေအနေဝယ် ဦးမြတ်စံသည် မိုင်ဒါဈေး၌ ဈေးကောင်စီဖြစ်နေသည်လား၊ ဘာလားတော့မသိ။ ဈေးသူဈေးသားအပေါ်တွင် သြဇာရှိနေသည်ကို လက်တွေ့မြင်တွေ့ခဲ့ရသည်။

ဦးမြတ်စံသည် မီးဖိုထဲမှထွက်လာသည်။ လင်ဗန်းတစ်ချပ်တွင် ဝက်အူချောင်းကြော်၊ ခရမ်းချဉ်သီး၊ ကြက်သွန်စသည်တို့ ပါရှိလာသည်။

"ဟား ... ဆရာကိုသက်ဦး ချနေပလား"

"အေးဗျာ ... ရေငတ်နေတာနဲ့ ဖောက်သောက်နင့်တာ၊ နောက်ပြီး ရေခဲစိမ်ဘီယာဆိုတာ ရေခဲသေတ္တာထဲက ထုတ်ထုတ်ချင်းဖောက်သောက်မှ ပိုပြီး အရသာရှိသလားလို့"

"ချ ... ချ ... ဆရာကိုသက်ဦး ကြိုက်သလိုချ၊ ရေခဲသေတ္တာထဲမှာ မန္တလေးဘီယာတွေရှိသေးတယ်၊ အားမနာနဲ့နော်၊ ဆရာကိုသက်ဦးရဲ့ဖေဖေ ဆရာကြီးဟာ ကျုပ်အပေါ် အကောင်းဆုံးပုဂ္ဂိုလ်ကြီးတစ်ဦးပါ၊ ဆရာကြီးရဲ့ကျေးဇူးတွေ ကျုပ်လည်ပင်းနစ်အောင် ရှိနေတယ်"



"ဒါတွေထားလိုက်စမ်းပါ ဦးမြတ်စံ၊ ကျွန်တော် အခု သိတန်သလောက် သိပါတယ်"

"သည်ကောင်မလေးမှာ မိဘရှိသလား"

ဦးမြတ်စံက လင်ပန်းကို စားပွဲပေါ်ချလိုက်သည်။ ဘီယာပုလင်းဖောက်ကာ ဖန်ခွက်လွတ်တစ်လုံးတွင်ထည့်ရင်း ...

"အင်း ... မိဘတော့ရှိသား၊ ဒါပေမဲ့ သူ့အမေက နောက်အိမ်ထောင်ပြုသွားတယ်၊ သံဖြူဇရပ်မှာသွားနေတယ်လို့ ကြားတာပဲ၊ ကောင်မလေးအဖေကတော့ ကိုလူအေးတဲ့၊ ဟိုတုန်းကတော့ မိုင်ဒါဈေးဂိတ်မှာပဲ ဆိုက်ကားနင်းတယ်၊ အခုတော့လေဖြတ်ပြီး ခြေတစ်ဖက်လက်တစ်ဖက် မသန်ရှာဘူး၊ မိငယ်ကပဲ ရေခဲခြစ်ရောင်းပြီး ဖအေလူမမာကြီးကို ပြုစုပေးနေရှာတယ်"

"အင်း ... ဘဝက ပိုပြီးတောင် သနားစရာကောင်းနေသေးပါလား"

"နေပါဦး၊ ဆရာကိုသက်ဦး မိငယ်ကို တကယ်ပဲ ရုပ်ရှင်မင်းသမီးနေရာပေးဖို့ ဆရာကိုသက်ဦး စိတ်ဝင်စားနေသလား"

"ဦးမြတ်စံက ဘယ်လိုထင်လို့လဲဗျာ"

ဦးမြတ်စံ ပြန်၍မဖြေသေးမီ ဘီယာခွက်ကို နှုတ်ခမ်းတွင်တေ့လိုက်သည်။ ဂလောက်ဂလောက်နှင့် တစ်ဖန်ခွက်လုံး တစ်ရှိန်ထိုးသောက်လိုက်ပြီးမှ အားရပါးရှိသွားဟန်နှင့် အားဟု အသံပြုရင်း ထွက်သက်ကို မှုတ်ထုတ်သည်။ ကိုသက်ဦးက

www.burmeseclassic.com

www.burmeseclassic.com



ခရင်းလေးတစ်ချောင်း အချွန်လေးချွန်ဖြင့် ဝက်အူချောင်းဖတ်ရော ခရမ်းချဉ်သီးဖတ်ရော ကြက်သွန်ဖတ်ရော ပါအောင်ထိုးပြီး သုံးဖတ်စလုံး ပါးစပ်ထဲထည့်သွင်းရင်း ဦးမြတ်စံ၏အဖြေကို နားစွင့်နေသည်။

"မှန်တာပြောမယ်နော် ဆရာကိုသက်ဦး၊ မိငယ်ရဲ့မျက်နှာလေးကတော့ ရှက်ကြမ်းရေကြိုလောက်ရှိတာပဲ၊ ခန္ဓာကိုယ်ကျပြန်တော့ ရုပ်ရှင်ထဲက မင်းသမီးတွေဟာ ခါးသေးရင်ချီတင်ကားရင်ကားတွေပဲ ဆရာကိုသက်ဦး၊ မိငယ်ကျတော့ ဝါဆိုယောင်းတိုင်လို တစ်ဖြောင့်တည်းဖြစ်နေသလားလို့၊ နောက်ပြီး မိငယ်ကို ဘယ်တော့ကြည့်ကြည့် ချွေးတွေစိုပြီး ရေခဲခြစ်ရောင်းတဲ့ ပန်းဆီတွေစွန်း၊ ဘာတွေစွန်းနဲ့ စုတ်တီးစုတ်ဖတ်ရုပ်ထွက်နေတာ၊ သည်မယ် ဆရာကိုသက်ဦး"

"ပြောပါ ဦးမြတ်စံ"

"ဆရာကိုသက်ဦးမှာ တကယ်ပဲ မင်းသမီးလိုနေတယ်ဆိုရင် ဒေါ်လာမိုးကို တဆိတ်လောက်ကြည့်လိုက်ပါလား၊ ဒေါ်လာမိုးက မဆိုးဘူးဗျ၊ မိုင်ဒါဈေးတစ်ခုလုံးကလည်း ဒေါ်လာမိုးဟာ ရုပ်ရှင်မင်းသမီးတွေလို လှတယ်လို့ပြောတယ်၊ နောက်ပြီး သူ့မိဘတွေက ရွှေပန်းတိမ်လုပ်ငန်းနဲ့ ဘော်ဇာတွေလေ၊ အဲသည်လို မိဘချမ်းသာတဲ့ ဒေါ်လာမိုးလို မိန်းကလေးကို ဆရာကိုသက်ဦးရွေးရင် ဆရာကိုသက်ဦးရဲ့ လုပ်ငန်းမှာလည်း ငွေရေးကြေးရေး အထောက်အကူရနိုင်တာပေါ့၊ ဒေါ်လာမိုး ကိုယ်တိုင်ကလည်း တစ်ချိုးတည်းနဲ့



သူ့ကို ဇာတ်ဆောင်မင်းသမီးအဖြစ် တန်းတင်ရိုက်မယ်ဆိုရင် ဘယ်လောက်ပဲကုန်ကုန် ပိုက်ဆံမနှမြောဘူးလို့ ကြွေးကြော်နေတယ်လေ"

"ခွမ်း"

ဒါရိုက်တာကိုသက်ဦးသည် စိတ်ပျက်လက်ပျက်ပင် လက်ထဲမှခရင်းကို စားပွဲပေါ်သို့ လွှင့်ပင်ချလိုက်မိသည်။ ခရင်းကို လွှင့်ပစ်လိုက်စဉ်က အမှတ်မထင်စိတ်၊ လတ်တလောခံစားလိုက်ရသော စိတ်ပျက်လက်ပျက်စိတ်ဖြင့် လွှင့်ပစ်ချမိခြင်းမျိုး ဖြစ်သော်လည်း ခရင်းက စားပွဲပေါ်မှ ပန်းကန်တစ်ခုခုဖြင့် မလွတ်မကင်း ခွမ်းခနဲ ထိခိုက်သွားသောအခါ မိမိအပြုအမူအတွက် မိမိကို အလေးထားပြုစုပေးနေသော အိမ်ရှင် ဦးမြတ်စံအား အားနာရမည့်စိတ်ကလေး ပြန်ဝင်လာပါ၏။

"ဆောရီးပဲ ဦးမြတ်စံ၊ ကျွန်တော် ခရင်းပစ်ချလိုက်တာ မဆင်မခြင်ဖြစ်သွားတာကို တောင်းပန်ပါတယ်၊ ကဲ … ကျွန်တော် ပြန်တော့မယ် ဦးမြတ်စံ"

"ဟေ"

ကိုသက်ဦး ထိုင်ရာမှထသည်။ ကိုသက်ဦးသောက်ထားသော မန္တလေးဘီယာပုလင်းသည် တစ်ဖန်ခွက်စာမျှသာ လျော့နည်းလျက်သားရှိနေသေးသည်။

ဤဘီယာတစ်ခွက်လောက်နှင့်တော့ ဆရာကိုသက်ဦး မူးမူးယမ်းယမ်းမဖြစ်တန်ရာသေးဟု ဦးမြတ်စံ တွက်ချက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်သွားတာလဲ ဆရာကိုသက်ဦး၊ ကေန့ ကျွန်တော် ပြောတဲ့အထဲမှာ အမှားအယွင်းပါသွားပြီထင်တယ်၊ ပြန်ထိုင်ပါ ဆရာကိုသက်ဦး၊ ကျုပ်ပြောတာ အမှားပါရင် ခွင့်လွှတ်ပါ"

ကိုသက်ဦးသည် အိမ်ရှင်ကပင် ပြန်လည်တောင်းပန်နေသည်မို့ ဦးမြတ်စံအား ပို၍ အားနာသွားရပြန်သည်။ တကယ်တော့ ဦးမြတ်စံအနေနှင့် မိမိအပေါ်တွင် ဖေဖေဦးအောင်ကြီး၏ သားဆိုသည့် အကြောင်းတစ်ခုမှလွဲပြီး အခြားဘာမျှ ထောက်ထားစရာမရှိ။ ပြီး ဦးမြတ်စံ ပြောသည်တို့မှာ အနုပညာနှင့်ပတ်သက်၍ အခြေခံကင်းနေသော်လည်း မိမိအပေါ် စေတနာစိတ်နှင့် ပြောနေခြင်းသာဖြစ်သည်။

"အေးဗျာ ကျွန်တော့်မှာ အဲသည်အကျင့်ဆိုးတစ်ခုရှိနေတယ်၊ ငွေရမှုအတွက် အနုပညာကို ပုံးပေါလေအောလုပ်တဲ့အမိဗ္ဗာယ် သက်ရောက်ရင် ကျွန်တော့်ရင်ထဲ နင့်ခနဲခံစားသွားရတတ်တယ်"

"ဒေါ်လာမိုးဆိက ငွေကြေးအထောက်အပံ့ ရနိုင်တယ်ဆိုတဲ့ ကျုပ်စကားကြောင့်လား ဆရာကိုသက်ဦး"

ကိုသက်ဦး ပြန်ထိုင်သည်။ လက်ကျန်ဘီယာကို ထပ်ငှဲ့သည်။

"ငွေကြေးအထောက်အပံ့ရမယ်ဆိုရင် ဘယ်လုပ်ငန်းမှာမဆို လိုချင်တဲ့လူချည်းပေါ့ ဦးမြတ်စံ၊ ကျွန်တော်တို့ ရုပ်ရှင်လုပ်ငန်းမှာ စက်ကရိယာတွေနဲ့လုပ်ရတယ်၊ မီးကရိယာတွေ အသုံးပြုရတယ်၊ နိုင်ငံခြားက ရွှေနဲ့စက်ဝယ်ရတဲ့ တန်ဖိုး



အလွန်ကြီးမားတဲ့ ဖလင်ကော်ပြားတွေသုံးရတယ်၊ အနုပညာအလုပ်ဆိုပေမယ့် ငွေနဲ့စက်လုပ်ရတဲ့အလုပ်မျိုးပါ၊ ဒါပေမဲ့ ဒေါ်လာမိုးဆိုတဲ့ အမျိုးသမီးကို ခေါင်းဆောင်မင်းသမီးတင်ရိုက်ပေးရမယ်၊ လိုအပ်တဲ့ငွေကြေးထုတ်ပေးမယ်ဆိုတာမျိုးတော့ ကျွန်တော် ဘယ်တော့မှ လက်မခံပါဘူး ဦးမြတ်စံ၊ ဒါမျိုးလက်ခံရိုက်မိရင် ဒါရိုက်တာသက်ဦးဆိုတဲ့နာမည်ကို ရေထဲလွှင့်ပစ်လိုက်ရုံပဲ ရှိတော့တာပေါ့"

"အဲသည်လောက်အထိတော့ ကျုပ်နားမလည်တာအမှန်ပဲ ဆရာကိုသက်ဦး၊ ဒါပေမဲ့ ကျုပ်တို့ လူမိန်းအမြင်တော့ မိငယ်ထက်စာရင် ဒေါ်လာမိုးက ..."

"အဲသည် ဒေါ်လာမိုးဆိုတာ ဈေးအတွင်းဘက်မှာ ရွှေဆိုင်ဖွင့်နေတဲ့ အမျိုးသမီးမဟုတ်လား၊ အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ဆိုင်ရောင်းဈေးထွက်ရင်း မိတ်ကပ်ဖေ့ အိုင်းလိုင်နာတွေ ဆွဲထားတဲ့ အမျိုးသမီးလေ"

"ဩော် ... ဒေါ်လာမိုးကို ဆရာကိုသက်ဦးက မြင်ခဲ့ဖူးပြီပဲ"

"ခက်တယ် ဦးမြတ်စံ၊ အင်မတန်ရိုးနေတဲ့ ပုံလေးတစ်ပုံ ကျွန်တော်ပြောမယ်၊ လူနှစ်ယောက်ဟာ စောင်းဆရာကြီးတစ်ဦးဆီရောက်သွားပြီး၊ စောင်းတီးသင်ချင်တဲ့အကြောင်း ပြောကြတယ်၊ စောင်းဆရာကြီးကမေးတော့ ပထမတစ်ယောက်ဟာ စောင်းကို တစ်ခါမှ မတီးခတ်သေးပါဘူး၊ စောင်းပညာနဲ့ပတ်သက်ရင် အစိမ်းသက်သက်ပါလို့ပြောတယ်၊ နောက်တစ်ယောက်တော့ သူဟာ စောင်းကိုယဉ်ပါးပြီးသားပါ၊ အနည်းအကျဉ်းလည်း စောင်းတီးတတ်ပြီးသား

www.burmeseclassic.com

www.burmeseclassic.com



ပါလို့ပြောတယ်၊ သည့်တော့ စောင်းဆရာကြီးက စောင်းလုံးလုံးမတီးဖူးတဲ့ အစိမ်းသက်သက်ကို သင်ကြားပေးခ အသပြာငွေတစ်ရာပေးရမယ်၊ အနည်းအကျဉ်းတီးတတ်ပြီးသားလူကတော့ သင်ကြားပေးခ ၊ အသပြာနှစ်ရာတိတိ နှစ်ဆပိုပေးရမယ်လို့ တောင်းသတဲ့ ...

"သဘောကတော့ ဦးမြတ်စံ အစိမ်းအရိုင်းကို သင်ရတာ ဒါကို သည်လိုလုပ်မယ်ဆိုရင် သူဟာ သည်လိုပဲလုပ်မယ်၊ တစ်ခါသင် တစ်ခါတတ်ဖြစ်နိုင်တယ်၊ မတောက်တခေါက် အမှားအယွင်းတွေ တတ်ထားတဲ့လူကျတော့ သူ့အမှားအယွင်းတွေကို ချွတ်နေရတာကိုက ပင်ပန်းတယ်၊ ဒါတောင် အမှားအယွင်းအရိုးစွဲနေလို့ ပြင်မရတဲ့ တကယ့်ပွဲမှာ အမှားအယွင်းတွေ ပါသွားနိုင်သေးတယ်၊ ဒေါ်လာမိုးဟာ နာမည်ကြီးနေတဲ့ မင်းသမီးတွေကို လိုက်တုနေတဲ့ မိန်းကလေးပဲ၊ သူများဟန်ပန်အတုတွေဝင်နေမှတော့ ကိုယ့်ပင်ကိုသဘာဝ ဟန်ပန်တွေ ဘယ်မှာရနိုင်မလဲဗျာ၊ နောက်ပြီး ဒေါ်လာမိုးဟာ ဖြီးလိမ်းပြင်ဆင်မှု လွန်ကဲလို့ ကြည့်ကောင်းနေတယ် ထင်ရပေမယ့် တကယ်ကျတော့ မိငယ်လောက်မလှဘူး ဦးမြတ်စံ၊ ကျွန်တော် ထပ်ပြောမယ်နော် ဒေါ်လာမိုးဟာ ကြည့်ကောင်းတာ၊ မိငယ်က လှတာ၊ အဲသည်နှစ်ခုကို ရုပ်ရှင်သမားတွေမြင်တတ်လေ့ရှိတယ်"

"ဟေ"

"နောက်ပြီး မိငယ်မှာ လူတစ်ထောင် လူတစ်သောင်းမှာ မရှိနိုင်တဲ့ မျက်လုံးမျိုးရှိတယ်၊ နှုတ်ခမ်းမျိုးရှိနေတယ်"



"ဟေ"

"ရုပ်ရှင်မင်းသမီးဆိုတာ ဇာတ်လမ်းတစ်ခုမှာ ဘဝတစ်ခုကို တကယ်ဖြစ်ပျက်နေသလို အမူအရာတွေ လုပ်ပေးရတာပဲ ဦးမြတ်စံ၊ ခြေအမူအရာ၊ လက်အမူအရာတွေ လုပ်တာက လွယ်ပါတယ်၊ သင်ရင် ချက်ချင်းအတတ်မြန်ပါတယ်၊ အရေးအကြီးဆုံးက မျက်နှာအမူအရာပဲ၊ မျက်နှာမှာ ဘာတွေရှိသလဲ ဦးမြတ်စံ"

"ဟဲ ဟဲ ဟဲ"

ဦးမြတ်စံက ရယ်လိုက်သည်။ မျက်နှာမှာ ဘာတွေရှိသလဲဆိုသည့် ကိုသက်ဦး၏ မေးခွန်းကို ဦးမြတ်စံ ဘယ်လိုပြန်၍ဖြေရမှန်းမသိသောကြောင့် ရယ်သွမ်းသွေးလိုက်ခြင်းဖြစ်ပေသည်။ ကိုသက်ဦးက အရှည်ကြီး စိတ်အားထက်သန်စွာ ပြောခဲ့ရ၍ မောသွားသလို ဘီယာကို ဆက်မော့နေသည်။

ပြီးမှ ဆက်ပြောသည်။

"မျက်နှာမှာ နားရွက်၊ နဖူး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ မေးစေ့၊ ပါးဆိုတာတွေရှိတာပေါ့ ဦးမြတ်စံ"

"အင်း ဟုတ်သား၊ အဲဒါတွေ ရှိတာပေါ့"

"နားရွက်နဲ့ မေးစေ့ကို ဘေးချိတ်ထား၊ သူတို့က အမူအရာလုပ်တဲ့နေရာမှာ အသေတွေပဲ၊ နဖူး၊ နှာခေါင်းနဲ့ ပါးတွေက တွန့်ရုံ ကွေးရုံ၊ ရှုံ့ရုံလောက်အထိ အမူအရာလုပ်တဲ့နေရာမှာ အသေးအမွှားအထောက်အပံ့ရတယ်၊ အဲသည်တော့ မျက်နှာတစ်ခုမှာ သူ့သဘာဝနဲ့သူ အဓိက အမူအရာလုပ်နိုင်တာ မျက်လုံးနဲ့နှုတ်ခမ်း၊ ပါးစပ်ပဲရှိတယ် ဦးမြတ်စံ၊

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဆိုတဲ့နေရာမှာ မျက်ခုံးမျက်တောင်ပါပါတယ်၊ ပါးစပ်ဆိုတဲ့နေရာမှာ နှုတ်ခမ်း၊ သွား၊ လျှာတို့ပါတယ်၊ အဲဒါပဲ ဦးမြတ်စံ၊ မိငယ်ကို ကျွန်တော် ရုပ်ရှင်မင်းသမီး နေရာမှာသုံးဖို့ စိတ်ကူးထားတာဟာ မိငယ်ရဲ့နှုတ်ခမ်းနဲ့ မျက်လုံးလေးတွေကို အဓိကသဘောကျလို့ပဲ၊ ရှင်းပလား"

"အင်း ... ဆရာသက်ဦးရဲ့ဒါရိုက်တာအလုပ်က မလွယ်ပါလား၊ အင်မတန် အနုစိပ် မြင်တတ်ရတာပဲ၊ ဒါဖြင့် ကျုပ် မေးမယ်နော်၊ မိငယ်ဟာ ဆရာကိုသက်ဦး ပြောသလို မျက်လုံးနဲ့ နှုတ်ခမ်းသိပ်လှနေပြီထားပါတော့၊ သူ့ကို တစ်ခါတည်း ရုပ်ရှင်ထဲမှာ တန်းပြီးရိုက်မှာလား"

"ဘယ်ရမလဲ ဦးမြတ်စံ"

ကိုသက်ဦး ဖြည်းညင်းစွာ ခေါင်းခါပြလိုက်ပေသည်။

"အများကြီး လိုသေးတာပေါ့၊ အခု မိငယ်ရောက်နေတဲ့ အရွယ်ဟာ အငုံအရွယ်ပဲရှိသေးတယ်၊ အသားတက်တုန်း အရွယ်ဆိုပါတော့၊ အသက်ဆယ့်ရှစ် ဆယ့်ကိုးလောက်ကျမှ ကိုယ်ရည်မှန်သွားမယ်၊ ပွင့်လာတဲ့ပန်းမျိုးဖြစ်လာမယ်၊ အခုလို အသားတက်နေတဲ့အချိန်မှာ ခန္ဓာကိုယ်အချိုးကျဖို့ လေ့ကျင့်ခန်းတွေ လုပ်ပေးရမယ်၊ အစားအအိပ်ပုံစံတွေ လုပ်ပေးရမယ်၊ သည်အတွင်းမှာပဲ ရုပ်ရှင်လောကနဲ့ ယဉ်ပါးအောင် ထိတွေ့ပေးထားရမယ်၊ ဘယ်ဇာတ်ဆောင်၊ ဘယ်ဇာတ်ရုံ၊ ဘယ်ဇာတ်ပို့ဖြစ်ဖြစ် ကင်မရာရှေ့မှာ လုပ်ရဲတာက တခြား၊ သဘာဝကျအောင်လုပ်တတ်တာက တခြားစီပဲ၊ ရုပ်ရှင်ပိတ်ကားပေါ်မှာ ရုပ်ရှင်ဟန်တွေဝင်နေတဲ့ ဇာတ်



ကောင်တွေကို ကျွန်တော် မလိုချင်ဘူး ဦးမြတ်စံ၊ ပိတ်ကားပေါ်မှာ ပြင်ပသဘာဝဟန်ရှိနေတဲ့ ဇာတ်ကောင်မျိုးကိုမှ ကျွန်တော် လိုချင်တာ"

"ဆရာကိုသက်ဦးပြောတာ ကျုပ် နားလည်တာလည်း ရှိတယ်၊ နားမလည်တာလည်းရှိတယ်၊ ကျုပ်နားလည်သလို ပြောရရင် မိငယ်ကို နောက်ထပ်သုံးနှစ်လောက် လေ့ကျင့်ပေးရဦးမယ်ပေါ့ ဟုတ်လား၊ ဆရာကိုသက်ဦး"

"အဲသည်သဘောပဲ ဦးမြတ်စံ"

"ဒါဆိုရင် မိငယ်ကို ဆရာကိုသက်ဦး ရန်ကုန်ကိုခေါ်သွားရမှာပေါ့"

"အဲဒါကိုပဲ ကျွန်တော် စဉ်းစားနေတယ်၊ မိငယ်ကိုယ်တိုင်ကလည်း လိုက်မယ်၊ သူ့အုပ်ထိန်းသူကလည်း ကျေနပ်မယ်ဆိုရင် မိငယ်ကို ကျွန်တော် ရန်ကုန်ခေါ်သွားချင်တယ် ဆိုပါတော့ ဦးမြတ်စံ"

"ဒါဆိုရင်တော့ မိငယ်ရဲ့အဖေ ဦးလူအေးနဲ့ ဆရာကိုသက်ဦး မျက်နှာချင်းဆိုင် ဆွေးနွေးကြရမှာပဲ"

"ဦးလူအေးဆီကို ကျွန်တော်တို့ သွားတွေ့ကြစို့လား ဦးမြတ်စံ"

ဦးမြတ်စံက လက်ဝါးကာပြလိုက်ပေသည်။

"သူတို့က မြို့အစွန်ပိုင်း ကွက်သစ်မှာနေတာ၊ ဆရာကိုသက်ဦး မသွားပါနဲ့၊ သည်ကပဲစောင့်ပါ၊ ကျုပ် ဦးလူအေးကို ဆရာ့လင့်ရိုဗာကားနဲ့ သွားခေါ်လာခဲ့မယ်၊ ဆရာကိုယ်တိုင် သွားလိုက်ရင် ဟိုလေးတကြော်တွေ သိပ်ဖြစ်သွားသိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘီယာပုလင်းကို လက်စသတ်လိုက်ကြသည်။

ဦးမြတ်စံက ထိုင်ရာမှထပြီး ဆရာကိုသက်ဦးထံမှ ကားသော့တောင်းသည်။

"ရေခဲသေတ္တာထဲမှာ အစုံရှိတယ်ဆရာ၊ ကြိုက်သလိုသာ ဖွင့်သောက်ပေတော့"

"တော်ပြီ ဦးမြတ်စံ၊ ဘီယာတောင်မှ ရေငတ်ပြေသောက်တာ၊ အရက်ပြင်းတွေကို တစ်ခါတလေမှ ကျွန်တော်သောက်ဖြစ်တာပါ"

ဦးမြတ်စံ ထွက်သွားသည်။ တံခါးပေါက် အရောက်တွင် ကိုသက်ဦးက လှမ်းခေါ်လိုက်ပါ၏။

"ဩော် ... ဦးမြတ်စံ"

ဦးမြတ်စံက ခြေလှမ်းရပ်ပြီး လှည့်ကြည့်သည်။

"ဖြစ်နိုင်ရင် မိငယ်ကိုပါ ဝင်ခေါ်ခဲ့ပါလား၊ အဓိကကျတာက မိငယ်ရဲ့ဆန္ဒနဲ့သဘောထားမဟုတ်လား"

"စိတ်ချ ဆရာကိုသက်ဦး၊ ကျုပ်မှာ အဲသည်စိတ်ကူး ဆရာကိုသက်ဦး မပြောခင်ကတည်းက ရှိလိုက်ပြီးသားပါ"

✣ ✦ ✣



## အခန်း(၃)

မိငယ်ကတော့ မပြောပါလေနှင့်။

သူမ၏ မျက်လုံးလေးများက ဝမ်းသာလျှင် ဝမ်းသာ ဝမ်းသာသလို၊ ဝမ်းနည်းလျှင် ဝမ်းနည်းသလို၊ ဒေါသထွက်လျှင် ဒေါသထွက်သလို စကားပြောတတ်လွန်းသော မျက်လုံးလေးများ ဖြစ်ပါ၏။

မိငယ်၏မျက်လုံးလေးတွေသည် သာမန်အချိန် ဘယ်လိုမျှ စိတ်အနှောင့်အယှက် မဖြစ်သောအချိန်မျိုးတွင် မျက်လုံးလေးတွေက သူ့ဟာသူ ပြုံးနေသည်။

မျက်လုံးလေးတွေ ပြုံးနေသည်ဆိုခြင်းကို ပျက်လုံးဟု မယူဆကြပါနှင့်။ တကယ်ရှိပါသည်။ အမျိုးသား၌ဖြစ်စေ၊ အမျိုးသမီး၌ဖြစ်စေ ယင်းမျက်လုံးမျိုး ရှိတတ်ပါ၏။ သို့သော် သိပ်ရှားသည်။ လူတစ်ထောင်တွင် ယင်းမျက်လုံးပိုင်ရှင်မျိုး တစ်ယောက်တွေ့နိုင်ဖို့ပင် ခက်ခဲလှသည်။

မိငယ်တွင် ရှားရှားပါးပါး ဤမျက်လုံးမျိုး ပိုင်ဆိုင်ထားသည်။ သာမန်အနေအထားတွင် မျက်လုံးလေးတွေက ပြုံးနေ

www.burmeseclassic.com



သည်။ ဝမ်းသာပြီဆိုလျှင် ဘေးမှ သူမကိုကြည့်လိုက်မိသူပင် အလိုလို ဝမ်းသာစေလောက်အောင် သူမ၏မျက်လုံးလေးတွေက ဆွဲဆောင်နိုင်စွမ်းရှိသည်။ အဲ ... သူမ ဝမ်းပန်းတနည်းဖြစ်ပြီး မှဲ့မည်၊ ငိုမည်ဆိုပါကလည်း သူမ၏ ရီဝေသော မျက်လုံးလေးတွေကို လှမ်းကြည့်မိရုံဖြင့် ဘေးလူပါမှဲ့ချင် ငိုချင်လာအောင် တစ်မျိုး ဆွဲဆောင်မှုရှိပြန်သည်။

ယခုလည်း ကြည့်ပါဦး။

နန့်နန့်တက် ရုပ်ရှင်မင်းသမီးဖြစ်ချင်နေသော မိငယ်သည် ကိုယ်ဟန်အမူအရာရော မျက်နှာလုံးမျက်လုံးတွေရော မြူးကြွသည်။

ဦးမြတ်စံခေါ်လာသော ဦးလူအေးကို လင့်ရိဘာ၏ ရှေ့ခန်းမှာပင် ထိုင်စေပြီး မိငယ်ကို နောက်ခန်းတွင် ထိုင်စေသည်။

ဦးမြတ်စံက ဦးလူအေးကိုဖြစ်စေ၊ မိငယ်ကိုဖြစ်စေ ရုပ်ရှင်လုပ်ငန်းကိစ္စနှင့်ပတ်သက်ပြီး ဒါရိုက်တာ ဆရာကိုသက်ဦးက အခေါ်လွှတ်လိုက်ကြောင်း ပြောပြီးသားဖြစ်ပါ၏။

ဦးမြတ်စံသည် ပထမဦးစွာ မြို့စွန်ကွက်သစ်မှ ဦးလူအေး၏အိမ်ကို သွားခဲ့သည်။ အကျိုးအကြောင်းပြောပြပြီး ဦးလူအေးအား လင့်ရိဘာကားပေါ်တွင် တင်၍ ခေါ်ဆောင်လာခဲ့သည်။

ဦးလူအေးအား ခေါ်လာပြီးမှ ဦးမြတ်စံက မိုင်ဒါဈေးသို့ ပြန်ဝင်သည်။ မိငယ်ကို လင့်ရိဘာပေါ်သို့ ခေါ်တင်သည်။

"အဲဒါ ဘာတွေ ဘယ်လိုလဲ ဦးလေးမြတ်စံ"

"အဲသည်မှာ နင့်အဖေပါလာတာ မမြင်ဘူးလား မိငယ်"



"အင်းလေ၊ အဲဒါကြောင့် ဦးလေးမြတ်စံကို မိငယ် မေးတာပေါ့၊ အဖေ့ကိုလည်းတင်ခေါ်လာသေးတယ်၊ သည်ကားက ဒါရိုက်တာကြီးရဲ့ကားကိုလည်း ဦးလေးမြတ်စံ မောင်းလာတယ်၊ အခု မိငယ်ကိုလည်း ဝင်ခေါ်သေးတယ်ဆိုတော့ ဘာတွေဟာ ဘယ်လိုဖြစ်ကုန်ပြီလဲ ဦးလေးမြတ်စံ"

"တက်မှာတက်စမ်း မိငယ်၊ နင့်ကို ဆရာကိုသက်ဦးက ရုပ်ရှင်ထဲမှာ မင်းသမီးအဖြစ်သုံးဖို့အတွက် နင့်အဖေနဲ့ရော၊ နင်နဲ့ရော စကားပြောချင်တယ်၊ ဆွေးနွေးချင်တယ်ဆိုလို့ ငါက သူ့ကားယူခဲ့ပြီး နင်တို့သားအဖကို လာပင့်တာ"

ဆိုင်နီးချင်းအေးမိကို သူမ၏ ရေခဲခြစ်ဆိုင်လေးအပ်ကာ လင့်ရိဘာနောက်သို့ တက်လိုက်လာခဲ့သည်။

ဦးမြတ်စံ၏တစ်ထပ်တိုက်လေး ဧည့်ခန်းထဲရှိ ရိုးရိုးသစ်သားကြိမ်ထိုးဆက်တီကုလားထိုင်ပေါ်မှာပင် မိငယ်သည် ရဲရဲမကိုင်ရဲရှာပေ။ ဆွေးနွေးပွဲ စတင်ကြသည်။

ကိုသက်ဦးက စာချုပ်ချုပ်ဆိုရမည့် အချက်အလက်တွေ ပြောပြပါ၏။

မိငယ်၏ဖခင် ဦးလူအေးအတွက် တစ်လလျှင် ကိုသက်ဦးက ၃၀၀ ကျပ်၊ ချေးငွေအဖြစ် ထောက်ပံ့မည်။

မိငယ်အား ဇာတ်ဆောင်မင်းသမီးအဖြစ် တင်ရိုက်သောအခါ ဇာတ်ဆောင်ခကို ကာလတန်ကြေးအတိုင်း ပေးမည်။

ယင်းဇာတ်ဆောင်ခ တန်ကြေးထဲမှ ဦးလူအေးအား ထောက်ပံ့ခဲ့သောချေးငွေများ၊ မိငယ်၏စားဝတ်နေရေးစရိတ်များကို အရစ်ကျပြန်လည်၍ ကိုသက်ဦးအား ပေးဆပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်သုံးကားအထိ ဒါရိုက်ကိုသက်ဦး၏ ရုပ်ရှင်ကုမ္ပဏီနှင့်ပင်ရိုက်ရမည်။ သုံးကားရိုက်ပြီးလျှင် အခြားမည်သည့်ကုမ္ပဏီနှင့်မဆို ရိုက်ခွင့်ပြုမည်။

မျှတသောအချက်အလက်များ ဖြစ်ပါ၏။ ဦးလူအေးနှင့် မိငယ်ဘက်မှ ဘယ်လိုမျှ လက်မခံနိုင်စရာအကြောင်းမရှိ။

"အင်မတန်ကောင်းပါတယ် ဆရာကိုသက်ဦး၊ ဒါပေမဲ့ အခု ဆရာပြောသွားတဲ့စကားကို ရှိလိုက်ရင် ကျွန်တော်က မော်လမြိုင်မှာပဲနေခဲ့ရမယ်၊ တစ်လကို ငွေသုံးရာ ကျွန်တော့်ကို ထောက်ပံ့မယ်"

"ချေးငွေအဖြစ် ထောက်ပံ့မယ်လို့ ကျွန်တော်ဆိုလိုတာနော် ဦးလူအေး၊ တစ်နှစ်စာလိုချင်တယ်ဆိုရင် သုံးထောင့်ခြောက်ရာပေးခဲ့မယ်၊ ဒါမှမဟုတ် တစ်လတစ်ကြိမ် ထုတ်ချင်တယ်ဆိုရင် ဟောသည်က ဦးမြတ်စံဆီမှာ ဦးလူအေး တစ်လတစ်ကြိမ်ထုတ်နိုင်အောင် ကျွန်တော် စီစဉ်ပေးခဲ့မယ်"

"ဟုတ်ပါတယ် ဆရာကိုသက်ဦး၊ အဲဒါတွေအားလုံး ကျွန်တော်တို့သားအဖအဖို့ ဘိုးဘိုးအောင်မသလား အောက်မေ့ရပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဒုက္ခိတဘဝ ရောက်နေတယ်ဆရာ၊ သမီး မိငယ်ကို ကျွန်တော်က ပြန်အားကိုးနေရတဲ့အခြေအနေပါ၊ မိငယ်အဖို့လည်း အသုံးမကျတဲ့ အမေက ပစ်ပယ်သွားတာမျိုး ခံရပြီးပါပြီ၊ အခုတစ်ခါ ဖအေနဲ့ခွဲနေရဦးမယ်ဆိုရင် ဒုက္ခိတဖအေအတွက် နောက်ဆံတင်းနေမယ်၊ နောက်ပြီး ကျွန်တော့်အဖို့လည်း မစွမ်း



မသန်ဘဝနဲ့ အနားမှာ ဆေးပေးမီးယူ ဘယ်သူမှမရှိဘဲ ဖြစ်သွားတော့မယ် ဆရာကိုသက်ဦး"

"ကိုယ့်မှာ တစ်လကို ဝင်ငွေသုံးရာရှိနေပြီပဲ လူအေး၊ မင်းတို့အိမ်နီးချင်းတစ်ယောက်ယောက်ကို မင်းအတွက် ဆေးပေးမီးယူဖို့ငှားလိုက်ပေါ့ကွာ၊ မသကာ တစ်လကို လေးဆယ် ငါးဆယ်ပေးရုံပေါ့"

ဦးမြတ်စံက ဝင်၍ အကြံပေးလိုက်သည်။ အကြံပေးသည်ဆိုခြင်းထက် အမိန့်ပေးသံကပို၍ ပါနေပါ၏။

"ဟင့်အင်း ... ဟင့်အင်း ... ဦးလေးမြတ်စံ"

မိငယ်၏မျက်လုံးလေးများ ရီဝေသွားသည်။ နှုတ်ခမ်းထူထူအမ်းအမ်းလေးမှာ မဲ့ယောင်ယောင်ပြေးလာသည်။ ဆက်တီကုလားထိုင်မှဆင်းကာ ဦးမြတ်စံ၏ခြေရင်းတွင် သွား၍ထိုင်ချလိုက်သည်။ ဦးမြတ်စံ၏ပေါင်ပေါ်သို့ သူမ၏ မေးစေ့လေးတင်ကာ ဦးမြတ်စံအား တောင်းပန်တိုးလျှိုးသော မျက်နှာလေးဖြင့် မော့ကြည့်သည်။

"ဦးလေးဒါရိုက်တာကြီးကို ပြောပေးပါ ဦးလေးမြတ်စံ၊ မိငယ် ရုပ်ရှင်မင်းသမီးလည်း သိပ်လုပ်ချင်ပါတယ်လို့၊ နို့ပေတဲ့ ဖေဖေ့ကို ထားခဲ့ရမယ်ဆိုရင် ဖေဖေ့ကို သနားနေတာနဲ့ မိငယ် ငိုနေမိတော့မှာလို့၊ နောက်ပြီး ... အေးမိပြောတယ်၊ အဲသည်လိုကားပိုင်ရှိတဲ့ လူချမ်းသာတွေဟာ ရွှေတွေငွေတွေပြပြီး မိငယ်တို့လို ဆင်းရဲသူမလေးတွေကို ကြံစည်နေတတ်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



“[illegible] – အညိုအောင်မလေး ပေါက်ကရပြောတော့မယ်၊ [illegible]ကိုသက်ဦးကို အားနာစရာ၊ သွားစမ်း … သွားစမ်း၊ [illegible] ဘယ်လောက်နားလည်လို့လဲ”

“မိငယ်ကို မငေါက်ပါနဲ့ ဦးမြတ်စံ”

ကိုသက်ဦးသည် မိငယ်ဆက်တီကုလားထိုင်ပေါ်မှ ကပျာကယာလေးဆင်းပြီး ဦးမြတ်စံ၏ခြေရင်းတွင် ထိုင်ချပုံ၊ သူမ၏မေးစေ့လေးကို ဦးမြတ်စံ၏ ပေါင်ပေါ်တင်ပြီး မော့ကြည့်ပုံ၊ အသံကလေးတုန်ယင်စွာ နှုတ်ခမ်းထူထူလေးမဲ့ကာ ရီဝေသောမျက်လုံးတို့ဖြင့် သူမရင်ထဲ ဖြစ်ပေါ်လာသည့်အတိုင်း ပြောချလိုက်ပုံကို အသေးစိတ်ကြည့်နေသည်။

ရုပ်ရှင်ရိုက်သည့် ကင်မရာသာပါလျှင် ဤအကွက်လေးတိုရိုက်ယူပြီး ကိုယ့်ဟာကိုယ် ပိတ်ကားပေါ်တွင် ရုပ်ရော အသံရော ပြသစမ်းသပ်ချင်မိပါ၏။

“အခု မိငယ်အနေနဲ့ သူပြောတတ်သလို ပြောလိုက်တဲ့ အချက်တွေဟာ ကျွန်တော် စဉ်းစားသင့်တဲ့အချက်တွေပဲ၊ မိခင်ရဲ့အပစ်အပယ်ကိုခံရပြီးတဲ့နောက် ဒုက္ခိတဖအေကို ထားခဲ့ရရင် အဖေကို သနားလို့ ငိုနေမှာပဲ ဆိုတဲ့အချက်က လူမှုရေးအပိုင်းအရ မိငယ်ပြောတာမှန်ပါတယ်၊ နောက်တစ်ချက်က ပတ်ဝန်းကျင် …

“ရုပ်ရှင်နယ်ထဲမှာ အဲသည်လို လူတွေကလည်း ရှိနေတာကိုး ဦးမြတ်စံ၊ ရုပ်ရှင်ဝါသနာ သိပ်ထက်သန်နေတဲ့ အမျိုးသမီးလေးတွေကို ရုပ်ရှင်ရိုက်မယ်ဆိုတဲ့ ဘန်းပြချက်နဲ့ ဖျက်ဆီးပစ်တဲ့ လူစားမျိုးတွေလေ၊ အဲသည်တော့ မိငယ်



အတွက် သူ့အဖေအရင်းခေါက်ခေါက်ရဲ့ မျက်စိအောက်မှာပဲ ထားတယ်ဆိုရင် ကျွန်တော့်ကိုလည်း ပတ်ဝန်းကျင် လူပြောသူပြော လွတ်နိုင်တာပေါ့ဗျာ”

“သည်လိုဆို လူအေးကိုပါ ဆရာကိုသက်ဦး ရန်ကုန်ခေါ် သွားမလို့လား”

“အင်းပေါ့၊ ကျွန်တော်တို့ခြံကြီးထဲလည်း ဦးမြတ်စံ ရောက်ဖူးနေတာပဲ၊ ခြံထဲမှာ ပျဉ်ထောင်နှစ်ထပ်တန်းလျားကြီးတွေ ရှိနေတယ်လေ၊ အဲသည်မှာပဲ မိငယ်တို့သားအဖကို ထားပေးလိုက်မယ်၊ သားအဖနှစ်ယောက်စလုံးရဲ့ ကုန်ကျစရိတ်ကတော့ ခုန ကျွန်တော်ပြောသလိုပဲ ချေးငှားထောက်ပံ့ပေါ့ဗျာ”

“ဒါဆို … ဒါဆို ဦးလေး ဒါရိုက်တာကြီး”

မိငယ်သည် စကားထစ်နေသည်။ သူမ၏ မျက်နှာလေးတစ်ခုလုံး ပြုံးတက်နေသည်။ ဝမ်းသာလွန်းသော အရိပ်လက္ခဏာတွေ သူမ၏မျက်နှာပြင်တစ်ခုလုံး ပေါ်လွင်နေသည်။ ဝမ်းသာလွန်းသောကြောင့် လည်ချောင်းတစ်ဆို့ပြီး ပြောမည့်စကား ထစ်နေခြင်းဖြစ်ပါ၏။

မိငယ် တစ်ဆို့ပြီး ထစ်နေသည်ကို ကိုသက်ဦးက ငေးကြည့်နေသည်။ ပြီး ကိုသက်ဦးအား သူမခေါ်တတ်သလို ဦးလေး ဒါရိုက်တာကြီးဟု ခေါ်လိုက်ပုံအတွက်လည်း ကိုသက်ဦး၏ရင်ထဲမှာ ရယ်ချင်နေသည်။

“ဒါဆို ဦးလေးဒါရိုက်တာကြီးက ဖေဖေ့ကိုပါ မိငယ်နဲ့ အတူတူခေါ်တော့မယ်ပေါ့နော်”

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဦးက အေးဆေးစွာပင် ဦးခေါင်းညိတ်ပြလိုက်သည်။

"ဟာ ... ဟာ ... မိငယ် ဝမ်းသာလိုက်တာ"

နှုတ်မှ ဝမ်းသာလိုက်တာဟု ပြောရုံမက မိငယ်သည် ဘာမပြော ညာမပြော ဦးမြတ်စံခြေရင်းမှ ဖင်ရွှေ့ကာ ကိုသက်ဦးခြေရင်းရောက်လာသည်။ ကိုသက်ဦး၏ခြေသလုံးကို သူမ၏လက်နှစ်ဖက်ဖြင့် ဖက်ကာ ကိုသက်ဦး၏ ပေါင်ပေါ်သို့ သူမ၏မျက်နှာလေး အပ်ထားလိုက်ပေတော့သည်။

ကိုသက်ဦး၏ရင်ထဲတွင် ဖိန်းရှိန်းသွားသော ခံစားမှုတစ်မျိုးကို ရုတ်ခနဲ ခံစားလိုက်ရသည်။ နာမည်ကြီးဒါရိုက်တာ ကုမ္ပဏီပိုင်ရှင်မို့ ဇာတ်ကောင်ဇာတ်ပို့ မင်းသမီးတွေက ဆရာဟုခေါ်ရင်းလည်းကောင်း၊ အဘဟုခေါ်ရင်းလည်းကောင်း၊ ဖက်လှဲတကင်းတွေ ပြုမူတတ်သည်ကို အကြိမ်ပေါင်းများစွာ ကိုသက်ဦးခံရဖူးပါ၏။ တစ်ကြိမ်မျှ ကိုသက်ဦး ရင်ထဲတွင် ယခုခံစားလိုက်ရသလို ဖိန်းရှိန်းမှုမျိုး မခံစားစဖူးခဲ့။ ယခု ဘာမျှမဟုတ်သေးသည့် ရေခဲခြစ်သည်မလေး မိငယ်က ခြေသလုံးလာဖက်၊ ပေါင်ပေါ် မျက်နှာအပ်လိုက်သည်ကို အဘယ်ကြောင့်များ ဖိန်းဖိန်းရှိန်းရှိန်း ကိုသက်ဦး ရင်ထဲတွင် ခံစားလိုက်ရပါလိမ့်။

ဦးလူအေးနှင့် ဦးမြတ်စံလည်း ကလေးစိတ်မကုန်တတ်သေးသော မိငယ်၏အပြုအမူကို ငေးကြည့်နေပေသည်။

ထိုစဉ်မှာပင် ကိုသက်ဦး၏ ပေါင်ပေါ်တွင် ပူနွေးသော အထိအတွေ့တစ်မျိုး ထပ်မံထိတွေ့ပြန်သည်။ ကိုသက်ဦးသည် မိငယ်၏ဦးခေါင်းလေးကို ကိုင်ကာ ...



"မှန်း ... မော့စမ်း မိငယ်"

မိငယ် မော့လာသည်။

"ဟင် ... နင်ငိုနေပါလား မိငယ်"

"ဟုတ်တယ် ဦးလေး ဒါရိုက်တာကြီး၊ မိငယ် ငိုနေတာပါ၊ ဒါပေမဲ့ ဝမ်းနည်းလို့ငိုတာမဟုတ်ပါဘူး၊ ဝမ်းသာလွန်းလို့ သူ့ဟာသူ မျက်ရည်တွေကျသွားတာပါ"

ကိုသက်ဦး ကိုယ်တိုင်ပင် ဟက်ဟက်ကလေး ရယ်မောလိုက်တော့သည်။ ကိုသက်ဦး ရယ်သည့်နောက်သို့ ဦးမြတ်စံနှင့် ဦးလူအေးတို့လည်း လိုက်လံရယ်မောကြပါတော့၏။

သြော် ... ပွဲဦးထွက်မှာပင် မိငယ်၏ ဝမ်းသာသောမျက်ရည်တို့သည် ဦးလေးဒါရိုက်တာကြီး ကိုသက်ဦး၏ပေါင်ပေါ်တွင် ပူနွေးစေပါတကား။

ကိုသက်ဦးသည် ဦးလူအေးနှင့် မိငယ်နေထိုင်ရာ မြို့စွန်ကွက်သစ်မှ ရပ်ကွက်လူကြီးများရှေ့မှောက်မှာပင် နှစ်ဦးသဘောတူ စာချုပ်ကို ချုပ်ဆိုပေသည်။ စာချုပ်တွင် ဦးလူအေးနှင့် မိငယ်ကတစ်ဖက်၊ ဒါရိုက်တာသက်ဦးကတစ်ဖက် လက်မှတ်ရေးထိုးသည့်အပြင် ဦးမြတ်စံနှင့် ရပ်ကွက်လူကြီးတစ်ဦးကိုပါ သက်သေအဖြစ် လက်မှတ်ထိုးစေသည်။

ဤသို့ ရပ်ကွက်ကောင်စီ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုခြင်းအားဖြင့် မိငယ်၏သိက္ခာရော၊ ဒါရိုက်တာကိုသက်ဦး၏သိက္ခာရော ဘေးပတ်ဝန်းကျင်မှ အမနာပပြောစရာမရှိတော့ဟု ယုံကြည်၍တစ်ကြောင်း၊ စာချုပ်ပါ နှစ်ဦးသဘောတူ စည်းကမ်း

www.burmeseclassic.com

www.burmeseclassic.com



ချက်များကို လူကြီးတွေရှေ့၌ ချုပ်ဆိုခြင်းဖြင့် သူ့ဘက်ကိုယ့်ဘက် ခိုင်မာစေလို၍ တစ်ကြောင်းကြောင့် ယင်းသို့ ကိုသက်ဦးကချုပ်ဆိုလိုက်ခြင်း ဖြစ်တော့သည်။

ရပ်ကွက်လူကြီးတွေ ကိုယ်တိုင်သည် သူ့ရပ်ကွက်တွင်၊ သူ့အရည်အချင်းနှင့်သူ သမာသမတ် ရှိသူများဖြစ်သောကြောင့် ရပ်ကွက်က တင်မြှောက်ထားသူများ ဖြစ်သော်လည်း လက်လုပ်လက်စား ဆင်းရဲသားများပင် ဖြစ်ပါသည်။

သည်ကြားထဲတွင် သူတို့ရပ်ကွက်ထဲမှ ဖအေဒုက္ခတသမီးလေး ရေခဲခြစ်ရောင်းဘဝ ရောက်နေသော မိငယ်ကတို့သားအဖအပေါ်တွင် ရပ်ကွက်လူကြီးတွေက ကရုဏာသက်နေကြဆဲမှာပင် ဒါရိုက်တာ ကိုသက်ဦးက ယခုလို အလေးအနက် တည်တည်ခန့်ခန့် စာချုပ်,ချုပ်ဆိုပြီး ခေါ်ဆောင်သွားမည့်အရေးကို လူကြီးပီသစွာ သူတို့အားလုံး ဝိုင်း၍ဝမ်းသာနေကြသည်။ အခြားမိငယ်၏ ရပ်ကွက်ထဲမှ အပေါင်းအသင်း ရွယ်တူတန်းတူတွေမှာစပြီး ဗုဇခရုကလေးတွေကပင် မိငယ် ရန်ကုန်လိုက်သွားပြီး ရုပ်ရှင်မင်းသမီး လုပ်တော့မည်ဟူသော သတင်းဖြင့် သူတို့ကလည်း အလိုလို ဝမ်းသာနေကြသည်။

ရပ်ကွက်အိမ်နီးနားချင်းရော၊ အိမ်အဝေးမှ ရောက်နေသူများရော သူတို့ နေ့တိုင်း တွေ့မြင်နေကျ မိငယ်ကို ယနေ့ကျမှ အထူးအဆန်း နိုင်ငံခြားမှ ရောက်လာသည့် တိရစ္ဆာန်လေးတစ်ကောင် တိရစ္ဆာန်ဉယျာဉ် လှောင်အိမ်ထဲသို့ လာကြည့်သလို ဝိုင်းအုံကြည့်ကြသည်။



ယခု လတ်တလော အချိန်လေးမှာပင် မိငယ်ကို ရပ်ကွက်ထဲမှ အတင်းဝင်ရောက် နှုတ်ဆက်စကား ပြောနိုင်သူပင် လျှင် ဂုဏ်ရှိသွားသလိုတွေ ဖြစ်ကုန်တော့သည်။

မိငယ်ကတော့ မပြောပါလေနှင့်။

ဤမှာ စာချုပ်စာတမ်းတွေ ဦးလူအေးနှင့် ရပ်ကွက်လူကြီးများ ရှေ့မှောက်တွင် ညှိနှိုင်းတင်ပြဆွေးနွေး ရှင်းလင်းနေသည်တို့ကို တစ်လုံးတစ်ပါဒမျှ စိတ်မဝင်စား။

သူ့အဖော်တွေနှင့် လုံးလားထွေးလား တပျော်တပါးကြီး ဖြစ်နေပါ၏။ လက်မှတ်ထိုးကာနီးမှ ခေါ်ယူရတော့သည်။ လက်မှတ်ထိုးပြီးမှပင် မိငယ်သည် တစ်စုံတစ်ခုကို နှောက်ဆံတင်းသလို၊ ဝေခွဲမရသလို မျက်နှာအမူအရာလေး ပေါ်လာသည်။ ထိုအမူအရာလေးနှင့်ပင် ကိုသက်ဦးကို မဝံ့မရဲလေး လှမ်းကြည့်ပါ၏။

"ဦးလေး ဒါရိုက်တာကြီးက မိငယ်တို့ကို ဘယ်..တော့ ရန်ကုန်ခေါ်သွားမှာလဲဟင်"

"အေး ... ဦးလေး လာစဉ်ကတော့ မိငယ်ရဲ့ကိစ္စ လုံးဝမပါဘူး မိငယ်၊ ကျိုက္ကမီစက်စဲဘက်မှာ ရုပ်ရှင်ရိုက်ဖို့ရှုခင်းတွေ လာကြည့်တာလောက်ပဲ၊ အဲဒါတွေလည်းအားလုံး ဦးလေးကင်မရာနဲ့ ရုပ်သေရိုက်ယူပြီးပြီ၊ ဦးလေး အစီအစဉ်အရဆိုရင် နက်ဖြန်လောက်ပဲ ရန်ကုန်ပြန်မလားလို့"

"ဟောတော့ ... အဖေ"

ဦးလူအေးက မိငယ် ဘာပြောချင်မှန်း ရိပ်မိပုံရသည်။ ဦးလူအေးစိတ်ထဲမှာလည်း မိငယ်ကဲ့သို့ပင် နှောက်ဆံတင်းသော ကိစ္စတစ်ခုခု ရှိနေကြောင်း မျက်နှာအမူအရာကို အကဲခတ် သိသာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မိငယ်၊ ဈေးထဲက ရေခဲခြစ်လှည်းဆိုင်လေးနဲ့ အဖေတို့သည်အကွက်ထဲက အိမ်လေးကိစ္စ ပြောမလို့မဟုတ်လား"

"အင်းလေ အဖေ၊ အဲဒါတွေ အမေ့ကိုခေါ်ပြီး ပေးခဲ့ရင် ကောင်းမလားလို့ပါ"

"ဘာ"

ဦးလူအေး၏ခန္ဓာကိုယ်သည် တောင့်တင်းသွားပြီး "ဘာ"ဟု အော်လိုက်သော အသံကြီးမှာ ဟိန်းထွက်သွားပါ၏။ မိငယ်သည် ဦးခေါင်းလေး ပုဝင်သွားသည်။ ချက်ချင်းပင် ရွှင်ပြုံးနေသော မိငယ်၏မျက်လုံးနှင့် နှုတ်ခမ်းလေးတို့သည် အမှေးအမှိန်နှင့် အငိုအမဲ့လေးသို့ ကူးပြောင်းသွားသည်။

"နင့်အမေကို နင် စိတ်မနာနိုင်ဘူးလား မိငယ်၊ လောကမှာ နင့်အမေလောက် စိတ်ထားယုတ်မာရက်စက်တဲ့ မိန်းမမျိုးရှိနိုင်ဦးမလားဟင်၊ ငါ သန်သန်မာမာနဲ့တုန်းက ဆိုက်ကားနင်းကျွေးတယ်၊ တို့မိသားစု ငွေကြေးမချောင်လည်ဘူးဆိုတောင် မကျပ်တည်းပါဘူး၊ ရရစားစားပါ၊ ရုပ်ရှင်လည်း တို့သားအမိသားအဖ သုံးယောက် ကြည့်တာပဲ၊ ခေါက်ဆွဲကြော်တွေ ဘာတွေလဲ တစ်ခါတလေ တို့ဝယ်စားကြတာပဲ"

"အဖေက အရက်သောက်တာတော့ ထည့်မပြောဘူး"

"တယ် သည်ကောင်မလေး ... ခွေးမ၊ ဘာလဲ နင့်အမေဘက်က ကာကွယ်ပြောနေတာလား"



ကိုသက်ဦးက ယင်းကိစ္စမှာ သူတို့၏ကိုယ်ရေးကိုယ်တာကိစ္စမို့ ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ဘေးမှသာ မိငယ်ကို အကဲခတ်ကြည့်ရှုနေမိသည်။ သားအဖ အခြေအတင်ပြောရာတွင် မိငယ်၏စိတ်ဓာတ်လေးကို ကိုသက်ဦး အကဲခတ်နိုင်ခွင့် ရပေသည်။ မိငယ်သည် မိခင်အပေါ်တွင် သံယောဇဉ်လေး မပြတ်နိုင်ရုံမက မိခင်အား ခွင့်လွှတ်နိုင်စွမ်းရှိကြောင်း ပေါ်လွင်နေသည်။ ထို့အပြင် မိငယ်သည် မဟုတ်လျှင် မခံဟူသော စိတ်ကလေးမျိုး ရှိနေကြောင်းလည်း အကဲခတ်မိသည်။ သူမ၏မိခင် နောက်အိမ်ထောင်ပြုသွားခြင်းမှာ ဖခင်ဦးလူအေး၌လည်း ချွတ်ယွင်းချက်တွေ ရှိကြောင်း မိငယ်က ပြန်လည်တင်ပြသည့် သဘောမျိုး သက်ဝင်ပါ၏။

"အမေ့ဘက်က ကာကွယ်ပြောတာ မဟုတ်ဘူး အဖေ၊ ဟိုတုန်းက အဖေ ဆိုက်ကားသိမ်းလာတိုင်း အရက်မူးပြီး ပြန်လာတာပဲ၊ အမေ့ကို အပြစ်ရှာပြီးရိုက်တယ်"

"သွား ... သွား၊ နင့်အမေဆီ နင်လိုက်သွား၊ ခွေးမ"

"အိုး ... အဖေ့ကို မစွမ်းမသန်ကြီးနဲ့ သနားလို့ပေါ့၊ နောက်ပြီး ပထွေးနဲ့ အတူတူနေရမှာ ကြောက်လို့ပေါ့"

"ကဲ ... တော်စမ်း လူအေး၊ မင်းတို့သားအဖဟာ ဟိုခေါ်သွားပြီး ပြုစုပေးရမယ့် ဒါရိုက်တာတောင် စိတ်ပျက်ချင်စရာ ကောင်းနေပြီ၊ တစ်ခွန်းမှ ထပ်မပြောနဲ့ လူအေး၊ အခုကျန်ခဲ့တဲ့ မင်းတို့အိမ်လေးနဲ့ ရေခဲခြစ်လှည်းဘေးကို ဘယ်လိုစီစဉ်ခဲ့မယ်ဆိုတာသာ ဆက်ဆွေးနွေး"

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်လူကြီးက ခေါက်ခေါက်ငန်းငန်း ပြောလိုက်မှ သားအဖ ငြိမ်သွားသည်။ ဦးလှအေးက ဆက်၍ပြောပေသည်။

"အငှားချရင်ချခဲ့၊ ဒါမှမဟုတ်လည်း အပြတ်ရောင်းခဲ့ချင်တာပဲဗျ၊ အဲဒါက ချက်ချင်းဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ဘူး၊ ငှားသူဝယ်သူကို စောင့်ရင်း အချိန်ယူရမှာ ဖြစ်နေတယ်၊ ဆရာကိုသက်ဦးလည်း ပြန်ချင်ပြီပြောနေတော့"

"ကဲ ... ဒါဖြင့် သည်လိုလုပ် လှအေး"

ဦးမြတ်စံက ကြားဝင်လာသည်။

"ဒါဖြင့် သည်လိုလုပ်၊ ဟောသည် ရပ်ကွက်လူကြီးတွေ ရှေ့မှာပဲ မင်းကို ငါက ငွေစိုက်ထုတ်ပေးလိုက်မယ်၊ ငါဝယ်တာ မဟုတ်ဘူးနော်၊ ငါ အချိန်ယူပြီး ပြန်ရောင်းပေးမယ်၊ အခုဟာက ဆရာကိုသက်ဦး ပြန်ချင်နေတာကို ဖြစ်နိုင်အောင် ငါကဝင်ပြီး ကူညီတဲ့သဘောပဲ၊ အရောင်းအဝယ်တကယ်စျေးဆိုင်တဲ့အခါ ဆရာကိုသက်ဦးအိမ်ကို ငါဖုန်းလှမ်းဆက်မယ်၊ စျေးတည့်လို့ မင်းရောင်းမယ်ဆိုမှ ငါက ရောင်းပေးမယ်၊ ရောင်းပြီး ငါ့ငွေကိုပြန်ပေး၊ ပိုသမျှ မင်းဆီကို ငါလာပြီး ပို့ပေးမယ် ... ဟုတ်လား"

"ဟာ ... ဒါဆိုရင် သိပ်ကောင်းတာပေါ့ ဦးမြတ်စံ"

"ဦးလေး ဦးမြတ်စံ"

မိငယ်သည် မျက်လုံးလေး ကလယ် ကလယ်ဖြင့် ဦးမြတ်စံအား လှမ်းကြည့်ရင်း ခေါ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူ၏အဖေ ဦးလှအေးဘက်သို့လည်း ကြည့်ပြန်သည်။



"ဘာလဲ မိငယ် ပြောလေ"

"ဩော် ... ဦးလေးမြတ်စံ ပေးလိုက်မယ့် ငွေထဲက အမေ့ကို တစ်ဝက်လောက်ပေးလိုက်ရင် ကောင်းမလားလို့ပါ"

"မပေးဘူးဟေ့၊ တစ်ပြားမှ မပေးဘူး၊ လင်ငယ်ယူသွားတဲ့ မိန်းမယုတ်ကို ပေးတာဟာ အဆိပ်ပင် ရေလောင်းပေးတာနဲ့ အတူတူပဲ၊ ရန်ကုန်မှာ ဆရာကောင်း သမားကောင်းတွေ အများကြီးရှိတယ် ငါ့ရောဂါကို သည်ငွေနဲ့ကုမယ်၊ မိငယ် နင် နောက်ထပ်လျှာမရှည်နဲ့"

မိငယ်သည် နောက်ထပ် ဘာမျှမပြောတော့သော်လည်း မျက်စိအိမ်ဝယ် မျက်ရည်လေးတွေ ဝေ့တက်လာသည်ကို ကိုသက်ဦး သတိထားလိုက်မိသည်။

ကိုသက်ဦးအနေနှင့်လည်း မိငယ်သည် ကလေးဆန်သေးသော အရွယ်၌ပင် ရှိစေကာမူ ချစ်ခင်တတ်သော နှလုံးသားလေးနှင့် ခွင့်လွှတ်နိုင်သော သတ္တိလေးများ ရှိနေသည်ကို ထပ်မံအမှတ်ပြုမိပြန်သည်။ ထို့ထက်မှာမူ ယခုပြင်ပတွင် တကယ်ဖြစ်ပျက်နေသော ကိစ္စများ၌ မိငယ်၏ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း မျက်နှာအမူအရာလေးများ ပြောင်းလဲသွားပုံကို ဒါရိုက်တာ ကိုသက်ဦး သေချာ သတိထားကြည့်မိရင်း အလွန်ကျေနပ်နေပါ၏။ ကင်မရာရှေ့မှောက်တွင် ယခုအတိုင်းသာ ပကတိအမူအရာအတိုင်း သရုပ်ဆောင်နိုင်လျှင် မိငယ်သည် တဟုန်ထိုးနာမည်တက်လာနိုင်လောက်သည့် ဇာတ်ဆောင်မင်းသမီး အလောင်း အလျာလေးပါပေ။

✤ ✦ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ဦးလေး ဒါရိုက်တာကြီး"

"ဟေး"

"ခဏလောက် ကားရပ်ပေးလို့ရမလား၊ မိငယ်တအားကြီး အောင့်ထားတာပဲ၊ ကားကခုန်လွန်းတော့ မိငယ်မအောင့်နိုင်တော့ဘူး"

"ဟာ ... သည်ကောင်မလေး"

ဟု စိတ်ထဲမှရေရွတ်ရင်း ကိုသက်ဦးသည် ကားကို လမ်းဘေးတွင် ထိုးရပ်ပေးလိုက်ပေသည်။

နံနက်ရှစ်နာရီခန့်က မော်လမြိုင်မှ စတင်ကာ ကားကို ကိုသက်ဦးက တစ်ရှိန်ထိုး မောင်းခဲ့သည်။

ကားရှေ့ခန်းတွင် ဦးလှုအေးနှင့် ကိုသက်ဦးတို့ ထိုင်ကြသည်။

နောက်ခန်းတွင် မိငယ်ကို ထိုင်စေသည်။

အင်ဂျင်အားကောင်းသော ကားမျိုးမို့ တစ်နာရီ ကီလိုရှစ်ဆယ် တစ်ရာနှုန်းလောက် မောင်း၍ရသည့်လမ်းတွင်



တင်၍မောင်းပြီး မောင်းမရသည့်လမ်းတွင်လည်းကောင်း၊ ကားချင်းအရှောင်အတိမ်းတွင် မိုင်လျှော့မောင်းသည်ကြောင့်လည်းကောင်း မော်လမြိုင်-ရန်ကုန်ကို နာရီပေါင်း ခြောက်နာရီနှင့် အရောက်မောင်းရန် ကိုသက်ဦး ရည်ရွယ်ခဲ့သည်။ ဒါဆိုလျှင် ရန်ကုန်သို့ မွန်းလွဲနာရီပြန်နှစ်ချက် သုံးနာရီကြားဝင်မည်။ ဦးလှုအေးနှင့် မိငယ်ကို နေရာထိုင်ခင်း စီစဉ်ပေးမည်။ ခေတ္တခဏ ကိုသက်ဦး အပန်းဖြေမည်။ ပြီးမှ ယနေ့ညနေခြောက်နာရီတွင် ရှစ်မိုင်ခြံ စတူဒီယိုသို့သွားပြီး ရိုက်လက်စကားမှ ဇာတ်ကွက်နှစ်ကွက်သုံးကွက်လောက် ရိုက်လိုက်မည်ဟု ရည်ရွယ်ခဲ့သည်။

ထို့ကြောင့် မော်လမြိုင်မှ ကားထွက်လာသည်နှင့် လမ်းတွင် အရပ်အနားမရှိဘဲ ဆက်တိုက် ကိုသက်ဦး မောင်းလာခဲ့သည်။

နေ့လယ်(၁၁)နာရီခွဲခန့်တွင် မုပ္ပလင်နယ်စပ်သို့ ဝင်လာခဲ့သည်။ အစကနဦးက မိငယ်သည် သူမ၏ဖခင် ဦးလှုအေး ထိုင်သည့်ဘက်မှ နောက်ခုံတွင် ထိုင်လိုက်ပါခဲ့သည်။ အန္တရာယ်သွယ်နိုင်သည့်ကိန်း ဆိုက်လေမှ ကိုသက်ဦးဘက် ပြောင်းထိုင်ပြီး နောက်မှနေ၍ ကိုသက်ဦး၏ပခုံးကို လှမ်းတို့ကာ နားနားသို့ သူမ၏ပါးစပ်လေး ငုံ့ကပ်ပြောလိုက်ခြင်း ဖြစ်ပေသည်။

ကိုသက်ဦးက ကားရပ်ပေးလိုက်သောအခါ မိငယ်သည် ကားလမ်းကို ဟိုဘက်သည်ဘက်ဘေးရှိ ချုံပုတ်တောတန်းလေးတွေကို လှမ်းကြည့်ရင်း ကားပေါ်မှ ဆင်းလိုက်သည်။

ဘာပြောပြော ဟိုဘက်မှာရော သည်ဘက်မှာရော ချုံပုတ်တောတန်းလေးတွေ ရှိပေမင့် ရွက်ကြွေကိုင်းခြောက်များ

www.burmeseclassic.com

www.burmeseclassic.com



သာ်များသဖြင့် လူတစ်ကိုယ် ကွယ်သွားနိုင်စေရန် အတွင်းဘက်သို့ တော်တော်လေး ဝင်ရမည် ဖြစ်ပေသည်။

မိငယ်သည် ကားပေါ်မှ ခုန်ဆင်းပြီးနောက် လမ်းဘေးချုံပုတ်တန်းဆီသို့ ခေတ္တခဏ ငေးကြည့်နေသေးသည်။ ထိုချုံပုတ်ထဲသို့ အတော်အတန် ဝင်ရမည်ကို မဝံ့ရဲသော အသွင်သဏ္ဍာန်လေး သူမ၏ မျက်နှာတွင် ပေါ်လွင်နေသည်။ အဖော်ခေါ်ဖို့ ဆိုသည်ကလည်း ကိုသက်ဦးက လူစိမ်းယောကျာ်းသက်သက်၊ အဖေ့ကို အဖော်ခေါ်ရမည်ကလည်း လုံးဝမသင့်တော်သည့်အပြင် လမ်းဘေး၌ ချိုင့်တွေ ကမူတွေ အဆင်းအတက်တွေဖြင့် ရှိနေသောကြောင့် ဒုတိယအဖို့ မလွယ်။

နောက်ဆုံး မိငယ်သည် သူမကိုယ်ကို အားမာန်လေးတင်းသည့် အမူအရာလေးပေါ်လာပြီး ညည်းညည်းတွားတွားလေး သူမဘာသာ အသံလေးထွက်အောင် ရေရွတ်လိုက်သည်။

"ဟွန်း ... အမေပါလာရင် သိပ်ကောင်းမှာ"

မိငယ်သည် ကတ္တရာလမ်းမှ လမ်းဘေးအဆင်းအတက်သို့ ပြေးသွားရင်း ချုံပုတ်လေးထဲသို့ တိုးဝင်သွားလေတော့သည်။

မိငယ် ညည်းညည်းတွားတွားလေး ပြောသွားသည့် အမေပါလာရင် သိပ်ကောင်းမှာ ဆိုသည့် စကားလုံးများကို ကိုသက်ဦး ပီပီပြင်ပြင် ကြားလိုက်ရပါ၏။

ကိုသက်ဦး ရင်ထဲတွင် ဆို့ဆို့နင့်နင့်လေး ခံစားလိုက်ရသည်။

ဟုတ်လည်း ဟုတ်ပါ၏။



သမီးမိန်းကလေး မွေးထားပြီဆိုလျှင် ငယ်ရွယ်စဉ်က အရေးမကြီး။ အိမ်ထောင်ရက်သား ကျသွားပြီဆိုလျှင်လည်း အရေးမကြီး။ အဲ ... သမီးမိန်းကလေး အပျိုဖော်ဝင်ပြီဆိုကတည်းက သမီးအပျိုမလေး၏ဘေးတွင် မိခင်ဆိုသည်မှာ ရှိနေဖို့ကတော့ အလွန်အရေးကြီးပေသည်။

ယခု မိငယ်၏ဘေးတွင် မိခင်မရှိရှာပါလေ။

မိခင်မရှိရှာသော မိငယ်သည် ဖခင်ဒုက္ခိတကြီးကို လုပ်ကိုင်ကျွေးမွေးပြုစုရင်း အချို့သော မိခင်တကယ်လိုအပ်သည့်ကိစ္စများတွင် ဤအပျိုမလေးသည် မည်သို့မည်ပုံ သူမ၏ဘဝကို သူမဘာသာ ဖန်တီးနေပါလိမ့်ဟု ကိုသက်ဦးသည် မိငယ်၏ဘဝလေးကို ကရုဏာသက်စွာ စဉ်းစားနေလိုက်မိသည်။

"အံမာလေး ... လုပ်ပါဦး၊ သည်မှာ မြွေကြီး"

မိငယ်၏ ငယ်သံပါအောင် စူးရှထိတ်လန့်တကြားအော်လိုက်သောအသံကို ပျာကနည်း ကြားလိုက်ရသည်။

ကိုသက်ဦး လှစ်ကနဲ ကားပေါ်မှ တံခါးဖွင့်ဆင်းကာ မိငယ် အသံထွက်လာရာဆီသို့ အပြေးအလွှား ရောက်လာတော့သည်။

တောစပ် ချုံပုတ်တွေကြားဝယ် မိငယ်သည် ရင်ဘတ်ကို လက်ဝါးဖိပြီး မတ်တတ်ရပ်လျက်သား ကြောင်ငေးငေးပုံစံဖြင့် ရပ်နေပါ၏။

အမှန်ပင် ကိုသက်ဦး ရောက်သွားချိန်အထိ မြွေတစ်ကောင်ကိုလည်း ကိုသက်ဦး တွေ့ရပေသည်။ ကလေးတစ်ယောက်၏ လက်မောင်းလုံးခန့်ရှိသော အဝါတစ်ရစ် အမည်းတစ်

www.burmeseclassic.com



မြွေ ငန်းတော်ကြား မြွေမျိုးဖြစ်ပေသည်။ တော်ပါသေး၏။ ဤ ငန်းတော်ကြားမြွေမျိုးသည် လူကို ကိုက်လေ့ကိုက်ထမရှိ။

ကိုသက်ဦး ရောက်သွားချိန်ထိ မိငယ်နှင့် မနီးမဝေးမှာပင် ငန်းတော်ကြားမြွေသည် ရွှေ့လျားသွားလာနေဆဲ ဖြစ်ပေသည်။

"မိငယ် ... မိငယ်"

မိငယ်သည် မတ်တတ်ကြီး မတုန်မလှုပ် ဖြစ်နေသည်။ ကြက်သေ သေပြီး သတိလစ်နေသည့် ပုံစံပင်။

ကိုသက်ဦးက မိငယ်၏ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး လှုပ်လှုပ်ခါခါလေး နှစ်ချက် သုံးချက် လှုပ်ယမ်းရင်း မိငယ်၏အမည်ကိုလည်း တတွတ်တွတ် ခေါ်လိုက်သည်။

သုံးလေးကြိမ်လောက် လှုပ်ခါလိုက်မှ အင့်ကနည်း မိငယ်ပါးစပ်မှ အသံထွက်လာကာ သူမ၏ တောင့်တောင့်ကြီးဖြစ်နေသော ခန္ဓာကိုယ်လေးမှာ အိကနည်း လဲပြိုကျလာသည်။ ကိုသက်ဦးက မိငယ်ခန္ဓာကိုယ်လေးကို ခံ့ရင်ခွင်ထဲမှာပင် မှေးထားလိုက်ရသည်။

"မိငယ် ... မိငယ် ... သည်မှာကြည့်စမ်း"

မိငယ်သည် ကိုသက်ဦး ရင်ခွင်ထဲသို့ ဦးခေါင်းကပ်ကာ ငိုချလိုက်ရင်း ကိုသက်ဦးကိုလည်း ကြောက်လန့်တကြား ဖက်တွယ်ထားပေသည်။

"မိငယ် မကြောက်နဲ့၊ အဲသည်မြွေမျိုးဟာ ငန်းတော်ကြားခေါ်တယ်၊ လူကိုမကိုက်တတ်ဘူး၊ အခုလည်း သူ့ဟာသူသွားပြီ၊ မရှိတော့ဘူး၊ သေချာကြည့်စမ်း။ မြွေမရှိတော့ဘူး မိငယ်"



ရင်ခွင်ထဲ ခေါင်းကပ်ထားသော မိငယ်အား ကိုသက်ဦး မေးစေ့မှကိုင်ကာ စောစောက မြွေရှိရာနေရာသို့ ဖွတ်ကြည့်ခိုင်းသည်။

မိငယ်သည် မျက်ရည်လေးစိုစိုဖြင့် စောစောက မြွေဖြတ်သွားရာ နေရာကို လှမ်းကြည့်သည်။ မြွေလည်းမရှိတော့ပြီ။ ကိုသက်ဦးလည်း ရောက်လာပြီမှန်း အသိစိတ်လေး ပြန်ဝင်လာမှ အကြောက်ပြေသွားတော့သည်။

"လာ ... သွားမယ်၊ မိငယ်အဖေ သိပ်စိတ်ပူနေတော့မယ်၊ လာ ... လာ"

ကိုသက်ဦးက မိငယ်ကို တွဲခေါ်လာခဲ့ပြီး ချုံတွေထဲမှ တိုးဖေ့ထွက်လာတော့သည်။

တောစပ်အပြင်သို့ ရောက်သည်နှင့် ဦးလူအေးကို တွေ့ရသည်။ သို့သော် ဦးလူအေး ကိုယ်တိုင်လည်း ထိုင်လျက်သား လဲကျနေပေသည်။ သမီးဇောဖြင့် ကားပေါ်မှဆင်းပြီး မညီမညာ တောစပ်ဘေးမြေသို့ ဆင်းသက်လာခြင်းဖြင့် မသန်သော ခြေထောက်က ချိုင့်ကမူများကိုနင်းရင်း လဲကျဟန်တူပါ၏။

"သမီး ... မိငယ်၊ ဘာမှမဖြစ်ဘူးနော်"

"ဩော် ... အဖေရယ်၊ သည်ချုံပုတ်တွေကြားထဲ အဖေလိုက်လာလို့ ဖြစ်မတဲ့လား"

မိငယ်သည် အဖေလဲကျနေသည်ကို တွေ့သည်နှင့် တွဲထားသော ကိုသက်ဦးလက်မှ ပြေးထွက်ခဲ့ကာ ဖခင်ဦးလူအေးအား သူမက သွားရောက်တွဲပိုးရပြန်သည်။ ကိုသက်ဦးကလည်း အခြားတစ်ဖက်မှ ဦးလူအေးအား တွဲပိုးရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေသားတကျ ဦးလူအေးအား ကားရှေ့ခန်းထိုင်စေပြီးမှ ကိုသက်ဦးသည် ကားပေါ်သို့ ပြန်မတက်သေးဘဲ တမျှော်တခေါ် လမ်းဘေးသို့ ငေးကြည့်ရင်း ဂျူးခနဲ သက်ပြင်းရှည်တစ်လုံး ချလိုက်မိသည်။

ထိုအခိုက်မှာပင် လမ်းဘေးတောတန်းဆီသို့ နွေပူလေပြင်း လေရူးလေးတစ်ချက်သည် ဝေ့ခနဲ တိုက်ခတ်လိုက်သည်။ လေက ပူနွေးနွေး ရှိသော်လည်း ကိုသက်ဦး၏ရင်ဘတ်တွင် အေးမြမြ ဖြစ်သွားသည်ကို ခံစားလိုက်ရသည်။

သူ၏ရင်ဘတ်ကို ကိုသက်ဦး ငုံ့ကြည့်သည်။ ရင်ဘတ်တွင် မိငယ် မျက်နှာအပ် ငိုခဲ့သဖြင့် မိငယ်၏မျက်ရည်တို့သည် ရှပ်အင်္ကျီရင်ဘတ်ပေါ်တွင် အစိုကွက်ကလေး ဖြစ်နေသည်။ လေအတိုက်တွင် ထိုမျက်ရည်အစိုကွက်ကလေးက ကိုသက်ဦးရင်ဘတ်အသားကို ထိကပ်လာသဖြင့် အေးမြမြ ခံစားလိုက်ရခြင်း ဖြစ်တော့သည်။

မော်လမြိုင်ရှိ ဦးမြတ်စံ၏အိမ်ဧည့်ခန်းထဲတုန်းက မိငယ်၏မျက်ရည်တို့သည် သူ၏ပေါင်အတွင်းသားကို နွေးထွေးစေခဲ့ပြီး၊ ယခုတစ်ကြိမ် မိငယ်၏မျက်ရည်သည်ပင် သူ၏ရင်ကို အေးမြစေခဲ့ပြန်သည်။

ထို့ထက်မှာမူ ...

မိငယ်နှင့် ကြုံဆုံထိတွေ့မိလေတိုင်း ကိုသက်ဦးတွင် တစ်ရှိန်းရှိန်း တဖိန်းဖိန်း ခံစားရတတ်သော ခံစားမှုလေးတစ်မျိုးကို ကိုသက်ဦးတွင် ခံစားတတ်မိသည်တကား။



"ဦးလေး ဒါရိုက်တာ"

မိငယ်၏ တိုးတိုးညှဉ့်ညှဉ့် အသံလေးကြားသဖြင့် ကိုသက်ဦး လှည့်ကြည့်လိုက်မိသည်။

မိငယ်သည် သူ၏ဘေးတွင် နီးကပ်စွာယှဉ်၍ ရပ်နေသည်ကို တွေ့ရပါ၏။

"မိငယ်တို့သားအဖကို ဦးလေးဒါရိုက်တာ စိတ်ပျက်သွားပြီလားဟင်"

"ဘာလို့ စိတ်ပျက်ရမှာတဲ့လဲ မိငယ်"

"မိငယ်တို့သားအဖက ဦးလေးဒါရိုက်တာကို ဒုက္ခပေးသလို ဖြစ်နေပြီလားလို့ပါ"

ပြောဆိုရင်း မိငယ်သည် သူမ၏လက်ဖဝါးလေးနှစ်ဖက်ဖြင့် ကိုသက်ဦး၏လက်မောင်းတစ်ဖက်ကို ညင်သာစွာဆုပ်ကိုင်လာပါ၏။

"ကဲ ... ကားပေါ်တက်တော့ မိငယ်၊ တို့များသွားကြစို့တော့၊ ရန်ကုန်ကျရင် ဦးလေး ဆက်လက်လုပ်စရာတွေ ရှိနေသေးတယ်"

ကိုသက်ဦး ကိုယ်တိုင်ကပင် ဆုပ်ကိုင်လာသော မိငယ်၏လက်ဖဝါးလေးများကြားမှ မသိမသာ ရုန်းထွက်ရင်း ကားတံခါး ဖွင့်တက်လိုက်သည်။

မိငယ်ကလည်း နောက်ဘက်မှတက်ပြီး ကိုသက်ဦး ထိုင်သည့်ဘက်မှာပင် ထိုင်ချလိုက်သည်။

ကိုသက်ဦး ကားစက်နှိုးမောင်းထွက်ရင်း စဉ်းစားကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအပျိုပေါက်မလေး မိမိအပေါ် စိတ်ကစားလာသောကြောင့် မိမိလက်မောင်းကို လာရောက်ဆုပ်ကိုင်ခြင်းပေလား။ နောက်ပြီး စောစောက တစ်လမ်းလုံး သူ့အဖေထိုင်ရာဘက်ခြမ်းတွင် ထိုင်ခဲ့ပြီး ယခုကားပြန်အထွက်တွင် မိမိဘက်ခြမ်း မိမိနောက်ကျောဘက်တွင် ထိုင်ခြင်းမှာ စိတ်ကစားလာခြင်းကြောင့်ပေလား။

မိငယ် စိတ်ကစားခြင်း မဟုတ်နိုင်ဟုပင် ကိုသက်ဦးသည် သူ့ဘာသာ ဆုံးဖြတ်လိုက်သည်။

ဤအပိုင်း ဤကဏ္ဍတွင် စိတ်ပိုင်းဆိုင်ရာလေးများကိုသက်ဦးက ထည့်သွင်းစဉ်းစားပါ၏။

မိငယ်၏ဘဝကို ကြည့်ပါ။

အဖေနှင့်အမေ အသက်ထင်ရှား ရှိနေပါသေးလျက်ရှင်ကွဲ ကွဲနေသည်။

မိငယ်အဖို့ အသက်ထင်ရှား ရှိနေသော အမေကနောက်အိမ်ထောင် ပြုသွားသည်မို့ မိခင်ကို အားကိုး၍ မဖြစ်နိုင်တော့မှန်း သူမ၏သိစိတ်ကလေးက သိနေသည်။

ပထွေးနှင့်အတူနေ၍ မဖြစ်ကြောင်းကိုလည်း မိငယ်သိသည်။ ထို့ပြင် ဖအေမစွမ်းမသန်ကြီးကို မိမိမှတစ်ပါး ပြုစုပေးနိုင်မည့်သူ မရှိမှန်းလည်း မိငယ် သိနေသည်။ ထို့ကြောင့်လည်း ဖအေကြီးအနီးမှာနေပြီး သူ တတ်နိုင်သရွေ့ ဖအေဒုက္ခိတကိုပြုစုပေးလိုသော စေတနာမျိုးလေး သူမ၏နှလုံးသားထဲတွင် ကိန်းဝပ်နေသည်။



မိငယ်၏ လက်ရှိရောက်နေသော အသက်အရွယ်နှင့် မိငယ် ခံယူနေရသောဘဝမှာ ပုစွန်ဆိတ်ငယ် ပင်လယ်ကူးခတ်နေရသည်နှင့် တူသေးတော့။

အကယ်၍သာ ...

မိငယ်တွင် အစ်ကိုတစ်ယောက်ဖြစ်စေ၊ အစ်မတစ်ယောက်ဖြစ်စေ ရှိပါလေငြားအံ့၊ မိငယ်က ယခု မိမိခံယူနေရသောဘဝကို အစ်ကိုကဖြစ်စေ၊ အစ်မကဖြစ်စေ ခံယူမည်မို့ မိငယ်အတွက် လွတ်လပ်ခွင့်လေး ရှိနိုင်လောက်သည်။ အပျိုပေါက်မလေးအတွက် အချိန်အားဖြင့်လည်းကောင်း၊ ငွေကြေးအားဖြင့်လည်းကောင်း ဖောဖောသီသီလေး ရှိပါမှ အခြားစိတ်ကူးယဉ်ကိစ္စများကို စဉ်းစားနိုင်မည်။

ဥပမာ ရန်ကုန်မှ မြို့ကောင်ပေါက် ကျောင်းသူလေးတချို့ကိုကြည့်ပါ။ သူမလေးတို့ကို မိဘက ကျောင်းထားနိုင်သည်မို့ အိမ်ဝေယျာဝစ္စတွင်လည်းကောင်း၊ စီးပွားရေးနှင့် ပတ်သက်သော လုပ်ငန်းကိစ္စတွင်လည်းကောင်း ဘာမျှမပါစေဘဲ ကျောင်းတက်စေသည်။ အားလုံးကို မဆိုလိုပါ။ တကယ်ကျောင်းတက်၊ တကယ်ပညာလိုလားသော မြို့ကောင်ပေါက်မလေးတွေလည်း အများအပြားရှိပါသည်။

ဤကြားထဲတွင် စုန်းပြူးလေးတွေ ရှိနေကြသည်။

သိုးဖြူထဲတွင် သိုးမည်းလေးတွေကို ကိုသက်ဦး မကြာခဏ တွေ့ရတတ်သည်။ ရန်ကုန်လူဦးရေနှင့်ဆိုလျှင် ဤအရွယ်မြို့ကောင်ပေါက်မလေးတွေ ရာခိုင်နှုန်းတော်တော်များများသည်လိုဖြစ်နေမည်လားဟုတောင် ကိုသက်ဦး တွေးကြည့်မိဖူးခဲ့သည်များ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ရပ်ရှင်ရုံတွင်လည်း ချောင်ကျကျခုံနံပါတ်မျိုးတွင် သူတို့စုံတွဲလေးတွေ။

မြို့ပြင်ရုပ်ရှင်တွေကျတော့ သည်အတွဲမျိုးလေးတွေ ပို၍ပင်များနေတတ်သည်ကို ကိုသက်ဦး မကြာခဏ တွေ့ရတတ်သည်။

ထိုမျှ ကရိုးလား၊ ကန်တော်ကြီးစောင်း၊ အင်းလျားစောင်းနှင့် တိရစ္ဆာန်ဥယျာဉ်၊ ကမ္ဘာအေးလိုဏ်ဂူဝန်းကျင်ရှိ သစ်ပင်ကြီးများအောက် စသည်တို့တွင်လည်း မြီးကောင်ပေါက်စုံတွဲလေးတွေ သူတို့ကိုကြည့်လိုက်လျှင် ကျောင်းလွယ်အိတ်လေးများလွယ်လျက်သားကိုယ်စီဖြင့်။

မိဘတွေကတော့ ငါ့သမီးလေး ကျောင်းသွားရှာသည်ဟု အဝတ်အစား သန့်သန့်ပြန့်ပြန့်လေး ဝတ်ဆင်စေပြီး မုန့်ဖိုးပဲဖိုး အပြည့်အဝလေး ပေးလိုက်သည်။ သူတို့က ကျောင်းပြေးပြီး အတွဲနှင့်ချိန်းတွေ့ ကျောင်းဆင်းချိန်ရောက်မှ ဟန်တိပန်တိ ကျောင်းမှာ စာသင်ရသည်ကိုပင် ရောမပင်ပန်းကြီးလှစွာ ပုံမျိုးဖြင့် အိမ်ပြန်လာ။

ဒါက သူတို့လေးများ၏ မိဘချောင်လည်မှုကြောင့် သိုးမည်းမလေးများ စုန်းပြူးမလေးများ စိတ်ကစားနိုင်ခွင့်ရခြင်းမျိုးဖြစ်ပါ၏။

မိငယ်တွင် ဤသို့ စိတ်ကစားခွင့် ရပါမည်တဲ့လား။

ရနိုင်ခွင့်ဌာ မစွမ်းရှာသော မိန်းကလေးပါပေ။

ထိုသို့ဆိုလျှင် ကိုသက်ဦး၏ ပေါင်ပေါ်တွင် မျက်နှာအပ်ခြင်း၊ ကိုသက်ဦး၏လက်မောင်းကို ဆုပ်ကိုင်ခြင်းတို့သည်



မိငယ် စိတ်ကစား၍မဟုတ်။ လက်ရှိမိငယ်၏ဘဝတွင် အားကိုးမဲ့နေချိန်၌ ကိုသက်ဦးသည် မိငယ်အဖို့ မိုးပေါ်မှကျလာသော အားကိုးရာပုဂ္ဂိုလ်တစ်ပါးဟု ယူမှတ်ရှာဟန်တူသည်။

မိန်းမဟူဘိ ဆူကြွံနိမ့်မြင့်မရွေး၊ ပညာအဆင့်အတန်းမရွေး မိန်းမ၏ဗီဇကိုကပင် အားကိုးချင်သော ဗီဇလေးတွေရှိနေတတ်စမြဲ။

မိငယ်အတွက် မိခင်ကို အားကိုး၍မရ။ ဖခင်ကိုလည်း အားကိုးမရသည့်အပြင် ဖခင်က မိမိကိုပြန်၍ အားကိုးနေရသောအချိန်။ မိငယ်ထက်ကြီးသော အစ်ကိုဖြစ်စေ အစ်မဖြစ်စေကလည်းမရှိ။

မိငယ်အဖို့ ညအိပ်ရာဝင်တိုင်း လက်အုပ်ချီ၍ ဘိုးဘိုးအောင် မ,တော်မူပါဟု ဆုတောင်းနေရချိန်မျိုးတွင် ယခု ကိုသက်ဦးရောက်ရှိလာသည်မှာ မိငယ်အတွက် ဘိုးဘိုးအောင် မ,ြင်းဟု ယူဆနိုင်လောက်သည်။ ဒါမှမဟုတ် ကိုသက်ဦးသည် မိငယ်တို့သားအဖအတွက် ဘိုးဘိုးအောင်ပင် ဖြစ်နေတော့သည်။

ယင်းအခြေအနေ အရပ်ရပ်ကြားမှပင် အန္တရာယ်မလွယ်နိုင်၍ ချုံတောတိုးမိရာ၌ မိငယ် သိပ်ကြောက်တတ်သော မြွေဇာတ်တစ်ပုဒ် ပေါ်လာခဲ့သည်။

ယေဘုယျအားဖြင့် မိန်းကလေးတိုင်း လိုလိုသည် မြွေနှင့်ကြွက်ကို ကြောက်တတ်ကြသည်မှာ နိယာမဟုပင် ဆိုနိုင်လေမည်လား မပြောတတ်တော့။

မြွေကိုတွေ့ပြီး မတ်တတ်ကြီး ကြက်သေ,သေသောသတိမေ့တတ်ခံမန်းတွင် မိငယ်အတွက် အားကိုးရာရာ ကိုသက်ဦး

www.burmeseclassic.com



ရောက်လာသဖြင့် မိငယ်၏ ငယ်ထိပ်သွေးမွှန် ကြောက်စိတ်များကို ဖြေသိမ့်နိုင်သွားပြန်သည်။

မိငယ် စိတ်ကစားခြင်းမဟုတ်။

မိငယ်၏ အဘက်ဘက်မှ အားကိုးရာမဲ့ ဖြစ်လာသည်တို့အတွက် ကိုသက်ဦးအား အားကိုးခြင်းသာ ဖြစ်သည်ဟု ကိုသက်ဦးက စိတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်လိုက်သည်။

အင်း ... သားသမင်နှင့် ကျားဘုရင်တို့ မတော်တဆတွေ့ဆုံကြရာဝယ် သားသမင်က မတုန်လှုပ်ဘဲ ကျားဘုရင်ကြီးသာ တုန်လှုပ်သွားသည့်ကိန်းများ ဆိုက်လေပြီလား။

မိငယ် စိတ်ကစားခြင်းမျိုး မဟုတ်မှုဘဲ သွေးရိုးသားရိုး ပူးပူးကပ်ကပ် ဆက်ဆံသည့်အခါတိုင်း အဘယ်ကြောင့် ကိုသက်ဦး၏ရင်ထဲဝယ် တရှိန်းရှိန်း တဖိန်းဖိန်း ခံစားရပါလေသနည်း။

မုပ္ပလင်အစပ်သို့ ကားဝင်လာခဲ့လေပြီ။

နောက်မှာထိုင်လိုက်လာသော မိငယ်က သူမဘာသာ သီချင်းလေးတစ်ပုဒ် ဆိုသလို သီဆိုလိုက်သောအသံကို ကိုသက်ဦးကြားရပါ၏။

"စောစောက မြွေတွေ့လို့ သိပ်ကြောက်တယ်"

"အခုတော့လည်း ဗိုက်ထဲက သိပ်ဆာတယ်"

သူမသည် ဆာလောင်နေပြီဖြစ်ကြောင်း ကိုသက်ဦးအား တိုက်ရိုက်မပြောရဲသဖြင့် စိတ်ထဲရှိနေသည်တို့ကို နှုတ်မှ ရွတ်ဆိုလိုက်ခြင်း ဖြစ်ဟန်တူသည်။



ကိုသက်ဦးသည် မိငယ် သီချင်းလိုညည်းညူသံကို နားထောင်ရင်း ပြုံးလိုက်သည်။ လက်မှပတ်ထားသော နာရီကိုလည်း ကြည့်လိုက်သည်။ နေ့ ၁၁ နာရီ မိနစ် ၄၀ ရှိနေပေပြီ။

ကိုယ်က ကိုယ့်ဘောနှင့်ကိုယ် ဆာလောင်သည်ကို မေ့နေသော်လည်း မိငယ်တို့လို အရွယ်လေးတို့သည် ဗိုက်ဆာလာလျှင် ဟန်ပင်မဆောင်နိုင်ကြတော့။ အစာကြေမြန်သော သွေးသားကောင်း အရွယ်လေးတွေကိုး။

မုပ္ပလင်အဝင် ကားလမ်းဘေးတွင် အတော်အတန်ခမ်းနားသော ထမင်းဆိုင်များ ရှိနေပါ၏။

ထိုအထဲမှ ကိုသက်ဦးက အစိမ်းရောင်လွှမ်းသော ဆိုင်းဘုတ်တပ်ဆင်ထားသည့် ထမင်းဆိုင်ရှေ့သို့ ကားထိုးရပ်လိုက်သည်။

ပျိုပျိုရွယ်ရွယ် မိန်းကလေးသုံးလေးဦးသည် စားသောက်မည့်သူကို ဖော်ရွေသော အပြုံးလေးများဖြင့် ဆီးကြိုကြပေသည်။

"ဘာသုံးဆောင်မလဲ ဦးလေး၊ ကြက်သား ဝက်သား ငါး အစုံရှိပါတယ်"

မွန်ပြည်နယ်ထဲက မွန်ဝဲသံလေးတွေမို့ ဤစားပွဲထိုးလေးတွေလည်း မွန်မလေးတွေဖြစ်မှန်း သေချာသည်။ မွန်မလေးတွေမို့လည်း ဖော်ရွေမှုလေးတွေ အပြည့်အဝ ရှိနေသည်လားဟု တွေးထင်မို့ပင် ကောင်းသည်။

ဦးလူအေးကို ကိုသက်ဦးတစ်ဖက်၊ မိငယ်တစ်ဖက် တွဲတည့်တွဲပိုး ဆိုင်ထဲခေါ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဦးလေးအေး၊ ဘာဟင်းစားမလဲ"

"ရပါတယ်၊ ဆရာကိုသက်ဦး ကျွေးချင်တာကျွေးပါ၊ ထမင်းဆိုရင် ဘာဟင်းနဲ့မဆို ကျုပ် စားနိုင်ပါတယ်"

"ဟာဗျာ ... မဟုတ်သေးပါဘူး၊ က ... မိငယ် နှင့်အဖေကြိုက်တာ နင့်ဟာနင်မှာ"

ကိုသက်ဦးသည် နဂိုကတည်းက ဝက်သားကြိုက်သည်။ ကိုသက်ဦးအတွက် ဝက်သားဟင်း မှာလိုက်သည်။

ကိုယ်ကြိုက်တာ ကိုယ်မှာဟု ကိုသက်ဦး ပြောလိုက်ခြင်းမှာ ကိုယ်ကြိုက်ရာ ကိုယ်စားစေချင်သော စေတနာနှင့်ဖြစ်ပါ၏။ ထို့ပြင် စားသောက်သူများ ဝင်ရောက်လာပြီး စားပွဲနှင့် ကုလားထိုင်တွင် နေရာယူလိုက်ပြီးသည်နှင့် ဤမုပ္ပလင်ထမင်းဆိုင်သည် ထမင်းပွဲကို ချိုင့်အုပ်ဆောင်းဖြင့် အပြည့်လာချထားလေပြီ။ ငါးပိရည်၊ ငံပြာရည်ဖျော်၊ တို့စရာ ဟင်းချို စသည်များလည်း အလျှံပယ် လာချပေးထားလေပြီ။

ကိုသက်ဦး မျက်မှောင်ကုတ်လာရသည်။

ဟင်းပွဲလာချပေးရာတွင် ဝက်သားဟင်းနှစ်ပွဲသာ လာချပေးသွားသည်။ ကိုသက်ဦးရှေ့တွင် တစ်ပွဲနှင့် ဦးလူအေးရှေ့တွင် တစ်ပွဲဖြစ်သည်။ မိငယ်က ဦးလူအေးရှေ့တွင် ချထားသော ဟင်းပန်းကန်မှ ဟင်းရည်ယူဆမ်းပြီး ဝက်သားတစ်ဖတ်သာယူကာ ငါးပိရည်တို့စရာနှင့် ဟင်းချိုကို အားပြုစားနေကြောင်း ကိုသက်ဦး သတိထားလာမိသည်။

"မိငယ် ... အဲဒါ ဘာလုပ်တာလဲ"

"ရှင် ... မိငယ် ဘာလုပ်လို့လဲ ဦးလေးဒါရိုက်တာ"



"နင်တို့ သားအဖနှစ်ယောက်အတွက် ဟင်းတစ်ပွဲတည်း ဘာလို့မှာရတာလဲ"

"ဦးလေး ဒါရိုက်တာမှာ မိငယ်တို့အတွက် အကုန်အကျတွေ သိပ်များနေတယ်မို့လား"

ဦးလူအေးကလည်း ဝင်ပြောသည်။

"ဟုတ်တယ် ဆရာကိုသက်ဦး၊ အိမ်မှာဆိုလည်း ကျုပ်တို့သားအဖ သည်လိုပဲ စားကြတာပဲ၊ သည်မှာ ငါးပိရည် တို့စရာနဲ့ ဟင်းချိုတွေက အိမ်မှာထက်တောင် ပိုကောင်းနေသေးတယ်"

"မဟုတ်တာပဲ ဦးလူအေးရာ"

ဟု ပြောရင်း ကိုသက်ဦးက ကြက်သားဟင်းတစ်ပွဲ ထပ်မှာပေးလိုက်ရသည်။

မည်သူသည် ထမင်းကောင်း ဟင်းကောင်းကို မစားချင်ဘဲ ရှိရာလိမ့်မည်နည်း။ ကြက်သားဟင်းခွက် ချပေးသည်နှင့် မိငယ်က ကြက်သားဟင်းကို သူမ၏ဖခင်ရှေ့တွင် ချပေးပြီး လက်ကျန်ဝက်သားပန်းကန်ကို သူမ၏ရှေ့သို့ ဆွဲယူလိုက်သည်။ သူမ၏ဖခင်ဦးလူအေးသည် ကြက်သားပိုမိုကြိုက်သည် ဖြစ်ပေမည်။ ထမင်းဆိုင်များတွင် ဝက်သားဟင်းထက် ကြက်သားဟင်းက ပိုမိုဈေးကြီးတတ်သည်။ ကိုသက်ဦး ကိုယ်တိုင်က ဝက်သားဟင်းမှာသဖြင့် သူတို့သားအဖကလည်း ဝက်သားလိုက်၍မှာသည့်သဘော ဖြစ်ဟန်တူသည်။

"မိငယ်"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



မိငယ်ထူးပုံလေသည် ရှင်ဟု မပီပြင်ဘဲ ရှန်ဟု အသံလေး ထွက်လေ့ရှိကြောင်း ကိုသက်ဦး သတိထားမိရပြန်သည်။ ပြီး ကိုသက်ဦး ခေါ်လိုက်လျှင် မိငယ် ပြန်ထူးသည်မှာ ပျာပျာသလဲလေး ရှိနေတတ်သည်။ ယခုလည်း ထမင်းလုတ်ပါးစပ်အပြည့်သွင်းပြီးကာစမျိုး၌ ကိုသက်ဦး ခေါ်လိုက်သောကြောင့် ဗလုံးဗထွေးနှင့်ပင် ရှန်ဟု အသံလေး ထွက်လာသည်ကို ကိုသက်ဦး ပြုံးချင်မိသည်။ သို့တစေ ကိုသက်ဦးက တမင်တကာပင် မပြုံးဘဲ မျက်နှာထားတည်တည်နှင့် ဆက်ပြောသည်။

"အခု မိငယ်တို့ သားအဖ စားသောက်နေတာတွေကို ဘယ်သူက ကျွေးနေတယ် ထင်သလဲ"

"အို ... ရှင်းနေသားပဲ၊ ဦးလေး ဒါရိုက်တာ ကျွေးနေတဲ့ဥစ္စာ"

"နင် မှားနေပြီ မိငယ်၊ ဦးလေးက အခု ပိုက်ဆံတွေစိုက်ထုတ်ပေးထားတာတော့ မှန်တယ်၊ ဒါပေမဲ့ အခုအချိန်က စပြီး မိငယ်တို့သားအဖ စားသောက်သမျှဟာ မိငယ်တို့ ဘာသာ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်စားနေတာ သိလား"

"ရှန်"

"မိငယ်တို့အတွက် ကျန်ကျစရိတ်မှန်သမျှကို ဦးလေးက စာရင်းမှတ်ထားမှာ မိငယ်ကို ဦးလေးဇာတ်ထဲမှာ စပြီးသုံးပြီဟေ့ ဆိုတာနဲ့ မိငယ်ရဲ့ ရသင့်တဲ့ ငွေကြေးထဲ ဦးလေးကုန်ကျထားသမျှ အချိုးကျ ဖြတ်ယူမှာ မိငယ်"

"ဦးလေးဒါရိုက်တာ ပြောတာတွေ မိငယ်အဖို့ ဘာမှန်းလဲမသိဘူး"

"ဒါဖြင့် စာချုပ်မှာ လက်မှတ်ထိုးတုန်းက မိငယ်က စာချုပ်ထဲက အချက်တွေ ဖတ်မကြည့်ဘူးလား မိငယ်"



"ဟင့်အင်း ... အဖေကအရင် လက်မှတ်ထိုးတယ်။ နောက်ပြီး မိငယ်ထိုးစမ်း ဆိုတာနဲ့ မိငယ် ထိုးလိုက်တာပဲဟာ"

"သည်မယ် မိငယ်၊ မိငယ်အနေနဲ့ ဦးလေးက ပွဲထုတ်ပြီဟေ့ဆိုပြီး ရုပ်ရှင်စရိုက်တဲ့ အချိန်ကစပြီး ဦးလေးရဲ့ကုမ္ပဏီမှာ မိငယ်က သုံးကားရိုက်ပေးရမယ်၊ အဲသည်သုံးကားရိုက်ပေးပြီးမှ မိငယ် တခြားမှာ သွားရိုက်ချင် ရိုက်ပေါ့ဆိုတဲ့ သဘောပေါ့ကွယ်"

"မိငယ် တခြားမှာ ဘယ်သူနဲ့သွားရိုက်ရမှာလဲ ဦးလေးဒါရိုက်တာ၊ မိငယ်တို့ သားအဖအဖို့ ဦးလေး ဒါရိုက်တာက မလိုချင်တော့ဘူး သွားတော့လို့ ဆိုတဲ့နေ့ဟာ မိငယ်တို့သားအဖ သောင်ပြင်လွှတ်တဲ့ခွေး ဖြစ်မှာမဟုတ်လား၊ အခုဆို မော်လမြိုင်ကွက်သစ်ထဲက အိမ်လေးရော၊ မိုင်ဒါဈေးထဲက ရေခဲခြစ်ဆိုင်လေးရော အဖေက ရောင်းတောင်ရောင်းခဲ့ပြီပဲ၊ ဦးလေးဒါရိုက်တာက နင်တို့သားအဖ သွားကြတော့လို့ ပြောတဲ့နေ့မှာ မိငယ်တို့မှာ အိမ်မရှိဘူးလေ၊ ရေခဲခြစ်ဆိုင်လေး မရှိတော့ဘူးလေ"

ဒါရိုက်တာကိုသက်ဦးသည် ထမင်းစားရင်းမှပင် သက်ရှိအခြေအနေတွင် လက်ရှိပုံစံအတိုင်း ရိုးသားစွာပြောနေသော မိငယ်၏ဖြူစင်သန့်ရှင်းလှလေသည့် မျက်နှာလေးကို ငေးကြည့်မိတော့သည်။

"ကဲ ... ထမင်းဆက်စား မိငယ်၊ ဦးလေးပြောတဲ့စကားတွေဟာ မိငယ်ရဲ့လက်ရှိအသက်အရွယ်နဲ့ လက်ရှိရောက်နေတဲ့ အခြေအနေနဲ့စာရင် သိပ်စောလွန်းနေတယ် ထင်ပါရဲ့"

✤ ✦ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ဧည့်ခန်းဝယ် ဖြူဆွတ်သော မွေးပွကော်ဇောကြီးတွေ ခင်းထားသည်။ နင်းရက်စရာပင်မရှိ။

မွေးပွကော်ဇောကြီးပေါ်တွင် အဖြူရောင် သားရေအုပ်လက်တန်းမဲ့ ဆိုဖာဆက်တီ ချခင်းထားသည်။ ကော်ဇောဖြူနှင့် ဆိုဖာဆက်တီသည် ပန်းရလှသည်။

မိငယ်က ဦးလေးဒါရိုက်တာကြီးသည် အဖြူရောင်ကို တော်တော်နှစ်သက်ပုံရသည်ဟု သူမဘာသာ ရင်ထဲမှဆုံးဖြတ်ချက်ချမိသည်။

ဧည့်ခန်းထဲမှာပင် ထောင့်တစ်နေရာ၌ စန္ဒရားတစ်လုံးရှိသည်။ ခါးပြတ်တုံးလုံး ရှိုးကေ့(စ်)၏ ပါလစ်ရောင်ပြောင်လက်နေသော မျက်နှာပြင်ဝယ် အောက်ခံအနက်ရောင် အနားကွပ်မှန်စီရွှေချ ကင်းမြီးကောက်အကွေးတွင် မှန်စီရွှေချနှင့် နီတျာရဲသော ပန်းပွားပန်းကြီးတွေ တွဲလောင်းနှင့် စောင်းကောက်ကြီးတစ်လက်ကိုလည်း တွေ့ရှိနေရပေသည်။



"အဲဒါက ကြီးကြီးမေ၊ ဦးလေးတို့ အားလုံးအတွက် စားရေးသောက်ရေးနဲ့ အိမ်သန့်ရှင်းရေးတွေ အားလုံး ကြီးကြီးမေက တာဝန်ယူထားတယ်"

ကြီးကြီးမေသည် အသက်ငါးဆယ်ခန့်ရှိလောက်ပြီ။ ဖြူဖြူဖိုင့်ဖိုင့်နှင့် သန့်ပြန့်သောရုပ်ရှိသည်။

"သူတို့နှစ်ယောက်က ခင်ပုနဲ့ မညို၊ ကြီးကြီးမေနဲ့တွဲဖက်နှစ်ယောက်"

မခင်ပုနှင့် မညိုသည် အသက်တစ်ဆစ့်ရှစ်နှစ် တစ်ဆယ့်ကိုးခန့် ရှိကြသည်။ မခင်ပုက အသားဖြူပြီး အရုပ်ပုသည်။ မညိုက အရုပ်ရှည်ပြီး အသားညိုသည်။ အရုပ်ပုသောကြောင့် မခင်ပုဟုခေါ်ပြီး အသားညိုသောကြောင့် မညိုဟု ခေါ်လေသည်လားတော့ မပြောတတ်။

"ဒါက ဦးဘစိမ်း၊ မော်တော်ကားမောင်းတဲ့ တာဝန်ယူတယ်"

"ဟောဒါက ဂန်ဂယား၊ မာလီ"

"ကဲ ... ကြီးကြီးမေ၊ ခင်ပု၊ မညို၊ ဦးဘစိမ်းနဲ့ ဂန်ဂယား အခု ကျွန်တော်နဲ့ပါလာတဲ့ မိန်းကလေးက ငယ်ငယ်တဲ့၊ ဟိုဟာက သူ့အဖေ ဦးလူအေးတဲ့၊ ငယ်ငယ့်ကို မိငယ်လို့လည်း ခေါ်ကြတယ်၊ မိငယ်ဟာ ကျွန်တော့်ရဲ့စာချုပ်မင်းသမီးလောင်းပဲ၊ တစ်အိမ်တည်း တစ်ခြံတည်းမှာ မိသားစုတွေလို နေနိုင်ဖို့ ကျွန်တော် မိတ်ဆက်ပေးတာ"

အားလုံးသည် မိငယ်ကို ဝိုင်း၍ကြည့်ကြပေသည်။ အပြုံးကိုမှ်စီဖြင့်လည်း နှုတ်ဆက်ကြသည်။ မိငယ်ကလည်း သူမ

www.burmeseclassic.com

www.burmeseclassic.com



၏ တောက်ပရွှန်းလက်သော မျက်လုံးဖြင့် ပြန်ကြည့်ရင်း အားလုံးကို ပြန်ပြုံးပြပေးသည်။

သူတို့ထဲဝယ် မိတ်ဆက်ပေးသည်နှင့် "တွေ့ရတာ ဝမ်းသာပါတယ်" ဆိုပြီး လက်ဆွဲနှုတ်ဆက်တတ်သူ တစ်ဦးမျှမရှိ။ ရင်တွင်းမှ ဖြစ်ပေါ်လာသော အပြုံးလေးတွေကိုယ်စီဖြင့်သာ နှုတ်ဆက်ကြသည်။

"သည်မယ် အာစရိ"

အင်္ကျီမပါ ခါးအောက်ဒီတီဝတ်ထားသော ဂန်ဂယားက ကိုသက်ဦးကို လှမ်းခေါ်လိုက်သည်။ ဂန်ဂယားအသံမှာ မြန်မာသံပီသလှပါ၏။

"ဆို ... ဂန်ဂယား"

"သည်ကောင်မလေးနော် မျက်နှာက တစ်မျိုးပဲ၊ သိပ်လှတယ်တော့ မဟုတ်ဘူး၊ သူ့မျက်နှာကို တစ်ခါကြည့်ပြီးရင် နောက်တစ်ခါ ထပ်ကြည့်ချင်တယ်၊ ဒါပေမဲ့ သူ့ကိုယ်လုံးက ဖယောင်းတိုင်လိုပဲ အာစရိ"

ဂန်ဂယား၏စကားကို အားလုံး ရယ်မောကြသည်။ ကိုသက်ဦး ကိုယ်တိုင်လည်း ကျေနပ်စွာ ရယ်မောမိသည်။

ဂန်ဂယားသည် သူ့ရင်ထဲရှိသည့်အတိုင်း သူပြောတတ်သလို ပြောသည်ဖြစ်စေကာမူ မိငယ်၏မျက်နှာရှိ မျက်လုံးနှင့် နှုတ်ခမ်းက ဆွဲဆောင်မှုအင်အား သိသိသာသာရှိနေကြောင်း ဂန်ဂယားဆိုလိုခြင်း ဖြစ်ပေသည်။ ဤအတွက် ကိုသက်ဦးအနေနှင့် မိငယ်ကို ရွေးခဲ့သည်မှာ မမှားဟု ကိုယ့်ဟာကိုယ် ထပ်မံအတည်ပြုမိသည်။ ဂန်ဂယားလို လူပြိန်းမျက်စိမှာပင် မိငယ်ကို



ဤသို့မြင်တတ်လျှင် ရုပ်ရှင်ပိတ်ကားကို ဝိုင်းကြည့်သော ရုပ်ရှင်ကြည့်ပရိသတ်သည် ပိတ်ကားပေါ်မှ မိငယ်၏ရုပ်ကို ဂန်ဂယားမြင်သလို မြင်ကြမည်မှာမလွဲ။

"ကဲ ... ကြီးကြီးမေ၊ မိငယ်တို့ သားအဖအတွက် ခြံဝေါင်းရင်းဘက်က ပျဉ်ထောင်တန်းလျား အပေါ်ထပ်မှာ စီစဉ်ပေးပါ၊ နှစ်ခန်းတွဲမှာပေးနော်၊ ဦးလူအေး တစ်ခန်း၊ မိငယ် တစ်ခန်းစီ နေကြပါစေ"

"အဲသည်နှစ်ခန်းတွဲဆိုရင် မောင်သက်ဦး ကားကူးကားဆက် လုပ်တဲ့အခန်းနဲ့ အနှောင့်အယှက်များ ဖြစ်မလားလို့လေ"

"ရတယ် ကြီးကြီးမေ၊ မိငယ်ကို အဲသည်အလုပ်တွေလုပ်တဲ့အခါ တမင်တောင်ခေါ်ပြီး ပြထားရဦးမှာ၊ မိငယ်က မင်းသမီးလောင်းပဲ ကြီးကြီးမေ၊ ကဲ ... ကျွန်တော်ခဏနားချင်ပြီ၊ သြော် ... ဦးလူအေးနဲ့မိငယ်၊ ဟောသည် ကြီးကြီးမေက ဦးလူအေးတို့ သားအဖအတွက် နေဖို့ထိုင်ဖို့ စီစဉ်ပေးလိမ့်မယ်နော်"

ကိုသက်ဦးက စကားအဆုံးတွင် ဧည့်ခန်းမှ ထွက်သွားသည်။ အတွင်းဘက် အခန်းတစ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါ၏။

"ကြွပါ ဦးလူအေး၊ လာ ... သမီး"

ကြီးကြီးမေကပင် ဧည့်ခန်းမှ ရှေ့ဆောင်ထွက်လာခဲ့သည်။ မခင်ပုနှင့် မညိုသည် ကြီးကြီးမေနောက်သို့လိုက်ရန် ပြင်ဆင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မငယ်က ...

"ထ ... အဖေ"

ဟု ပြောရင်း ဦးလူအေးကို တွဲခေါ်သည်။

"ဩော် ... ဦးလူအေးက မကျန်းမာပဲကိုး"

ဦးဘစိမ်းက မိငယ် တွဲခေါ်မှပင် ဦးလူအေးမစွမ်းမသန်ဖြစ်ကြောင်း သတိပြုမိဟန်တူကာ အခြားတစ်ဖက်မှ ဦးလူအေးအား ကူ၍တွဲခေါ်ပေးလေသည်။

"ကောင်မလေးဖယ်၊ ဂန်ဂယား ခေါ်ပေးမယ်"

ဂန်ဂယားက မိငယ်ကို ဖယ်စေပြီး ဦးလူအေးအား တွဲခေါ်ပေးရှာပြန်သည်။

မိငယ်သည် ဘေးသို့ဖယ်ပေးရင်း အလိုလို မျက်ရည်လေးများ ဝဲလာမိသည်။ ကိုသက်ဦး ဝင်ရောက် ပျောက်ကွယ်သွားသော အခန်းဆီသို့လည်း မိငယ် တစ်ချက်ဝေ့ကြည့်မိသည်။

မိငယ် စိတ်ထဲတွင် ဦးလေးဒါရိုက်တာက သူတို့သားအဖအား ကြီးကြီးမေ လက်တွင်အပ်ပြီး ကျောပေးထွက်ခွာသွားသည်ကိုပင် ဝမ်းနည်းသလိုလို ခံစားလိုက်ရသောကြောင့် မျက်ရည်လေး ဝဲချင်မိခြင်း ဖြစ်ပါ၏။

ကြီးကြီးမေ၊ မခင်ပုနှင့် မညိုတို့က ဦးစွာ အခန်းသန့်ရှင်းရေးကို လုပ်ကြသည်။ ညစ်ပတ်ပေရေနေသည်မျိုးတော့ မဟုတ်။ ကြမ်းပြင်တွင် ဖုန်မှုန့်လေးတွေ ကပ်နေသည်။ မျက်နှာကြက်တချို့နေရာတွင် ပင့်ကူအိမ်ကလေးများ သွယ်တန်းနေသည်။ တံမြက်လှည်း သန့်ရှင်းလိုက်သည်နှင့် ကျွန်းလျှာထိုးကြမ်းပြင်မှ ပါလစ်ရောင်များ ပေါ်လာပါ၏။



မိငယ်ကလည်း ကြီးကြီးမေတို့ မခင်ပု မညိုတို့နှင့် ဝင်ရောက်လုပ်ကိုင်ရန် ဟန်ပြင်သည်။

"မလုပ်နဲ့ သမီး၊ မလုပ်နဲ့၊ သမီးဝင်လုပ်တာ မောင်သက်ဦး တွေ့သွားရင် ကြီးကြီးမေတို့ အဆူခံထိဦးမယ်"

"ဦးလေးဒါရိုက်တာကို ကြီးကြီးမေတို့ အဲသည်လောက် ကြောက်ရသလားဟင်"

"သဘောကောင်းပြီး စိတ်ဖြောင့်တဲ့ လူတွေဟာ တစ်ခါတလေကျရင် အပြောဆိုးတတ်တယ် သမီးရဲ့၊ မောင်သက်ဦးက စိတ်နဲ့အခန့်မသင့်ရင် အပြောဆိုးတတ်တယ်"

လှည်းကျင်းပြီးသော အခန်းတွင် ဦးလူအေးအား ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေပြီးနောက် တစ်ခန်းဆက်၍ လှည်းကျင်းကြပြန်သည်။

အခန်းနှစ်ခုစလုံးတွင် တစ်ယောက်အိပ် ခုတင်၊ အဝတ်ထည့်ဗီရို၊ မှန်တင်ခုံ၊ စာကြည့်စားပွဲ စသည့် ပရိဘောဂတွေ ရှိပေသည်။

"သည်အခန်းတွေက အရင်တုန်းက ဘယ်သူနေတာလဲ ကြီးကြီးမေ"

"သတ်သတ်မှတ်မှတ် ဘယ်သူမှ မနေဘူး သမီး၊ တစ်ခါတလေ နယ်ကဧည့်သည်တွေ လာတတ်တယ်၊ အဲသည် နယ်ဧည့်သည်တွေ တည်းဖို့ခိုဖို့ထားတဲ့ အခန်းပဲ၊ အခု သမီးတို့သားအဖကျမှ သည်အခန်းနှစ်ခန်းမှာနေဖို့ မောင်သက်ဦးက သတ်မှတ်ပေးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးမေတို့ မခင်ပုနဲ့ မညိုတို့ကျတော့ကော ဟိုတိုက်ပေါ်မှာ နေကြသလား"

"မဟုတ်ပါဘူး သမီး၊ ကြီးကြီးမေတို့နေတဲ့ တန်းလျားကလည်း သည်တန်းလျားမျိုးပဲ၊ တိုက်ကြီးရဲ့နောက်ဘက်ဝိုင်းမှာရှိတယ်၊ အောက်ထပ်မှာ ကားဂိုဒေါင်ထားတယ်၊ အပေါ်ထပ်မှာ ကြီးကြီးမေတို့သုံးယောက် နေကြတယ်၊ အခုသည်တန်းလျားက မောင်သက်ဦးရဲ့ အလုပ်ခန်းလို့ခေါ်လည်း ရတယ်ပေါ့ကွယ်၊ ဟိုဘက်ခြမ်းက အခန်းရှည်ကြီးထဲမှာ မောင်သက်ဦးက ကားကူးကားဆက် လုပ်လေ့ရှိတယ်"

"ကားကူးကားဆက်ဆိုတာ ဘာလဲ ကြီးကြီးမေ"

"ရုပ်ရှင်ရိုက်ထားတဲ့ ဖလင်ပြားတွေကို ကူးတာတို့၊ ဖြတ်တာတို့၊ ဆက်တာတို့ပေါ့ကွယ်၊ သည်တန်းလျားကြီးရဲ့ အောက်ထပ်ကတော့ ခန်းမကျယ်ကြီးလေ၊ တစ်ခါတလေ အောက်ထပ်မှာ အစမ်းပြတဲ့ ရုပ်ရှင်တွေ မောင်သက်ဦးက ပြတတ်တယ်"

"ဘဘဦးဘစိမ်းတို့ ကိုဂန်ဂယားတို့ကကော ဘယ်မှာနေကြလဲဟင်"

"ကိုဘစိမ်းကတော့ ကားဂိုဒေါင်နဲ့တွဲနေတဲ့အခန်း ထပ်ခိုးမှာနေတယ် သမီးရဲ့၊ ဂန်ဂယားကတော့ ညမအိပ်ပါဘူး၊ ညနေခြောက်နာရီလောက်ဆို ပြန်တာပဲ"

ငယ်ငယ့်စိတ်ထဲတွင် စဉ်းစားချက်လေးတစ်ခုပေါ်လာသည်။ ဦးလေးဒါရိုက်တာတွင် မိန်းမရှိသလား၊ မရှိသလား ဆိုသည့်အချက်လေးပင်။



အကယ်၍ မိန်းမရှိသည်ဆိုလျှင်လည်း ဦးလေးဒါရိုက်တာ၏မိန်းမသည် သဘောဆိုးလိမ့်မည်ဟု ထင်မိသည်။ အကြောင်းမှု တိုက်အိမ်အကျယ်ကြီးတွင် အခန်းတွေက အများကြီးရှိပါလျက် မည်သူ့ကိုမျှ ပေးမနေခြင်းကို မိငယ်က စဉ်းစားမိသောကြောင့် ဖြစ်ပါ၏။

"ကြီးကြီးမေ"

"ပြောလေ သမီး"

"ဟိုလေ ... ဦးလေးဒါရိုက်တာရဲ့မိန်းမဟာ တော်တော်မာနကြီးတယ်ထင်ပါရဲ့နော်"

"ဟေ"

ကြီးကြီးမေက တအံ့တသြ ဟေ့ဟု အသံပြုပြီးမှ ပြုံးလိုက်သည်။

"သမီးကို မောင်သက်ဦးက မင်းသမီးနေရာထားဖို့ ခေါ်လာပေမယ့် သမီးအနေနဲ့ မောင်သက်ဦး အကြောင်းကို သိပ်သိဟန်မတူသေးဘူးထင်တယ်၊ ကြီးကြီးမေပြောတာ ဟုတ်ကဲ့လား သမီး"

မိငယ်က ရိုးရိုးသားသားပင် ခေါင်းညိတ်ဝန်ခံလိုက်သည်။

"မောင်သက်ဦးဟာ လူပျိုကြီးကွယ့် သမီး၊ ကနေ့ထိ အိမ်ထောင်ပြုဖို့ စိတ်ကူးသေးဟန်လည်းမတူပါဘူးကွယ်"

"ဦးလေးဒါရိုက်တာကို ကြိုက်မယ့်သူမရှိလို့ လူပျိုကြီးလုပ်နေတာတော့ မဟုတ်နိုင်ပါဘူးနော် ကြီးကြီးမေ"

"ဘယ်လို ပြောလိုက်ပါလိမ့် သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမေသည် စကားပြောရာတွင် တိုးတိုးအသံနှင့် ညင်ညင်သာသာလေး ပြောတတ်ပေသည်။ ကြီးကြီးမေ၏ ကိုယ်အမူအရာနှင့် ရောက်ရှိနေသော အသက်အရွယ်အရ အလွန်လေးစားကြည်ညိုဖွယ် ကောင်းလှသည်ဟု နှာရီပိုင်းအတွင်းမှာပင် မိငယ်၏စိတ်ထဲတွင် မှတ်ယူထားလိုက်မိထားပါ၏။

"မောင်သက်ဦးကို လက်ထပ်ချင်တဲ့ မိန်းကလေးတွေ တစ်ပုံတပင်ပေါ့ သမီးရယ်၊ ငွေကြေးချမ်းသာပြီး ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီ တည်ထောင်ထားတယ်၊ အောင်မြင်ကျော်ကြားနေတဲ့ ဒါရိုက်တာတစ်ယောက်လည်း ဖြစ်နေတယ်၊ တက္ကသိုလ်ရိပ်သာလမ်းမျိုးမှာ တစ်ဧကကျော်သေးတဲ့ ခြံဝင်းကြီးနဲ့ တိုက်အိမ်အဆောက်အအုံတွေလည်း ရှိတယ်၊ ရုပ်ရှင်နဲ့ပတ်သက်ပြီး ကိုယ်ပိုင်စက်ကိရိယာတွေ ရှိသေးတယ်၊ အဲသည် ပစ္စည်းကြွယ်ပိုးကြွယ်ဝ ဖြစ်နေတာတွေ ဘေးချိတ်ထားဦး သမီးရယ်၊ မောင်သက်ဦးမှာ အကျင့်စာရိတ္တကောင်းတယ်၊ ရှုပ်ရှုပ်ပွေပွေ မရှိဘူး၊ အဲ ရုပ်ကလေးကတော့ အချောအလှထဲက မဟုတ်ဘူးပေါ့ကွယ်"

"ဦးလေးဒါရိုက်တာက ရုပ်မဆိုးပါဘူး ကြီးကြီးမေရဲ့၊ ဦးလေးဒါရိုက်တာ ရယ်လိုက် ပြုံးလိုက်ရင် သွားစွယ်လေးနဲ့ သိပ်ကျက်သရေရှိတာပဲဟာ၊ ဦးလေး ဒါရိုက်တာကိုယ်တိုင်က အပြုံးအရယ်နည်းလို့ပါ"

"အင်းပေါ့ သမီး၊ မောင်သက်ဦးမှာ ပြောစရာဆိုလို့ ညိုညိုရှည်ရှည်ကြီး ဖြစ်နေတယ် ဆိုတာလောက် ကြီးကြီးမေက ပြောတာပါ၊ မောင်သက်ဦးကသာ လက်ထပ်မယ်ဆိုရင် မျိုးနန္ဒာဟာ ထိပ်ဆုံးကပေါ့"



"မျိုးနန္ဒာ"

ဟု မိငယ်က လိုက်၍ရေရွတ်မိသည်။ မျိုးနန္ဒာကို မိငယ် ကောင်းကောင်းသိသောကြောင့် ဖြစ်ပါ၏။ မော်လမြိုင်မြို့ဝယ် မင်းသမီးမျိုးနန္ဒာပါသော ရုပ်ရှင်ကားဆိုလျှင် ရုံပြည့်တတ်သည်ကို မိငယ် သတိထားမိသည်။ မိငယ် ကိုယ်တိုင်ကလည်း ရုပ်ရှင်မင်းသမီး မျိုးနန္ဒာ၏ ပရိသတ်တစ်ဦး ဖြစ်ပါ၏။

"မျိုးနန္ဒာဟာ သိပ်လှတဲ့ မင်းသမီးပဲ ကြီးကြီးမေ၊ နာမည်လည်း သိပ်ကြီးသားပဲ၊ ဒါတောင် ဦးလေး ဒါရိုက်တာက မကြိုက်ဘူးတဲ့လား"

"အေးပေါ့ မျိုးနန္ဒာကိုလည်း မကြိုက်ဘူး၊ သည့်ပြင်ချောချောလှလှနဲ့ တက္ကသိုလ်ဘွဲ့ရ မိန်းကလေးတွေလည်းအများကြီးပါပဲကွယ်၊ မောင်သက်ဦးကသာ လက်ထပ်မယ်ဆိုရင် အဆင်သင့် ဖြစ်နေတာတွေ၊ ကြီးကြီးမေရဲ့သဘော တော့ မြတ်မြတ်မင်း ဆိုတဲ့ မိန်းကလေးနဲ့ မောင်သက်ဦးဟာ လက်ထပ်သင်တယ်လို့ ထင်တာပဲ၊ မောင်သက်ဦးအနေနဲ့ အသက်ကလည်း မငယ်တော့ဘူး မဟုတ်လား"

"မြတ်မြတ်မင်း ဆိုတာကကော ဘယ်သူလဲ ကြီးကြီးမေ"

"တက္ကသိုလ်က လက်ထောက်ကထိကမလေးတဲ့ သမီး၊ မြတ်မြတ်မင်းရဲ့မိဘတွေနဲ့ မောင်သက်ဦးရဲ့မိဘတွေဟာ လူခင်တွေ ဖြစ်ခဲ့တယ်၊ မောင်သက်ဦးရဲ့အဖေဟာ မဆုံးသွားသေးရင် မြတ်မြတ်မင်းနဲ့ မောင်သက်ဦးကို ဗွတ်ပေးစားမလား မသိဘူး၊ မြတ်မြတ်မင်းဟာ သိပ်ကျေရှိတဲ့ မိန်းကလေး ရုပ်လေးကလည်း ချောပါဘိနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်းနော် ... ဦးလေး ဒါရိုက်တာကတစ်မျိုးပဲ၊ ကမ္ဘာပေါ်မှာ ဦးလေးဒါရိုက်တာကြိုက်မယ့် မိန်းကလေးမျိုး မရှိတော့ဘူး ထင်ပါရဲ့"

ကြီးကြီးမေသည် အခန်းသန့်ရှင်းရေးကို လက်စသတ်လိုက်သည်။ တစ်ယောက်အိပ်ခုတင် တစ်လုံးစီပေါ်တွင် သန့်ပြန့်ဖြူဖွေးသော မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်များရှိပေပြီ။

ကြီးကြီးမေက သူ့တာဝန်ပြီး၍ တံခါးထွက်ပေါက်မှအထွက်ထိ မိငယ်က လိုက်၍ပို့ပေးသည်။

"ခုနက သမီးက ပြောတယ်နော်၊ ကမ္ဘာပေါ်မှာ မောင်သက်ဦး ကြိုက်မယ့် မိန်းကလေးမျိုး မရှိတော့ဘူး ထင်ပါရဲ့လို့၊ အဲဒါ မှားနေတယ် သမီး၊ တကယ်တော့ ကမ္ဘာပေါ်မှာ မောင်သက်ဦးချစ်မယ့် မိန်းကလေးမျိုး မရှိသေးတာကွယ့်၊ မောင်သက်ဦးလိုလူဟာ ကြိုက်တာထက် ချစ်တာကို ဦးစားပေးချင်တတ်တဲ့ လူစားမျိုးထင်ပါရဲ့ သမီးရယ်"

✤ ✦ ✤



## အခန်း(၆)

ပထမအကြိမ်နှင့် ဒုတိယအကြိမ်အထိ မရမ်းကုန်းရှိ မစွမ်းမသန်ဆေးရုံသို့ အဖေ့ကို ဦးလေးဒါရိုက်တာ ကိုယ်တိုင် လိုက်ပို့ပေးသည်။ မစွမ်းမသန်ဆေးရုံမှ ဆရာဝန်တွေသည် ဦးလေးဒါရိုက်တာနှင့် ခင်မင်သူတွေ ဖြစ်ပါ၏။ အဖေဦးလူအေးအား ဆရာဝန်တွေနှင့် ပြသသည်။

အဖေ့ရောဂါအတွက် စားဆေး၊ ထိုးဆေးနှင့် လိမ်းဆေး စသည်တို့မှာ ပေးရိုးပေးစဉ် ဆေးမျိုးတွေသာဖြစ်သည်။ ကိုယ့်ဟာကိုယ်ဝယ်ပြီး ဆရာဝန်ညွှန်ကြားချက်အတိုင်း အိမ်မှာ မှန်မှန်စားဖို့ လိမ်းဖို့သည် မခဲယဉ်း။ သို့သော် နေ့စဉ်အဖေလုပ်ဆောင်ရမည်မှာ လေ့ကျင့်ခန်း ဖြစ်ပါ၏။

လေ့ကျင့်ခန်းလုပ်ရန်အတွက်မူ နေ့စဉ် မစွမ်းမသန်ဆေးရုံသို့ လာရသည်။ ဆေးရုံဝယ် ခြေမသန် လက်မသန်သူ အဆင့်ဆင့်အလိုက် ထိုက်သင့်သော လေ့ကျင့်ခန်းလုပ်ရန် ကိရိယာတန်ဆန်ပါလာတွေရှိသည်။ ကိရိယာတန်ဆာပလာနှင့် ပတ်သက်

www.burmeseclassic.com



သောကြောင့် အိမ်တွင်လေ့ကျင့်၍ မဖြစ်နိုင်။ အဖေ့ကို တစ်နေ့လျှင် နှစ်နာရီလေ့ကျင့်ရမည်။ သက်သာလျှင် သက်သာလာသော အဆင့်နှင့်လျော်ညီစွာ လေ့ကျင့်ခန်း ပြောင်းပေးရမည်။ အနည်းဆုံး သုံးလလောက် ဆက်တိုက်လေ့ကျင့်ပေးရမည်ဖြစ်သည်။

သည်တော့လည်း ဦးဘစိမ်းမှာ အဖေ့အတွက် အလုပ်တစ်ခု ပိုလာတော့သည်။ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ လေ့ကျင့်ခန်းယူရန် ဦးဘစိမ်းက အဖေ့အား ဆေးရုံသို့ လိုက်ပို့ပေးရသည်။

ဦးဘစိမ်း လိုက်ပို့ရသည်ဆိုခြင်းမှာ တကယ်တော့လည်း ဦးလေးဒါရိုက်တာ၏ အစီအစဉ်ပင် ဖြစ်တော့သည်။ ဦးဘစိမ်း၏တာဝန်မှာ ယာဉ်မောင်းတာဝန်ဖြစ်သောကြောင့် ယာဉ်မောင်းပေးရခြင်းမှာ အထူးတလည်မဟုတ်။ အထူးတလည်ဖြစ်ရသည်က နံနက် ၈ နာရီနှင့် ၁၀ နာရီအကြားတွင် နေ့စဉ်အဖေ့ကို ဆေးရုံပို့ပေးဖို့ မော်တော်ကား စီစဉ်ပေးရခြင်းအလုပ် ဖြစ်ပေသည်။

ဦးလေးဒါရိုက်တာတွင် မော်တော်ကားသုံးစီး ရှိပါ၏။ လင့်ရိဘာတစ်စီး၊ လေးဘီး ဘီ-၆၀၀ တစ်စီးနှင့် ဒေါ့ဂျစ် တစ်စီး ဖြစ်ပေသည်။

လင့်ရိဘာကို နယ်ထွက်ရာတွင် အသုံးပြုပြီး လေးဘီးကားလေးကို ဦးလေးဒါရိုက်တာက ရန်ကုန်မြို့တွင်းသုံးတွင် သုံးလေ့ရှိသည်။

ဒေါ့ဂျစ်ကားသည် ကားရိုက်ထွက်ရာ၌ ပစ္စည်းတင် လူတင်အဖြစ် သုံးသည်။



အဖေ့အတွက် အတက်အဆင်းနိမ့်သော လေးဘီးကားကို ဦးလေးဒါရိုက်တာက ပေးပေသည်။ ယာဉ်မောင်း ဦးဘစိမ်းကိုရော လေးဘီးကားကိုပါ ပေးထားသဖြင့် နံနက်(၈)နာရီနှင့်(၁၀)နာရီကြားတွင် ဦးလေးဒါရိုက်တာ သွားစရာကိစ္စရှိပါက လင့်ရိဘာကားကို ကိုယ်တိုင်မောင်းသွားရှာသည်။

ဘဘဦးဘစိမ်းက မိငယ်ကို ပြောဖူးသည်။

"မောင်သက်ဦးဟာ နယ်တွေ ဘက်တွေ ခရီးဝေးသွားတဲ့အခါ သူ့ဟာသူ မောင်းချင်မောင်းတတ်ပေမယ့် ရန်ကုန်ထဲမှာတော့ ကားကိုလုံးဝမမောင်းချင်ဘူး ငယ်ငယ်၊ ဘာလို့လဲဆိုတော့ ရန်ကုန်ထဲမှာ မီးပွိုင့်တွေကလည်းများတယ်၊ လူတွေကလည်း ကားမကြောက်ကြဘူး၊ ဆိုက်ကားတွေ စက်ဘီးတွေနဲ့ သုံးဘီးကား လေးဘီးအငှားယာဉ်တွေကလည်း ရပ်ရင်ထိုးရပ်၊ ထွက်ရှင်ထိုးထွက်နဲ့ ကားမောင်းရင် သိပ်ဂရုစိုက်ရတယ်လေ၊ မောင်သက်ဦးက ဦးနှောက်သမား၊ စိတ်ကူးယဉ်သမား မဟုတ်လား၊ ဒါကြောင့် ရန်ကုန်ထဲမှာဆိုရင် မောင်သက်ဦးက ဘဘကိုပဲ မောင်းခိုင်းပြီး ဘေးက ထိုင်လိုက်လေ့ ရှိတယ်ကွယ်"

ဘဘဦးဘစိမ်း၏ စကားအရဆိုလျှင် ဦးလေးဒါရိုက်တာသည် အဖေဦးလူအေးအတွက် သူ့ကိုယ်သူ အပင်ပန်းခံကာ စီစဉ်ပေးကြောင်း ထင်ရှားပါ၏။

ထိုမျှမကသေး ...

ကြီးကြီးမေကို နံနက်ဈေးပို့ပေးရသည့်တာဝန် ရှိသေးသည်။ ကြီးကြီးမေသည် နံနက်တိုင်း ကမာရွတ်လှည်းတန်း

www.burmeseclassic.com

www.burmeseclassic.com



ဈေးသို့ သွားရသည်။ သာမန်အိမ်သားစုအတွက် ဈေးသွားရသည့်နေ့တွေဆိုလျှင် ဘဘဦးဘစိမ်းကပင် နံနက်(၇)နာရီလောက် ကြီးကြီးမေကို ဈေးခေါ်သွားပြီး (၈)နာရီမထိုးမီ အရောက်ပြန်လာခဲ့သည်။ သို့တစေ ...

နယ်ချဲ့သည်တွေ ရောက်လာချိန်မျိုး၌ ဖြစ်စေ၊ သို့မဟုတ် ဤခြံကျယ်ကြီးထဲမှာပင် ရပ်ရှင်ရိုက်မည့်နေ့မျိုး၌ ဖြစ်စေ၊ ကြီးကြီးမေအဖို့ ထမင်းကျွေးကိစ္စတွေ ပိုလာကာ လိုအပ်သလို ဝယ်ယူရသည်မျိုးတွေ မကြာခဏ ကြုံတတ်သည်။

ထိုအခါမျိုး တွေ့ကြုံပြီဆိုလျှင် ...

အဖေဦးလူအေးအား ဆေးရုံပို့ရသည့် ကိစ္စသည် တကူးတက ဖြစ်လာတတ်သည်။ ထိုရောအခါ ဘဘဦးဘစိမ်းက ဦးလေးဒါရိုက်တာကို မေးတတ်သည်။

"ဘယ်လိုလဲ မောင်သက်ဦး၊ သည်နေ့တစ်ရက် ဆေးရုံ အပျက်ခံမလား၊ ဒေါ်မေကို ငါပဲ ဈေးပို့ပေးရမလား"

ဦးလေးဒါရိုက်တာက ဤသို့မေးလာလျှင် ဦးခေါင်းခါယမ်းပြလေ့ရှိသည်။

"ဦးဘစိမ်း ဆေးရုံကိုပဲ ပို့ပေးပါ၊ ကြီးကြီးမေကို ကျွန်တော်ပဲ ဈေးပို့ပေးလိုက်မယ်၊ ဦးလူအေးရောဂါ သက်သာလက်စနဲ့ သက်သာသွားပါစေ"

ဟု ပြောလေ့ရှိပြီး ကြီးကြီးမေကို ဦးလေးဒါရိုက်တာပင် ဈေးလိုက်ပို့ပေးသည်။

မိငယ်သည် ဦးလေးဒါရိုက်တာကို ကျေးဇူးတွေများစွာဖြင့် ငေးတိငေးမောလေး ကြည့်လာမိတတ်တော့သည်။



မိငယ်အတွက်လည်း ဦးလေးဒါရိုက်တာက ကာယနည်းပြဆရာမ ဒေါ်သန်းသန်းဆီသို့ ညနေတိုင်း ပို့ပေးသည်။ နေ့စဉ် မိငယ်သည် ဒေါ်သန်းသန်း၏ ညွှန်ကြားချက်ဖြင့် ကာယလေ့ကျင့်ခန်းတွေ ပြုလုပ်ရသည်။ ဒေါ်သန်းသန်း ညွှန်ကြားသည့်အချိန်တွင် အိပ်ရသည်။ အစားအသောက်ကအစ သတ်မှတ်ပေးထားသော အတိုင်းအတာနှင့် အမျိုးအမည်တို့ကို စားသောက်ရသည်။

ဦးလေးဒါရိုက်တာ၏ ကျေးဇူးတို့သည် ဆပ်၍ပင် ကုန်အံ့မထင်။

တစ်ခုတော့ရှိသည်။

ဦးလေးဒါရိုက်တာသည် မိငယ်အား ဖော်ဖော်ရွေရွေလေး ခေါ်လားပြောလားတော့မရှိ။ ပြီး မိငယ်အား ပွဲမထုတ်သေး။

ကြီးကြီးမေပြောသော မျိုးနွှာ မင်းသမီးမှအစ အခြားရုပ်ရှင်နယ်မှ လူတွေစုံအောင် ဦးလေးဒါရိုက်တာထံသို့ လာတတ်ကြသည်။ ဦးလေးဒါရိုက်တာ၏အိမ် ဧည့်ခန်း ထမင်းစားခန်း စသည်တို့တွင် တပျော်တပါး တဟေးဟေး တဟားဟားဖြင့် စားကြသောက်ကြသည်။ တစ်ခါတစ်ရံ ခြံထဲမှာပင် ကုလားထိုင်တွေချပြီး ဝိုင်းဖွဲ့တတ်ကြသည်။ ထိုအခါမျိုးမှာပင် ဦးလေးဒါရိုက်တာသည် မိငယ်အား ခေါ်ယူခြင်းမရှိ။ ရုပ်ရှင်နယ်ထဲမှ မည်သူနှင့်မျှ မိတ်ဆက်ပေးခြင်းမျိုးလည်း မပြုပေ။

"ခြံထဲမှာ လူတွေရှုပ်နေရင် ကိုယ့်အခန်းမှာပဲ ကိုယ်နေနော် မိငယ်၊ ပြူတစ်ပြူတစ် ထွက်မလုပ်နဲ့"

ဟုပင် မှာကြားထားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဒါရိုက်တာက အသံပြတ်နှင့်ပြောပြီး မော်ရွေမှုနည်းလွန်းသည့်အတွက် မိငယ်ရင်ထဲတွင် ဝမ်းနည်းမှုလေးများ အကြိမ်ကြိမ် ခံစားရပါ၏။

နောက်တစ်ခု ရှိသေးသည်။

တစ်ခါတစ်ရံ ခြံကြီးထဲမှာပင် ဆက်တင်တွေဆောက်ကာ နေ့ဦဖြစ်စေ၊ ညဦဖြစ်စေ ရုပ်ရှင်ရိုက်တတ်သည်။ တကယ်ဆိုလျှင် ဤရိုက်ကွင်းရိုက်ကွက်များနှင့် သရုပ်ဆောင်နေသူများအား မိငယ်ကိုခေါ်၍ ပြသင့်သည်ဟု မိငယ် ထင်မိသည်။ သို့မှသာ မိငယ်အနေနှင့် ရုပ်ရှင်ရိုက်ကွင်းရိုက်ကွက်တွေတွင် ယဉ်ပါးလာမည်။ သရုပ်ဆောင်သူများ၏ သရုပ်ဆောင်မှုကို အတုယူနိုင်မည် မဟုတ်လား။ သို့တစေ ဦးလေးဒါရိုက်တာက လုံးဝမခေါ်။

ဦးလေးဒါရိုက်တာ၏ စိမ်းလွန်းသော အနေအထိုင်ကြောင့် မိငယ်၏ရင်ထဲတွင် တင်းကျပ်စွာ ခံစားရပြီး မနေနိုင်သည့်အဆုံး အဖေဦးလူအေး အခန်းသို့ကူးကာ မိငယ်ငိုတော့သည်။ ငိုရင်းလည်း ဝမ်းပန်းတနည်း မိငယ်ပြောတတ်သည်။

"မော်လမြိုင်ကိုပဲ ပြန်ကြပါစို့တော့ အဖေရာ၊ မော်လမြိုင်မှာ မိငယ်တို့ ဆင်းရဲပေမယ့် မိငယ် ပျော်တယ်။ အနေအထိုင်လည်း လွတ်လပ်တယ်၊ သည်မှာက ကောင်းကောင်းနေရပေမယ့် မိငယ် စိတ်ညစ်တယ်၊ ခဏခဏ ဝမ်းနည်းရတယ်"

"ဘာတွေပြောနေတာလဲ မိငယ်၊ အခု တို့သားအဖ သည်ကိုရောက်တာ လေးငါးလပဲ ရှိသေးတယ်၊ အဖေ့ခြေထောက်ပြန်ကောင်းလာပြီ၊ ဘေးလူတွဲစရာ မလိုတော့ဘူး၊ လက်



တစ်ဖက်လည်း နောက်ထပ် လေးငါးလဆိုရင် ပြန်ကောင်းလာနိုင်တယ်တဲ့၊ နင့်ကိုယ်နင်လည်း မှန်ထဲပြန်ကြည့်ဦး၊ မော်လမြိုင်တုန်းက နင့်ရုပ်နဲ့ အခု နင့်ရုပ် ဘယ်လောက်ကွာခြားလာသလဲလို့၊ အခုလေးငါးလအတွင်းမှာပဲ နင်ဟာ မျက်နှာရော ကိုယ်လုံးကိုယ်ထည်ရော သိပ်လှလာတယ် မိငယ်၊ ဒါတွေအားလုံးဟာ ဆရာကိုသက်ဦးရဲ့ ကျေးဇူးတွေ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့ အဖေ၊ ဒါပေမဲ့ ဦးလေးဒါရိုက်တာကို မြင်မိတိုင်း မိငယ် ဝမ်းနည်းနေရတာ အဖေသိလို့လား"

"ဟေ ... ဆရာကိုသက်ဦးကိုမြင်တိုင်း နင်က ဘာကိစ္စ ဝမ်းနည်းရတာလဲ မိငယ်"

"မျက်နှာထား တည်တည်ကြီးနဲ့ မိငယ်ဆိုရင် ရှိတယ်တောင် မအောက်မေ့ဘူး၊ ခုထက်ထိလည်း ရုပ်ရှင်ပညာနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ သင်မပေးသေးဘူး၊ ခြံထဲမှာ ရိုက်တာတောင် မိငယ်ကို လာကြည့်လို့မခေါ်ဘူး၊ တစ်နေ့လာလည်း လေ့ကျင့်ခန်းလုပ်ခိုင်း၊ ဝတ္ထုစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်ခိုင်းနဲ့၊ ဟင်း ... မင်းသမီး မမျိုးနန္ဒာနဲ့ကျတော့ ဦးလေးဒါရိုက်တာက ရယ်လို့မောလို့၊ ပြုံးလို့ရွှင်လို့"

"အို ... သည်ကောင်မလေး ပေါက်ကရတွေ လာပြောနေတယ်၊ ဆရာကိုသက်ဦးက အချိန်မတန်သေးလို့ နင့်ကို ဘာမှ မလုပ်ခိုင်းသေးတာ နေမှာပေါ့ မိငယ်၊ မော်လမြိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာကတည်းက သူပြောဖူးသားပဲ၊ နင့်ကို နှစ်နှစ်လောက်
တော့ ကြိတ်ပြီးလေ့ကျင့်ပေးရဦးမှာတဲ့၊ အခုလေး ငါးလနဲ့
ပဲ နင့်ရပ်ရည် တိုးတက်လာပြီပဲ မိငယ်"

အဖေက ဖျောင်းဖျောင်းဖျဖျ ပြောလိုက်တော့လည်း မိငယ်စိတ်ထဲတွင် သက်သာရာ ရသွားပါ၏။

အဖေ့အခန်းမှ မိမိအခန်းသို့ ကူးလာခဲ့ပြီး ခုတင်ပေါ်တွင် မိငယ်လှဲချလိုက်သည်။ အိစက်ညက်ညောသော သန့်ပြန့်ဖြူစင်သော အိပ်ရာလေးကို သတိပြုမိသည်။ မော်လမြိုင်မြို့စွန် ရပ်ကွက်အိမ်လေးတွင် နေစဉ်က အနားစုတ်နေသော သင်ဖျူးဖျာပေါ်တွင် အစွပ်မပါသော ခေါင်းအုံးဖြင့် အိပ်ခဲ့ရသည်ကို မိငယ် သတိပြန်ရသည်။

မိငယ်၏မျက်လုံးတို့သည် မှန်တင်ခုံဆီသို့ လှမ်းကြည့်ပြန်သည်။ ရယ်ဗာလွန်၊ ရာဒ်လေ၊ အာချီ စသည့် လက်သည်းဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေး၊ မိတ်ကပ် စသည်တို့မှာ နိုင်ငံခြားဖြစ် အကောင်းစားတွေချည်း မှန်တင်ခုံပေါ်တွင် ရှိနေပါ၏။

အဝတ်ဗီရိုတွင်ကြည့်ဦး။ မော်လမြိုင်တုန်းက သံသေတ္တာအသေးတစ်လုံးပင် အဝတ်အစား မပြည့်ခဲ့။ ယခုမူ ဗီရိုတွင် သူ့အကန့်နှင့်သူ အင်္ကျီတွေ ထဘီတွေ ဗီရိုတစ်လုံးပြည့်လုခမန်းရှိသည်။

အဖေ့အိပ်ရာဘေးရှိ စားပွဲလေးကို လှမ်းကြည့်ဦးမလား။ အနွေးဓာတ်ဘူး၊ အအေးဓာတ်ဘူးတွေ ထောင်ထားသည်။ ဟောလစ်၊ မိုင်လို၊ နက်(စ်)ကော်ဖီ၊ သံဘူးဘီစကွတ်တွေ တန်းစီနေသည်။



ဒါတွေ ဒါတွေ အားလုံးသည် ဦးလေးဒါရိုက်တာ၏ကျေးဇူးတွေ မဟုတ်ပါလား။ သည်ကြားထဲ မိငယ်သည် ဦးလေးဒါရိုက်တာကို ဘာလို့များ မကျေနပ်စိတ်ကလေးများ ဖြစ်ချင်ပါလိမ့်။

မိငယ်သည် ငယ်သူမို့ သူမဘာသာ သူမ၏စိတ်ကို ပြန်လည်မဆန်းစစ်တတ်ခြင်း ဖြစ်ချင်ဖြစ်မည်။

မိငယ် တကယ်လိုလား တောင့်တသည်မှာ ဤနိုင်ငံခြားပစ္စည်းကောင်းတွေအပေါ်တွင် သည်လောက် တောင့်တောင့်တတကြီး ထားရှိသည်မဟုတ်။

မော်လမြိုင် ဦးလေးမြတ်စံအိမ်တွင် ဦးလေးဒါရိုက်တာ၏ ပေါင်ပေါ်တွင် မိမိက မျက်နှာကပ်ပြီး ငိုမိစဉ် ဦးလေးဒါရိုက်တာက မိမိ၏ဦးခေါင်းလေးကို ပွတ်သပ်ပေးပြီး မိမိ၏မေးစေ့လေးကိုကိုင်ကာ ဆွဲ၍မော့စေသည်မျိုး။

လမ်းဘေးတွင် မြွေနှင့်တွေ့ပြီး မိမိအကြောက်ကြီးကြောက်နေစဉ်တွင် ဦးလေးဒါရိုက်တာက မိမိကို တယုတယဖေးမတွဲခေါ်သည်မျိုး။

ဦးလေးဒါရိုက်တာထံမှ အဲဒါမျိုးလေးတွေကို မိငယ် မျှော်မှန်းမိခြင်းသာလျှင် ဖြစ်ပါတော့၏။ ယခုမူ ဦးလေးဒါရိုက်တာသည် အခြားကိစ္စအဝဝ၌ လိုလေသေးမရှိစေကာမူ မျက်နှာထားကြီး တည်လွန်း ကြည်လွန်းပါဘိတကား။

✣ ✦ ✣

www.burmeseclassic.com

www.burmeseclassic.com



## ၉ အခန်း(၇) ၇

"မင်းမှာ အတတ်ပညာမရှိပေမယ့် အနုပညာစိတ်ခေါင်းပါး လှချည့်လား မျိုးနန္ဒာ"

"ဟာ … ဒါတော့ ဆရာက မျိုးကို သက်သက်နှိမ်တာပဲ၊ မျိုး တောက်လျှောက်တက်လာတာဟာ တက္ကသိုလ်ကျောင်းသူနေရာမှာ သရုပ်ဆောင်နိုင်တာတွေ၊ ဆရာဝန်မနေရာမှာ သရုပ်ဆောင်နိုင်တာတွေ၊ ဘီအီးဒီဘွဲ့ရ အထက်တန်းပြကျောင်းဆရာမနေရာမှာ သရုပ်ဆောင်နိုင်တာတွေ၊ အဲသည်ဇာတ်လမ်းမျိုးတွေနဲ့ မျိုး တောက်လျှောက်တက်လာတာ မဟုတ်လား၊ အဲသည်ကာရိုက်တာမျိုးတွေကြောင့် ပရိသတ်က မျိုးကို လက်ခုပ်သြဘာတီးပြီး ကြိုဆိုနေချိန်မှာ ဆရာဟာက မျိုးကို တောသူမအခန်းက ရိုက်ပေးရမယ်ဆိုတော့ မျိုး ပရိသတ်နာသွားမယ် ဆရာ"

"မင်း မှားနေပြီ မျိုးနန္ဒာ၊ အဲသည် တက္ကသိုလ်ကျောင်းသူဇာတ်၊ ဆရာဝန်မဇာတ်၊ အထက်တန်းပြကျောင်းဆရာမဇာတ်တွေကို ဘယ်ကုမ္ပဏီက ဘယ်ဒါရိုက်တာရိုက်ခဲ့တာလဲ"



"အိုး … ဒါတော့ ဆရာ့ 'သက်ဦးရုပ်ရှင်ကုမ္ပဏီ'က ဒါရိုက်တာသက်ဦး ဆိုတဲ့ ဆရာပဲ ရိုက်ခဲ့တာပေါ့"

"အေး … အဲဒါကို မင်းမမေ့နဲ့ မျိုးနန္ဒာ"

မိငယ်သည် ဤစံပယ်ရုံလေးအောက်ရှိ ခုံတန်းလျားတွင် ဦးလေးဒါရိုက်တာနှင့် ရုပ်ရှင်မင်းသမီး မျိုးနန္ဒာတို့နှစ်ဦးတည်း ရှိနေမှန်း မသိရိုးအမှန် ဖြစ်ပါ၏။ မျိုးနန္ဒာ ဘယ်အချိန်က ဤအိမ်သို့ ရောက်နေမှန်းကိုပင်မသိ။ ယခုလိုလမှာပင် ရှားရှားပါးပါး စံပယ်လေးတွေ ပွင့်နေသည်ကို လှမ်းမြင်၍တစ်ကြောင်း၊ ယနေ့အဖို့ ခြံထဲတွင် လူသူရှင်းလှ၍တစ်ကြောင်း၊ မိငယ် ပန်းခြံထဲ ဆင်းလာခဲ့သည်။ စံပယ်ရုံအောက်သို့ ရောက်လာမိသည်။

စံပယ်ရုံကလည်း မာလီ ကိုဂန်ဂယား၏ အပြုအစုကောင်းလွန်းသောကြောင့်လားမသိ၊ ရုံတစ်ခုနှင့် ဟိုဘက်သည်ဘက် ဖုန်းခနဲ မမြင်နိုင်အောင် ရွက်စိမ်းလေးတွေ ဝေဆာနေသည်။ သည်အချိန်မှာပင် စံပယ်တွေ ကျိုးတိုးကျဲကျဲ ပွင့်နေသည်။ စံပယ်ရုံအောက် ကပ်လာမိမှ ဦးလေးဒါရိုက်တာနှင့် ရုပ်ရှင်မင်းသမီး မျိုးနန္ဒာတို့ အချီအချ ပြောနေခြင်းကို မိငယ် ကြားရခြင်းဖြစ်သည်။

ပထမတော့ မိငယ်သည် ဦးလေးဒါရိုက်တာနှင့် မျိုးနန္ဒာတို့ အကြည်ဆိုက်ကာ စံပယ်ရုံအောက်တွင် တိတ်ဆိတ်စွာ လာရောက်နှီးနှောနေသည်ဟုထင်ပြီး တခြားသို့ လစ်သွားဖို့ စိတ်ကူးလိုက်သေးသည်။

သို့သော် မိငယ် ကြားရသော စကားတွေသည် နှစ်ဦးနှစ်ဝ ကြည်နေကြခြင်း မဟုတ်ဘဲ အခြေအတင်ဖြစ်နေမှန်း မိငယ် ချက်ချင်းနားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်မှာမူ ဦးလေးဒါရိုက်တာက မျိုးနန္ဒာကို စကားပြောရာတွင် မင်းတွေ ငါတွေနှင့်ပြောပြီး မျိုးနန္ဒာက သူ့ကိုယ်ကို "မျိုး"ဟု ပြောစေကာမူ ဦးလေးဒါရိုက်တာကတော့ သူမအား "မျိုးနန္ဒာ"ဟုပင် ခေါ်ဝေါ်သုံးစွဲ ပြောပုံလေးတွေကို မိငယ် ဘာကြောင့်မှန်းမသိ ရင်ထဲတွင် ကျေနပ်သွားသည်။ ထို့ကြောင့် သူတို့ပြောသမျှကို မိငယ်သည် ကုပ်ကုပ်လေး စံပယ်ရုံကွယ်ကာ ဆက်လက်နားထောင်နေမိသည်။

"ဟင်း ... ဟင်း ... ဟင်း"

မျိုးနန္ဒာ၏ ရယ်သွမ်းသွေးလိုက်သည့် အသံလေး ပြန်လည်ထွက်ပေါ်လာသည်။ ရယ်သွမ်းသွေးပုံမှာ ရယ်သည်မျိုးမဟုတ်ဘဲ တမင်တကာလုပ်၍ ရယ်သံမျိုး ဖြစ်နေပါ၏။

"ဘာလဲ ဆရာ၊ မျိုး အခုလို တစ်ရှိန်ထိုး နာမည်တက်လာတာဟာ ဆရာ့ကုမ္ပဏီနဲ့ ဆရာ့ရိုက်ချက်တွေကြောင့်လို့ ဆိုချင်တာလား"

"လုံးလုံးလျားလျားကြီး မဟုတ်တောင် ငါးဆယ်ရာခိုင်နှုန်းလောက်က အဲဒီသဘောရှိတယ် ဆိုတာကော မင်း ငြင်းမလား မျိုးနန္ဒာ"

"မငြင်းဝံ့ပါဘူး ဆရာ၊ ဒါပေမဲ့ မျိုးအနေနဲ့ ဆရာခွင့်ပြုရင် စမ်းကြည့်ချင်တာ တစ်ခုတော့ ရှိတယ်"

"ဆိုစမ်းပါဦး"

"မျိုးကို တခြားကုမ္ပဏီတစ်ခုက ကမ်းလှမ်းနေတယ် ဆရာ၊ ဓာတ်က ခွင့်ပြုချက် ချထားပေးထားတာ နှစ်လတောင်



ကျော်သွားပြီတဲ့၊ စိတ်ကြိုက်မင်းသမီး မရသေးလို့မရိုက်သေးတာတဲ့၊ မျိုးသာ ရိုက်မယ်ဆိုရင် ကန်တော့ပွဲပေးတဲ့နေ့မှာ မျိုးကို သုံးသောင်းစရန်ပေးမယ်တဲ့၊ ကားရိုက်ပြီးသွားတာနဲ့ ကျန်တဲ့နှစ်သောင်းပေးမယ်တဲ့"

"သြော် ... သြော် ... ဒါဖြင့် မျိုးနန္ဒာဆိုတဲ့ မင်းသမီးဟာ ငါးသောင်းတန် မင်းသမီး ဖြစ်သွားပြီပေါ့၊ ဟုတ်လား"

"ဘယ့်နှယ်လုပ်မလဲ ဆရာ၊ သူတို့က ပေးတဲ့ကြေးပဲဟာ၊ ဒါပေမဲ့ မျိုးက ဆရာ့နားက မခွာချင်ပါဘူး၊ ဆရာပေးတဲ့ သုံးသောင်းနဲ့ပဲ မျိုးက ရိုက်လာတာ ဆရာလည်း အသိပါ၊ မျိုးအနေနဲ့ ငွေကြေးပဓာနမထားပါဘူး၊ ဆရာ့ကို ခင်တွယ်တဲ့ သံယောဇဉ်နဲ့ ပြောနေတာပါ၊ အခုလည်း ဆရာက မျိုးကို တောသူမအခန်းက ရိုက်မယ်ဆိုတာကို မျိုးအနေနဲ့ အဲသည်ကားရိုက်တာ မျိုး မရိုက်ပါရစေနဲ့လို့ ပြောရင်း လက်ရှိ မျိုးမှာရှိနေတဲ့ အခြေအနေကို အရှိအတိုင်း တင်ပြတာပါ၊ အဲ ... တစ်ခုတော့ရှိပါသေးတယ် ဆရာ၊ မျိုးက အဲသည်ကားကို ငါးသောင်းနဲ့ လက်ခံလိုက်ရင် မျိုးဟာ သုံးသောင်းတန် မင်းသမီးဘဝက ငါးသောင်းတန်မင်းသမီးဘဝကို ချက်ချင်းခုန်ကူးတာမို့ ရုပ်ရှင်နယ်မှာရော ပရိသတ်အပေါ်မှာရော ပိုပြီးတစ်ရှိန်ထိုး ဟိတ်တက်တဲ့သဘောရှိတယ်ပေါ့ ဆရာ၊ ဒါပေမဲ့ မျိုး လက်မခံသေးပါဘူး၊ ဆရာက ခွင့်ပြုမှ မျိုးက လက်ခံမှာပါ"

"ဟား ... ဟား ... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဒါရိုက်တာ၏ ရယ်သံသည် ကျယ်လောင်စွာပင် ထွက်လာပေသည်။ ဤသို့ ကျယ်ကျယ်လောင်လောင် တစ်ခါဖူးမျှ ရယ်သည်ကို မတွေ့ရသဖြင့် ဦးလေးဒါရိုက်တာ၏ ရယ်သံကိုပင် မိငယ် လန့်ဖျပ်သွားသည်။ ပြီး ဦးလေးဒါရိုက်တာ ရယ်ပုံမှာ နှလုံးကြည်မွေ့ပြီး အူထဲ အသည်းထဲက ရယ်ခြင်းမျိုး မဟုတ်။ တမင်တကာ လှောင်ချင် ပြောင်ချင်စိတ်ဖြင့် ဟားတိုက်လိုက်ခြင်းမှန်း ထင်ရှားလှသည်။

မိငယ်သည် ဦးလေးဒါရိုက်တာနှင့် မျိုးနန္ဒာတို့ အခြေအတင်ပွဲလေးတွင် ဦးလေးဒါရိုက်တာကြီး မခံချိမခံသာ ဖြစ်နေပြီမှန်း ရိပ်မိလိုက်သည်။ ထို့ပြင် ရုပ်ရှင်မင်းသမီး မျိုးနန္ဒာနှင့် ဦးလေးဒါရိုက်တာသည် ကြည်စေ အေးစေ အဆင်ပြေဇာတ်လမ်း မဟုတ်ဘဲ ပဋိပက္ခ အခြေအနေ ရောက်နေမှန်း သိရသည်ကိုပင် မိငယ်၏ရင်ထဲမှ အလိုလို ကျေနပ်စွာဖြင့် ဦးလေးဒါရိုက်တာကြီး ဟားတိုက်ရယ်မောနေစဉ် မိငယ်သည် စံပယ်ရုံဘေးမှ လှစ်ခနဲ သူမ၏ဂိုဒေါင်တန်းလျား အခန်းလေးဆီသို့ လစ်ပြေးရန် ခြေဦးလှည့်လိုက်တော့သည်။

"အိုး ... အမေ့"

စံပယ်ရုံနှင့်ကပ်လျက်သားတွင် နှင်းဆီပန်းအိုးတွေ စီတန်းစိုက်ထားလျက် ရှိသည်။ အချို့နှင်းဆီပင်အိုးကြီးတွေဆိုလျှင် ဂန့်ဂယားက ပန်းအိုးဖိုးအဆုံးမခံ။ ပင်ပျိုများကို ပန်းအိုးတွင်ပြန်စိုက်ကာ ပင်အိုးကြီးတွေကိုလည်း လွှင့်မပစ်ရက်သောကြောင့် ပန်းအိုးမှ စုတေစိတ်ကျကာ မြေကြီးပေါ်တွင် စိုက်ထားသော နှင်းဆီတွေလည်းရှိသည်။



အမှတ်တမဲ့ လှည့်လိုက်သည်နှင့် နှင်းဆီပင်အိုကြီးမှ ဆူးတွေဖြင့် မိငယ်၏ထဘီစ ငြိတော့သည်။ မိငယ်၏ခြေသလုံးနှင့် ပေါင်သားလေးကိုလည်း ဆူးစူးမိတော့သည်။

မိငယ်၏ "အို ... အမေ့"ဟု အော်လိုက်သံကို ကိုသက်ဦးရော မျိုးနန္ဒာပါ ကြားသဖြင့် ထိုင်နေရာမှ တစ်ဖက်စပယ်ရုံသို့ လှည့်ကြည့်တော့သည်။

"ဟဲ့ ... မိငယ်"

ကိုသက်ဦးက ထိုင်ရာမှထလိုက်ပြီး စပယ်ရုံကိုကွေ့ပတ်ကာ မိငယ်ဆီသို့ ရောက်လာသည်။ ကိုသက်ဦး ရောက်လာသည်အထိ မိငယ်က ထဘီဆူးငြိနေသည်ကို ဖြုတ်မရသေး။ ဆူးငြိပြီဆိုလျှင် သွေးအေးအေး စိတ်ရှည်ရှည်ဖြင့် ဖြုတ်ရပါ၏။ အလောတကြီး ရုန်းကန်သည့်သဘောဖြင့် ဖြုတ်လျှင် ဖြုတ်လေငြိလေ ဖြစ်တတ်သည်သာ။

မိငယ်မှာ ဦးလေးဒါရိုက်တာ ထလာသည်ကိုပင် မိမိ တိတ်တခိုး နားထောင်မိသည်ကို ကြောက်ပြီး ဖြုတ်လေငြိလေ ဖြစ်နေပါတော့၏။

"မိငယ် ပန်းလာခူးတာပါ၊ ဦးလေးဒါရိုက်တာတို့ ရှိမှန်း မသိပါဘူး၊ ပန်းခူးရင်း ဟိုဘက်မှာ ဦးလေးဒါရိုက်တာတို့ ရှိနေမှန်းသိလို့ ပြန်အလှည့်မှာ ဆူးစူးတာပါ၊ ဦးလေးဒါရိုက်တာတို့ကို လာစပ်စုတာ မဟုတ်ပါဘူး"

မျက်နှာလေးမဲ့တဲ့တဲ့ အသံက ငိုသံပါဖြင့် ကိုသက်ဦးကို မျက်နှာချင်းဆိုင်မိသည်နှင့် မိငယ်က အပြစ်လွတ်ရာလွတ်ကြောင်း ဆီးပြောလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဦးလေးကကော မိငယ်ကို ဘာပြောလို့လဲ"

ကိုသက်ဦးက ပြုံးစိစိဖြင့် မိငယ် အဖြစ်ကိုကြည့်ကာ သူကိုယ်တိုင်ပင် ငြိနေသောဆူးတွေကို ခါးကိုင်းပြီး ဖြုတ်ပေးပေသည်။

"တကတဲ ... ခိုးချင်လိုက်တာလည်းပျာလို့၊ လက်နှေးလိုက်တာလည်း ချာလို့ဆိုတဲ့ကိန်း ကျနေပြီ မိငယ်"

ပြုံးရယ်ရင်းပင် ဆူးတွေ တစ်ခုချင်းဖြုတ်၍ ပြီးစီးသွားပါ၏။ မိငယ်က ပြန်လည်ဖြေရှင်းသံလေးနှင့် ပြောစေကာမူ ကိုသက်ဦးက မိမိနှင့် မျိုးနန္ဒာ စကားပြောနေသည်ကို မိငယ် တိတ်တခိုးနားထောင်မှန်း ရိပ်မိလိုက်ပါ၏။

"သူက ဘယ်သူလေးလဲ ဆရာ၊ ရုပ်လေးရော ကိုယ်လုံးကိုယ်ထည်လေးရော ဘယ်ဆိုးလို့လဲ၊ ခါတိုင်း မျိုး လာနေတာ သည်မှာ သူ့ကိုမတွေ့ဖူးပါဘူး"

ကိုသက်ဦးသည် ခါးကို မတ်မတ်ဆန့်လိုက်သည်။ မျိုးနန္ဒာကို မျက်နှာချင်း တည့်တည့်ကြီး ဆိုင်လိုက်သည်။

"သူ ဘယ်သူလဲဆိုတာ မျိုးနန္ဒာ တကယ်သိချင်သလား"

"အိုး ... ဆရာကလည်း ပဟေဠိ လုပ်နေပြန်ပြီ"

"သူ့နာမည်က ငယ်ငယ်တဲ့၊ ဒါပေမဲ့ တို့ကတော့ မိငယ်လို့ပဲ ခေါ်ကြတယ်၊ နောက်မကြာခင်မှာ မိငယ်ကို ပိတ်ကားပေါ်မှာ မျိုးနန္ဒာတို့ တွေ့လာကြလိမ့်မယ်၊ ဒါဆိုရင် သူ ဘယ်သူလဲဆိုတာ မျိုးနန္ဒာ သိလောက်ပြီလေ"

"ဪ ... ဪ ... သည်လိုလား ဆရာ၊ သူ့ကို ဆရာ ဘယ်ကတွေ့ပြီး ခေါ်လာတာလဲ ဆရာ"



"မော်လမြိုင် မိုင်ဒါဈေးထဲမှာ တွေ့လာတာပဲ မျိုးနန္ဒာ၊ အေး ... မိငယ်ဟာ မိုင်ဒါဈေးထဲမှာ ဘာရောင်းသလဲဆိုတာ မျိုးနန္ဒာသိအောင် တို့ပြောလိုက်ဦးမယ်၊ မိငယ်ဟာ ရေခဲခြစ်ရောင်းတယ်"

"အို ... ဆရာကလည်း"

မျိုးနန္ဒာက ရေခဲခြစ်ရောင်းသည် ဆိုခြင်းမှာ အလွန်တစ်ရာ အောက်တန်းကျ သိမ်ဖျင်းသော အလုပ်တစ်ခုပမာ တအံ့တသြ မျက်လုံးပြူး မျက်ဆန်ပြူးဟန်နှင့် "အို ... ဆရာကလည်း"ဟူသော အသံလေး ထွက်လာပေသည်။

"မိငယ်"

ကိုသက်ဦးက မိငယ်ကို တည်တံ့သောအသံဖြင့်ပင် မျိုးနန္ဒာရှေ့၌ ခေါ်လိုက်သည်။

"ရှင်"

"ဟောသည် နိုင်ငံကျော်မင်းသမီး မျိုးနန္ဒာကို မိငယ်ကိုယ်တိုင် ပါးစပ်က ဖွင့်ပြောလိုက်စမ်း မိငယ်၊ မော်လမြိုင်တုန်းက မိငယ် ဘာလုပ်ခဲ့တယ်ဆိုတာ၊ လူဆိုတာ ကိုယ့်ဘဝမှန်ကို ဖော်ထုတ်ပြဖို့ သတ္တိရှိနေရမယ် မိငယ်"

မိငယ်က ပြုံးလိုက်သည်။ မျက်ဝန်းလေးဝေ့၍ မျိုးနန္ဒာကို ကြည့်လိုက်သည်။ မိငယ်၏ မျက်ဝန်းအကြည့်နှင့် ဤနှုတ်ခမ်းအပြုံးတို့ကို မျိုးနန္ဒာကိုယ်တိုင် ဘာရယ်ညာရယ်မဟုတ် ငေးကြည့်မိရတော့သည်။

"မိငယ် မော်လမြိုင်မိုင်ဒါဈေးထဲမှာ ရေခဲခြစ်ရောင်းခဲ့တယ် မမမျိုးနန္ဒာ၊ ဟောသည် ဦးလေးဒါရိုက်တာနဲ့တွေ့

www.burmeseclassic.com



ပြီးမှ မိငယ် အခုအခြေအနေမျိုးအထိ မြင့်တက်လာရတာပါ”

“မိငယ် ... နင် မှားသွားပြီ၊ ဦးလေးနဲ့တွေ့မှ သည်အခြေအနေမျိုး မြင့်လာတာ မဟုတ်ဘူး၊ မိငယ့်ရဲ့ဘဝပေးပင်ကိုရုပ်ကို ဦးလေးက ရုပ်ရှင်မှာ အသုံးပြုသင့်တယ်လို့ ဆုံးဖြတ်ပြီး တန်ရာတန်ကြေးတွေ ပေးထားတာ၊ မိငယ်ကို ဦးလေးက ဟောသည် မျိုးနန္ဒာရှေ့မှာပဲ မေးမယ်၊ မိငယ်ရဲ့ ဘဝမှန်ဖြစ်တဲ့ ရေခဲခြစ်ရောင်းသူဘဝ အခြေခံတဲ့ဇာတ်လမ်းထဲမှာ မိငယ်ကို ထည့်ရိုက်မယ် ဆိုပါတော့၊ အဲဒါဆိုရင် မိငယ် ရိုက်မလား”

“မိငယ် ရိုက်ပါ့မယ် ဦးလေးဒါရိုက်တာ၊ အဲသည်ဇာတ်မျိုးရိုက်ရင် မိငယ်အဖို့ ဘာမှတောင် သိပ်အခက်အခဲ မရှိဘူး၊ မိငယ် တကယ် ကျင်လည်ခဲ့ရတာကို လုပ်ပြရတော့မှာမို့ပါ”

ကိုသက်ဦးက ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ မျိုးနန္ဒာကိုလည်း ပြန်ကြည့်လိုက်သည်။

“တကယ်တော့ မျိုးနန္ဒာဟာလည်း အုတ်ဖိုမြို့နယ်၊ သဖန်းပင်ဆိပ်ကျေးရွာက တက်လာခဲ့တာပဲ မဟုတ်လား မျိုးနန္ဒာ”

“သည်မယ် ဆရာ ...”

မျိုးနန္ဒာ၏မျက်နှာထား တင်းမာသွားရုံမက အသံမာမာနှင့် ကိုသက်ဦးကို ပြောလိုက်သည်။

“မျိုးဟာ အုတ်ဖိုမြို့နယ် သဖန်းပင်ဆိပ်ကျေးရွာသူ ဆိုပေမယ့် ရန်ကုန်ပညာရေးတက္ကသိုလ်မှာ လာတက်ရင်း ဆရာနဲ့တွေ့ပြီး ရုပ်ရှင်နယ်ကို ကူးလာခဲ့သူပါ ဆရာ၊ သူများတွေလို ဆယ်တန်းတောင် မအောင်ဘဲ ရုပ်ရှင်နယ်ထဲ ရောက်လာတဲ့သူ မဟုတ်ပါဘူး”



“အနုပညာတစ်ခု ပြောင်မြောက်လာရတာဟာ တက္ကသိုလ်က ပညာတွေ၊ ဘွဲ့တွေနဲ့ သိပ်မဆိုင်လှဘူး မျိုးနန္ဒာ၊ အခြေခံပညာရေးလောက် ရှိပြီးရင် ပါရမီရယ် အနုပညာရဲ့ အတတ်ပညာရယ်၊ အနုပညာစိတ်ဓာတ်ရယ်၊ သည်သုံးခုရှိရင် ပြောင်မြောက်လာတာပဲ၊ ကျေးလက်က လယ်သမားသားသမီးဟာ ကျေးလက်နဲ့ပတ်သက်တဲ့ သရုပ်ဆောင်မှုကို လုပ်ရင် ပိုလွယ်မိတာပေါ့”

“ဆောရီးပဲ ဆရာ၊ ဆရာ ဘယ်လောက်ပြောပြော တောသူမအခန်းကိုတော့ မျိုး မရိုက်ပါဘူး၊ ထွက်လာကတည်းက အဝတ်အစားမှာရော ဆံပင်အလှနဲ့ မျက်နှာအလှမှာရော ဆင်ယင်ထုံးဖွဲ့မှု မလှမပတွေနဲ့ ထွက်ရမှာ၊ ကိုယ့်မှာရှိပြီးသား ပရိသတ်တွေတောင် အောက်ချသွားမယ် ဆရာ၊ ဆရာ့ရေခဲခြစ်မင်းသမီးကိုပဲ ရေခဲခြစ်ရောင်းတဲ့အခန်းမျိုး ရိုက်ပါ၊ မိငယ်ရဲ့ရုပ်ကိုက သူတစ်ပါးဆီမှာ အသနားခံတဲ့ ရုပ်မျိုး ထွက်နေတာ မဟုတ်လား”

“မင်းကိစ္စကို မင်းပြောပါ မျိုးနန္ဒာ၊ မိငယ်ကို မှိုချိုးမျှစ်ချိုး မင်း ပြောဖို့မလိုပါဘူး”

“ဟင်း ... ဟင်း ... မိငယ်ကိုထိလို့ ဆရာ နာသွားသလား၊ ကဲ ... မျိုးကိစ္စပဲ မျိုးဆက်ပြောပါ့မယ်၊ မျိုးလာရင်းကတည်းက တခြားကုမ္ပဏီမှာ ငါးသောင်းနဲ့ရိုက်ဖို့ ဆရာ့ဆီခွင့်လာ

www.burmeseclassic.com

www.burmeseclassic.com



တောင်းတဲ့ သဘောပါ၊ ဒါလည်း ဆရာ့ကို ရိုသေလေးစားတဲ့အနေနဲ့ပါ၊ တကယ်တော့ ဆရာနဲ့မျိုးမှာ ခွင့်တောင်းရလောက်အောင် ပတ်သက်စရာရယ်လို့ ရှိမှမနေတော့တာပဲ ဆရာ"

"ကြွ ... ကြွ ... မျိုးနန္ဒာ၊ မင်းပြောသလိုပဲ မင်းနဲ့ ဆရာနဲ့ ပတ်သက်စရာ ဘာမှုမရှိတော့တာပဲ၊ မင်းဟာမင်း ရိုက်ချင်တဲ့ဆီမှာ ရိုက်ပေါ့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ၊ မျိုးကိုသွားခွင့်ပြုပါ၊ ဩော် ... ရေခဲခြစ်မင်းသမီးလေးရေ၊ မမကို သွားခွင့်ပြုပါဦး"

ထော့စကား ခနဲ့စကားတွေ ရွတ်ဆိုရင်းပင် မျိုးနန္ဒာသည် ထွက်ခွာသွားတော့သည်။

ကိုသက်ဦး စိတ်ထဲတွင် ခံရပြန်ပြီ။ ကိုယ်မွေးသောမျောက်သည် ကိုယ့်ကိုပြန်ခြောက်ခြင်း အခံရပြန်လေပြီ။ မျိုးနန္ဒာသည် ရည်ရွယ်ချက်ကြီးမားသူမှန်း ကိုသက်ဦး နဂိုကတည်းက ရိပ်စားမိသည်။

မျိုးနန္ဒာ၏ အဓိက ရည်ရွယ်ချက်မှာ ကုမ္ပဏီပိုင်လည်းရှိ ကျော်ကြားနေသော ဒါရိုက်တာလည်း ဖြစ်သည့်ပြင် ငွေကြေးတောင့်တင်းသော ကိုသက်ဦးအား အပိုင်စီးလိုသည်။ လက်ထပ်လိုသည်။ ကိုသက်ဦးက တစ်နေ့နေ့တွင် သူမအား လက်ထပ်စကား ကမ်းလှမ်းလိမ့်မည်ဟုလည်း မျှော်လင့်ထားသည်။ သို့တစေ ကိုသက်ဦးက လုံးဝမဟလေသောအခါ ကိုသက်ဦးထံမှ တခြားကုမ္ပဏီသို့ ရွှေ့ပြောင်းမည်ဟု ပြောဆိုလာခြင်းဖြစ်သည်။



ယင်းသို့ပြောပါက ကိုသက်ဦးအနေနှင့် တခြားကုမ္ပဏီသို့မသွားပါနှင့် မျိုးကိုလက်ထပ်ပြီး အတူတူဆက်ရိုက်ကြပါစို့ ဆိုသည့် စကားမျိုးတွေ ထွက်လာမည် ထင်ခဲ့သည်။

ယခုမူ ကိုသက်ဦးထံမှ ထိုစကားမျိုး ထွက်မလာသည့် ကိုသက်ဦး၌ ရွှေမင်းသမီး အသစ်လေးတစ်ယောက်ကိုပင် မွေးဖွားထားပြီမှန်း သိလိုက်ရသည်နှင့် မျိုးနန္ဒာသည် မိငယ်ကိုပင် မလိုတမာဖြင့် အောက်ကလိအာတွေ ပြောသွားခြင်းဖြစ်သည်မှန်း ကိုသက်ဦး ရင်ထဲမှ သိနေပါ၏။

ဘယ်လိုပဲဖြစ်ဖြစ် မိငယ်ခမျာမှာ မျိုးနန္ဒာ၏ဗလာချီတွယ်သွားသည်ကို ခံလိုက်ရပြီဟုလည်း ကိုသက်ဦး သဘောပေါက်တော့သည်။

မိငယ်ဘက်သို့ ကိုသက်ဦး လှည့်ကြည့်လိုက်သည်။

အနီးတွင် မိငယ် မရှိတော့ပြီ။

မိငယ်အဖို့ ဘယ်လိုခံစားလိုက်ရမည်ကို ကိုသက်ဦး ချက်ချင်း နားလည်လိုက်သည်။

ကိုသက်ဦး၏ ခြေလှမ်းတို့သည် မိငယ်နှင့် ဦးလူအေး ထားရှိရာ ပျဉ်ထောင်နှစ်ထပ်တန်းလျားဆီသို့ လှမ်းလာခဲ့သည်။

"ဩော် ... ဆရာကိုသက်ဦး၊ လာပါ"

"မိငယ်ကော ဦးလူအေး"

"အင်း ... မိငယ် အခုကလေးတင်ပဲ ငိုယိုပြီး ပြေးတက်လာတယ် ဆရာကိုသက်ဦး၊ ကျုပ်က ဘာဖြစ်လာတာလဲ မေးတော့လည်း တစ်လုံးမှမပြောဘူး၊ သူ့အခန်းထဲကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်သွားတယ်၊ ဆရာကိုသက်ဦးကိုပဲ ကျုပ်မေးရတော့မယ်၊ မိငယ် ဘာဖြစ်လာတာလဲ ဆရာကိုသက်ဦး”

“မျိုးနန္ဒာရဲ့အပြောအဆိုလေးတွေ ခံလိုက်ရလို့ပဲ ဦးလူအေး သည်လောကမှာ ဒါမျိုးလေးတွေ ရှိတတ်စမြဲပဲ၊ ရှေ့ရောက်နေတဲ့လူက နောက်ကတက်လာတဲ့လူကို ဆီးကြိုဖို့ထက် ရင်ဝကို ဆောင့်ကန်ထားခဲ့ချင်တဲ့ စိတ်မျိုးလေးတွေ ရှိတတ်ကြတယ်၊ အနုပညာစိတ်ဓာတ် ခေါင်းပါးတဲ့ သဘောလေးတွေပဲပေါ့ ဦးလူအေး၊ ကဲ ... မိငယ်ကို ခေါ်စမ်းပါဦး ဦးလူအေး၊ ကျွန်တော် မိငယ်ကို ပြောစရာလေးတွေရှိလာလို့”

“ဟုတ်ကဲ့ ... ဆရာကိုသက်ဦး”

ဦးလူအေးသည် ပက်လက်ကုလားထိုင်ပေါ်မှ ထရပ်ပြီး မိငယ်၏ပိတ်ထားသော အခန်းကူးတံခါးဆီသို့ လျှောက်သွားသည်။

ဦးလူအေး လျှောက်သွားသည်ကို ကိုသက်ဦးက နောက်မှကြည့်နေပါ၏။ ဦးလူအေး၏ရောဂါသည် အတော်ပင် သက်သာလာလေပြီမှန်း ကိုသက်ဦး သတိထားမိရပြန်သည်။ မော်လမြိုင်မှ ခေါ်လာစဉ်က ထထကြွကြွလေး လှုပ်ရှားချင်တိုင်း အားလူတွဲပေးရသည်။ ယခုမူ ပိတ်သားပက်လက်ကုလားထိုင်မှပင် ကိုယ့်ဟာကိုယ် ထနိုင်သည်။ ပိတ်သားပက်လက်ကုလားထိုင်ဆိုသည်မှာ ဖင်ထိုင်ရာနေရာခွက်ပြီး နောက်လှန်ထိုင်ရသည့်မှော်ရုံတန်ရုံ လူကောင်းပင် ပက်လက်ကုလားထိုင်မှ ထပါက အားစိုက်မှုလေးတွေ ပြုပေးရသည်။



မရမ်းကုန်း မစွမ်းမသန်ဆေးရုံမှ ထရီမင့်ခေါ် ပြုစုလေ့ကျင့်ပေးမှုသည် ထိရောက်လှကြောင်း ကိုသက်ဦး လက်တွေ့တွေ့ရပေသည်။

“မိငယ် ... သမီး၊ သည်မှာ ဆရာကိုသက်ဦး ရောက်နေတယ်၊ သမီး ထွက်လာခဲ့လေ၊ ဆရာကိုသက်ဦးက သမီးနဲ့ပြောစရာတွေ ရှိသတဲ့”

“ဦးလေးဒါရိုက်တာ တကယ်လာတာလား အဖေ”

အထဲမှ ငိုရင်းရှိုက်ရင်း အသံမျိုးဖြင့် မိငယ် ပြန်မေးသံတို့ ကိုသက်ဦး အတိုင်းသား ကြားနေရသည်။

“တကယ်ပေါ့ သမီး၊ ကဲ ... ထွက်ခဲ့စမ်း မိငယ်ရယ်”

မိငယ် တံခါးဖွင့် ထွက်လာသည်။ မျက်နှာလေးတွင် သွေးရောင်ဖျန်းနေပါ၏။ မျက်ခွံလေး မို့နေသည်။ နှာသီးများလေး နီနေသည်။ နှုတ်ခမ်းစုံမှာ နဂိုထူထူလေးတွင် ပို၍ထူအမ်းအမ်းလေး ဖြစ်လာသည်။ မျက်ဝန်းအိမ် ဖြူဆွတ်ဆွတ်တွင် မျက်ရည်ကြည်လေးများ ဝေ့နေဆဲဖြစ်သည်။ စက္ကူဖြူဖြူပေါ်တွင် ရေပေါက်ရေစက်လေးကျသည်နှင့်ပင် တူသေးတော့။ ရေပေါက်ရေစက်လေးမှ အောက်ခံစက္ကူဖြူဖြူကို မြင်ရသလို မျက်ရည်ကြည်အောက်မှ မိငယ်၏မျက်သားဖြူဖြူလေးကို အတိုင်းသားတွေ့နေရသည်။

အိပ်ရာထက်တွင် လူးလိမ့်ငိုကြွေးထားဟန် တူပါ၏။ အိန္ဒိယရှုန်သားပွင့်ရိုက် ရင်စေ့အကျီလေး တွန့်ကြေနေသည်။ အဖေက ဆရာကိုသက်ဦး ရောက်နေတယ် ပြောလေမှ လူးလဲထလာသည်မို့ ထဘီဝတ်ထားသည်မှာလည်း ချပ်ချပ်ရပ်ရပ်မရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကပိုကရိုဖြင့် ထဘီအထက်ဆင်အုစသည် ခါးတစ်ပတ်တွင် ချိတ်မိသလိုလို မချိတ်မိသလိုလို ရှော့ရိုရှော့ရဲလေး ဖြစ်နေသည်။

ငိုထားသော မိန်းကလေးတိုင်းတွင် ဤသို့နှယ် မျက်ခွံမို့ခြင်း၊ နှာသီးထိပ်နီမြန်းခြင်း၊ နှုတ်ခမ်းလေးတွေ ထူလာခြင်း ဖြစ်တတ်ပါ၏။ မိန်းမငယ်လေးများသည် ငိုပြီးလျှင် ယင်းပုံစံမျိုးဖြင့် တစ်မျိုးလှနေတတ်သည်။ နဂိုကတည်းက မျက်လုံးနှင့် နှုတ်ခမ်းလှလွန်းသည့် မိငယ်သည် ငိုယိုသောအခါ မိငယ်၏အလှသည် တစ်ပါးသော ငိုလေသည့် မိန်းကလေးတွေထက်ပင် ပို၍လှပါလားဟု ဆရာကိုသက်ဦး သတိထား ကြည့်မိပြန်ရပါ၏။

ထို့ထက်မှာမူ ...

မိငယ်၏ခန္ဓာကိုယ်အလှကို ကိုသက်ဦး ယခုမှပင် သိသိသာသာကြီး သတိထားမိရတော့သည်။ မော်လမြိုင်မှ ခေါ်လာခဲ့စဉ်က မာလီဂန်ဂယားကပင် မိငယ်၏ခန္ဓာကိုယ်သည် ဖယောင်းတိုင်လို တစ်ဖြောင့်တည်းရှိသည်ဟု ဆိုခဲ့သည်။ ယခုလေးငါးလပိုင်းမှာပင် မိငယ်၏ ခန္ဓာကိုယ်အချိုးအစားတို့သည် ပြောင်းလဲလျက်ရှိလေပြီ။ ကာယနည်းပြဆရာမ ဒေါ်သန်းသန်း၏ အကူအညီ အများဆုံးပါအံ့ထင်သည်။

နတ်မ,သည့် အချိန်နှင့် ကိုယ့်ဂိုဟ်စန်း ထသည့်အချိန်မျိုး ကြုံကြိုက်သည်လည်း ဖြစ်ကောင်းဖြစ်မည်။ မိငယ်၏အသက်သည် မော်လမြိုင်မှ ခေါ်လာကတည်းက ၁၆ နှစ်ကို လစွန်းလေး ရှိခဲ့ပြီး ယခု ကိုသက်ဦးထံ ရောက်ရှိလာချိန် ငါးလကျော်ကျော်ကို ထည့်ပေါင်းလျှင် မိငယ်၏အသက်သည် ၁၇ နှစ် မပြည့်တတ် ပြည့်တတ် အရွယ်ရောက်ပေပြီ။



မော်လမြိုင်နေစဉ်ကတည်းက မိငယ်၏ခြေဆံလက်ဆံအရှည်အလျားအရ ခန္ဓာကိုယ်က လိုက်လံမဖြည့်စွက်ပေးခြင်းသာ ဖြစ်သည်မို့ ဂလန်ဂလားနှင့် မာလီဂဟန်ဂယား ပြောသလို ဖယောင်းတိုင်ကိုယ်လုံး ဖြစ်နေခြင်းဖြစ်မည်။ ပြီး ... မိငယ်အဖို့ မော်လမြိုင်ဝယ် ဖခင်ဒုက္ခိတကို လုပ်ကျွေးရင်း နေ့စဉ်စားဝတ်နေရေး၌သာ အာရုံစိုက်ခဲ့ရပြီး၊ ဖြစ်သလိုနေ ဖြစ်သလိုစားဖြင့် အဟာရချို့တဲ့မှုရှိခဲ့ခြင်းကြောင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ တန့်ခံနေခြင်းမျိုး ဖြစ်နိုင်သည်။

ရန်ကုန်ရောက်သည်နှင့် ဆရာကိုသက်ဦး ထားရှိပေးသော ပုံစံအရ စားကောင်း သောက်ကောင်း၊ အိပ်ကောင်းဖြစ်ရုံမက ဖခင်အတွက် သောကအေးငြိမ်းရခြင်းတွေရော ကာယနည်းပြဆရာမ ဒေါ်သန်းသန်း၏ ဂရုတစိုက် လေ့ကျင့်ခန်းအပိုင်းတွေရောကြောင့် ဖူးငုံနေသော ပန်းကလေး အစွမ်းကုန် ပွင့်လာသလို မိငယ်၏ခန္ဓာကိုယ်အလှသည် အချိုးကျလှပစွာ ပေါ်ထွက်လာခဲ့တော့သည်။ အသက်(၁၇)နှစ်အရွယ် အပျိုမလေးတစ်ယောက်သည် စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းနှစ်ခုသာ ပြည့်စုံလေပါလျှင် ဤသို့ပင် သူ့အသက်နှင့်သူ ဖွံ့ဖြိုးမှုလေးတွေသည် တားမရ ဆီးမရ သူ့သဘာဝအတိုင်း တက်လာရမည်ပင် မဟုတ်ပါလား။

အိန္ဒိယရှန်သားပွင့်ရိုက် တွန့်ကြေနေသော ရင်ဖုံးအင်္ကျီအောက်မှာပင် မိငယ်၏ရင်အလှသည် ဝန်းဝန်းဝိုင်းဝိုင်းနှင့် စို့စို့ပို့ပို့လေး ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ်၏ခါးသည် အထက်ဆင်စ ချိတ်မိလို မချိတ်မိမလို ပုံစံကြားကပင် သေးကျဉ်နေကြောင်း သိသာနေသည်။

မိငယ်၏တင်ပါးသည် ကားကားစွင့်စွင့်နှင့် မို့မို့မောက်မောက်လေး ရှိလာလေပြီ။

ကိုသက်ဦးက မိငယ်၏အလှများကို အသေအချာကြည့်မိသည်မှာ မရိုးသားသောစိတ်ဖြင့် မဟုတ်ပါလေ။ မိငယ်၏အရွယ်နှင့်ကိုက်ညီသော ဇာတ်လမ်းတစ်ပုဒ်ရလေလျှင် မိငယ်ကို ရုပ်ရှင်စတင်ရိုက်နိုင်လောက်ပြီဟု တွက်ဆသော အကြည့်ဖြင့် ကြည့်ခြင်းဖြစ်ပါ၏။

အခန်းထဲမှ ထွက်လာပြီး မိငယ်သည် ကြမ်းပြင်ချောချောမှာပင် ပုဆစ်တုတ်လေး ထိုင်ချလိုက်သည်။ ဦးလူအေးက ပက်လက်ကုလားထိုင်တွင် ထိုင်ပြီး ကိုသက်ဦးက ဦးလူအေး၏ ခုတင်ထက်တွင် ခြေတွဲလဲချ ထိုင်ပေသည်။

"မိငယ် ငိုလာတယ် ဟုတ်လား"

မိငယ်က ဦးခေါင်းလေး ညိတ်ပြသည်။

"အဲသည်လိုငိုပြီး အိမ်ပေါ်ကို ဘာလို့ပြေးတက်လာရတာလဲ မိငယ်၊ ဦးလူအေးအနေနဲ့ ဦးလေးအပေါ်မှာ အထင်လွဲစရာတွေ ဖြစ်နိုင်တာပေါ့"

"စိတ်ချ ဆရာကိုသက်ဦး၊ ကျုပ်အနေနဲ့ ဆရာ့လို သူတော်ကောင်းတစ်ယောက်ကို ဘယ်တော့မှ အထင်မလွဲဘူး၊ ကျုပ်ထင်တာက မခင်ပုတို့ မညိုတို့နဲ့ မိငယ် ကတောက်ကဆ ဖြစ်လာတယ်လို့ ထင်မိတာ၊ သူတို့က အရွယ်မတိမ်းမယိမ်းတွေ မဟုတ်လား၊ မိငယ်ကလည်း တစ်ခါတလေ ကလေးဆံပါဘိနဲ့"



ကိုသက်ဦး ပြုံးလိုက်သည်။ မိမိက သားအဖနှစ်ဦးစလုံးအား ကျွေးမွေးပြုစုနေချိန်ဝယ် မိငယ် အပေါ်၌ မိမိကအခွင့်အရေးယူသည်ဟု ဦးလူအေးဖြစ်စေ၊ မိငယ်ကိုယ်တိုင်ဖြစ်စေ၊ ပတ်ဝန်းကျင်ကဖြစ်စေ ထင်သွားမှာကို အစိုးရိမ်ဆုံး ဖြစ်ပါ၏။

"ကဲ ... မိငယ် ပြောစမ်း၊ မျိုးနန္ဒာက မိငယ်ကို ရေခဲခြစ်မင်းသမီးလို့ ပြောသွားတာကို ဝမ်းနည်းပြီးငိုတာ မဟုတ်လား"

"ဟင့်အင်း"

"ဟဲ့ ... ငါဖြင့် ဘာလို့ မိငယ်က ငိုတာတဲ့လဲ"

"မိငယ်ဟာ ရေခဲခြစ်ရောင်းခဲ့တာ အမှန်ပဲဟာ ဦးလေးဒါရိုက်တာ။ အခုလည်း မိငယ်ကို ဦးလေးဒါရိုက်တာက မင်းသမီး နေရာပေးဖို့ ခေါ်လာတာ အဲသည်တော့ မမျိုးနန္ဒာ ပြောတဲ့ ရေခဲခြစ်မင်းသမီးဆိုတာ ဟုတ်တာတွေပြောသွားတာပဲ၊ ဘာဝမ်းနည်းစရာရှိလို့လဲ၊ မိငယ် ဝမ်းနည်းတာက ဦးလေးဒါရိုက်တာအတွက်ပါ"

"ငါ့အတွက် ... ဟုတ်လား"

"မမျိုးနန္ဒာနဲ့ ဦးလေး ဒါရိုက်တာတို့ ခွာပြဲကြတာဟာ မိငယ် ရောက်လာလို့ပါလား၊ မမျိုးနန္ဒာလို နာမည်ကြီး မင်းသမီးတစ်လက်ကို မိငယ်ကြောင့် လက်လွှတ်ရတာ၊ ဦးလေး ဒါရိုက်တာမှာ ထိခိုက်သွားပါလားဆိုပြီး မိငယ် ငိုတာပေါ့"

"ဒါကြောင့် ဆိုရင်တော့ မငိုနဲ့တော့ မိငယ်၊ မျိုးနန္ဒာ ဦးလေးဆီက ထွက်သွားလို့ ဦးလေးမှာ ဘယ်လိုမှမထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုမထိခိုက်ဘူး၊ တစ်နေ့ကျရင် မျိုးနန္ဒာဟာ သည်လိုပဲ ကန်သွားလိမ့်မယ်ဆိုတာ ဦးလေးက ကြိုတင်တွက်ပြီးသား၊ မျိုးနန္ဒာနဲ့ ဦးလေး သုံးကားရိုက်ပြီး ရုံတင်လို့တောင်ပြီး သွားပြီ၊ ဦးလေးမှာ အကျိုးအမြတ် ရှိသင့်သလောက်ရှိပါတယ်၊ သည်လိုပါပဲ မိငယ်၊ မင်းသား မင်းသမီးတွေဟာ နာမည်ကြီးလာရင် သည်ပုံစံချိုးချိုးသွားတာ အစဉ်အလာတစ်ရပ်တောင် ဖြစ်နေပြီပဲ၊ ဒါကြောင့် မိငယ်ကိုဦးလေး စာချုပ်တုန်းက သုံးကားရိုက်ပြီးရင် မိငယ်ကြိုက်တဲ့ကုမ္ပဏီမှာ ရိုက်ပေတော့လို့ ထည့်ချုပ်ထားတာပေါ့”

“အိုး ... မိငယ် တခြားကို ဘယ်တော့မှမသွားဘူး၊ ဦးလေးဒါရိုက်တာ နားမှာပဲ၊ မိငယ် တစ်သက်လုံးနေမှာ”

ကိုသက်ဦး ပြုံးလိုက်ပါ၏။

“အေးပေါ့ကွာ၊ အစကတော့ အဲသည်လို ပြောကြတာချည်းပေါ့”

“ကြည့် ... မိငယ်ကို ဦးလေးဒါရိုက်တာ မယုံဘူးပေါ့”

မိငယ်သည် မျက်လုံးပြူး မျက်ဆံပြူးလေးနှင့်ပြောရင်း သူမ၏အဖေ ဦးလူအေးရှိရာဘက်သို့ ဦးခေါင်းလေးလှည့်လိုက်ပြန်သည်။

“ဟုတ်တယ်နော် အဖေ၊ မိငယ်ရော အဖေရော ဦးလေးဒါရိုက်တာနဲ့ တစ်သက်လုံး အတူနေသွားမယ် မှတ်လား၊ အဖေ အခုလို နေကောင်းနေတာရော၊ မိငယ် လူရာသူရာ ဝင်လာတာရောဟာ သည်ဦးလေးဒါရိုက်တာကြောင့်နော် အဖေ”



မိငယ်က သူ့အဖေကို စစ်ကူတောင်းသလို ပြောချင်တာတွေ ပြောပြီးမှ ကိုသက်ဦးဘက်သို့ လှည့်လိုက်ပြန်သည်။

“တကယ် ပြောတာ ဦးလေးဒါရိုက်တာ၊ မယုံရင် ဘုရားစင်မှာ သစ္စာရေတစ်ခွက်တင်လိုက်၊ မိငယ် သစ္စာဆိုပြီး သစ္စာရေ သောက်ပြမယ်”

“မလုပ်ပါနဲ့ မိငယ်ရယ်၊ လူတွေဟာ လူလူချင်း လိမ်ကြတာ နားထောင်လို့ ကောင်းသေးတယ်၊ ဘုရားဟာဘုရားနေတာကို အကောင်းမနေရဘဲ ဘုရားကိုပါ လိမ်တာကျတော့ နားထောင်လို့ မကောင်းပါဘူး”

“ကြည့် ... အဲဒါ ဦးလေးဒါရိုက်တာ မိငယ်ကို မယုံတာ၊ ဦးလေးဒါရိုက်တာ ယုံကြည်သွားအောင် မိငယ် ဘာလုပ်ပြရမလဲဟင်”

မိငယ် ကလေးဆန်ပြန်လေပြီ။

သူမ၏စိတ်ထဲတွင် ဦးလေးဒါရိုက်တာ မယုံသလိုဖြင့် ပြောနေသည်ကို ခံပြင်းလာသည့်နှယ် ပုဆစ်တုတ်ထိုင်ရာမှ ဖျတ်ခနဲထကာ ခုတင်တွင် ခြေတွဲလဲချထားသော ကိုသက်ဦး၏ ခြေသလုံးအံစုံကို သူမ၏လက်နှစ်ဖက်ဖြင့် ပွေ့ဖက်လိုက်သည်။

“ကဲ ... ဦးလေးဒါရိုက်တာရဲ့ခြေထောက် မိငယ်ရဲ့ဆံပင် ပွတ်ကြစမ်း၊ ထိကြစမ်း၊ မိငယ် အထွတ်အမြတ် ပြောတာတွေ ဦးလေးဒါရိုက်တာရဲ့ နားနှစ်ဖက်ထဲမဝင်နဲ့၊ ခြေထောက်တွေထဲဝင်စမ်း ... ဝင်စမ်း”

မိငယ်၏အပြုအမူကို ဦးလူအေးရော ကိုသက်ဦးပါ အံ့သြရပါ၏။ ထို့နောက်မှ ဦးလူအေးသည် တစ်စုံတစ်ခုကို သတိရသလို ပြုံးလိုက်ရင်း ပြောလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်လိုပါ ဆရာကိုသက်ဦး၊ မိငယ် ဆယ့်သုံးလေးနှစ်သမီးလောက်က မော်လမြိုင်ကို သိပ်တန်ခိုးကြီးတဲ့ ဆရာတော်တစ်ပါး ကြွဖူးတယ်၊ ကျုပ် ရေးတေးတေးမှတ်မိသလောက်ဆိုရင် ဘေဘူဆရာတော် ကြွတာပဲ ဖြစ်လိမ့်မယ်ထင်တယ်၊ အဲ ... ဆရာတော် ကြွလာမယ့် လမ်းတစ်လျှောက်မှာ အမျိုးသမီးတွေဟာ သူတို့ရဲ့ဆံပင်တွေကို ခေါင်းငုံ့ပြီး ဖြန့်ခင်းပေးထားတယ်၊ အဲသည်တုန်းက မိငယ်ရဲ့အမေလည်း ဆံပင်ဖြန့်ပေးခဲ့တယ်လေ၊ ဆရာတော်ကြွလာပြီး ဆံပင်တွေကို ဆရာတော်ရဲ့ခြေဖဝါးနဲ့ နင်းသွားတာကို အမျိုးသမီးတွေအားလုံး အမြတ်တနိုးရှိကြတယ်၊ အခုလည်း မိငယ်က ဆရာကိုသက်ဦးကို ကြည်ညိုလေးစားလွန်းလို့ သည်ပုံစံလုပ်တယ် ထင်တာပဲ"

"ဩော် ... မိငယ်ရယ်"

ကိုသက်ဦးသည် ညည်းညည်းတွားတွားလေး မိငယ်၏အမည်ကို ရွတ်ဆိုမိတော့သည်။ တစ်ချိန်တည်းမှာပင် မိငယ်လက်နှစ်ဖက်ဖြင့် ပွေ့ထားသော ကိုသက်ဦး ခြေသလုံးအစုံသည် မိငယ်၏ရင်ခွင်တွင်း ရောက်နေသည်။ ကိုသက်ဦးတွင် ရှိန်းမြမြခံစားမှုတစ်မျိုး ခံစားရပြန်လေပြီ။ မိငယ်နှင့် ကြုံဆုံလေတိုင်း ဤသို့နှယ် တရှိန်းမြမြ ခံစားရခြင်းကိုပင် ကိုသက်ဦး ရင်မောရပါလေတော့သည်။

✣ ✦ ✣



## အခန်း(၈)

ရုပ်ရှင်လောကဝယ် နာမည်ကြီးတစ်ယောက် ကျဆုံးရေးအတွက် မဟုတ်သတင်းတွေကိုပင် အချင်းချင်း ဖြန့်ချီတတ်သည်မှာ ကြာလှလေပြီ။

အတော်အတန် ဟုတ်နေသော သတင်းဆိုပါက တစ်ဆိတ်သည် တစ်အိတ်ကြီး ဖြစ်သွားလေတော့သည်။

မျိုးနန္ဒာ၏ပါးစပ်တစ်ပေါက်သည် နယ်ကျဉ်းသော ရုပ်ရှင်လောကသားများထံ တောမီးပမာ တစ်ခဏအတွင်း ပျံ့လွင့်တော့သည်။

"ဒါရိုက်တာသက်ဦးကတော့ ရေခဲခြစ်သည်မလေး တစ်ယောက် မွေးစားပြန်ပြီတဲ့ဟေ့"

"ဟ ... မွေးပြီးမှစားတာ အကောင်းဆုံးပေါ့၊ ဟား ... ဟား ... ဟား"

"မထင်နဲ့ မောင်ရင်၊ သည်ကောင်က သည်နေရာမှာတော့ ထက်တယ်နော့၊ မျိုးနန္ဒာကို သူကိုင်ပေးလိုက်တာ တစ်ချိတည်း ထိုးတက်သွားတာ တို့အမြင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထိုးတက်သွားတာသာ တို့က မြင်တာကိုးကွ၊ သည်အတွက် မျိုးနန္ဒာက ဘယ်လောက် တန်ရာတန်ကြေးတွေ ပေးလိုက်ရသလဲမှ မသိတာ"

ထိုသို့ ကွယ်ရာတွင် အမနာပ ပြောသမျှတွေကို ကိုသက်ဦး အားလုံး တစ်ဆင့်မှတစ်ဆင့် ကြားသိပေသည်။ နောက်ဆုံး သူ့အား လက်ထပ်ဖို့ ကြိုးစားခဲ့သော မျိုးနန္ဒာကပင် ...

"မျိုးကို ဒါရိုက်တာကိုသက်ဦးက အပိုင်စီးဖို့အထိ ရည်ထွယ်တာနော်၊ သူ့ကို လက်ထပ်ပါတဲ့လေ၊ သူ့ကိုလက်ထပ်လိုက်ရင် မျိုးနာမည် နစ်သွားမှာပေါ့၊ တခြားကုမ္ပဏီမှာ ရိုက်ခွင့်မရတော့ဘဲ သူ့ကားတွေမှာပဲ မျိုးရိုက်နေရင် ကားအထွက်နည်းမယ်၊ ပရိသတ်နဲ့ မျိုး မျက်ခြည်ပြတ်သွားမယ်၊ ဒါကြောင့် မျိုးက ဖွတ်ငြင်းပြီး ဖွတ်ထွက်ခဲ့ရတာ"

စသည် စသည်ဖြင့် ကွယ်ရာတွင် ပြောချင်တိုင်း ပြောနေမှန်း ကိုသက်ဦး အားလုံးကြားနေသည်။

ကိုသက်ဦးသည် ဤလောကသားတွေအကြောင်း ကောင်းကောင်းကြီး နားကျေနေသူမို့ သူတို့ဘာပြောပြော မဖြုံပါလေ။ သူတို့ပြောလေသမျှကို စံပယ်ပန်းလေးတွေ နှင်းဆီပန်းပွင့်လေးတွေနှင့် ပေါက်သည်ဟုပင် ယူဆလိုက်သေးသည်။ အပေါက်ခံရစေကာမူ ကိုယ့်တွင် အနာတရ ဘာမျှမဖြစ်ဘဲ စံပယ်နံ့၊ နှင်းဆီနံ့လေးတွေပင် သင်းပျံ့သွားသည်ဟုသာ မှတ်ထင်လိုက်သည်။



ဤသို့သော အခြေအနေမှာပင် ကိုသက်ဦးသည် စိတ်ကူးတစ်မျိုး ပေါက်လာသည်။

မိငယ်ကို အချိန်ဆွဲမထားတော့ဘဲ စတင်ပြီး ရုပ်ရှင်ရိုက်မည်ဆိုသည့် စိတ်ကူးပင် ဖြစ်ပါလေတော့၏။

ယခုလက်ရှိ နာမည်ကျော်ကြားနေသော မင်းသမီးတွေသည် အသက်အားဖြင့် အစိတ်နှင့် သုံးဆယ်ကြား မင်းသမီးတွေ ဖြစ်ကြသည်။ သည်ကြားထဲတွင် ဆယ်ကျော်သက်မလေး မိငယ်ကို ထိုးတင်လိုက်လျှင် ပရိသတ်အမြင် ဆန်းစေရမည်။

စာရေးဆရာ ဒါရိုက်တာ ဆရာဦးသာမုသည် က, ကြီးရေကာ ဇာတ်လမ်းတွင် မြတ်မွန်ကို တင်ပေးလိုက်ခြင်းဖြင့် မြတ်မွန် တစ်ရှိန်ထိုး နာမည်တက်ခဲ့သည်ကို ကိုသက်ဦး သာဓကယူသည်။

ယခုလက်ရှိ အခြေအနေမှာပင် မိငယ်သည် ဆယ်ကျော်သက်မလေး ဖြစ်နေပါ၏။ မော်လမြိုင်မှ ခေါ်လာကာစ ခါလီဂန်ဂယား ပြောသလို ဖယောင်းတိုင်ကိုယ်လုံး မဟုတ်တော့ပြီ။ ရုပ်ရှင်တွင် မိငယ်ကို ဖော်ထုတ်လျှင် ရလောက်ပြီ။ အဓိကလိုအပ်သည်မှာ မိငယ်နှင့်ကိုက်ညီသော ဇာတ်လမ်းရဖို့သာလျှင် အဓိကဖြစ်တော့သည်။

ဇာတ်လမ်းအတွက် ကိုသက်ဦး ရှာဖို့ ဆုံးဖြတ်လိုက်သည်။ ဇာတ်လမ်းရှာနေဆဲမှာပင် သမ္မတရုပ်ရှင်ရုံတွင် ဝင်နေသော "ဆဲဗင်းနိုက်အင်ဂျပန်"ဆိုသည့် ဂျပန်ဇာတ်ကားကို ကိုသက်ဦး ကြည့်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြစ်သွားသည်မှာလည်း ထွန်းထွန်းလာခေါ်သောကြောင့်ဖြစ်ပါ၏။

ထွန်းထွန်း ဆိုသည်မှာ အောင်ဇော်ထွန်း ဖြစ်ပါ၏။ ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာမေဂျာဖြင့် နောက်ဆုံးနှစ်တက်ရောက်နေသူဖြစ်သည်။ အောင်ဇော်ထွန်း၏မိဘတွေသည် ငွေကြေးပြည့်စုံပြီး အောင်ဇော်ထွန်း တစ်ဦးတည်းသောသား တစ်ဦးတည်းသာလျှင် အဖတ်တင်သည်။ အောင်ဇော်ထွန်းက ရုပ်ရှင်ဝါသနာကြီးသည်။ သို့သော် သူ့မိဘတွေက တက္ကသိုလ်ကဘွဲ့ရပြီးမှ ရုပ်ရှင်နယ်သို့ဝင်ရန် ပြောထားပြီး ဒါရိုက်တာကိုသက်ဦးအား သူတို့သားကို ရုပ်ရှင်နယ်ထဲသွင်းပေးရန် ကမ်းလှမ်းထားသည်။

အောင်ဇော်ထွန်းကို သူ့မိဘများက ချစ်မြတ်နိုးစွာ ထွန်းထွန်းဟု ခေါ်လာခဲ့သည်မို့ ရင်းနှီးသူတွေကလည်း အောင်ဇော်ထွန်းအား ထွန်းထွန်းဟုပင် ခေါ်ကြသည်။

ကိုသက်ဦး ကိုယ်တိုင်ကလည်း ယခုနှစ် ထွန်းထွန်းဖိုင်နယ်ဖြေပြီးသွားလျှင် အသုံးပြုကြမည်ဟု ရည်ရွယ်ထားသည်။ ထွန်းထွန်းသည် အလားအလာရှိနိုင်သည်ဟုလည်း ဒါရိုက်တာမျက်စိဖြင့် ကိုသက်ဦး ကြည့်မြင်ထားသည်။

အရပ်ငါးပေခြောက်လက်မရှိပြီး ရင်အကျယ် ခါးအသိမ်နှင့် ခြေတံလက်တံတို့သည် ကြည့်ကောင်းစွာ ဆောက်တည်လျက်ရှိသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့တည်နေပုံကလည်း ကင်မရာ စားနိုင်လောက်သည်။ အသက်ကလည်း ယခုမှ ၂၂ နှစ်သာရှိသေးသည်။ တက္ကသိုလ်လှေလှော်အသင်း၊



ခြေလျင်တောင်တက်သင်းများတွင် အစဉ်တစိုက် ပါဝင်လေ့ကျင့်ခဲ့ကာ ဘွဲ့ရပြီးလျှင် ရုပ်ရှင်နယ်ထဲ ဝင်မည်ဆိုသည့် စိတ်ဓာတ်ဖြင့် အပြင်ဘက် မြင်းစီး၊ သေနတ်ပစ်၊ ဂျူဒို စသည်များကိုလည်း အခကြေးငွေ အကုန်အကျခံကာ သင်ကြားလေ့ကျင့်လျက်ရှိနေသည်။

ကိုသက်ဦးအား မိဘနှင့်ခင်သည့် အကြောင်းရော၊ ရုပ်ရှင်နယ်ထဲ ဝင်ရောက်နိုင်ရေးအတွက် ချဉ်းကပ်သည့်အနေနှင့်ပါ၊ အချိန်အားရလျှင် ထွန်းထွန်းသည် ကိုသက်ဦးထံ ပေါက်ချလာသည်။

ယနေ့လည်း ည ၇ နာရီခွဲပွဲ တင်ကြိုလက်မှတ်ဖြင့်စောင်ကိုင်ကာ ထွန်းထွန်းသည် ဟွန်ဒါဘီး၃လက်မော်တော်ဆိုင်ကယ် အသစ်လေးစီးပြီး ပေါက်ချလာခြင်းဖြစ်ပါ၏။

"အစ်ကိုဦး ... လာပါ၊ လိုက်ကြည့်စမ်းပါ၊ ဇာတ်လေးက သိပ်လှပြီး မင်းသမီးက တကယ်တော်လွန်းလို့ပါ၊ ဇာတ်လမ်းက ရိုးပေမယ့် ဒါရိုက်တာရဲ့တင်ပြချက်လေးတွေ သိပ်လှလို့ပါ အစ်ကိုဦး"

ထွန်းထွန်းသည် ရုပ်ရှင်ဝါသနာပါသူပီပီ ရုပ်ရှင်ကားသစ်လဲတိုင်း အရင်ဦးစွာ ကြည့်လေ့ရှိသည်။

ယခုလည်း သမ္မတရုံတွင် ပြသနေသော ဆဲဗင်းနိုက်ဂျပန် ဆိုသည့် ဂျပန်ကားကို ထွန်းထွန်း ပထမတစ်ခေါက်ကြည့်ပြီးလေပြီ။ ကြိုက်လွန်းလှချည့်ဆိုပြီး ဒုတိယအကြိမ် ထပ်ကြည့်ရန် ကိုသက်ဦး အတွက်ပါ လက်မှတ်ဝယ်လာပြီး ဝင်ရောက်ခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... တင်ပြချက်လေးတွေ သိပ်လှတယ်ဆိုတာတော့ ဟုတ်ပါပြီ ထွန်းထွန်း၊ ငါသိချင်တာက အဲသည်ဇာတ်ဟာ မင်းသားဇာတ်လား မင်းသမီးဇာတ်လား"

"မင်းသမီးဇာတ်ပါ အစ်ကိုဦး၊ သည်ဂျပန်မင်းသမီးကို သည်တစ်ခါပဲ ကျွန်တော် ကြည့်ဖူးသေးတယ်၊ ရုပ်မလှပါဘူး၊ ဒါပေမဲ့ ဆွဲဆောင်မှုကတော့ ပြည့်မှပြည့်ပဲ အစ်ကိုဦး၊ ဇာတ်ကိုက လမိုင်းဝင်လို့လားတော့ မသိဘူး၊ ဆွဲဆောင်မှု ရှိလိုက်တဲ့ မင်းသမီးလေ၊ ကျွန်တော်တောင် နောက်ဆုံးဇာတ်သိမ်းမှာ မျက်ရည်ဝဲလာမိတယ်"

"ကောင်းပြီ ထွန်းထွန်း၊ သည်လောက်တောင် ထွန်းထွန်း ညွှန်းနေမှ အစ်ကိုဦး ကြည့်မယ်၊ အခု ထွန်းထွန်း လက်မှတ်ဘယ်နစောင် ယူလာလဲ"

"နှစ်စောင်လေ၊ ကျွန်တော်နဲ့ အစ်ကိုဦးအတွက်လေ"

"ထွန်းထွန်း ကြည့်ပြီးပြီ မဟုတ်လား"

"ထပ်ကြည့်မလို့"

"ဒါဆိုရင် ထွန်းထွန်း ဘာသာ နောက်နေ့မှ လက်မှတ်ယူပြီး ဆက်ကြည့်လေကွာ၊ အဲသည်နှစ်စောင် အစ်ကိုဦး ပေးလိုက်"

"ရပါတယ် အစ်ကိုဦး၊ နို့ ... အစ်ကိုဦးက ဘယ်သူနဲ့ကြည့်မှာမို့လဲ၊ မမမျိုးနဲ့လား၊ ဒါမှမဟုတ် မမမြတ်နဲ့လား"

ကိုသက်ဦးနှင့် ရင်းနှီးနေသူပီပီ ထွန်းထွန်းက မမမျိုးနဲ့လား၊ ဒါမှမဟုတ် မမမြတ်နဲ့လားဟု မေးလိုက်ခြင်း ဖြစ်တော့သည်။



ပတ်ဝန်းကျင်မှ ကိုသက်ဦးကို မျိုးနန္ဒာနှင့်ဖြစ်စေ၊ မြတ်မြတ်မင်းနှင့်ဖြစ်စေ၊ တစ်နေ့နေ့တွင် တစ်ခုခု ဖြစ်မြောက်သွားလိမ့်မည်ဟူသော ထင်ကြေးတွေ ထားရှိနေကြသည်။

"မင်းပြောတဲ့ နှစ်ယောက်စလုံးနဲ့ မဟုတ်ဘူး၊ အစ်ကိုဦး ကြည့်မှာက မိငယ်နဲ့"

"ဗျာ ... မိငယ် ဟုတ်လား၊ မိငယ်ဆိုတာ ဘယ်သူလဲ အစ်ကိုဦး၊ ကျွန်တော် တစ်ခါမှ အစ်ကိုဦးနဲ့ ပတ်သက်ပြီး မိငယ် ဆိုတာ မကြားဖူးပါလား"

ကိုသက်ဦးသည် "ဟုတ်ပါ့မလား"ဟု အဓိပ္ပာယ်သက်ဝင်သည့် အကြည့်မျိုးဖြင့် ထွန်းထွန်းကို ကြည့်လိုက်သည်။ ရုပ်ရှင်နယ်ထဲဝယ် ကိုသက်ဦးက ငယ်ငယ့်ကို မွေးစားထားကြောင်း သတင်းက ပျံ့နှံ့နေလေပြီ။ ဤသို့ပျံ့နှံ့နေပါလျက် ထွန်းထွန်း မကြားမိဘဲ ရှိနေသလားဟု စူးစမ်းသောအကြည့်ဖြင့် ကြည့်မိခြင်း ဖြစ်ပါ၏။

ထွန်းထွန်း တကယ်မသိဆိုသည်မှာ ဖြစ်နိုင်လောက်သည်ဟု ကိုသက်ဦး ယုံကြည်လိုက်သည်။ ထွန်းထွန်းသည် ရုပ်ရှင်နယ်သားတစ်ဦး မဟုတ်။ ဖိုင်နယ်ဖြေရန်အတွက်လည်း ကြိုးစားနေရသည်။ တခြားဗဟုသုတတွေလည်း ထွန်းထွန်းတွင် များလှသည်။ မိငယ် ရောက်လာသည့် ငါးလကျော်ကျော်အတွင်း ကိုသက်ဦး၏အိမ်သို့ ထွန်းထွန်း တစ်ခေါက်နှစ်ခေါက် ဆိုသလို ရောက်လာသော်လည်း မိငယ်က ခြံတန်းလျားထဲတွင် နေသဖြင့် မဆုံမိကြ။ ထို့ကြောင့် မိငယ်အကြောင်းကို တကယ်ပင် ထွန်းထွန်း မသိဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထွန်းထွန်းကို မိငယ်နဲ့ အစ်ကိုဦး မိတ်ဆက်ပေးမယ်၊ မိငယ်ဆိုတာ အစ်ကိုဦးရဲ့ကုမ္ပဏီက မွေးလိုက်တဲ့ မင်းသမီးလောင်းပဲ ထွန်းထွန်း"

ကိုသက်ဦးက ကြီးကြီးမေကို ခေါ်လိုက်သည်။

"ကြီးကြီးမေ၊ မခင်ပုဖြစ်ဖြစ် မညိုဖြစ်ဖြစ် မိငယ်ကို သည်အိမ်ကြီးပေါ် ခဏလာဦးလို့ ခေါ်လိုက်စမ်းပါ၊ သည်အတိုင်းကြီး ထမလာနဲ့လို့၊ နည်းနည်းပါးပါး ဖြီးလိမ်းဝတ်စားလာခဲ့လို့လည်း ပြောခိုင်းလိုက်ပါ ကြီးကြီးမေ"

ကြီးကြီးမေ ဧည့်ခန်းထဲမှ ထွက်သွားပြီးနောက် ကိုသက်ဦးက ထွန်းထွန်းဘက်သို့ ပြန်လှည့်လိုက်သည်။

"မိငယ် လာတဲ့အခါ ထွန်းထွန်း မသိမသာလေး အကဲခတ်ကြည့်စမ်း၊ မင်းကြည့်တဲ့ခဲ့ ဂျပန်မင်းသမီးရဲ့ ဆွဲဆောင်မှုမျိုး မိငယ်မှာ ရှိမရှိဆိုပါတော့ကွာ"

"စိတ်ချ အစ်ကိုဦး၊ ကျွန်တော် ကိုယ်တိုင်ကလည်း သည်နှစ်ဖိုင်နယ်ဖြေပြီးတာနဲ့ အစ်ကိုဦးရဲ့ မင်းသားသစ် ဖြစ်လာရမှာဆိုတော့ အခု အစ်ကိုဦး မွေးထားတဲ့ မင်းသမီးသစ်ကို သေချာအကဲခတ်ကြည့်မယ်"

မိနစ်နှစ်ဆယ်ခန့်လောက်ကြာမှ မိငယ်သည် အိမ်ကြီး၏တံခါးဝသို့ ရောက်လာသည်။

"လာဟေ့ မိငယ်၊ သည်မှာ ဧည့်သည်ရောက်နေလို့ ဦးလေးက ဦးလေးရဲ့မင်းသမီးလောင်းကလေးကို ထုတ်ပြမလို့ ခေါ်ခိုင်းတာ"



– မိငယ်သည် ဦးလေးဒါရိုက်တာကို ပြုံးပြရင်း ကိုသက်ဦး လက်ညှိုးညွှန်ပြသည့် ထွန်းထွန်း ထိုင်နေရာဆီသို့ မျက်ဝန်းလေးဝေ့ကာ ကြည့်လိုက်သည်။

ထွန်းထွန်းသည် ထိုင်မြဲထိုင်နေသည့် ပုံစံအနေအထားမှ မိငယ် ဝေ့ကြည့်လိုက်သည်နှင့် တစ်ကိုယ်လုံး လှုပ်ရှားသွားပြီး နေရာပြင်ထိုင်လိုက်မိသည်။ အကြောင်းမူ မိငယ်ဝေ့ကြည့်သော မျက်ဝန်းသည် သူ့အား လှုပ်ရှားသွားစေရုံမက ဦးလေးဒါရိုက်တာကို အပြုံးဖြင့်နှုတ်ဆက်လိုက်သော မိငယ်၏ နှုတ်ခမ်းအလှအပြုံးသည် ခရီးကြိုလမ်းကြို ထွန်းထွန်းထံ ထိပါသွားသောကြောင့် ဖြစ်ပါ၏။

ဖြန်းခနဲ မိမိကိုပင် တောက်ပသောမျက်ဝန်း၊ လှလွန်းသည့်အပြုံးဖြင့် နှုတ်ဆက်လိုက်လေသည်လား ထင်မှတ်မှားကာ ထွန်းထွန်း ထိုင်မြဲ ထိုင်နေသည့်ပုံစံမှ နေရာပြင်ထိုင်လိုက်မိခြင်း ဖြစ်ပါတော့၏။

"သူ့နာမည် အောင်ဇော်ထွန်းတဲ့၊ ဦးလေးတို့ကတော့ သူ့မိဘတွေ ခေါ်တဲ့အတိုင်း ထွန်းထွန်းလို့ပဲ ခေါ်တယ်၊ ထွန်းထွန်းမိဘတွေနဲ့ ဦးလေး သိပ်ခင်ကြတယ်၊ အခု ထွန်းထွန်းက တက္ကသိုလ်မှာ နောက်ဆုံးနှစ် ဖြေရတော့မယ်၊ ဖြေပြီးရင် ထွန်းထွန်းလည်း မိငယ်လိုပဲ ဦးလေးရဲ့ မင်းသားလောင်း ဖြစ်လာလိမ့်မယ်"

"သည်မယ် ထွန်းထွန်း အဲဒါ မိငယ်လေကွာ၊ နာမည်ရင်းကတော့ ငယ်ငယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းသည် မိငယ် ဝင်လာကတည်းက မိငယ်ကိုသာ စိုက်ကြည့်နေမိရာ ကိုသက်ဦး မိတ်ဆက်ပေးလေမှ ထိုင်ခြံထိုင်ရမလို မတ်တတ်ရပ်ပြီး မိငယ်ကို နှုတ်ဆက်ရမလိုနှင့် ကြောင်အမ်းအမ်း ဖြစ်သွားရသေးသည်။ ပြီးမှ တည့်တည့်မတ်မတ်ပင် ထိုင်ရာမှ ထဖြစ်သွားသည်။

"မငယ်ငယ်နဲ့ သိကျွမ်းရတာ ကျွန်တော် ဂုဏ်ယူပါတယ် မငယ်ငယ်"

လက်ဝါးနှစ်ဖက်ကို မှောက်ခုံထပ်ပြီး ချက်ပေါ်တင်ကာ အလေးအစား နှုတ်ဆက်သည့်ပုံစံဖြင့် ထွန်းထွန်းက နှုတ်ဆက်လိုက်သည်။

မိငယ်က ထွန်းထွန်း တရိုတသေ နှုတ်ဆက်သည်ကို ခေတ္တငေးကြည့်ပြီးမှ ကိုသက်ဦးဘက် လှည့်လိုက်သည်။ မိငယ်နှုတ်ဖျားမှ မေးခွန်းတစ်ခုလည်း ထွက်ပေါ်လာသည်။

"အဲသည်လိုဆိုရင် မိငယ်က ဘာပြန်ပြောရမလဲ ဦးလေးဒါရိုက်တာ"

"သေဟဲ့"

ဟု ကိုသက်ဦး ရင်ထဲ ညည်းလိုက်ရင်း ပကတိ ရိုးလှသေးသော မိငယ်၏ငယ်ထိပ်လေးကို ခေါက်ချင်စိတ်ပင် ကိုသက်ဦးတွင် ဖြစ်ပေါ်လာမိသည်။

"ဩော် ... မိငယ်ရယ်၊ ထွန်းထွန်းပြောတဲ့အတိုင်း မိငယ်ကလည်း ပြန်ပြောပေါ့ဟဲ့၊ ကိုထွန်းထွန်းနဲ့ သိကျွမ်းရတာကိုလည်း မိငယ်က ဝမ်းသာပါတယ်ပေါ့ဟယ်"



မိငယ်သည် ထွန်းထွန်းဘက်သို့ ချက်ချင်းပြန်လှည့်လိုက်သည်။ ထွန်းထွန်းလုပ်သည့် ပုံစံအတိုင်း သူမ၏လက်ဖဝါးလေးနှစ်ဖက်ကို ချက်ပေါ်မှောက်ခုံထပ်ပြီး ထွန်းထွန်း၏လေသံ၊ ထွန်းထွန်း၏စောစောက မျက်နှာအမူအရာ ပုံစံအတိုင်းထားလိုက်ကာ ...

"ကိုထွန်းထွန်းနဲ့ သိကျွမ်းရတာကိုလည်း မိငယ် ဝမ်းသာပါတယ်ပေါ့ဟယ်"

ဟု ပြောချလိုက်ပေတော့သည်။

တဟဲဟဲ တဟားဟားဖြင့် ရယ်မောသံသည် ကိုသက်ဦးထံမှရော ထွန်းထွန်းထံမှရော တစ်ပြိုင်တည်း ပေါ်ထွက်လာပေတော့သည်။

မိငယ်၏မျက်နှာတွင် ရှက်သွေးလေးများ ဖြာထွက်လာတော့သည်။

"ဟွန်း ... ဦးလေးဒါရိုက်တာ ပြောခိုင်းသလိုလည်း ပြောရသေးရဲ့၊ နောက်ပြီး ဦးလေးဒါရိုက်တာတို့ကပဲ မိငယ်ကို ဝိုင်းဟားနေသေးရဲ့"

ပြောပြောဆိုဆို မိငယ်သည် သူမ၏အကျင့်လေးအတိုင်း ဆိုဖာတွင်ထိုင်နေသော ဦးလေးဒါရိုက်တာကိုသက်ဦး၏ခြေရင်းကြမ်းပြင် ကော်ဇောပေါ် ထိုင်ချရင်း သူမ၏မျက်နှာကို ကိုသက်ဦး၏ ပေါင်ပေါ်တွင်အပ်ကာ ဝှက်ထားလိုက်တော့သည်။

"ဟားတာ မဟုတ်ပါဘူး မိငယ်၊ နင့်ဟာက ကိုထွန်းထွန်းနဲ့ သိကျွမ်းရတာကိုလည်း မိငယ် ဝမ်းသာပါတယ် ဆိုတဲ့နေရာမှာပဲ ရပ်ရမှာပေါ့၊ ဘာဖြစ်လို့ ပေါ့ဟယ် ဆိုတာကြီး ထည့်ပြောရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ဦးလေး ဒါရိုက်တာ သင်ပေးတဲ့အထဲမှာ ပေါ်ဟယ် ဆိုတာ ပါတာကိုး၊ မိငယ်အဖို့ ဦးလေးဒါရိုက်တာ သင်ပေးတဲ့အတိုင်း ဘာမဆို လုပ်ရမှာ မဟုတ်လား"

ထပ်မံ၍ ထွန်းထွန်းနှင့် ကိုသက်ဦးတို့ ရယ်မောမိရပြန်လေသည်။

ဤမျှလောက်ဆိုလျှင် ထွန်းထွန်း ကိုယ်တိုင်ပင် မိငယ်နှင့် ဆက်ဆံရေးတွင် ရဲတင်းစိတ်လေးများ ဖြစ်ပေါ်လာရပေသည်။ မိငယ်သည် ပကတိအရိုင်းတုံးလေး တစ်တုံးပါတည်း။

ထွန်းထွန်းက ကိုသက်ဦးအား မိငယ် နားမလည်နိုင်သော အင်္ဂလိပ်စကားဖြင့် ပြောလိုက်သည်။

"သည်အတိုင်းဆိုရင် သည်မိန်းကလေးဟာ မသွေးရသေးတဲ့ ကျောက်မျက်ရတနာ အရိုင်းလေးနဲ့ တူမနေဘူးလား အစ်ကိုဦး"

"အဲဒါမျိုးပဲ ငါလိုချင်တယ် ထွန်းထွန်း၊ ဒါမှ ငါသွေးချင်သလို သွေးသမျှ အရောင်တွေ အကွက်တွေ ထွက်လာမယ်၊ တကယ်လို့ သူ့မှာ နဂိုကတည်းက အရောင်ပါလာမယ်၊ အကွက်ပါလာမယ်ဆိုရင် ငါ့စိတ်ကြိုက် ထပ်သွေးရတာ မလွယ်ဘူး၊ ထွန်းထွန်းကိုလည်း အဲသည် အရိုင်းပုံစံအတိုင်း အစ်ကိုဦး လိုချင်တယ်"

ထွန်းထွန်းက ကိုသက်ဦး ပြောသည်ကို သဘောပေါက်စွာ ခေါင်းညိတ်ပြလိုက်သည်။

"ကဲ ... မိငယ်၊ ရှက်မနေနဲ့၊ မင်းသမီးဆိုတာ နည်းနည်းပါးပါးတော့ အရှက်နည်းရတာပဲ၊ ဦးလေးနဲ့ မိငယ် ရုပ်ရှင်



သွားကြည့်မလို့၊ အချိန်နည်းနည်း စောနေသေးတယ်၊ထိုင် ... ဆိုဖာပေါ်မှာ သွားထိုင်"

ကိုသက်ဦး ပြောမှပင် မိငယ်သည် ကြမ်းပြင်ကော်ဇောပေါ်မှထကာ ဆိုဖာတွင် သွားရောက်ထိုင်တော့သည်။

သူစိမ်းဖြစ်သော ထွန်းထွန်းရှေ့မှာမို့ မိငယ်ခြေလှမ်းမှားလေမည်လား၊ ဟန်ပျက်လေမည်လားဟု ကိုသက်ဦး အကဲခတ်ကြည့်နေသည်။

ခြေလှမ်းတစ်ချက်မမှား၊ ဟန်တစ်ချက်မပျက်ထဲ သူ့နဂိုအတိုင်း လျှောက်သွားကာ ဆိုဖာတွင် ထိုင်ချလိုက်သည်ကို တွေ့ရပါ၏။

ကိုသက်ဦးက နည်းနည်းပါးပါး ဖြီးလိမ်းဝတ်ဆင်ခဲ့ဟု မှာကြားသည့်အတိုင်း မိငယ်သည် အသင့်အတင့် ဖြီးလိမ်းလာခဲ့သည်။ ဝတ်ဆင်လာခဲ့သည်။ သူမ၏ သွေးသားကောင်းသလောက် ဝင်းဝါစွန်းစိုနေသော မျက်နှာလေးပေါ်တွင် မိတ်ကပ်ပါးပါးလေး တင်လာသည်။ ပင်ကိုနှုတ်ခမ်း ပန်းနုရောင် နှုတ်ခမ်းထက်ဝယ်၊ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးကိုပင် ထပ်ဆိုးခဲ့ဟန်တူသည်။ ပန်းနုသွေးနှင့် နှုတ်ခမ်းလေး စိုရောင်သမ်းနေသည်။ နဂိုမျက်ခုံးကိုပင် သွားပွတ်တံနှင့် ပွတ်ထားဟန်တူသည်။ ထူထူထဲထဲ မည်းမည်းနက်နက်နှင့် စင်ရော်တောင်ကွေး ပေါ်လွင်နေသည်။

အင်္ကျီမှာ တက်တရက်ရှန်အဝါပုပ် ရင်စေ့လည်ပိုင်းလေး ဝတ်ထားသည်။ လည်တိုင်မှ ရင်ညွှန့်စပ်အထိ သူမ၏ပင်ကိုအသားရောင်သည် အင်္ကျီအဝါပုပ်အရောင်ဖြင့် လိုက်ဖက်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ထဘီမှာ လေယာဉ်မောင် အမည်းပြောင် ဝတ်ဆင်ထားသည်။ အင်္ကျီအဝါပုပ်နှင့် အမည်းပြောင်မှာ လိုက်ဖက်စေကာမူ ဘာလို့များ တက်ထရက်ရှန်အဝါပုပ်ထဘီဖြင့် ဝမ်းဆက်မဝတ်လေသနည်းဟု ကိုသက်ဦး စိတ်ထဲတွင် မကျေမနပ်လေး ဖြစ်ရသေးသည်။

ထွန်းထွန်းသည် ဣန္ဒြေလေး ပျက်သည်အထိပင် ငေးကြည့်နေသည်။ ကြည့်၍လှသည်ထက် မိငယ်၏ရုပ်နှင့် ကိုယ်ဟန်လှုပ်ရှားမှုတို့သည် ဆွဲဆောင်မှုအပြည့် ရှိနေသည်။ လှသော မိန်းကလေးဆိုလျှင် ယောက်ျားလေးတွေ ကြည့်လေ့ရှိသည်။ သို့သော် လှသားပဲဟု စိတ်ထဲမှ မှတ်ချက်ချပြီး နှစ်ခါပြန်ထပ်မံ ကြည့်မိချင်မှ ကြည့်မိမည်။

ဆွဲဆောင်မှုရှိသောမိန်းကလေးမျိုးကျတော့ ယောက်ျားလေးတွေ ကိုယ့်ဟာကိုယ် မသိလိုက်မိဘဲ နှစ်ခါပြန် သုံးခါပြန် ကြည့်တတ်လေ့ရှိကြသည်။ မိန်းကလေးတွင်ဖြစ်စေ၊ ယောက်ျားလေးတွင်ဖြစ်စေ၊ လှသည်ကလှသည်တခြား၊ ဆွဲဆောင်မှုရှိသည်က ဆွဲဆောင်မှုရှိသည်တခြား ရှိနေတတ်သည်။

တချို့မိန်းကလေးများတွင် လှသည်ဟု မဆိုသာသည့်ကြားက ဆွဲဆောင်မှုရှိနေတတ်ကြပါ၏။ မိငယ်မှာတော့ လှသည်လည်း ပါရှိသည်။ သူမ၏အလှကို ဆွဲဆောင်မှုအင်အားက ပိုမိုထပ်မံ ဖြည့်စွက်ထားပြန်လေသေးသည်။

မိငယ်သည် အကယ်ပင် စိတ်ထဲရှိသည့်အတိုင်းပေလား၊ သို့တည်းမဟုတ် ဦးလေး ဒါရိုက်တာရှေ့မှောက်တွင် ဖြစ်



နေ၍ပေလားမသိ၊ ထွန်းထွန်းကို ပြန်ကြည့်သည်မဟုတ်မူ သူမဘာသာ ဆိုဖာတွင်ချရာ ရှေ့တူရူသို့ ကြည့်နေသည်။ ရံဖန်ရံခါ ဦးလေးဒါရိုက်တာရှိရာဘက်သို့သာ လှမ်းကြည့်ပေသည်။

"ကဲ ... ထွန်းထွန်း၊ မင်းလက်မှတ်နှစ်စောင် ပေးမယ်ဆို ပေးလေကွာ"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ အစ်ကိုဦး"

ထွန်းထွန်းသည် မိငယ်ကို ငေးကြည့်နေသည့်အချိန်မို့ လူမိသော ကျီးပမာ ပျာယီးပျာယာဟန်လေးဖြင့် သူ၏အိတ်ထဲမှ တင်ကြိုလက်မှတ် စာရွက်ဖြတ်ပိုင်းလေး ထုတ်ပေးတော့သည်။ တစ်လက်စတည်းပင် ထွန်းထွန်း ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော် လစ်ဦးမယ် အစ်ကိုဦး၊ သည်လက်မှတ်နဲ့ အစ်ကိုဦးနဲ့ မငယ်ငယ် သွားကြည့်ကြပေါ့၊ ကျွန်တော်လည်း နောက်တစ်စောင် အကြံအဖန် သွားလုပ်ကြည့်ဦးမယ်၊ ရရင် အစ်ကိုဦးတို့နဲ့ အတူတူ ကြည့်နိုင်အောင်လို့လေ"

ပြောပြောဆိုဆိုပင် ထွန်းထွန်းသည် ဧည့်ခန်းမှ ခတင်ထွက်ခွာသည်။ တံခါးပေါက်ရောက်လေမှ ခေတ္တရပ်တန့်ကာ မိငယ်ရှိရာသို့ လှမ်းကြည့်သည်။ မိငယ်ကလည်း ကျောပေးသွက်ခွာသွားပြီဟူသော သဘောဖြင့် ထွန်းထွန်း ထွက်သွားရာ လိုက်ကြည့်မိစဉ် ထွန်းထွန်းက ဖြုံးခနဲ ရပ်တန့်ပြီး မိငယ်ကို ပြန်အကြည့်နှင့် မျက်လုံးချင်း ဖျတ်ခနဲ ဆုံမိကြပြန်သည်။

"ကျွန်တော် မငယ်ငယ်ကို နှုတ်မဆက်မိလို့ပါ၊ ကျွန်တော် သွားပါဦးမယ် မငယ်ငယ်"

www.burmeseclassic.com

www.burmeseclassic.com



မိငယ်သည် အလိုလိုပင် ခေါင်းညိတ်ပြလိုက်ပါလေ၏။ ယခုတစ်ခါတော့ ဦးလေးဒါရိုက်တာအား လှမ်းကြည့်ပြီး မည်သို့ပြန်လည်ဖြေကြားရမည်လဲဟု မတောင်းခံပါလေတော့။

ဟိုက နှုတ်ဆက်သည်။ သည်က အလိုလိုခေါင်းညိတ်ပြလိုက်သည်မျိုး ဖြစ်သွားတော့သည်။

ဒါရိုက်တာသက်ဦးသည် ဤသို့သော အပြန်အလှန် အမူအရာလေးတွေကိုပင် ဂရုတစိုက် ကြည့်လိုက်မိပါသေး၏။

"မိငယ်"

"ရှင်"

"ရုပ်ရှင်သွားကြည့်မယ်လေ၊ အဝတ်အစား သွားလဲပါဦးလား"

"သည်အဝတ်အစား တော်တော်ကောင်းနေပြီပဲ ဦးလေးဒါရိုက်တာ၊ ထပ်ပြီးလဲရင် နိုင်ငံခြားဇာတွေ ချုပ်ထားတာပဲ ရှိတော့တယ်၊ ရုပ်ရှင်ကြည့်ရုံနဲ့ ဇာဝတ်ရမှာ နမြောစရာကြီး"

ကိုသက်ဦးက မိငယ်၏စကားကို ထောက်ခံသလို ခေါင်းညိတ်လိုက်မိသည်။

"ဒါဆို အင်္ကျီနဲ့ ဝမ်းဆက်ဖြစ်သွားအောင် ထဘီအဝါသွားဝတ်ပါလား မိငယ်"

မိငယ်က ကိုသက်ဦးအား မော့ကြည့်ကာ ခေါင်းညိတ်ပြသည်။ မိငယ် မော့ကြည့်လေမှ ကိုသက်ဦးသည် မိငယ်၏လည်တိုင်မှ ရင်ညွန့်စပ်အထိ ရှင်းရှင်းလေး ဝင်းဝင်းဝါဝါရှိနေသော အသားရောင်ကို သတိထား ကြည့်မိလိုက်သည်။



ကိုသက်ဦးသည် သူ့ဟာသူ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ ဦးခေါင်းတညိတ်ညိတ်ဖြင့် သူ၏အိပ်ခန်းဆီသို့ဝင်ရောက်သွားပေတော့သည်။

မိငယ်က ဦးလေးဒါရိုက်တာကိုစောင့်ရင်း ညေ့်စားပွဲအောက် အံထဲတွင် အသင့်ရှိနေသည့် ဓာတ်ပုံအယ်လ်ဘမ်ကြီးကို ဆွဲထုတ်ကြည့်ရှုနေသည်။

အယ်(လ်)ဘမ်ထဲတွင် ရှိနေသော ဓာတ်ပုံတို့မှာ များသောအားဖြင့် ဦးလေးဒါရိုက်တာ ရိုက်ခဲ့သည့် ဓာတ်ကားများမှ ဇာတ်ဆောင်ဇာတ်ပို့ ဇာတ်ရံတို့၏ ဓာတ်ပုံတွေ ဖြစ်ပေသည်။ မမမျိုးနန္ဒာ၏ဓာတ်ပုံတွေ အယ်(လ်)ဘမ်အရွက်တိုင်းလိုလိုတွင် ပါဝင်နေသည်ကို တွေ့ရပါ၏။

မိငယ်သည် အလွန်လှသော မမမျိုးနန္ဒာ၏ဓာတ်ပုံတွေကိုကြည့်ကာ စဉ်းစားနေမိသည်။

မမမျိုးနန္ဒာနှင့် ဦးလေးဒါရိုက်တာတို့ ကွာပြဲပြီးလမ်းခွဲကြခြင်းမှာ မိမိကြောင့်ပေလား။ အကယ်၍သာ ဦးလေးဒါရိုက်တာတစ်ယောက် မော်လမြိုင်ရောက်မလာဘဲ မိမိနှင့်မတွေ့ဆုံမိကြလျှင် မမမျိုးနန္ဒာနှင့် ဦးလေးဒါရိုက်တာတို့ မည်သို့မည်ပုံရှေ့ဆက်ကြပေမည်နည်း။

ဤသို့သော အတွေးလေးသည် မိငယ်၏ဦးခေါင်းဆီသို့ မကြာခဏ ရောက်လာတတ်သည်

စံပယ်ရုံဘေးတွင် ဦးလေးဒါရိုက်တာနှင့် မမမျိုးနန္ဒာတို့ အပြတ်ပြောဆိုသွားသည့် နောက်ပိုင်းမှစ၍ အတွေးလေးမျိုး မိငယ်၏ဦးခေါင်းထဲသို့ ဝင်လာတတ်သည်မှာ အကြိမ်ပေါင်းမရေတွက်နိုင်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မိငယ်"

အတွေးကြော နစ်မြောနေသည်မှာ မည်မျှကြာသွားသည်မသိ။

ဦးလေးဒါရိုက်တာပင် ရေမိုးချိုး အဝတ်အစားလဲကာ ထွက်လာပြီး မိငယ်၏အမည်ကို ခေါ်လိုက်မှ မိငယ်က အယ်(လ်)ဘမ်ကြည့်နေရာမှ မော့လိုက်သည်။

"ရော့ ... ဒါလေး လည်ပင်းမှာ ဆွဲထားစမ်း"

ဦးလေးဒါရိုက်တာသည် ဆွဲကြိုးတစ်ကုံး လှမ်းပေးနေခြင်း ဖြစ်ပါ၏။

ရွှေဆွဲကြိုးလေး ဖြစ်ပါ၏။ ယိုးဒယားဘတ်ကြိုးလေး ဖြစ်ပါ၏။ လော့ကက်မှာ မန်ကျည်းစေ့ခန့် ရွှေပင့်ကူရုပ်လေး ဖြစ်ပေသည်။ ပင့်ကူ၏မျက်လုံးနှလုံးမှာ နီရဲနေသော နှမ်းစေ့ခန့် ပတ္တမြားလေးနှစ်လုံး တပ်ဆင်ထားပေသည်။

"အဲဒါ ရွှေအစစ်လား ဦးလေးဒါရိုက်တာ"

"လျှာမရှည်နဲ့ မိငယ်၊ ဆွဲထားဆို ဆွဲထားလိုက်ပေါ့၊ အေး... ဦးလေးဟာ ဘယ်တော့မှ အတုကို မကိုင်တွယ်ဘူး၊ အတုဆို မုန်းလွန်းလို့၊ သည်ပစ္စည်းဟာ မေမေ့ရဲ့ ရတနာသေတ္တာလေးထဲက ရွေးထုတ်လာတာ၊ မိငယ်မှာ လည်ပင်းဟောင်းလောင်းကြီးနဲ့ဆိုရင် သူများကဲ့ရဲ့လိမ့်မယ်၊ ဦးလေး မွေးထားတဲ့ မင်းသမီးမှာ ဘာမှမရှိဘူးဆိုတာတွေ့ကြရင် ဦးလေးမှာလည်း သိက္ခာကျတယ်၊ ရော့... ဆွဲထားစမ်း"



မိငယ်သည် လှမ်းယူပြီး လည်ပင်းတွင် ဆွဲလိုက်ပါ၏။ သို့သော် ခေါင်းစွပ်၍ဆွဲနိုင်အောင်ရှည်သော ဆွဲကြိုးမျိုးမဟုတ်။ တစ်စနှင့်တစ်စ ခလုတ်လေးသွင်းပြီး ဆွဲရသော ဆွဲကြိုးမျိုးဖြစ်သည်။

မဝတ်ဖူးသူ၊ မကိုင်ဖူးသူဟု ဆိုချင်ဆိုပါ။ မိငယ်အမှန်ပင် ခလုတ်ကျအောင် မသွင်းတတ်ရှာပေ။

"ဦးလေးဒါရိုက်တာ မိငယ် မလုပ်တတ်ဘူး"

ကိုသက်ဦးကပင် မိငယ်၏နောက်ကျောဘက်တွင် သွား၍ရပ်လိုက်သည်။ မိငယ်၏နောက်ဘက် လည်ကုပ်သားလေးပေါ်မှ ခလုတ်လေးကို ကိုသက်ဦး သွင်းပေးသည်။

"ဦးလေးမှာ သက်သက်မွန် ဆိုတဲ့ ညီမလေးတစ်ယောက် ရှိခဲ့ဖူးတယ်၊ အခုထိသာ ညီမလေးသက်သက်မွန် အသက်ရှင်နေမယ်ဆိုရင် မျိုးနန္ဒာတို့အရွယ်လောက် ရှိနေရောပေါ့၊ ဒါပေမဲ့ ညီမလေးက အသက်မရှည်ရှာဘူး၊ အသက်ဆယ့်သုံးနှစ်သမီး အရွယ်မှာ ဆုံးသွားရှာတယ်၊ ရော့ ... ဟောသည်လက်စွပ်လေး ဝတ်ကြည့်စမ်းဦး၊ ညီမလေး အသက်ဆယ့်သုံးနှစ်ထိ ဝတ်ခဲ့တာဆိုတော့ မိငယ်နဲ့ဆိုရင် လက်စွပ်ကွင်း ကျဉ်းနေမလား မပြောတတ်ဘူး၊ ဒါပေမဲ့ ညီမလေးက လက်ချောင်းလေးတွေ တုတ်တယ်၊ မိငယ်က လက်ချောင်းသွယ်တော့ တော်ချင် တော်လိမ့်မယ်"

အလယ်တွင် စိမ်းနေသော လေးထောင့်စတုရန်းမြလေးတစ်လုံး တင်ထားပြီး ဘေးမှ ဟိုဘက် သည်ဘက် စိန်လေးလုံးစီ ရံထားသော စိန်နှင့်မြ လက်စွပ်လေးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ကြည့်လေ ... မိငယ်"

မိငယ်သည် မြလေးကစိမ်းပြီး စိန်လေးတွေက တောက်ပနေသော လက်စွပ်လေးကို ချက်ချင်းမယူသေးဘဲ ငေး ကြည့်နေမိသည်။

မိငယ်နားထဲတွင် မော်လမြိုင်တုန်းက ဆိုင်နီးနား ချင်း မုန့်ဟင်းခါးသည် အေးမိ၏စကားကို နားထဲကြားယောင် လာမိသည်။

"သတိထားနော် မိငယ်၊ တချို့ စိုက်ဆံရှိတဲ့ အဲသည်လို လူကြီးတွေဟာ နင်တို့ ငါတို့လို ဆင်းရဲတဲ့ အပျိုလေးတွေ ကို မော်တော်ကားကြီးပြ၊ ရွှေတွေ ငွေတွေပြပြီးနဲ့ အချောင် ကြံတတ်ကြသတဲ့"

ယခု ဦးလေးဒါရိုက်တာသည် မိငယ်အား စိန်တွေ ရွှေတွေ ဆင်မြန်းပေးနေပြီ။

"အို ... ဦးလေး ဒါရိုက်တာဟာ သည့်လိုလူစားမျိုး မဟုတ်ဘူး၊ ရန်ကုန်ရောက်ကတည်း သူ့အိမ်ပေါ်မှာတောင် ငါ့ကိုခေါ်ထားတာ မဟုတ်ဘူး၊ နောက်ပြီး ငါ့ကိုလည်း အရောတဝင် မနေပါဘူး၊ ငါ့ကို အရောမဝင်လို့တောင် ငါ့မှာ ခဏ ခဏ ဝမ်းနည်းရသေးတာ၊ အေးမိ ပြောသလို အချောင်ကြံချင်ရင် ကြာလှပြီ ကြံပြီးတာ၊ ပြီးတော့ ငါ ကိုယ်တိုင်ကတောင် ဦးလေးဒါရိုက်တာ အရောဝင်တာကို သိပ်လိုလားတာ၊ အေးမိ ပြောသလို ဘယ်နည်းနဲ့မှမဟုတ် ဘူး၊ အခုလည်း လမ်းထွက်ရင် ငါ့ဂုဏ်မငယ်စေချင်လို့ ဦးလေးဒါရိုက်တာမှာလည်း သိက္ခာမကျချင်လို့ ဒါတွေပေး



ဝတ်တာ၊ ဦးလေးဒါရိုက်တာရဲ့ စေတနာကို ငါ တလွဲထင် ရင် ငါပဲ ငရဲကြီးမှာ"

"ဟဲ့ ... မိငယ်၊ ဘာငိုင်နေတာလဲ၊ ဘာလဲ ဆွဲကြိုးတို့၊ လက်စွပ်တို့ မဝတ်စဖူးဝဘ်ရလို့ ကြောင်နေသလား၊ ဒါမှ မဟုတ် ဒါတွေပေးဝတ်နေတာ ဦးလေးရဲ့စေတနာ သန့်မှ သန့်ရဲ့လားလို့ တွေးနေသလား၊ စိတ်ချ မိငယ်၊ ဒါတွေ နင့်ကို အလကားမပေးဘူး၊ အခု ဝတ်ထား၊ နောင်တစ် နေ့ နင် အောင်မြင်လာပြီး လက်ဝတ်လက်စားအသစ်တွေ ဝယ်နိုင်ရင် ဒါတွေ ဦးလေးကို ပြန်ပေးရမှာ၊ သည်ပစ္စည်း တွေဟာ ဦးလေး အင်မတန် အမြတ်တနိုး သိမ်းထားတဲ့ ညီမလေးရဲ့ပစ္စည်းတွေလို့ ပြောပြပြီးပြီ မဟုတ်လား၊ ကဲ ... လာ၊ ဦးလေးဝတ်ပေးမယ်"

ကိုသက်ဦးက မိငယ်၏လက်ထဲ လက်ဖဝါးလေးကို လှမ်းဆွဲယူလိုက်သည်။ လက်ခလယ်ချောင်းလေးကိုကိုင်ကာ လက် စွပ်ကွင်းလေး သွင်းလိုက်ပါ၏။

"ဟ ... တိုင်းလုပ်ထားတာ ကျနေတာပဲ၊ တစ်ခါတည်း အနေတော်ပဲ၊ ဦးလေး ပြောသားပဲ၊ ညီမလေးက လက် ချောင်းတုတ်တော့ မိငယ်ရဲ့လက်ချောင်းသွယ်သွယ်နဲ့ဆို ရင် ကွင်းအနေတော် ဖြစ်မှာလို့"

ဘာပြောပြော မိငယ် ရင်ထဲတွင် တဒိန်းဒိန်းလေး များ အဆက်မပြတ်ခုန်အောင် ခံစားရသည်ကတော့ အမှန်ပင်။

ခုနက ဆွဲကြိုးလေးပေးစဉ် ဦးလေးဒါရိုက်တာသည် မိငယ်၏နောက်ကျောဘက်တွင် နီးကပ်စွာရပ်ခဲ့သည်။ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ၏ ရင်ခွင်သို့ မိမိကျောပြင်ကျရောက်သည့်နှယ် ခံစားရသည်။ သည်ကြားထဲ ဆွဲကြိုးခလုတ်တပ်ရာတွင် ဦးလေးဒါရိုက်တာ၏လက်ချောင်းထိပ်လေးများသည် မိငယ်၏ လည်ကုပ်သားလေးများကို တို့တို့ထိထိဖြင့် ယားကျိကျိလေး ခံစားရပြန်သည်။ ယခုတစ်ဖန် ဦးလေးဒါရိုက်တာကိုယ်တိုင် မိမိလက်ကို ဆွဲကိုင်ကာ တယုတယ လက်စွပ်ဝတ်ပေးသောအခါ မိငယ်၏ ရင်ထဲတွင် စောစောကတည်းက တဒိန်းဒိန်း ခုန်ခဲ့ရာမှ ယခု အဆက်မပြတ် ထပ်ခုန်ရပြန်သည်။

ယခုအချိန်ထိ မည်သည့်ယောကျ်ားပျို တစ်ဦးနှင့်မျှ မနီးစပ်ခဲ့သည်ရော၊ ဤသို့နှယ် ယောကျ်ားပျိုတစ်ဦး၏ တယုတယ ပြုမူပေးသည်ရော၊ နောက်ပြီး ဦးလေးဒါရိုက်တာက မိမိအပေါ်တွင် ထားရှိသော စေတနာတွေကြောင့်ရော၊ မိငယ် ရင်မခုန်ဘဲ မခံနိုင်တော့ပြီ။

ယခု မိငယ် ရင်ခုန်ရသည်မှာ ထိတ်လန့်ကြောက်ရွံ့၍ ခုန်ရသည်မျိုးမဟုတ်။ ကြည်နူးကျေနပ်ရသော ရင်ခုန်ခြင်းဖြစ်ပါ၏။ ဤရင်ခုန်ခြင်းမျိုးသာလျှင် မိငယ်သည် အမြဲပင်ရင်ခုန်ချင်စိတ်လေးများ ဖြစ်ပေါ်လာပါ၏။

ဦးလေးဒါရိုက်တာက ကျကျနန ဝတ်ပေးပြီး မိငယ်လက်ကို လွှတ်ပေးလိုက်သည်။

မိငယ်၏မျက်ဝန်းတို့သည် ဦးလေးဒါရိုက်တာကိုပင် မမိတ်မသုန် ကြည့်နေမိသည်။

"ဟဲ့ ... ကောင်မလေး၊ ဘာငေးနေတာလဲဟင်၊ လာ ... ရုပ်ရှင်သွားကြစို့တော့"



ပြောပြောဆိုဆို ကိုသက်ဦးသည် မိငယ်ကိုကျောပေးကာ ထွက်ပေါက်ဆီသို့ ခြေလှမ်းပြင်လိုက်သည်။

"ဦးလေး ဒါရိုက်တာ"

ကိုသက်ဦး နောက်ပြန်လှည့်သည်။ မိငယ်က လက်စွပ်ဝတ်ထားသော လက်ချောင်းလေးကို ထောင်ပြရင်း ...

"လက်စွပ်ဆိုတာ လက်သူကြွယ်မှာ ဝတ်ရတာ မဟုတ်လားဟင်"

"တောသူမ မှတ်ထား၊ လက်သူကြွယ်မှာ ဝတ်တယ်ဆိုတာ အသက်ကြီးသူတွေ ဝတ်တယ်၊ မိန်းမပျိုလေးတွေတချို့ လက်သူကြွယ်မှာ ဝတ်တာက စေ့စပ်ကြောင်းလမ်းထားသူဖြစ်ဖြစ်၊ လက်ထပ်ပြီးသူဖြစ်ဖြစ် သူ့အမျိုးသားက ပေးဝတ်ထားတာမျိုးမှ လက်သူကြွယ်မှာ ဝတ်ရတယ်၊ နားလည်ပလား"

"သြော် ... သြော် ... ဂလိုကိုး"

ဟု မိငယ်က ကာတွန်းဆရာ တင်အောင်နီ၏ ...ပြာလောင်လေမျိုးဖြင့်ပြောကာ ပြုံးလိုက်လေတော့သည်။

ဦးဘစိမ်းကို ကားမောင်းစေပြီး ကိုသက်ဦးကရှေ့...ထိုင်သည်။ မိငယ်ကို နောက်ခုံတွင် ထိုင်စေပါ၏။

သမ္မတရုံရောက်သော် လာကြိုရန် အချိန်မှာကြားပြီး ...စိမ်းကို ပြန်လွှတ်လိုက်သည်။

ကြိုတင်လက်မှတ်ကို ရှီးရှီးလက်မှတ်နှင့် ပြန်လဲ၍ ... ခုံနံပါတ်မှာ ဘီအတန်း(၁၂,၁၃)ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ်သည် ကားပေါ်မှ ဆင်းကတည်းက တန်းစီနေသော လူတန်းရှည်ကြီးကို ထိုးဖောက်ဝင်ရောက်ရန် ထိတ်လန့်နေပြီး ကိုသက်ဦး၏ရှေ့မှလည်းမသွား၊ နောက်မှလည်း မလိုက်ရဲဘဲ ကိုသက်ဦးနှင့်အတူ ဘေးချင်းယှဉ် လျှောက်တော့သည်။

နှုတ်မစောင့်စည်းသော လက်မှတ်တန်းစီ လူငယ်တစ်သိုက်ဆီမှ ကိုသက်ဦးနှင့် မိငယ် ယှဉ်တွဲလာသည်ကို ပေါက်ကရပြောသံလေးတွေ ထွက်လာတော့သည်။

"ကျီးကန်း ဘဲဥချီလာပါလားဟေ့"

"မဟုတ်ဘူးကွ၊ တောကျီးကန်းကြီး ငွမ်းဖတ်ရလေးချီလာတာကွ၊ ဟား ဟား ဟား"

"သားအဖတော့ မဖြစ်နိုင်ဘူးကွာ၊ ရုပ်ချင်းလုံးဝတူမှ မတူတာ၊ အေး ... တူဝရီး ဖြစ်ချင်ဖြစ်မှာ၊ မောင်နှမတော့ မဖြစ်နိုင်တာ သေချာတယ်"

ဘေးအမြင် ဝေဖန်ချက်တွေအားလုံးကို ကိုသက်ဦးကြားပါ၏။ စိတ်မဆိုးသည့်ပြင် သူတို့ဝေဖန်ချက်တွေအပေါ်တွင် သတိထားရမည့် အချက်လေးတွေ ပါရှိနေသည်ကိုပင် ကိုသက်ဦး မှတ်ယူလိုက်သည်။

မိငယ်က ယခုမှ ၁၇ နှစ်။ မိမိက ၃၉ နှစ်ထဲဝင်လေပြီ။ အသက်ချင်း ၂၂ နှစ်နီးပါး ကွာခြားသည်။ မောင်နှမအရွယ်ပင် မဖြစ်နိုင်။ သားအဖအရွယ်။ တူဝရီးအရွယ်မျိုး ဖြစ်နေသည်။

ပြီး မိငယ်က ရန်ကုန်ရောက်လာပြီးမှ ဖြူဝင်းပြီး အလှတွေ တိုးလာသည်။ မိမိက အသားညိုသည်။ ရှည်သွယ်သွယ်



ခန္ဓာကိုယ်မျိုးရှိသည်။ မိငယ်နှင့် တွဲလျှောက်လာသည်ကို တောကျီးကန်း ငွမ်းဖတ်လေး ချီ၍လာသည်ဟု သူတို့မြင်ကြသည်မှာ မဆိုး။

မည်သို့ဆိုစေ မိငယ်နှင့် မိမိသည် ပရိသတ်မြင်ကွင်းတွင် မလိုက်ဖက်သည်မှာ သေချာသည်ဟုသာ ကိုသက်ဦး ကျိတ်၍ ကောက်ချက်ချမိတော့သည်။

လက်မှတ်လဲပြီး လေ့ကားအတက် တစ်လျှောက်လုံးတွင် နံရံကပ်မှန်တွေ အပြည့်ရှိနေသည်။ ကိုယ့်ရုပ်ကို မလွဲမသွေ မျက်နှာချင်းဆိုင် မှန်များထဲတွင် မြင်ရပါ၏။ မိငယ်ကလည်း ကိုသက်ဦး၏လက်မောင်းအင်္ကျီစကိုပင် ဆုပ်ကိုင်ပြီး ဘေးမှ ယှဉ်တွဲလျက် ပါလာခြင်းမျိုးဖြစ်သည်။

မှန်ထဲတွင် ပေါ်လွင်နေသောရုပ်ကို ကြည့်ကာ ကိုသက်ဦး ထပ်မံသက်ပြင်းချမိရပြန်သည်။ အင်း ... တောကျီးကန်းကြီး ငွမ်းဖတ်လေး ချီလာတာပါလား။

ခုံအမှတ်(၁၂)တွင် မိငယ်ကိုထိုင်စေပြီး ခုံအမှတ်(၁၃)တွင် ကိုသက်ဦး ဝင်ထိုင်လိုက်သည်။ ကိုသက်ဦးနှင့်ကပ်ရပ် ခုံအမှတ်(၁၄)တွင် လူရွယ်တစ်ယောက်က ထိုင်လျက်သား ရှိနေသည်။ မိငယ်နှင့် ဟိုဘက်ခုံကပ်လျက် နံပါတ်(၁၁)တွင် လူမရောက်သေး။ ထို့ကြောင့် မိငယ်ကို(၁၂)တွင် ထိုင်စေခြင်းဖြစ်ပါ၏။

မိငယ်အဖို့ သမ္မတရုံ၏ ခမ်းနားမှုမှာ အဆန်းဘကြယ် ဖြစ်နေပုံရသည်။ လေ့ကားအတက်တွင် နံရံမှ အကောင်းဘးမှန်ကြီးတွေကိုကြည့်ပြီး မိငယ် ပါးစပ်အဟောင်းသားလေး ဖြံသြရသည်။ ရုံထဲရောက်ပြန်တော့ အခြား မည်သည့်ရုပ်ရှင်ရုံ

www.burmeseclassic.com

www.burmeseclassic.com



နှင့်မှုမတူ။ ထိုင်ခုံတွေကို လ,ခြမ်းသဏ္ဍာန်ထားရှိပြီး ဆိုဖာတွေက အိစက်နေသည်ကိုလည်း မိငယ် သဘောကျပုံ ရနေသည်။

"ဦးလေး ဒါရိုက်တာ"

"ဟင်"

"ရုံကြီးက သိပ်ကောင်းတာပဲနော်"

"အင်း"

"အခု မိငယ်တို့ကြည့်တာ တစ်ယောက်ကို ဘယ်လောက်ပေးရသလဲဟင်"

"ရှစ်ကျပ်"

"အယ် ... များလိုက်တာ၊ နှမြောစရာကြီး ရှစ်ကျပ်ဆိုရင် လိုင်းမကျူးတစ်ပုလင်း ဝယ်လို့ရတယ်"

"အဲဒါ ထွန်းထွန်း ဝယ်ပေးတာ"

"အဲသည် ကိုထွန်းထွန်းဆိုတဲ့သူက သူဌေးလားဟင်"

"သူ့မိဘတွေက ချမ်းသာတယ်၊ သားကလည်း သူတစ်ယောက်တည်းရယ်"

"ဒါဆိုရင် အဲသည်လူဟာ သိပ်ဆိုးမှာပဲ"

"ဘာဆိုင်လဲ"

"အိုး ... မိဘကချမ်းသာပြီး သည်လိုသားတစ်ယောက်တည်း ရှိတယ်ဆိုတဲ့ လူမျိုးဟာ အမြဲဆိုးတတ်တာပဲ မဟုတ်လား ဦးလေးဒါရိုက်တာ"

ကိုသက်ဦးက ဘာမျှ ပြန်မဖြေတော့။ သို့သော် ကိုသက်ဦး ဆက်၍စဉ်းစားနေသည်။ မိငယ်သည် ထွန်းထွန်းကို စိတ်ဝင်စားသွားပြီလားဟူ၍။



ထိုသို့စဉ်းစားလိုက်မိသည်နှင့် ကိုသက်ဦး ရင်ထဲတွင် ဟာတာတာ ဖြစ်သွားသည်ဟု ထင်သည်။

သည်ကြားထဲမှာပင် မိငယ်သည် စကားပြောရာ၌ ကိုယ်လုံးလေးကိုစောင်းကာ ဦးခေါင်းလေးက ကိုသက်ဦးဘက်သို့ လှည့်၍ အသံမကျယ်စေရန် မျက်နှာလေး တိုးကပ်ပြောသဖြင့် မိငယ်ထံမှ ကိုယ်သင်းနံ့လေးများ ဝေ့ခနဲ ဝေ့ခနဲ ကိုသက်ဦးထံ လွင့်ပါးလာလေသည်။

မိငယ်ထံမှ ကိုသင်းနံ့လေးကို ရှူရှိုက်ရင်း "ငါကိုယ်တိုင် မိငယ်ကို စိတ်ဝင်စားနေပြီလား"ဟု ကိုသက်ဦးသည် သူ့ဘာသာ စဉ်းစားနေမိသည်။ ရင်မောရပါလား မိငယ်ရယ်။

"ဟေး ... အစ်ကိုဦး၊ ကျွန်တော် ခုံနံပါတ်ဆယ့်တစ်ရလာခဲ့တယ်၊ ထိုင်မယ်နော် မငယ်ငယ်"

ကိုသက်ဦးသည် ဘွားခနဲရောက်လာသော ထွန်းထွန်းကို တအံ့တသြ ကြည့်နေမိပါ၏။ ထွန်းထွန်းသည် ဘယ်လိုအကြံအဖန်နှင့် ခုံအမှတ်(၁၁)ကိုရအောင် ကြံဆောင်လာပါလိမ့်။ ဖြစ်နိုင်သည်မှာ ခုံနံပါတ်(၁၁)ရထားသူကို မရမကရှာဖွေပြီး သူ့နည်းသူ့ဟန်ဖြင့် အရဝယ်ယူလာသည်ပဲ ဖြစ်မည်။ ကနဦး(၁၁)ရထားသူကလည်း လူရွယ်တစ်ဦး ဖြစ်ချိမ့်မည်။ ခုခေတ်လူငယ်တွေသည် သူတို့အထာနှင့် သူတို့အချင်းချင်း သိသိမသိသိ နားလည်မှုယူပြီး လွယ်ကူလိုက်လျောတတ်သည်။

ယင်းသို့သော ထွန်းထွန်း ခုံအမှတ်(၁၁)ကို မရမကဝယ်ယူလာသည်ပင် ကိုသက်ဦး ဆက်၍ စဉ်းစားကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်များ ထွန်းထွန်းသည် ယခု(၇)နာရီ ခွဲပွဲကို မရမက ယူပေးသနည်း။ ခုံအမှတ်(၁၁)ကို ရယူဖို့အရေး၌ ထွန်းထွန်းသည် ရှစ်ကျပ်တန်လက်မှတ်ကို အဘယ်မျှလောက် အထိ ပေးဝယ်ခဲ့လေသနည်း။ ကြည့်ပြီးသားရုပ်ရှင်ကို ယခုပွဲကိုမှ ထပ်မံပြီး ကြည့်ချင်လွန်းနေသော ထွန်းထွန်းတွင် ရုပ်ရှင်ကောင်း တစ်ခု ထပ်မံကြည့်ဖို့ထက် အခြားရည်ရွယ်ချက်တစ်ခုခု ရှိနေ သေးသည်လား။ ကြည့်ပြီးသားရုပ်ရှင်ကို ထပ်မံကြည့်ဖို့အတွက် သာဆိုလျှင် ယခုပွဲမရလည်း နောက်တစ်နေ့ ပွဲလေးပွဲတွင် တစ်ပွဲပွဲ ကြည့်နိုင်သည် မဟုတ်လား။

ထွန်းထွန်းက ထိုင်မယ်နော် မငယ်ငယ်ဟု ပြော ပြောဆိုဆို ထိုင်ချလိုက်သည်နှင့် မိငယ်သည် ကိုသက်ဦးရှိရာဘက် သို့ သူမ၏ ကိုယ်လုံးလေး စောင်းငဲ့ထားလိုက်သည်ကိုလည်း ကိုသက်ဦး သတိထားမိလိုက်သေးသည်။

ထိုစဉ်မှာပင် တစ်ရုံလုံးဟိန်းပြီ နားဝင်ချိုလှသော မြန်မာ့ဆိုင်းဝိုင်းသံတီးလုံး ပေါ်ထွက်လာသည်။ သမ္ဘတရုံကြီး၏ ယခုပွဲပြတော့မည်ဟူသော သင်္ကေတ ပဏာမတီးလုံးသံ ဖြစ်တော့ သည်။

"ကျွန်တော် အပြင်ခဏ ထွက်ဦးမယ်နော် အစ်ကိုဦး"

ဟု မိငယ်ကို ကိုယ်တစ်ခြမ်းကျော်အောင်ကိုင်းပြီး ကိုသက်ဦးကို လှမ်းပြောရင်း ထွန်းထွန်းသည် ထိုင်ရာမှ ထသွား ပြန်တော့သည်။

"ဦးလေးဒါရိုက်တာ"

"ပြော"



"နေရာချင်း လဲရအောင်လေ၊ မိငယ် အဲသည် ကိုထွန်းထွန်း နဲ့ ကပ်ထိုင်ရတာ အနေကျုံ့သလိုချည်း ဖြစ်နေလို့"

ထိုသို့ မိငယ် ပြောလိုက်သည်ကို ကိုသက်ဦး ရင် ထဲတွင် ကျေနပ်သလို ခံစားလိုက်ရပြန်သည်။ သို့သော် နေရာပြောင်း လိုက်၍ ဘယ်လိုမှ မသင့်တော်သော အချက်နှစ်ချက်ကို ကိုသက်ဦး ဖျတ်ခနဲ တွေးလိုက်မိသည်။

ပထမအချက်မှာ ထွန်းထွန်း ရောက်လာပြီးမှ နေရာ ပြောင်းခြင်းအားဖြင့် မိမိအနေနှင့် ထွန်းထွန်း၏အမြင်တွင် သိက္ခာ ကျဖွယ်ဖြစ်မည်မှာ သေချာသည်။

ဒုတိယအချက်မှာ ကိုသက်ဦးနှင့်ကပ်လျက် ဟို ဘက်ခုံ(၁၄)နံပါတ်မှ လူကလည်း ထွန်းထွန်းတို့အရွယ် ချာတိတ် လူငယ်ပင် ဖြစ်နေသည်။ ထွန်းထွန်းနှင့်ကပ်လျက် မိငယ်ထိုင်နေ သည်ကမှ ကိုယ့်လူအချင်းချင်း တော်ဦးမည်။ သည်ဘက်ပြောင်း လိုက်လျှင် ရင်ကြီး ကျားထက်ဆိုးကိန်း ဆိုက်သွားမှာလည်း ကိုသက်ဦး ပူပန်မိရသေးသည်။

"အဲသည်မှာပဲ ဆက်ထိုင်နေ မိငယ်၊ အဲသည်ခုံမှာ ထွန်း ထွန်း မဟုတ်လည်း သည့်ပြင်လူတစ်ယောက် ထိုင်မှာပဲ၊ ထွန်းထွန်း ထိုင်တာကမှ ပိုပြီးကောင်းသေးတယ်"

"အင်းနော် ... ဦးလေးဒါရိုက်တာ ကျေနပ်လို့ မိငယ် ဆက်ထိုင်တာလို့ ဦးလေးဒါရိုက်တာ သိထားနော်"

မိငယ်၏ ပြောပုံလေသံလေးမှာ တစ်မျိုးပါလားဟု ကိုသက်ဦး ခံယူနားလည်လိုက်ရပြန်သည်။ သို့စေကာမူ ကိုသက် ဦးသည် ဘာမျှမပြောတော့ပေ။ မြန်မာ့အသံတီးဝိုင်းအပြီးတွင်

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆလိုက်တွေ တစ်ခုပြီးတစ်ခု ပိတ်ကားပေါ်တွင် ထိုးပြနေသည်ကိုသာ ငေးကြည့်နေမိတော့သည်။

ဆလိုက်ကြော်ငြာတွေအပြီးတွင် နိုင်ငံတော်အလံလွှင့်ထူရင်း အလံတော်သီချင်းသံ ထွက်လာသည်။ တစ်ရုံလုံးထပြီး အလံတော်ကို အလေးပြုကြသည်။

မတ်တတ်ရပ်၍ အလံတော်ကို အလေးပြုနေစဉ် မိငယ်ကို ကိုသက်ဦး မသိမသာ စောင်းငဲ့အကဲခတ်ကြည့်လိုက်သည်။

မိငယ်၏ မျက်လုံးအစုံသည် အလံတော်ဆီသို့ ဦးတည်ကြည့်ခြင်းမရှိဘဲ ဝင်ပေါက်ဆီသို့ စောင်းငဲ့ကြည့်နေသည်ကို ကိုသက်ဦး တွေ့ရပေသည်။ အလံတော်ကိစ္စပြီးသည်နှင့် လူတွေအားလုံး ပြန်ထိုင်သည်။ ရုံထဲတွင် မီးအလင်းတွေကိုမှိတ်ပြီး ထရေလာခေါ် အပိုကားနှင့် သတင်းကားတွေ စတင်ပြပေသည်။

"ဦးလေးဒါရိုက်တာ"

"ဘာလဲ မိငယ်"

"ဟို ... ကိုထွန်းထွန်း ဆိုတဲ့လူလေ။ မှောင်မှောင်စုတ်စုတ်နဲ့ သူ့နေရာသူ ပြန်လာတတ်ပါ့မလား မသိဘူးနော်"

"မပူနဲ့ မိငယ်၊ ထွန်းထွန်းတို့က သမ္မတရုံခေါင်မိုးကနေပြီး မြေကြီးထဲက ကြွက်တွင်းထဲအထိ သွားလာတတ်တာတွေ၊ ကိုယ့်ဟာကိုယ် ရုပ်ရှင်ကြည့်မှာ ကြည့်စမ်း မိငယ်၊ ထွန်းထွန်း ပြန်မလာတတ်မှာ သိပ်စိတ်ပူနေရင် သူ ပြန်ထွက်သွားကတည်းက မိငယ်က အဖော်အဖြစ်နဲ့ လိုက်သွားဖို့ကောင်းတာပေါ့"



"အို ... ဘာဆိုင်လို့ လိုက်ရမှာလဲ"

"မသိဘူးလေ၊ စိတ်ပူရင် လိုက်သွားလို့ ဦးလေးက အကောင်းပြောတာ"

"ဟွန်း ... အဲသည်လိုမပြောနဲ့ ဦးလေးဒါရိုက်တာ၊ မိငယ်က သူ့ကို စိတ်ပူလို့ပြောတာ မဟုတ်ဘူး၊ သူ့ဟာသူ မီးမှောင်ပြီး သည်ကို ပြန်မလာတတ်ဘဲနေရင် သိပ်ကောင်းမှာပဲလို့ ပြောချင်တာ"

ဟင်းခနဲ ကိုသက်ဦး သက်ပြင်းကြီးချရပြန်လေပြီ။ ဘိသက်ဦး အနေနှင့် မိမိကိုယ်ကို အလွန်တရာပင် ကလေးဆန်သွားလေသည်ပြီလားဟူ၍လည်း ချက်ချင်း ပြန်ဆန်းစစ်မိတော့သည်။ တစ်ဆက်တည်းမှာပင် ကိုသက်ဦးသည် မိမိကိုယ်ကို ဘစ်သက်လုံး၌ တစ်ခါဖူးမျှ မဖောက်ပြန်ဘူးသော စိတ်တစ်ခုသည် ယခု ဖောက်ပြန်နေလေသည်လားဟူ၍လည်း ကို ၌ကိုယ် ဘိယ် ပြန်၍စစ်တမ်းထုတ်မိပြန်လေတော့သည်။

ထိုစဉ်မှာပင် ရုံးမှ တာဝန်ကျသမား အကူအညီ ယူးဝမယူဘဲ ထွန်းထွန်းသည် ကိုယ့်နေရာမှန် ခုံအမှတ်(၁၁)သို့ ပြန်ရောက်လာသည်။

"ရော့ ... မငယ်ငယ်၊ သရက်ချိုတို့ မရမ်းချိုတို့ရော၊ ချော့ကလက်ရော၊ ဖရုံစေ့လှော်ရော၊ ရုပ်ရှင်ကြည့်ရင်း အပျင်းပြေဝါးရတာပေါ့၊ ရော့ ... အစ်ကို့အတွက်ရော"

ထွန်းထွန်းက မိငယ်ကိုလည်း လှမ်းကမ်းပေးသည်။ ကိုသက်ဦးကိုလည်း လက်တစ်ဖက်ကျော်ကာ ကမ်းပေးသည်။ ကိုသက်ဦးက ဣန္ဒြေမပျက်ပင် လှမ်းယူထားလိုက်ပါ၏။ မိငယ်

www.burmeseclassic.com

www.burmeseclassic.com



က ထွန်းထွန်းပေးသည် မယူဘဲ ကိုသက်ဦးဘက်သို့ ဦးခေါင်းငုံ့ထားသည်။

"ရော့ဗျာ ... မငယ်ငယ်"

"ဟင့်အင်း"

"ယူလိုက်လေ မိငယ်"

ဟု ကိုသက်ဦးက သံပြတ်နှင့် ပြောလိုက်မှ မိငယ်သည် ထွန်းထွန်းလက်မှ အထုပ်တွေကို ယူပေသည်။ လက်စသတ်တော့ ကိုထွန်းထွန်း အပြင်တစ်ခေါက် ပြန်ထွက်သွားသည်မှာ မိမိတို့ အပျင်းပြေစားဖို့ သွားဝယ်တာပါလားဟု မိငယ် နားလည်ရပါ၏။

ဇာတ်လမ်းစတင်ပေပြီ။

ဥရောပမှ ဘုရင့်သားတော် မင်းသားတစ်ပါးသည် သဘော်အရာရှိငယ်အဖြစ် ဂျပန်ပြည် ရောက်လာသည်။ ဂျပန်မှ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနှင့် ဥရောပသံရုံးမှ ပုဂ္ဂိုလ်တွေ ဘုရင့်သားတော်ကို ကြိုဆိုကြသည်။ ဥရောပသံရုံးတွင် တည်းခိုသည်။ မင်းသား သွားလိုရာသို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက လုံခြုံရေးမှအစ တာဝန်ယူလိုက်ပို့ပေးကြသည်။

မင်းသားက လူငယ်လူရွယ်မို့ ဂျပန်ပြည်ရောက် တုန်းရောက်ခိုက် သာမန်အရပ်သားလို လွတ်လွတ်လပ်လပ် လျှောက်လည်ကြည့်ချင်သည်။ တစ်ညတွင် သံရုံးကြီးထဲမှ မင်းသား တိတ်တိတ်ခိုးပြီး အပြင်သို့ထွက်သည်။ ဤမှာပင် ဟိုးနိုးကားကြီး ပေါ်မှ သီဆိုဖြေဖျော်သူလည်းဟုတ်၊ လမ်းပြမယ်လေးလည်းဟုတ် သော ဂျပန်အမျိုးသမီးငယ်တစ်ဦးနှင့် သိကျွမ်းခင်မင်သွားသည်။



ဤမှာပင် ဇာတ်ရှိန်တက်လာတော့သည်။

ဂျပန်မလေးသည် မင်းသားကို ဘုရင့်သားတော်မှန်း လုံးဝမသိ။ သူတို့နှစ်ဦး ချစ်ကြိုက်သွားကြသည်။

ကိုသက်ဦးက မိငယ့်အား ဇာတ်လမ်းသဘောကို တိုတိ တိုတိ ပြောသွားပေးသည်။

ထွန်းထွန်း ပြောသည်မှာ ဟုတ်လှပေသည်။ ဂျပန် မင်းသမီးလေး၏ သရုပ်ဆောင်မှုမှာ ဆွဲဆောင်မှုအင်အား အပြည့် ရှိပေသည်။ မျက်ဝန်းလေးအကြည့်၊ နှုတ်ခမ်းလေးအလှုပ်တို့က ပင် ရုပ်ရှင်ကြည့် ပရိသတ်ကို ငြိမ်နေစေတော့သည်။ ဒါရိုက်တာ ကလည်း တော်ပါပေ၏။ တစ်ခန်းပြီးတစ်ခန်း၊ တစ်ကွက်ပြီးတစ် ကွက် တင်ပြချက်များမှာ ညင်သာသည်။ လှသည်။ ထိရောက်သည်။

ဇာတ်လမ်းကတော့ ရိုးရိုးလေး ဖြစ်ပါ၏။

တစ်နေ့တွင် မင်းသားနှင့် ဂျပန်မလေးတို့ သွားရင်း လာရင်း လမ်းဘေးဆိုင်တစ်ဆိုင်၌ ပြနေသော တယ်လီဗေးရှင်း ကို မင်းသားအလစ် ဂျပန်မလေး ကြည့်မိသည်။ တီဗီတွင် ပြသ နေသည်မှာ ဘုရင့်သားတော် မင်းသားလေးအား အာဏာပိုင် ပုဂ္ဂိုလ်ကြီးတွေက ကြိုဆိုကြပုံ၊ စက်မှုလက်မှုလုပ်ငန်းတွေကို မင်းသားလေးအား ပြသနေပုံတွေကို သတင်းကားအဖြစ် ပြနေ သည်ကို တွေ့ရသည်။

ဂျပန်မလေး သိသွားလေပြီ။ သူမ၏ချစ်သူသည် နှင့် ဘယ်လိုမျှ လက်ထပ်နိုင်သူမဟုတ်။ အဆင့်အတန်းချင်း ခြားမှုကြောင့်ရော ဥရောပ ဘုရင့်အမျိုးအနွယ်တို့၏ ဓလေ့

www.burmeseclassic.com



စရိုက်ကြောင့်ရော သူမအား မင်းသားလေးအနေနှင့် ဘယ်လိုမျ လက်ထပ်ခွင့်ရနိုင်မည် မဟုတ်ရာပေ။

မင်းသားလေးက နောက်ဆုံး ထီးမွေနန်းမွေစွန့်ပြီး သူချစ်မြတ်နိုးသော ဂျပန်မလေးကိုပင် လက်ထပ်မည်ဆိုခြင်းကို လည်း ဂျပန်မလေးက လက်မခံပေ။ မိမိကြောင့် မင်းသားလေး၏ ဘဝ နစ်နာသွားမည်ကိုစိုးသည်။ နောက်ဆုံး မင်းသားလေးအိမ် ပျော်နေခိုက် ရက်ပိုင်းမျှ အတူနေသော တောရွာအိမ်လေးမှ ဂျပန် မလေး ထွက်ပြေးရှောင်ခွာ သွားတော့သည်။

ဇာတ်သိမ်းခန်းတွင် ...

မင်းသားလေးက သင်္ဘောထွက်ရက်စေ့ပြီမို့ သံရုံးမှ လိုက်ပို့သော ဆလွန်းကားကြီးဖြင့် သင်္ဘောဆိပ်သို့သွားသည်။ ဂျပန်မလေးက ဒုံယင်းဟီးနိုးကားပေါ်တွင် သီဆိုသောအလုပ် ပြန်ဝင်သည်။ မီးပွိုင့်တွင် ကားချင်းယှဉ်၍ရပ်သည်။ ဆလွန်းကား ကြီးထဲမှ မင်းသားလေးကလည်း ချစ်ခဲ့ဖူးသော ဟီးနိုးကားပေါ်မှ ဂျပန်မလေးကို ရီဝေသောအကြည့်ဖြင့် ကြည့်သည်။ ဂျပန်မလေး ကလည်း ဟီးနိုးကားပေါ်မှ ကားစီးပရိသတ်ကို ဖြေဖျော်မှုမပျက် သီဆိုရင်း မင်းသားလေးဆီသို့ သူမ၏အသက်ပါလှသော မျက် ဝန်းဖြင့် လှမ်းကြည့်နေသည်။

ဤနေရာတွင် ဂျပန်ရုပ်ရှင်မင်းသမီး၏ မျက်လုံး မျက်အိမ်ဝန်း စွမ်းအားဖြစ်တော့သည်။ မျက်ရည်တွေ စီးကျ ငိုပြသည်မျိုးမဟုတ်။ သူမ၏မျက်လုံးနှင့် နှုတ်ခမ်းလေးတို့က သူ၏ရင်ထဲတွင် မချိမဆန့် ခံစားနေရကြောင်း ပေါ်လွင်စေသည် ပွဲကြည့်ပရိသတ် ရင်နင့်စေသည်။



ကိုသက်ဦးသည် မိငယ်၏ပခုံးကို တို့လိုက်သည်။

"ကြည့်ထား မိငယ်၊ မင်းသမီးလေး မငိုဘူး၊ ဒါပေမဲ့ သူ့ ရင်ထဲမှာ ဘယ်လောက်ခံစားနေရတယ်ဆိုတာ ပေါ်လွင်နေ တယ်"

ထိုမျှသာမကသေး ...

ဂျပန်မလေးနှင့် မင်းသားတို့ စတင်တွေ့ဆုံချိန်မှစ၍ ဂျပန်မလေး လုပ်ဆောင်သွားသော သရုပ်ပါလှသော အကွက်တိုင်း တွင် ကိုသက်ဦးက မိငယ်၏လက်မောင်းကိုတို့ပြီး ကြည့်ထား၊ ကြည့်ထားဟု တိုးတိုးလေး ပြောလေ့ရှိသည်။

မိငယ်၏လက်မောင်းကို တို့ရသည်မှာလည်း လွယ် လှပါ၏။ အကြောင်းမူ မိငယ်သည် ထွန်းထွန်း ပြန်ရောက်လာ ကတည်းက တစ်ချိန်လုံး ရုပ်ရှင်ပြီးသည်အထိ သူမ၏ခါးအထက် ခန္ဓာကိုယ်အပေါ်ပိုင်း တစ်ခုလုံးကို ထွန်းထွန်းနှင့် ကွာနိုင်သမျှ ကွာအောင် ကိုင်းထားရင်း ကိုသက်ဦး၏ပခုံးစွန်းနှင့် သူမ၏ပခုံး စွန်း ထိနေကြသည်။ ကိုသက်ဦးက မိမိစိတ်ကို မိမိဆုံးမကာ ပခုံးစွန်း ထိမိလေတိုင်း ခုံအမှတ်(၁၄)ဘက်သို့ ကိုင်းပေးမိသည်။

သို့သော် တစ်ခါတစ်ရံ ခုံအမှတ်(၁၄)မှ လူရွှယ်က သည်း ကိုသက်ဦးဘက်သို့ လက်တင်ပြီး ကိုယ်အကိုင်းနှင့်ဆုံမိ သျှင် ကိုသက်ဦးမှာ မလွှဲမရှောင်သာ မိငယ်ဘက်သို့သာ ပြန်ကိုင်း သည်။ ပခုံးစွန်းချင်း ထိမိထားမိရတော့သည်။ ရုပ်ရှင်ပြီး၍ မီး ဘွလင်းလိုက်သည်နှင့် မိငယ်မှာ မျက်ရည်တန်းလန်းကြီးနှင့် ခနေပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... မိငယ်၊ နင် တအားကျိတ်ငိုနေတယ်ပေါ့ ဟုတ်လား"

"သနားလို့၊ ဂျပန်မလေးကိုလည်း သနားတယ်၊ မင်းသားလေးကိုလည်း သနားတယ်"

"အနုပညာဆိုတာ ဒါပဲ မိငယ်၊ တကယ်ဖြစ်နေတာမဟုတ်ပေမယ့် ပရိသတ်ရဲ့ရင်ထဲမှာ တကယ်ဖြစ်နေတယ်ထင်ပြီး ခံစားနိုင်အောင် သရုပ်ဆောင်တာဟာ အနုပညာပဲ"

"မငယ်ငယ်လည်း အောင်မြင်မှာ သေချာပါတယ် အစ်ကိုဦး၊ ဘာလို့လဲဆိုတော့ မငယ်ငယ်ရယ်ရင် ပရိသတ်က လိုက်ရယ်မှာ၊ မငယ်ငယ် ငိုရင်လည်း ပရိသတ်က လိုက်ငိုမှာ သေချာတယ်၊ ဘာလို့လဲဆိုတော့ မငယ်ငယ် ထွက်လာကတည်းက ပရိသတ်ရဲ့အာရုံဟာ မငယ်ငယ်ပေါ်မှာ ချက်ချင်းကျလာအောင် မငယ်ငယ်က ဆွဲဆောင်ရုပ်ရှိနေလို့ပဲ အစ်ကိုဦး"

မိငယ်ကို ချီးမွမ်းသူက ထွန်းထွန်း ဖြစ်သော်လည်း မိငယ်သည် သမ္မတရုံအပေါ်ထပ် လှေကားကျဉ်းကျဉ်းလေးမှဆင်းပြီး အောက်သို့ရောက်သည်အထိ ကိုသက်ဦးဘေးမှသာ ကပ်၍လိုက်လာသည်။ ထွန်းထွန်းက နောက်မှလိုက်ရပါ၏။ ထို့ပြင် မိငယ်သည် ရုပ်ရှင်ရုံထဲ၌ ထွန်းထွန်း ပေးခဲ့သော သရက်ယို၊ မရမ်းယို၊ ချော့ကလက်၊ ဖရုံစေ့လှော် စသည်တို့ကို တစ်ခုမျှ ဖောက်မစားဘဲ အထုပ်အားလုံးကို ကိုင်လာခဲ့သည်။

ဦးဘစိမ်းက လာကြိုနှင့်ပါ၏။



ကားပေါ်အတက်တွင် နောက်ကူရှင်တွင်ထိုင်သော မိငယ်က အရင်တက်သည်။ ကားပေါ်ရောက်သည်နှင့် မိငယ်က အထုပ်တွေအားလုံးကို ကားဒက်(ရှ်)ဘုတ် အံလေးထဲသို့ ပစ်သွင်းလိုက်သည်။

ထွန်းထွန်းက ကိုသက်ဦး ကားပေါ်တက်သည်အထိ ကားဘေးတွင်ရှိနေပြီး ကိုသက်ဦး တက်ပြီးမှ ထွန်းထွန်း ကိုယ်တိုင် တံခါးပိတ်ပေးသည်။

"မင်းကော ထွန်းထွန်း၊ မင်းအိမ်က ကားယူခဲ့သလား"

"မယူပါဘူး အစ်ကိုဦး၊ ကျွန်တော့် မော်တော်ဆိုင်ကယ်လေးနဲ့ ကျွန်တော် လာတာပါ၊ သွားတော့နော် အစ်ကိုဦး၊ ဂွတ်နိုက်"

"ဂွတ်နိုက် ... ထွန်းထွန်း"

ထွန်းထွန်းက ချက်ချင်းမခွာသွားသေးဘဲ မိငယ်ရှိရာနောက်ခန်းသို့ သူ၏ခါးကိုကိုင်းကာ ကားပြတင်းမှ လှမ်းပြော[illegible]တ်ပေးသည်။

"မငယ်ငယ် သွားတော့နော်၊ ရုံထဲမှာ တစ်ခုမှမစားဖြစ်တဲ့ သရက်ယို၊ မရမ်းယို၊ ဖရုံစေ့လှော်နဲ့ ချော့ကလက်ကို မငယ်ငယ် အိပ်ရာဝင်ခါနီး စားလိုက်ပေါ့ဗျာ၊ ဒါမှလည်း စေတနာနဲ့ ပေးခဲ့တဲ့ ကျွန်တော့်အတွက် ဒါနမြောက်သွားမှာ မဟုတ်လား"

မိငယ်ထံမှ စကားတစ်လုံးတလေမျှ ထွက်မလာပေ။ [illegible]ခ မိငယ်သည် သူမ၏မျက်ဝန်းစုံဖြင့် ထွန်းထွန်းကို [illegible]လိုက်စဉ်မှာပင် ဦးဘစိမ်းက ကားကိုဘီးလိမ့် ထွက်ခွာလာ[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်၏ပေါ်တီကိုအောက်တွင် ကားရပ်ပေပြီ။

ကိုသက်ဦးက အရင်ဆင်းသည်။ ပြီးမှ မိငယ်ဆင်းသည်။ အောက်ရောက်သည်နှင့် မိငယ်သည် သူမ၏ပျဉ်ထောင်တန်းလျားလေးဆီသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

"မိငယ်"

"ရှင်"

"ကားဒက်(ရှ်)ဘုတ်ထဲက ထွန်းထွန်း ဝယ်ပေးထားတဲ့ အထုပ်တွေ ယူသွားလေ၊ မိငယ် အခန်းကျမှ မိငယ်စား ပေါ့"

"ဟင့်အင်း"

"ဘာလို့ ဟင့်အင်းရမှာလဲ မိငယ်၊ မိငယ်က အဲသည်အ ထုပ်တွေကို မကြိုက်လို့လား၊ ဦးလေးကို မှန်မှန်ပြောနော်"

"ယိုထုပ်တွေ မိငယ် ကြိုက်ပါတယ်၊ မော်လမြိုင်မှာ တည်းက မိငယ် အဲသည်လို အချဉ်ထုပ်တွေကို ဝယ်စား လေ့ရှိတာပဲ၊ ဒါပေမဲ့ အခုသည်အထုပ်မျိုးတွေ မိငယ်ကြိုက် ပေမယ့် ဦးလေးဒါရိုက်တာ မကြိုက်မှာစိုးလို့ မိငယ် ... တာ"

"နင် ဘာတွေပြောနေတာလဲ မိငယ်"

မိငယ်သည် ကိုသက်ဦးရှေ့မှာပင် မားမားမတ်မတ် လေးရပ်လိုက်သည်။ ကိုသက်ဦးကိုလည်း သူ၏တောက်ပသော မျက်ဝန်းစုံဖြင့် စူးစိုက်ကြည့်နေလိုက်သည်။

"တကယ်လို့သာ သည်သရက်ယို၊ မရမ်းယိုနဲ့ ချော့ကလက် ထုပ်တွေဟာ ကိုထွန်းထွန်း ဝယ်ပေးတာမဟုတ်ဘဲ ဦးလေး



ဒါရိုက်တာ ဝယ်ပေးတာတွေဖြစ်နေရင် မိငယ် ရုပ်ရှင်ရုံ ထဲမှာကတည်းက အားလုံးစားပစ်မိမယ် ဦးလေးဒါရိုက်တာ"

ကိုသက်ဦးသည် ကားဒက်(ရှ်)ဘုတ်ထဲမှာ အထုပ် တွေယူလိုက်သည်။

"နောက်တစ်ခါကျရင် ဦးလေး ဝယ်ပေးမယ်၊ အခု ထွန်းထွန်း ဝယ်ပေးတာလဲ စားပစ်လိုက် မိငယ်၊ ရော့ ... ယူသွား"

ထိုအခါကျမှပင် မိငယ် ယူပါ၏။

"မိငယ် သွားတော့မယ်နော်၊ ဦးလေးဒါရိုက်တာ"

"အေး"

ဦးဘစိမ်းက ကားဂိုထောင်ဆီသို့ ကားမောင်းသွားသည်။ မိငယ်က သူမ၏ ပျဉ်ထောင်တန်းလျားလေးဆီသို့ ထွက်သွားသည်။ ကိုသက်ဦးသည် အိမ်ထဲမဝင်သေးဘဲ ဆင်ဝင်အောက်တွင် တွေတွေကြီးရပ်ကာ မိငယ်၏ကျောပိုင်းကို ငေးကြည့်နေမိတော့သည်။

ကိုသက်ဦး ရင်ထဲတွင် အဖြေပေါ်ပါလေပြီ။

ထွန်းထွန်း တစ်ယောက် ပေါက်ချလာပြီး မိငယ်အား စိတ်ဝင်တစားရှိကြောင်း ထင်ရှားလာလေမှ ကိုသက်ဦး၏ ရင်ထဲမှ အဖြေပေါ်လာခြင်း ဖြစ်တော့သည်။

ကိုသက်ဦးသည် မိငယ်ကို ချစ်နေမိလေပြီ။

မိငယ်ကလည်း ဦးလေးဒါရိုက်တာကို ချစ်ခင်နေပြီ ... မိငယ်၏ အပြောအဆို၊ အပြုအမူလေးတွေအရ ဦးလေး ဒါရိုက်တာ ရိပ်စားမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သင့်တော်ပါမည်တဲ့လား။

လုံးဝမသင့်တော်ပါပေ။

တစ်ချက် မိငယ်နှင့် ကိုသက်ဦး အသက်ချင်းကွာခြားလွန်းနေသည်။

နှစ်အချက်၊ ရုပ်ရှင်လောကသားတွေ စွပ်စွဲပြောဆိုသည့်အတိုင်း မွေးပြီးစားပစ်ရာ ရောက်သွားမည်။

သုံးအချက်၊ သိက္ခာကျရုံမက သမားဂုဏ်ထိခိုက်ပြီး မိမိကြောင့် အနုပညာသမားတွေ အားလုံးကို လူတွေအထင်သေးသွားမည်။

လေးအချက်၊ မိငယ်၏အခြေခံဘဝက ဆင်းရဲလှသည်။ ဆင်းရဲသူမလေးအား မိမိကပစ္စည်းဥစ္စာဖြင့်ရော၊ ရုပ်ရှင်လုပ်ငန်းဖြင့်ရော ဖြားယောင်းပြီး ရယူလိုက်သည်ဟု စွပ်စွဲကြမှာသေချာသည်။

အကယ်၍သာ မျိုးနန္ဒာလို အမျိုးသမီးကို ကိုသက်ဦး ရယူလိုက်လျှင် အကြောင်းမဟုတ်။

မျိုးနန္ဒာ၏အသက်သည် ၂၅ နှစ်ကျော်၍ ၂၆ နှစ်ထဲ ရောက်နေပေပြီ။ ကိုသက်ဦး ရောက်ရှိနေသော အသက်နှင့်ဆိုလျှင် တစ်ပါးသူ အပြစ်ဆိုဖွယ်မရှိ။

မျိုးနန္ဒာ ဆိုလျှင် မွေးပြီးစားရာမရောက်။

ကိုသက်ဦးက မျိုးနန္ဒာအား သင်ပြညွှန်ကြားပြီး ရုပ်ရှင်ကားတွေ ရိုက်ခဲ့စေကာမူ၊ မိငယ်ကဲ့သို့ ခေါ်ယူမွေးစားထားခဲ့သည် မဟုတ်ခဲ့။ မျိုးနန္ဒာက ကျောင်းတက်နေစဉ် အဆောင်တွင်နေသည်။ ရုပ်ရှင်ထဲဝင်ရောက်သည်နှင့် ပြင်ပအမျိုးသမီး



ဘော်ဒါဆောင်သို့ ပြောင်းရွှေ့နေခဲ့သည်။ မျိုးနန္ဒာ ဝင်ငွေမရှိသေးမီ ပထမဆုံး ကားရိုက်စဉ်က လိုအပ်သော ငွေကြေးအထောက်အပံ့တွေ ကိုသက်ဦး ပေးခဲ့စေကာမူ မျိုးနန္ဒာ ဝင်ငွေရှိလာသည်နှင့် ကုန်ကျထားသည်တို့ကို ကိုသက်ဦးက ပြန်၍နုတ်ယူသည်။

မျိုးနန္ဒာတွင် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ တက်ရောက်သည်အထိ ပညာအခြေခံ ရှိပြီးသား ဖြစ်သောကြောင့် ကိုသက်ဦးကို လက်ထပ်လျှင် သူမ၏အသက် သူမ၏ပညာဖြင့် စဉ်းစားပြီးမှ လက်ထပ်သည်ဟူ၍ ပတ်ဝန်းကျင်မှ ကဲ့ရဲ့စရာမရှိ။

ပြီး မျိုးနန္ဒာ၏မိဘတွေသည် အုတ်ဖိုမြို့နယ် သဖန်းပင်ဆိပ်ရွာ ဓာတိဖြစ်စေကာ သမီးကို ရန်ကုန်တက္ကသိုလ်ဘော်ဒါ ပို့နိုင်လောက်အောင် ငွေကြေး ပြည့်စုံသောသူများ ဖြစ်ကြသည်။

သို့သော် ချစ်ခြင်းမေတ္တာဆိုသည်မှာ ခက်လှပါဘိတောင်း။ ရင်ထဲ နှလုံးထဲ အသည်းထဲက သူ့ဟာသူ ထွက်လာခြင်းမျိုး ဖြစ်နေသည်။ လုပ်ယူဖန်တီးယူ၍ မရစကောင်း။

ကိုသက်ဦးသည် မျိုးနန္ဒာနှင့် နှစ်ရှည်လများ လက်ပွန်းတတီး တွဲဖက်လုပ်ကိုင်ခဲ့စေကာမူ တစ်ခါဖူးမျှ ရင်မခုန်ခဲ့။ ရှိန်းမြသော ခံစားမှုမျိုး မခံစားစဘူးခဲ့။

ကြကြဖန်ဖန် ယခုချာတိတ်မလေး မိငယ်နှင့်ကျမှ ကိုသက်ဦး၏ အသည်းနှလုံးက ခုန်လာမိသည်။ တရှိန်းမြမြခံစားမှုလေးတွေ ခံစားလာရသည်။ ဝန်တိုစိတ်လေးတွေ ဖြစ်ချင်လာသည်။

ခုန်ချင်ခုန်၊ ရှိန်းချင်ရှိန်း၊ တိုချင်တို၊ မိငယ်နှင့်ဆိုလျှင် မဖြစ်နိုင်သည်တွေက များလွန်းနေသည်။

www.burmeseclassic.com



မိငယ်အနေနှင့် ကိုသက်ဦး အပေါ်တွင် လိုက်လျောချင်သည့် အမူအရာလေးတွေ ပြသနေသည်တော့ မှန်ပါ၏။ မိငယ်ကိုသက်ဦးအပေါ် တိမ်းညွှတ်နေသည်မှာ အသည်းနှလုံးထဲက အစစ်အမှန် ထွက်ပေါ်လာသော မေတ္တာကြောင့်ဟု ကိုသက်ဦး အသက်အရွယ် အသိဉာဏ် အတတ်ပညာတို့နှင့် ယုံကြည်ရဲပါရဲ့လား။

ရာနှုန်းပြည့် ကိုသက်ဦး မယုံကြည်ဝံ့ပါလေ။

မိငယ်၏ ဆင်းရဲနွံချာခဲ့သောဘဝတွင် ယခုအခြေအနေရောက်လာသည်မှာ ဦးလေးဒါရိုက်တာကြောင့် ဟူသော အစွဲလေး မိငယ်၏အသည်းနှလုံးထဲသို့ ဝင်ရောက်ကိန်းအောင်းနေမည်မှာ မုချ။

ဦးလေးဒါရိုက်တာသည် မိငယ်အဖို့ ကယ်တင်ရှင်။

ဦးလေးဒါရိုက်တာသည် မိငယ်အဖို့ တစ်ကြိမ်တစ်ခါသာ တွေ့ဖူးရသေးသော သူရဲကောင်း။

မိငယ်တို့လို ဆယ်ကျော်သက်အရွယ်လေးတွေက ကယ်တင်ရှင်ကြီးကို တအားကြီးပုံပြီး ကျေးဇူးဆပ်ချင်တတ်သည်။ သူရဲကောင်းကို အမြတ်တနိုး ကိုးကွယ်မြတ်နိုးချင်ကြသည်။

သည်အရွယ် သူမလေးတို့၏ အသိဉာဏ်ဝယ် ကျေးဇူးအထူးတင်ရှိခြင်း၊ ကြည်ညိုမြတ်နိုးခြင်းနှင့် အသည်းနှလုံးမှ ပေါက်ဖွားလာသော ချစ်ခြင်းမေတ္တာတို့ကို ရောမွှေပြီး တစ်ခုတည်းဟု ထင်မှတ်တတ်ကြသည်။

ဒါဆိုလျှင် မိငယ်၏ဦးလေးဒါရိုက်တာအပေါ်တွင် လိုက်လျောချင်နေသည်တို့မှာ ဦးလေးဒါရိုက်တာသည် ကယ်တင်ရှင်မို့လား၊ သူရဲကောင်းမို့လား၊ ဒါမှမဟုတ် မိငယ်၏အသည်းနှလုံးထဲက ထွက်ပေါ်လာသော ချစ်ခြင်းမေတ္တာ အစစ်အမှန်ကြောင့်လား။



မသိ ... မသိ၊ ကိုသက်ဦးအဖို့ ဇဝေဇဝါတွေသာ ဖြစ်ကုန်ပါလေတော့သည်။

✤ ✦ ✤

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ထွန်းထွန်း တစ်ယောက် အရောက်အပေါက်လေးတွေ စိပ်လာသည်။

ရုပ်ရှင်နယ်ထဲ ဝင်ရောက်ရန် အစ်ကိုဦးဆီ လာရပါသည်ဟု အကြောင်းပြစေကာမူ တကယ်တမ်း၌ မိငယ် ရှိရာသို့ ထွန်းထွန်းက အကြောင်းရှာ၍ လာခြင်းဖြစ်မှန်း ကိုသက်ဦး ရိပ်စားမိသည်။

လူငယ်သဘာဝ၊ မိငယ်၏အလှ၊ မိငယ့်၏ဆွဲဆောင်မှုလေးတွေကို ထွန်းထွန်း ချစ်ခင်စုံမက်နေပြီဟူ၍လည်း ကိုသက်ဦး နားလည်လိုက်သည်။

ထွန်းထွန်း ခမျာ လာလို့သာ လာရသည်။ လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင်ကိန်း ဆိုက်နေသည်။ အကြောင်းမှု မိငယ်သည် ထွန်းထွန်း လာသည်ကို သိချင်သိမည်။ မသိဘဲရှိချင်လည်းရှိမည်။ သို့သော် ထွန်းထွန်း လာလေတိုင်း မိငယ်သည် ဥဩထောင်တန်းလျှားလေးပေါ်မှ ဆင်းသက်လာခြင်း မပြုပေ။ ခါတိုင်းဆိုလျှင် တစ်ခါတစ်ရံ မိငယ်သည် ပန်းခြံထဲသို့ဆင်းပြီး



နှင်းဆီပန်းလေးတွေ၊ စံပယ်ပန်းလေးတွေ ဒေစီပန်းလေးတွေ အမြတ်တနိုး လျှောက်ကိုင်ကြည့်ရင်း ခြံထဲ ဟိုဟိုသည်သည်လမ်းလျှောက်တတ်သေးသည်။ ယခုမူ ထွန်းထွန်း ရောက်လာလေတိုင်း မိငယ် ကိုယ်ယောင်ဖျောက်နေတတ်သည်ကိုလည်း ကိုသက်ဦးသည် သတိထားမိသည်။

ထွန်းထွန်း လာသည်ကို မိငယ် မသိဘဲ ရှိအံ့မထင်။ ထွန်းထွန်း၏ မော်တော်ဆိုင်ကယ်သည် အသစ်စက်စက်မို့ ညက်ညောသည် ဆိုဦးတော့ အနီးပါးနားလူတွေ ဆိုင်ကယ်စက်သံကြားလျှင် လှည့်ကြည့်ရအောင် အသံတစ်မျိုးလေး ထွက်နေသည်။

သမ္မတရုံတွင် ရုပ်ရှင်ကြည့်ပြီးသည့်နောက် တစ်ပတ်အတွင်းမှာပင် ထွန်းထွန်းသည် သုံးခေါက်ရောက်ပါ၏။

တတိယအခေါက်တွင် ထွန်းထွန်းသည် မနေနိုင် မထိုင်နိုင် ကိုသက်ဦးကို ဖွင့်ပြောမိသည်အထိ ဖြစ်လာတော့သည်။

"အစ်ကိုဦး"

"ဟေး"

"ကျွန်တော်လာတိုင်း မငယ်ငယ်ကို တစ်ခါမှ မတွေ့ဘူးနော်"

"ဘာလဲ ... မင်းက မိငယ်နဲ့ တွေ့ချင်လို့လား"

ထွန်းထွန်းသည် ရှက်ကိုးရှက်ကန်း ရယ်မောရင်း ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

"ဟုတ်တယ် အစ်ကိုဦး၊ မိငယ်နဲ့ အတူထိုင်ပြီး စကားပြောရရင် ကျွန်တော့်စိတ်ထဲ သိပ်ကြည်နူးရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဦးသည် ဧည့်ခန်းထောင့်ရှိ စန္ဒရားအဖုံးကို ဖွင့်လိုက်သည်။ ထိုင်ခုံတွင်မထိုင်ဘဲ မတ်တတ်ရပ်လျက်သားမှ လက်တစ်ဖက်တည်းမှ လက်ငါးချောင်းဖြင့် စန္ဒရားခလုတ်လေးတွေကို တို့ထိကစားလိုက်သည်။

သီချင်းတစ်ပုဒ် တေးသွားမဟုတ်ပေမင့် ကိုသက်ဦး တို့ထိကစားလိုက်သော ခလုတ်လေးတွေမှ ထွက်ပေါ်လာသော သံစဉ်သည် သာယာနာပျော်ဖွယ် ဖြစ်နေသည်။ ကိုသက်ဦးသည် စန္ဒရားကိုလည်းပိုင်သည်။ သံစဉ်တွေကိုလည်း နိုင်သူပင်။

"မင်း မိငယ်ကို စိတ်ဝင်စားနေသလား ထွန်းထွန်း"

"စိတ်ဝင်စားတယ်ဆိုတဲ့ အဆင့်ကိုတောင် ကျော်နေပြီထင်တာပဲ အစ်ကိုဦး"

ကိုသက်ဦးသည် ပျင်းပျင်းတွဲတွဲဖြင့် မတ်တတ်ရပ်ရာမှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ယခုတစ်ကြိမ်ဝယ် သံစဉ်စမ်းတို့ထိမှုကို လက်ငါးချောင်းနှင့် မဟုတ်တော့ဘဲ လက်ချောင်းဆယ်ချောင်းဖြင့် တို့တိကစားပြန်လေသည်။ ပို၍ သာယာနာပျော်ဖွယ် စန္ဒရားသံစဉ်လေးတွေ ထွက်ပေါ်လာပြန်တော့သည်။

"ဒါဆိုရင် ... မိငယ်ကို မင်း မေတ္တာရှိနေပြီ ထင်တယ် ထွန်းထွန်း"

"ကျွန်တော့်ရင်ထဲမှာလည်း အဲသည်လို ဖြစ်ပေါ်နေတယ် အစ်ကိုဦး၊ တကယ်လို့ ကျွန်တော် မိငယ်ကို မေတ္တာရှိနေပါပြီဆိုရင် ကျွန်တော် ဘာတွေ ဆက်လုပ်ရမလဲဟင် အစ်ကိုဦး"

BURMESE CLASSIC .com



ဟိုဘက်ခလုတ်အဆုံးမှ သည်ဘက်ခလုတ်အဆုံးထိ ရှိသမျှသော စန္ဒရားခလုတ်တွေကို လက်ယာလက်ချောင်းတွေဖြင့် ကိုသက်ဦး ဆွဲချလိုက်သည်။ သံစဉ်တွေအားလုံးရောကာ ဗျင်း... ဗျင်း ဆိုသည့် စန္ဒရားခလုတ်ပေါင်းစုံ၏ အသံသာထွက်လာတော့သည်။ သို့တစေ၊ နားထောင်ရသူတွင် မဆိုးလှ။ ပထမတစ်လုံးချင်း တီးနေသော သံစဉ်ဖြင့် ဗျင်းခနဲ ဆွဲချလိုက်သော သံစဉ်တို့သည် တစ်ခုနှင့်တစ်ခု ဟပ်မိသလိုရှိသွားသည်။

ကိုသက်ဦးသည် စန္ဒရားအဖုံးကိုတော့ မပိတ်။ တီးခတ်တို့ထိခြင်းကိုတော့ ရပ်နားလိုက်သည်။ ကိုသက်ဦး၏ခန္ဓာကိုယ်သည် ထိုင်ခုံမှာထိုင်လျက်သားကပင် တစ်ပတ်လှည့်ရွှေ့ပြောင်းပြီး ထွန်းထွန်း ထိုင်နေရာဆီသို့ မျက်နှာချင်းဆိုင်လိုက်သည်။

"မင်း ဘာတွေဆက်လုပ်ရမလဲဆိုရင် မင်းရင်ထဲမှာ မေတ္တာရှိနေတဲ့အကြောင်း မိငယ်ကို မင်း ဖွင့်ပြောရမှပေါ့ ထွန်းထွန်း"

"မလွယ်လိုက်တာ အစ်ကိုဦးရာ"

"ဘာတွေ မလွယ်လိုက်တာလဲ ထွန်းထွန်း"

"မငယ်ငယ်ဟာ သိပ်ရိုင်းတယ်၊ သိပ်ရိုင်းတယ်လို့ ကျွန်တော် ပြောတာဟာ မငယ်ငယ် ရိုင်းစိုင်းတယ်ဆိုတဲ့ အဓိပ္ပာယ် မဟုတ်ပါဘူး အစ်ကိုဦး၊ သည်ကိစ္စမျိုးနဲ့ပတ်သက်ပြီး မငယ်ငယ်ဟာ အရိုင်းသက်သက် အစိမ်းသက်သက် ဖြစ်နေတယ်လို့ ကျွန်တော် ဆိုလိုတာပါ၊ အဟင်း ဟင်း ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



တဟဲဟဲရယ်သံမျိုး မဟုတ်မူဘဲ တဟင်းဟင်းဖြင့် ညည်းညူသံမျိုး ထွန်းထွန်း နှုတ်ဖျားမှ ထွက်ပေါ်လာရင်း ဆက်ပြောပြန်ပါ၏။

"မငယ်ငယ် အဲသလို အရိုင်းသက်သက်လေး၊ အစိမ်းသက်သက်လေး ဖြစ်နေတာကိုပဲ ကျွန်တော့်ရင်ထဲမှာ မြတ်နိုးသည်ထက် မြတ်နိုးနေတာမျိုးပါ၊ ရှင်းရှင်းပြောပါရစေဦး အစ်ကိုဦး၊ ကျွန်တော်လည်း ကျွန်တော့်အတွာနဲ့ကျွန်တော်ပေါ့လေ တက္ကသိုလ်နယ်မြေမှာ ကျက်စားသင့်သလောက် ကျက်စားခဲ့ပါတယ် အစ်ကိုဦး၊ တွေ့ဖူးပါတယ် အချောတွေ၊ အလှတွေ၊ ဒါပေမဲ့ ကျွန်တော် တွေ့ဖူးသမျှဟာ အရိုင်းတွေ၊ အစိမ်းတွေ မဟုတ်ပါဘူး အစ်ကိုဦး၊ သူတို့လေးတွေ ယဉ်ပါးလိုက်တာက ယဉ်ဆိုမှယဉ်ပဲ၊ အဲ ... ကျွန်တော်ကိုယ်တိုင်ကလည်း ယဉ်နေလို့လား မဆိုနိုင်ဘူး၊ အယဉ်တွေကို ကျွန်တော့်ရင်ထဲက အသိအမှတ်မပြုဘူး"

"အေးပေါ့ကွာ၊ အရိုင်းလေး အစိမ်းလေး မိငယ်ကိုပဲ မင်း စုံမက်တယ်ပေါ့၊ ဟုတ်စ ထွန်းထွန်း"

"သည်အတိုင်းပါပဲ အစ်ကိုဦး"

ကိုသက်ဦးသည် ဖြူဆွတ်သော မွေးပွကော်ဇောကို ငုံ့ကြည့်နေမိသည်။ ပြီး အပေါ်မှ မျက်နှာကျက်ဖြူဖြူဆီသို့ မော့ကြည့်ပြန်သည်။ ထို့နောက် တည့်မတ်စွာ ထွန်းထွန်းကိုကြည့်ပြီး အတည်အတန့် မျက်နှာနှင့် မေးခွန်းတစ်ခု မေးလိုက်သည်။

"မင်း ... မိငယ်ကို တကယ်မေတ္တာရှိတယ်ဆိုရင် လက်ထပ်ယူရဲတဲ့အထိ မေတ္တာရှိနိုင်မလား ထွန်းထွန်း"



"ဟာ ... သိပ်ရှိတာပေါ့ အစ်ကိုဦး၊ ချစ်ပါတယ်ဆိုပြီးမှ လက်မထပ်ရဲဘူးဆိုရင် ယောက်ျား ဘယ်ဆန်တော့မလဲ၊ ထဘီဝတ်လိုက်ရုံပေါ့ အစ်ကိုဦးရာ"

"မင်းမှာ အဲသည်လို ချစ်ပါတယ်လို့ ပြောခဲ့တဲ့ အမျိုးသမီး တစ်ဦးတလေမှ မရှိဘူးတဲ့လားကွာ"

"ချစ်တယ်လို့တော့ မပြောမိခဲ့ဘူး၊ ဒါပေမဲ့ တွဲခဲ့တာတွေတော့ ရှိတယ်ပေါ့လေ"

"ထပ်မေးဦးမယ် ထွန်းထွန်း၊ မင်းက မိငယ်ကို တကယ် မေတ္တာရှိလို့ လက်ထပ်တယ်ထားဦး၊ မင်းမိဘတွေက ဘယ်လိုသဘောထားမလဲ"

"မေးခွန်းတွေ မေးလှချည်လား အစ်ကိုဦး"

"ဖြေပါ ငါ့ညီ၊ တကယ်တော့ အခုလက်ရှိ အခြေအနေမှာ မိငယ်ရဲ့အုပ်ထိန်းသူဟာ အစ်ကိုဦး ဖြစ်နေတယ်၊ မိငယ်ရဲ့ ဘဝအဆိုးအကောင်းတစ်ခုခု ဖြစ်စေဖို့ အစ်ကိုဦးမှာ တာဝန်ရှိနေတယ်၊ မိငယ်ရဲ့တကယ့်ဘဝဟာ နုံချာတယ်၊ မိငယ်ရဲ့ မိဘမှာ ဘာဂုဏ်ဒြပ်တစ်ခုမှ မရှိဘူး၊ မိငယ်မှာလည်း ပညာရေးနဲ့ပတ်သက်ပြီး ရှစ်တန်းအထိသာ သင်ခဲ့ဖူးတယ် ဆိုတဲ့ အဆင့်ပဲရှိတယ်၊ အဲဒါတွေကော ထွန်းထွန်း သိထားပြီးပြီလား၊ သိထားပြီးသားပါဆိုရင် မိငယ်ကို ချစ်ပါတယ် ဆိုတဲ့အထဲမှာ အဲသည်အချက်တွေကိုရော ထွန်းထွန်းထည့်စဉ်းစားရဲ့လား"

"ကျွန်တော် အဲဒါတွေ သိပြီးသား၊ စဉ်းစားပြီးသားပါ အစ်ကိုဦး"

www.burmeseclassic.com

www.burmeseclassic.com



"မိငယ်နဲ့ ပတ်သက်ပြီး မိငယ် ဆင်းသက်လာတဲ့အောက်ခြေသိမ်းဘဝအကြောင်းကို အစ်ကိုဦးက ထွန်းထွန်းကို တစ်ခါမှ မပြောမိသေးဘူးထင်တယ်၊ ထွန်းထွန်း ဘယ်လိုသိနိုင်မလဲ၊ တကယ်လို့ မျိုးနန္ဒာနဲ့ ပါးစပ်သတင်းနဲ့သိတာဆိုလည်း အဲသည်သတင်းတွေဟာ မှန်တစ်ဝက် မမှန်တစ်ဝက်နဲ့ တစ်ဆိတ်ကို တစ်အိတ်လုပ်တဲ့သတင်းပဲ ဖြစ်မယ် ထွန်းထွန်း"

ထွန်းထွန်း ပြုံးလိုက်သည်။ ထို့နောက် ထွန်းထွန်းက ပင် သူ၏စုံစမ်းချက်လေးတွေကို ဖော်ထုတ်လိုက်သည်။

"ကျွန်တော် မော်လမြိုင်ကို တစ်ညအိပ်ခရီးအဖြစ်နဲ့ ရောက်ခဲ့ပြီးပါပြီ အစ်ကိုဦး၊ သမ္မတရုံမှာကြည့်ပြီး နောက်တစ်နေ့မနက် ကျွန်တော် မော်လမြိုင်ကို လစ်သွားတယ်၊ မော်လမြိုင်မှာ တစ်ညအိပ်တယ်၊ ကျွန်တော် ဦးမြတ်စံနဲ့လည်းတွေ့တယ်၊ မိုင်ဒါဈေးထဲက ကိုသောင်းစိန်၊ ကိုညိုတို့နဲ့လည်းတွေ့တယ်၊ နောက်ဆုံး ကုန်ကုန်ပြောရရင် မုန့်ဟင်းခါးသည် မအေးမိနဲ့လည်း တွေ့ခဲ့တယ် အစ်ကိုဦး"

ဗျူးခန်နေအောင် ကိုသက်ဦး လေပူပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိပါတော့သည်။

ဤမျှလောက်ဆိုလျှင် ထွန်းထွန်း တစ်ယောက် မိငယ်အပေါ်တွင် သံကြီးမဲကြီး ချစ်ခင်စုံမက်သည် ဆိုသည်မှာ ထင်ရှားလေပြီ။

"အင်းလေ ထွန်းထွန်း၊ မင်းအနေနဲ့တော့ ငါယုံပြီးသားပါ၊ မင်းမိဘအနေနဲ့ ငါက မေးနေတာပါ"

ထွန်းထွန်း ပခုံးတွန့်ပြသည်။



"ဖေဖေ မေမေတို့နဲ့ ပတ်သက်လာတာတော့ ကျွန်တော် ဘယ်လိုအတိအကျ ပြောနိုင်မလဲ အစ်ကိုဦး"

"ဒါဆိုရင် မိငယ်နဲ့ မင်း မေတ္တာရှိသွားကြပြီးမှ မင်းမိဘက သဘောမတူဘူးဆိုရင် မင်းရော၊ မိငယ်ရော စိတ်ဆင်းရဲစရာတွေ ဖြစ်ကြမှာပေါ့ ထွန်းထွန်း"

"သည်မယ် အစ်ကိုဦး"

ထွန်းထွန်းက မပြုံးမရယ် အတည်အတန့်မျက်နှာချီးဖြင့် ခေါ်လိုက်သည်။

"မင်းရင်ထဲရှိတဲ့အတိုင်း ဆက်ပြောပါ ထွန်းထွန်း"

"အစ်ကိုဦး ဆိုလိုတာက ငယ်ငယ့်ကို ကျွန်တော်က မေတ္တာရှိနေရင် ငယ်ငယ့်ကို ဘာမှဖွင့်မပြောနဲ့ဦး၊ ဖေဖေနဲ့ မေမေကိုပြောပြ၊ ဖေဖေနဲ့မေမေ သဘောတူညီချက်ရမှ ငယ်ငယ့်ကိုဖွင့်ပြီး ချစ်ရေးဆိုလို့ ဆိုလိုတာလား အစ်ကိုဦး"

"ငါပြောခဲ့ပြီပဲ ထွန်းထွန်း၊ ငါဟာ မိငယ်ကို အုပ်ထိန်းသူရဲ့တာဝန်ဝတ္တရားတွေ ဆောင်ရွက်နေပါတယ်လို့"

"အစ်ကိုဦးဘက်က ကြည့်ရင်တော့ ဟုတ်တယ်ပဲ ထားပါတော့လေ၊ ဒါပေမဲ့ ကျွန်တော့်အယူအဆက တစ်မျိုး၊ ကျွန်တော်က နှလုံးသားမေတ္တာကိုသာ အဓိကထားချင်တယ်၊ ကျွန်တော့်ရဲ့လက်ရှိဘဝနဲ့ပဲ ငယ်ငယ့်ကို ကျွန်တော် ချစ်တယ်လို့ ဖွင့်ပြောချင်တယ်၊ ငယ်ငယ်ကလည်း ကျွန်တော့်မိဘတွေကို ထည့်မတွက်နဲ့၊ အခု ကျွန်တော့်ရဲ့လက်ရှိဘဝနဲ့ပဲ ချစ်တုံ့ပြန်သလား၊ သည့်ထက်ရှင်းရှင်းပြောရရင် ကျွန်တော် အောင်ဇော်ထွန်းဆိုတဲ့ ငယ်ငယ်မြင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အတ္တဘောကြီးကို ငယ်ငယ် ပြန်လည်ပြီး ချစ်ရဲ့လား၊ လက်ရှိ ကျွန်တော့်ပုံစံကိုသာ ငယ်ငယ်က ချစ်စေချင်တယ်၊ အဲသည်လို ပြန်ချစ်တာကိုမှလည်း ကျွန်တော်က လိုလားတယ်၊ တန်ဖိုးအမြင့်ဆုံးထားတယ်၊ ကျွန်တော့်မိဘက ချမ်းသာတယ်၊ အဲသည်မိဘက သဘောတူလို့ ငယ်ငယ်က ကျွန်တော့်ကို လက်ခံရတယ် ဆိုတာမျိုးကို ကျွန်တော် မလိုလားဘူး အစ်ကိုဦး"

"လက်ခံတယ် ထွန်းထွန်း၊ မင်းရဲ့နှလုံးသားမေတ္တာထားရှိပုံ ဖီလော်ဆောဖီကို လက်ခံတယ်၊ ဒါဖြင့် ငါ ဆက်မေးမယ်၊ အခု မင်းရဲ့လက်ရှိအတ္တဘောနဲ့ လက်ရှိပုံစံအတိုင်း မိငယ်က မင်းကို မေတ္တာတုံ့ပြန်တယ် ဆိုပါတော့၊ မင်း မိဘကလည်း သဘောမတူဘူး ဆိုပါတော့၊ မင်း မိငယ်ကို လက်ထပ်မှာပဲလား"

"ကျွန်တော် ဖြေခဲ့ပြီးပြီလေ၊ သိပ်လက်ထပ်ရဲတာပေါ့လို့၊ အခု ကျွန်တော်တို့ပြောနေတာတွေဟာ ပြောလို့သာပြောနေကြတာပါ၊ မိုးမပြိုဘူး၊ ပြိုခဲ့သော်ဆိုတာမျိုး ပြောနေကြတာပါ၊ တကယ်တမ်းဆိုရင် ဖေဖေနဲ့ မေမေဟာ အခု ကျွန်တော်တို့ အဆုံးစွန်တွက်ထားသလောက် မရိုင်းဘူး ထင်တာပဲလေ၊ ကျွန်တော် တစ်ယောက်ကလွဲပြီး ဖေဖေနဲ့ မေမေမှာ တခြားချစ်စရာမှမရှိတာ၊ စိတ်ဆိုးချင်တော့ဆိုးမယ်၊ ဒါလည်း ခဏပေါ့ အစ်ကိုဦး၊ အိုဗျာ ... နောက်ဆုံး ဖေဖေနဲ့မေမေက အမွေပြတ်လုပ်ဦး ကျွန်တော် လုပ်ကျွေးနိုင်မှာပါ"



ကိုသက်ဦးက မျက်လွှာပင့်၍ ထွန်းထွန်းကိုကြည့်လိုက်သည်။

"ဘာလဲ ... အစ်ကိုဦးက သည်ခေတ်ထဲမှာ ဘွဲ့ရအလုပ်လက်မဲ့တွေ တစ်ပုံကြီးကြားမှာ သည်နှစ်မှ ဗိုင်နယ်ဖြေမယ့် ကျွန်တော်က မယားတစ်ယောက် လုပ်ကျွေးနိုင်မှာပါဆိုတာကို မယုံလို့ ကြည့်တာလား၊ မယုံမရှိနဲ့ အစ်ကိုဦး၊ ကျွန်တော့်နာမည်နဲ့ ဘဏ်မှာဖွင့်ထားတဲ့ ငွေစာရင်းက နှစ်သိန်းတိတိ ရှိတယ်၊ မေမေ့ရဲ့မိဘ ကျွန်တော့်အဘိုးအဘွား မဆုံးမီကတည်းက မြေးအတွက် သတ်သတ်ဆိုပြီး ဘဏ်မှာ အပ်ထားပေးခဲ့တာ အခုဆိုရင် သုံးနှစ်ကျော်သွားပြီမို့ ဘဏ်တိုးတွေတောင် ဘယ်လောက်ရနေပြီလဲ မသိတော့ဘူး အစ်ကိုဦး"

ကိုသက်ဦးသည် ထိုင်ရာမှ ထလိုက်သည်။ စန္ဒရားခုံကို ညင်သာစွာ ပြန်ပိတ်လိုက်သည်။

"မင်း မနက်ဖြန် လာဦးမယ် မဟုတ်လား ထွန်းထွန်း"

"ဟုတ်ကဲ့"

"နက်ဖြန် မင်းလာတဲ့အခါ မိငယ်က မင်းကို အတွေ့ခံဖို့အထိတော့ ငါ စီစဉ်ပေးမယ်လေ၊ ဒါပေမဲ့ မိငယ်ရဲ့ရင်ထဲက မင်းကိုတုံ့ပြန်တယ်၊ မတုံ့ပြန်တယ်ဆိုတဲ့ အပိုင်းအထိတော့ မိငယ်အပေါ်မှာ ငါ့ရဲ့တိုက်တွန်းချက်ကို သွေးဆောင်ချက်တို့ ပါဝင်မှာမဟုတ်ဘူး၊ မင်းနဲ့ မိငယ် တွေ့ဆုံတဲ့ပွဲမှာ ကိုယ်ပိုင်ဆန္ဒနဲ့ ကိုယ်ပိုင်နှလုံးသားကိစ္စတွေသာ ဖြစ်စေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကြိုက်ပေါ့ အစ်ကိုဦး၊ ကျွန်တော် လိုချင်တာကလည်း အဲသည်ပုံစံမျိုး အစစ်အမှန်ပဲလေ"

"အေး ... မင်းတို့နှစ်ယောက် ဘေးပယောဂကင်းကင်းနဲ့ ရင်ထဲရှိတဲ့အတိုင်း ဖြစ်ပါစေလို့ ငါ ဆန္ဒပြုတယ်ကွာ"

✣ ✦ ✣



## အခန်း(၁၀)

ညနေပိုင်း ငါးနာရီသာသာလေးကျ မှ ပွင့်ဦးသူဇာ ရုပ်ရှင်ကုမ္ပဏီမှ ဖုန်းဆက်သည်။

ဇာတ်လမ်းစိစစ်ရေးမှ ခွင့်ပြုချက်ရပြီးသား ဇာတ်လမ်းတစ်ပုဒ်ရှိနေသည်။ စကနဦးကတော့ ပွင့်ဦးသူဇာကုမ္ပဏီက ပင် ရိုက်ရန်ဖြစ်ပါ၏။ သို့တစေ တကယ်တမ်းကျတော့မှ ဇာတ်အိမ်ကြီးသောကြောင့် ငွေကြေး အကုန်အကျများမည်ကို ပွင့်ဦးသူဇာကုမ္ပဏီ လက်တွန့်သွားသည်။ ထို့ပြင် ထိုဇာတ်ကားကိုရိုက်ရန်ပြောထားသော ဒါရိုက်တာက တကယ်ရိုက်လျှင် ဇာတ်ကို ခနိုင်မနင်း ဖြစ်မှာစိုးသည်ဟု ဆိုလာသည်။

ထိုဇာတ်လမ်းမျိုးကို ဒါရိုက်တာကိုသက်ဦးလိုလူသာလျှင် ကိုင်တွယ်သင့်သည်ဟုပင် ပထမဒါရိုက်တာက ပွင့်ဦးသူဇာကို အကြံပေးသည်ဟု ဆိုသည်။

ထို့ကြောင့် အချက်နှစ်ချက်ပေါ် မူတည်ပြီး ဒါရိုက်တာကိုသက်ဦးနှင့် ဆွေးနွေးပါရစေဟု ပွင့်ဦးသူဇာကုမ္ပဏီပိုင်ရှင် ဒေါ်စိမ်းစိမ်းက ဖုန်းဖြင့်ဖိတ်ခေါ်ခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမအချက်မှာ ပွင့်ဦးသူဇာကုမ္ပဏီ၏ အငှား ဒါရိုက်တာအဖြစ် ကိုသက်ဦးက ရိုက်ပေးရန်ဖြစ်သည်။

ယင်းသို့မှ ကိုသက်ဦးက လက်မခံလျှင် ထိုဇာတ်ကို ကိုသက်ဦးက ပြန်၍ဝယ်ယူပြီး ပရိုဂျူဆာ ဒါရိုက်တာအဖြစ် ရိုက်လိုကရိုက်ရန် ဖြစ်ပါ၏။

ကိုသက်ဦးက ပထမအချက် ဒါရိုက်တာ အငှား အနေနှင့်တော့ လက်မခံဟု ဖုန်းကပင် ပြန်ပြောသည်။

ထိုဇာတ်ကို ကိုသက်ဦး အကြမ်းအားဖြင့် လေ့လာဖတ်ရှုပြီး ကြိုက်ပါက ကိုယ်တိုင်ဒါရိုက်တာ ကိုယ်တိုင်ပရိုဂျူဆာ အဖြစ်ရိုက်ရန် ရည်ရွယ်သည်။

လက်ရှိအခြေအနေတွင် သက်ဦးရုပ်ရှင်ကုမ္ပဏီအနေဖြင့် ရိုက်ရန်ဇာတ်တစ်ဇာတ် ရှိနေသည်။ ထိုဇာတ်ကြောင့်ပင် မျိုးနွယ်နှင့် ကိုသက်ဦး ခွာပြဲခဲ့သောကြောင့် ထိုဇာတ်ကွက်အတွက် သင့်တော်မည့်မင်းသမီးကို လေ့လာရင်း ကိုသက်ဦး ခေတ္တဆိုင်းငံ့ထားရသည်။

ကိုယ်ပိုင်ဇာတ် ဆိုင်းငံ့ထားစဉ် ပွင့်ဦးသူဇာမှ ဇာတ်ကိုကြိုက်ပါက ကုမ္ပဏီငှား ကိုယ်တိုင်ဒါရိုက်တာ ပရိုဂျူဆာအဖြစ် ရိုက်ရန် ဆုံးဖြတ်လိုက်သည်။

ကိုသက်ဦးသည် ဦးဘစိမ်း ကားဂိုဒေါင်မှ ကားထုတ်လာမည်ကို စောင့်ရင်း ပေါ်တီကိုအောက်တွင် ရပ်နေမိသည်။

ကိုသက်ဦး၏ မျက်လုံးတို့သည် ကားစောင့်ရင်း ဦးလှုအေးနှင့် မိငယ်ရှိရာ တန်းလျားဆီသို့ ရောက်သွားသည်။



တန်းလျားအပေါ်ထပ် ဝရန်တာတွင် မိငယ် ရပ်နေသည်ကို ကိုသက်ဦး လှမ်းမြင်ရသည်။ မိငယ်သည် ကိုသက်ဦး ရပ်နေရာသို့ ငေးကြည့်နေပေသည်။

တကယ်တော့လည်း မိငယ်သည် ဦးလေးဒါရိုက်တာ ရှိရာ တိုက်အိမ်ဆီသို့ တစ်နေ့လျှင် အခါပေါင်းများစွာ သူမ၏ တန်းလျားလေးမှ လှမ်းကြည့်တတ်သည်။ ဦးလေးဒါရိုက်တာ၏ အရိပ်အယောင်ကိုတွေ့လျှင် မိငယ် ရင်ထဲတွင် ပျော်ရွှင်သွားသလို ခံစားရသည်။ ထို့ထက်မှာမူ ဦးလေးဒါရိုက်တာနှင့် စကားပြောရလျှင် မိငယ် ပို၍ပင် ပျော်တော့သည်။

ခက်သည်က ဦးလေးဒါရိုက်တာသည် တိုက်အိမ်ပေါ်တွင် တစ်ဦးတည်း ထီးထီးကြီး နေတတ်သည်။ ဦးလေးဒါရိုက်တာက မခေါ်ဘဲ တိုက်အိမ်ဆီသို့ မိငယ် မသွားဝံ့။

ယခုလည်း မိငယ် အကျင့်အတိုင်း တိုက်အိမ်ဆီသို့ကြည့်ရင်း ကြည့်ရင်းဖြင့် ရှပ်အင်္ကျီအဖြူ အပေါ်အင်္ကျီမီးခိုးရောင်၊ ဂန့်ဂေါ်လုံချည်အမည်းဖြင့် ဦးလေးဒါရိုက်တာ ထွက်လာပြီး ဆင်ဝင်အောက်တွင် ရပ်နေသည်ကို တွေ့သဖြင့် မိငယ်က အိမ်ခန်းမှထွက်ကာ ဝရန်တာတွင်ရပ်ပြီး ဦးလေးဒါရိုက်တာကို လှမ်းကြည့်နေမိခြင်း ဖြစ်ပါတော့၏။

ဝရန်တာတွင် ရပ်နေသော မိငယ်ကို တွေ့လေမှ ကိုသက်ဦးသည် ယနေ့အဖို့ မိငယ်နှင့် ပတ်သက်ပြီး ထွန်းထွန်းလာလေဦးမည်ကို သတိရလိုက်မိတော့သည်။

ကိုသက်ဦးက မိငယ်ကို လက်ယပ်ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ်သည် ခေါင်းမှလွတ်သော မြင်းမလေးသဖွယ် တန်းလျားဝရန်တာတွင် ပြေးလျှောက်ပြီး တန်းလျားလှေကားကို တဒုန်းဒုန်း ခုန်ပေါက်ဆင်းကာ ဦးလေးဒါရိုက်တာရှိရာသို့ ရောက်လာသည်။

"မိငယ်"

"ရှင်"

"ဦးလေး အပြင်သွားမလို့ နည်းနည်းပါးပါး ကြာချင်ကြာမယ် မိငယ်၊ ဇာက်လမ်းတစ်ပုဒ် သွားဖတ်ကြည့်မှာဆိုတော့ တော်တော်လေး ကြာဖို့ကများတယ်"

ဤအပိုင်းအထိ ကိုသက်ဦး၏ လုပ်ငန်းပိုင်းဖြစ်နေသောကြောင့် မိငယ် ဘာပြန်ပြောရမှန်းမသိ။ မျက်လုံးလေးပုတ်ခတ် ပုတ်ခတ်ဖြင့်သာ ကိုသက်ဦးကို ငေးကြည့်နေတော့သည်။

"ဦးလေး အပြင်ထွက်နေတဲ့ အချိန်အတွင်းမှာပဲ ထွန်းထွန်းလာလိမ့်မယ် ထင်တယ် မိငယ်"

"ခါတိုင်းလည်း သူ လာနေတာပဲဟာ ဦးလေးဒါရိုက်တာ"

"ခါတိုင်း သူလာနေတာကို မိငယ် သိနေတယ်ပေါ့ ဟုတ်လား"

"သိတယ်ပေါ့ ဦးလေးဒါရိုက်တာ၊ ခြံထဲကို ဧည့်သည်ဝင်လာတိုင်း မိငယ်က တန်းလျားပေါ်က ဆီးမြင်နေတာပဲဟာ"

"ဒါဖြင့် မိငယ် ဘာလို့ ဆင်းမလာသလဲ"

"အို ... ဦးလေး ဒါရိုက်တာကလည်း ဘာဆိုင်တာမှတ်လို့"



"အေး ... သည့်ပြင်နေ့တွေမှာတော့ ဘာဆိုင်တာမှတ်လို့ ဆိုပြီး မိငယ် နေလို့ရတယ်၊ ဦးလေးကပဲ ဧည့်ခံတာကိုး၊ သည်နေ့ ဦးလေး အပြင်သွားနေတုန်းလာရင် ဦးလေး ကိုယ်စား မိငယ်ကပဲ ဧည့်ခံထားနော်"

"ကြီးကြီးမေ ရှိသားပဲ ဦးလေးဒါရိုက်တာ"

"ကြီးကြီးမေ အလုပ်မအားတတ်မှန်း မိငယ် သိသားမဟုတ်လား၊ နောက်ပြီး ဦးလေးကိုယ်စား ဧည့်ခံရမှာဆိုတော့ ကြီးကြီးမေနဲ့ ဘယ်ဖြစ်မလဲ"

"ဒါဆို မိငယ်က ဦးလေးဒါရိုက်တာ ကိုယ်စားပေါ့၊ အိမ်ရှင်ထီး မရှိတုန်း အိမ်ရှင်မက ဧည့်ခံပေးတဲ့သဘောပေါ့၊ ဟုတ်လား"

ကိုသက်ဦးသည် မကြည့်ပါဘူးဟု စိတ်တင်းထားသည့်ကြားကပင် မိငယ်၏စွတ်ရွတ်ပြောသော စကားကြောင့် မိငယ်၏မျက်နှာလေးကို လှမ်းကြည့်လိုက်မိသည်။

မိငယ်သည် ကိုယ့်စကားအဓိပ္ပာယ် ကိုယ့်ဟာကိုယ် နားမလည်ဘဲ စွတ်ရွတ်ပြောခြင်းပေလား။

အိမ်ရှင်ထီးမရှိတုန်း အိမ်ရှင်မက ဧည့်ခံပေးသည် ဆိုခြင်းမှာ ခင်ပွန်းသည်မရှိခိုက် ဇနီးက ဧည့်ခံပေးသည်ဟူသော သဘော သက်ရောက်နေသောကြောင့် ဖြစ်ပါ၏။

ဤသို့မဟုတ်ဘဲ ဦးလေးဒါရိုက်တာ အိမ်ရှင်ထီး မရှိခိုက် သူမအား ကိုယ်စားဧည့်ခံပေးပါ ဆိုသည်ကိုပင် သူမအား နေရာထားသည်။ အရေးပေးသည်ဟု သဘောပေါက်ပြီး ကိုယ်စားဆိုသည်ကို အိမ်ရှင်မဟု မှတ်ယူပြီး ပြောချလိုက်ခြင်း သလား မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ မိငယ်ရယ်၊ ဖအေမရှိတုန်း သမီးက ကိုယ်စားပြုတဲ့သဘောပေါ့၊ ဦးလေး မရှိတုန်း တူမက ကိုယ်စားပြု ဧည့်ခံပေးတဲ့သဘော ဆိုပါတော့"

မိငယ်၏ နှုတ်ခမ်းထူထူလေးက ပြုံးလိုက်ပြီး ခေါင်းညိတ်ပြသည်။

"ဦးလေးအစားမို့သာ ဧည့်ခံရမှာ၊ အဲသည် ထွန်းထွန်းကို မိငယ် ဧည့်မခံချင်ဘူး ဦးလေးဒါရိုက်တာ"

"ဆို ... ဘာပြုလို့"

"သူ ကြည့်တာက တစ်မျိုးကြီးပဲ၊ မိငယ် ကြက်သီးထတယ်"

ဦးဘစိမ်းသည် ကားလေးမောင်းပြီး ပေါ်တီကိုအောက် ရောက်လာသည်။ ကိုသက်ဦးက ရှေ့ခန်းတံခါးဖွင့် ထိုင်လိုက်သည်နှင့် ကားဘီးဆက်လိမ့်လာပါ၏။

ကိုသက်ဦးသည် မိငယ်ကို ပြန်၍မေးလိုက်ချင်မိသည်။ ဦးလေး၏အကြည့်တွေကကော တစ်ခါတလေ မိငယ်ကို ကြက်သီးမထစေဘူးလားဟူ၍။ သို့သော် မမေးအပ်သောမေးခွန်းပါလားဟု ကိုယ့်ကိုယ်ကိုယ် သတိချပ်ကာ မြိုနေလိုက်ရတော့သည်။

✤ ✦ ✤



မိငယ်သည် ကားလေး ခြံဝမှထွက်သွားပြီး လမ်းမကြီးပေါ်တွင် ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။

ထို့နောက် တန်းလျားဆီသို့ တစ်လှမ်းချင်းလျှောက်လာရင်း ဦးလေးဒါရိုက်တာ ပြောသွားသော စကားတွေ နားထဲတွင် ပြန်လည်ကြားယောင်နေမိသည်။

"အေးပေါ့ မိငယ်ရယ်၊ ဖအေမရှိတုန်း သမီးက ကိုယ်စားပြုတဲ့သဘော၊ ဦးလေးမရှိတုန်း တူမက ကိုယ်စားပြု ဧည့်ခံပေးတဲ့သဘော ဆိုပါတော့"တဲ့။

မိငယ်သည် အပေါ်သွားလေးများဖြင့် အောက်နှုတ်ခမ်းကို ကိုက်ထားလိုက်မိသည်။

ဦးလေးဒါရိုက်တာသည် သူမအား တွက်ချက်ရာတွင် လျှော့တွက်လွန်းလှသည်။ သူမအား တွေ့ကာစ မော်လမြိုင် မိုင်ဒါဈေးအတွင်း ရေခဲခြစ်ရောင်းနေသော မိငယ်အနေနှင့်ပင် ဦးလေးဒါရိုက်တာက ယခုတိုင် တွက်ချက်ဆဲ မြင်နေဆဲ ဖြစ်ဟန်တူသည်။

ဦးလေးဒါရိုက်တာ မှားနေပြီ။

ဟိုတုန်းကတော့ ဟုတ်ပါ၏။ မိငယ်အဖို့ စားမည်၊ အိပ်မည်၊ ဈေးရောင်းမည်။ တစ်နေ့ တစ်နေ့ ဈေးရောင်းရသည့် ပိုက်ဆံထဲမှ အမြတ်အစွန်းလေးနှင့် အဖေကို ချက်ပြုတ်ပေးရသည်။ တစ်နေ့လုံး ဈေးရောင်းသည်မှာလည်း ဖတ်ဖတ်မော။ တခြားဘာ ဆိုဘာမျှ စိတ်မကူးနိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ယခုမိငယ်သည် ယခင်မိငယ် မဟုတ်တော့ပြီ။ စီးပွားရေးဆိုခြင်းထက်၊ နေ့စဉ် ရရစားစားအတွက် မပူပန်ရတော့။ ကောင်းကောင်းနေ၊ ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ရသည့်ကြားကပင် လေ့ကျင့်ခန်းတွေ ကျင့်ရသည်။ ဒသွားသားများ တစ်နေ့ထက်တစ်နေ့ ဆူဖြိုးလာလေပြီ။ အဖေကလည်း လူမမာမဟုတ်တော့။ သွားနိုင်လာနိုင်ရုံမက အားအင်ပြည့် ရှိလာသည်။ တစ်ခါတလေ အဖေက ပြောသေးသည်။ ငါ အခုဆိုက်ကားပြန်နင်းရင်တောင် နင်းနိုင်လောက်ပြီဟု သူ၏ကျန်းမာရေးကောင်းလာပုံကို အားပါးတရ ပြောတတ်သေးသည်။

ဒါတွေအားလုံးသည် ဦးလေးဒါရိုက်တာ ကျေးဇူးတွေပါလားဟု မိငယ်က ထပ်တလဲလဲ တွေးမိသည်။

သည်ကြားထဲမှာပင် ဦးလေးဒါရိုက်တာ ဖတ်ခိုင်းသော ဝတ္ထုတွေကို မိငယ် ဖတ်ရသည်။ ဖတ်ရသရွေ့ဝတ္ထုဇာတ်လမ်းတို့သည် လူ့ဘဝနှင့် လူတွေကို ဇာတ်အိမ်ဖွဲ့ပြီး လူတွေတွင်ဖြစ်တတ်သည့် ဇာတ်လမ်းတွေ ဖြစ်ပေသည်။

အထူးသဖြင့် လူသားအားလုံးအပေါ်တွင် လွှမ်းမိုးထားသော အချစ်ဇာတ်လမ်းတွေ ဖြစ်ပါ၏။

မိငယ် ချစ်တတ်ပါပြီ။

မိငယ်၏အသက် ၁၇ နှစ်ဆိုသည်မှာ ဦးလေးဒါရိုက်တာ လျှော့တွက်ထားသော မော်လမြိုင်မှ ရေခဲခြစ်သည်မလေး၏ဘဝ (၁၇)နှစ်မျိုး မဟုတ်တော့ပြီ။

ရန်ကုန် ရောက်ပြီးနောက် အနေငြိမ်းချမ်းခြင်း၊ အတွေ့အကြုံတွေ များပြားလာခြင်းနှင့် ရုပ်ရောခန္ဓာကိုယ်ပါ



ပြောင်းလဲခြင်းတွေနှင့်အတူ မိငယ်၏နှလုံးသားလေးသည် ဝတ်ခဲ့သော မေတ္တာအတွက် မေတ္တာအာဟာရလေး တောင်းခံလာလေပြီ။

ရှင်းရှင်းပြောရသော် မိငယ်သည် ဦးလေးဒါရိုက်တာကို နှလုံးသားမှ ချစ်ခင်တွယ်တာနေမိပြီ ဖြစ်ပါသည်။

ဦးလေးဒါရိုက်တာသည် မိမိထက် အတော်အတန်အသက်ကြီးသည်မှလွဲပြီး ဘာများ မချစ်နိုင်စရာ ရှိလေသနည်း။ ဦးလေးဒါရိုက်တာ၏ စိတ်နေသဘောထားတွေသည် သူများတကာထက် မြင့်မြတ်လှသည်၊ ဦးလေးဒါရိုက်တာကို တစ်ပါးသူတွေက သိုညိုရှည်မျောမျောနှင့် မလှမပဟု ဆိုကြသော်လည်း မိငယ်၏မျက်စိထဲတွင် ဦးလေးဒါရိုက်တာ ပြုမူလှုပ်ရှားမှုဟူသရွေ့ ကြည့်မဝ ဖြစ်ရသည်။ အထူးသဖြင့် ဦးလေးဒါရိုက်တာ အရယ်အပြုံးလုပ်ပြီဟော့ဆိုလျှင် ဦးလေးဒါရိုက်တာ၏ ပုလဲဖြူသွားစီတန်းလေးနှင့် သွားစွယ်လေးတွေ တစ်ဖက်တစ်ချက် ပေါ်လာသည်မှာ ကျက်သရေရှိလှပြီး ဘယ်တော့မဆို ဦးလေးဒါရိုက်တာ၏ အရယ်အပြုံးကို မိငယ်က ထိုင်ကြည့်ချင်နေမိသည်။

ဒါပေမဲ့ ခက်သည်။

ဦးလေးဒါရိုက်တာက မိငယ်ကို ဆက်ဆံပုံမှာ လူကြီးဆန်လွန်းသည်။ သိက္ခာတွေ ထားလွန်းသည်။ တစ်ခါတစ်ရံကျလေမှ ဦးလေးဒါရိုက်တာသည် မိငယ်ကို တွေ့တွေငေးငေးလေးကြည့်တတ်သည်။ မိငယ်ကို ကြည့်ရင်း စကားပြောရင်းကပင် ဦးလေးဒါရိုက်တာ၏မျက်နှာတွင် သွေးရောင်လေးများ လျှမ်းတက်လာတတ်သည်။ ထိုအကြည့်လေးမျိုးကို ဦးလေးဒါရိုက်တာကြည့်

www.burmeseclassic.com

www.burmeseclassic.com



လာလျှင် မိငယ် အလိုလို ရင်ခုန်ရသည်။ ဤသို့ ရင်ကလေးတွေ ခုန်ရခြင်းကို မိငယ် သာယာမိသည်။ ကြည်နူးမိသည်။ ကိုထွန်းထွန်း၏အကြည့်မျိုး၌ မိငယ် ကြက်သီးထရသည်မျိုးကျတော့ မိငယ် မလိုလား။ ကြောက်စိတ်ကလေး စွက်ဖက်လာသောကြောင့် ကြက်သီးထရသည်မျိုးကျတော့ မိငယ် မလိုလား။ ကြောက်စိတ်ကလေး စွက်ဖက်လာသောကြောင့် ကြက်သီးထရသည်မျိုးဖြစ်ပေခြိမ့်မည်။

ဦးလေးဒါရိုက်တာ၏အကြောင်းကို အစဉ်တစိုက်တွေးရင်းပင် မိငယ်သည် အိပ်မက်ထဲ၌ လမ်းလျှောက်သူပမာ သိစိတ်တစ်ဝက်၊ မသိစိတ်တစ်ဝက်ဖြင့် သူမ၏အခန်း မှန်တင်ခုံရှေ့တွင် ရပ်မိသည်။

မှန်ထဲတွင် ပေါ်ထွက်လာသော သူမ၏ရှေ့ပိုင်း မျက်နှာနှင့် ခါးအောက် ပေါင်လယ်ထိ ခန္ဓာကိုယ်ကို မိငယ် ရှုးစိုက်ကြည့်မိသည်။

ခြောက်ပြစ်မကင်းနိုင်သော အမျိုးသမီးတစ်ဦး အတွက် မှန်ကြည့်ပြီဆိုလျှင် မိမိ၏တချို့တစ်နေရာလေးတွေ ချို့ယွင်းချက်ကြောင့် မကျေမနပ်ကလေး ဖြစ်ကောင်းဖြစ်ကြလိမ့်မည်။ မိငယ်သည် သူမ၏မှန်ထဲမှ မျက်နှာအလှလေးကိုကြည့်ပြီး ကျေနပ်ပါ၏။ အထူးသဖြင့် ဦးလေးဒါရိုက်တာ ပြောလေ့ရှိသော သူမ၏မျက်ဝန်းအစုံနှင့် နှုတ်ခမ်းစုံကို မိငယ် သေချာပြန်ကြည့်မိသည်။

ထို့နောက် လည်တိုင်အောက်ရင်ညွှန့်မှ မို့သောရင်၏ ကျဉ်သောခါး၊ စွင့်ကားလုံးကျစ်သော တင်တို့မှ ဆင်းသက်ပြီး



အရင်းတုတ် အဖျားသွယ် ပေါင်တန်အလယ်အထိ မိငယ်သည် ကိုယ့်ဟာကိုယ် မှန်ထဲတွင် ကြည့်မိပြန်သည်။ ကြည့်မိသည်နှင့် ကိုယ့်အလှကိုယ် ကျေနပ်မိရပြန်သည်။

ကဲ ... ကြည့်။ ဒါတောင် ဦးလေးဒါရိုက်တာကြီးက သူ၏ကွယ်ရာတွင် သူ၏ကိုယ်စား ကိုထွန်းထွန်းကို ညှော်ခံပေးရမည်တဲ့လေ။

ဟွန်း ... ဦးလေးဒါရိုက်တာရဲ့ မျက်ကွယ်မှာ ကိုထွန်းထွန်းက မိငယ်ကို ထိကပါး ရိကပါးတွေ လုပ်မှာကို ဦးလေးဒါရိုက်တာက မစိုးရိမ်ဘူးတဲ့လား။

အင်းပေါ့လေ၊ ဦးလေးဒါရိုက်တာက မိငယ်ကို ဘာကယ်မချစ်လို့ မစိုးရိမ်ဘဲ ကိုထွန်းထွန်းကို ညှော့ခံခိုင်းတာဖြစ်မှာပါ။ မိငယ်အဖို့တော့ ဦးလေးဒါရိုက်တာ မှာကြားပြောဆိုသမျှ ဘာဒိတ်တော်မြွက်အတိုင်းပါဖြစ်အောင် ကိုထွန်းထွန်းကို ညှော့ခံမှာပေါ့လေ။ မိငယ်အဖို့ ဦးလေးဒါရိုက်တာရဲ့ကျေးဇူးတွေကြောင့်ရော၊ ဦးလေးဒါရိုက်တာကိုချစ်လို့ ဦးလေးဒါရိုက်တာ ညွှန်ကြားသရွေ့ လိုက်နာတဲ့ အနေနဲ့ရော ကိုထွန်းထွန်းကို ညှော့ခံပေးမှာပါ။

မိငယ်သည် အရူးမလေးတစ်ဦးသဖွယ် စိတ်ထဲရှိသမျှ အတွေးတွေကို တစ်ခုပြီးတစ်ခု တွေးရင်း မှန်တင်ခုံမှာ တို့တော်ပဝါကို ကောက်ယူကာ တဖတ်ဖတ်ဖြင့် သူမ၏မျက်နှာတစ်ပြင်လုံးကို ရိုက်လိုက်မိတော့သည်။

မိတ်ကပ်လိမ်းခြင်း၊ နှုတ်ခမ်းနီဆိုးခြင်းတွေ ပြီးသော့။ အင်္ကျီနှင့်ထဘီမှာ အိမ်နေရင်းဝတ်သော အင်္ကျီထဘီများ

www.burmeseclassic.com

www.burmeseclassic.com



မို့ သူ့ထက်လတ်သော တစ်ပတ်ရစ်အင်္ကျီထဘီကိုပင် ပြန်၍လဲ ဝတ်သည်။

မကြာလိုက်ပါချေ။

မိငယ် အသင့်အတင့် ပြင်ဆင်ဝတ်စားပြီးသည်နှင့် မရှေးမနှောင်းမှာပင် ပရစ်အော်သံသဖွယ် ကိုထွန်းထွန်း၏ ဟွန်ဒါဆိုင်ကယ်စက်သံကို ကြားရပေသည်။

"အဖေ"

"ဘာလဲ မိငယ်"

မိငယ်သည် သူမ၏ဖခင်ရှိရာအခန်းသို့ ကူးလာပြီး ဖခင်ကိုခေါ်လိုက်သည်ပင် ဆောင့်ကြီးအောင့်ကြီးသံ ပေါက်သွားပြီး အဖေဟု ခေါ်နေကျသည် "အဖေး"ဟု ထွက်သွားသည်။ ဤပုံစံမျိုး "အဖေး"ဟု ခေါ်လျှင် သမီးမိငယ် တစ်စုံတစ်ရာမကျေမနပ် ဖြစ်နေတတ်ကြောင်း သိနေသော ဖခင်ဦးလူအေးက ပြန်ထူးရင်း မိငယ်ကို အကဲခတ်ကြည့်နေလိုက်သည်။

"ဦးလေးဒါရိုက်တာက မှာခဲ့တယ်၊ သူ မရှိတုန်း ဟို … ကိုထွန်းထွန်း ဆိုတဲ့လူလာရင် မိငယ်ပဲ သူ့ကိုယ်စား ဧည့်ခံထားရမယ်တဲ့ သိလား"

"နေပါဦး မိငယ်၊ ကိုထွန်းထွန်း ဆိုတာက"

"ဟို … မော်တော်ဆိုင်ကယ်နဲ့ လာတဲ့လူပေါ့ အဖေ"

ဦးလူအေးသည် ခပ်ငေးငေးလေး ဖြစ်သွားသည်။ တစ်စုံတစ်ခုကို အလေးအနက် တွေးဟန်လည်း တူပေသည်။

"ဆရာကိုသက်ဦး ကိုယ်တိုင်က မိငယ်ကို အဲဒီလိုမှာသွားတာ တကယ်လား မိငယ်"



"ဩော် … အဖေရယ်၊ ဦးလေးဒါရိုက်တာ ကိုယ်တိုင်သာ အဲသည်လိုမှာ မသွားရင် မိငယ်ကလည်း ဟောသည် တန်းလျားပေါ်က လှေကားတစ်ထစ်တောင် အောက်မဆင်းချင်ဘူး"

"အေးလေ … ဆရာကိုသက်ဦး မှာသွားတာဆိုရင်တော့ သူမှာတဲ့အတိုင်းလုပ်ပေါ့ သမီးရယ်"

မိငယ်သည် ဖခင်ဦးလူအေး အခန်းမှ ထွက်လာခဲ့သည်။

"အင်း … ဆရာကိုသက်ဦးကလည်း ဘယ်လိုတွေများ စိတ်ကူးထားသလဲ မပြောတတ်ပါဘူး"

အဖေဦးလူအေး ညည်းတွားသံကို မိငယ် ကြားနေရပေသည်။ မိငယ်က အဖေညည်းတွားသည်ကို မိငယ်၏ရင်ထဲမှ ထောက်ခံမိပါ၏။

ဟုတ်ပါ၏။ ဦးလေးဒါရိုက်တာသည် ဘယ်လိုတွေများ စိတ်ကူးထားလေသည်မှန်း မပြောတတ်ပါလေတော့။

ထွန်းထွန်းသည် မော်တော်ဆိုင်ကယ်ကို ဆင်ဝင်အောက်တွင် ရပ်လိုက်ပြီး အောက်သို့ဆင်းလိုက်သည်။ သံဆွဲဘဲခါးမှ အိမ်ထဲသို့ လှမ်းကြည့်ရင်း ကိုသက်ဦးကို ခေါ်လိုက်သည်။

"အစ်ကိုဦး … ဗျို့ အစ်ကိုဦး"

"ဦးလေးဒါရိုက်တာ မရှိဘူး၊ အပြင်သွားတယ်"

ထွန်းထွန်းသည် မငယ်ငယ်၏အသံကို ကဝ်၍ကြားသိလိုက်ရသဖြင့် ချာခနဲ တစ်ပတ်လည် လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မငယ်ငယ်"

"ဦးလေးဒါရိုက်တာက မှာသွားတယ်၊ သည့်ပြင်ကုမ္ပဏီ တစ်ခုမှာ ဓာတ်လမ်းတစ်ပုဒ် သွားဖတ်ကြည့်မလို့တဲ့၊ အဲဒါ ကိုထွန်းထွန်း လာရင် မိငယ်ကပဲ ဦးလေးဒါရိုက်တာ ကိုယ်စား ဧည့်ခံထားရမယ်တဲ့လေ၊ အဲသည်တော့ ကော်ဖီ သောက်မလား၊ သံပရာရည်သောက်မလား၊ ကြီးကြီးမေကို မိငယ် သွားပြောပေးမယ်လေ"

ထွန်းထွန်းသည် မိငယ်ကို တစ်ချက်စိုက်ကြည့်ရင်း မိငယ်၏ ပြောပုံလေးနှင့် ပြောလိုက်သော စကားများအတွက် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပေတော့သည်။

မိငယ် ပြောပုံလေးမှာ အစ်ကိုဦးကိုယ်စား သူမက ဧည့်ခံပေးရမည့်တာဝန်ရှိသည်။ ထို့ကြောင့် ဧည့်ဝတ်ပြုရမည့် တာဝန်အရ ကော်ဖီသောက်မလား၊ သံပရာရည်သောက်မလားဟု မေးလိုက်သည့်ပုံသဏ္ဍာန် ပေါ်လွင်နေသည်။

"ကျွန်တော် ဘာမှမသောက်ပါဘူး မငယ်ငယ်၊ မငယ်ငယ် နဲ့ စကားပြောရရင်ပဲ ကျေနပ်လှပါပြီ"

"ဒါဆို ဘယ်မှာထိုင်မလဲ၊ ဧည့်ခန်းမှာထိုင်မလား၊ ခြံထဲ မှာ ထိုင်မလား"

ခါတိုင်း ထွန်းထွန်း လာလျှင် အစ်ကိုဦးက ဧည့်ခန်းမှာလည်း ဧည့်ခံတတ်သည်။ တစ်ခါတစ်ရံ ခြံထဲတွင်ထိုင်၍လည်း စကားပြောတတ်ကြသည်။ ဒါကို မငယ်ငယ် သတိထားမိဟန်တူသောကြောင့် ယခု ဧည့်သည်အလိုကျ ဘယ်မှာထိုင်မလဲဟု မေးလိုက်ခြင်း ဖြစ်မည်။ မငယ်ငယ်သည် အစ်ကိုဦးမှာကြားထားသည်ကို တာဝန်ကျေအောင် လုပ်နေသည့် အပြောအဆို



အမူအရာလေးတွေသည် ထွန်းထွန်း၏ ရင်ထဲတွင် တစ်မျိုးချစ်စရာကောင်းလှသည်ဟု ထပ်မံအမှတ်တွေ တိုးရပြန်သည်။

"ခြံထဲမှာပဲ ထိုင်ကြပါစို့ မငယ်ငယ်"

ခြံထဲသို့ လာခဲ့ကြသည်။ စပယ်ရုံဘေးရှိ တစ်ခါက ဦးလေးဒါရိုက်တာနှင့် မျိုးနန္ဒာတို့ ထိုင်ခဲ့သော ထိုင်ခုံတွင် ထိုင်ဖြစ်ခဲ့ကြပြန်သည်။

"မငယ်ငယ်"

"ရှင်"

"ကျွန်တော့်အကြောင်းနဲ့ ပတ်သက်ပြီး မငယ်ငယ် ဘာတွေသိထားသလဲဟင်"

"သူဌေးသား၊ တက္ကသိုလ်ကျောင်းသား ဆိုတာရယ်၊ တက္ကသိုလ်ကပြီးရင် ရုပ်ရှင်ထဲ ဝင်လာမယ် ဆိုတာရယ် သိတယ်၊ အဲဒါ ဦးလေးဒါရိုက်တာက ပြောထားလို့သိတယ်"

"သည်လောက် သိထားရင် လုံလောက်ပါပြီ၊ မငယ်ငယ်ရဲ့အကြောင်းကိုလည်း ကျွန်တော် အားလုံးသိတယ်"

"ဦးလေးဒါရိုက်တာ ပြောပြလို့ ကိုထွန်းထွန်း သိတာပဲ မဟုတ်လား"

"အစ်ကိုကလည်း ပြောသင့်သလောက် ပြောတယ်ပေါ့လေ၊ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် မော်လမြိုင်မိုင်ဒါဈေးကို သွားခဲ့တယ်၊ ဦးမြတ်စံတို့၊ အလုပ်သမားကိုညိုနဲ့ ကိုသောင်းစိန်တို့ မုန့်ဟင်းခါးရောင်းတဲ့ မအေးမိတို့နဲ့ ကျွန်တော် တွေ့ခဲ့တယ်၊ မငယ်ငယ်ရဲ့အကြောင်းတွေ ကျွန်တော်မေးမြန်းခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှန် ... အေးမိတို့နဲ့တောင် ကိုထွန်းထွန်းက သွားတွေ့တယ် ဟုတ်လား၊ ဘာလို့ အဲသည်လို သွားတွေ့တာလဲ ဟင်"

"မငယ်ငယ်ရဲ့အကြောင်းအမှန်တွေကို သိချင်လို့"

"အို ... ဒုက္ခပါပဲ"

"ဘာဖြစ်လို့ ဒုက္ခပါပဲလဲ မငယ်ငယ်၊ မော်လမြိုင်မှာတုန်းက မငယ်ငယ်ရဲ့ ဆင်းရဲတဲ့ဘဝမှန်ကို ကျွန်တော်သိသွားပြီး မငယ်ငယ်ကို အထင်သေးမှာ စိုးလို့လား၊ အဲသည်အတွက် လုံးဝမစိုးရိမ်ပါနဲ့ မငယ်ငယ်၊ ကျွန်တော် ..."

ထွန်းထွန်း စကားဆုံးအောင် ပြောခွင့်မရပေ။ မိငယ်က ကြားဖြတ်ဝင်ပြောလိုက်ပေသည်။

"အဲသည်အတွက် မိငယ် လုံးဝမစိုးရိမ်ဘူး ကိုထွန်းထွန်း။ မိငယ် ဆင်းရဲခဲ့တယ်၊ ရေခဲခြစ်ရောင်းခဲ့တယ်ဆိုတာ မိငယ်ရဲ့ဘဝမှန်တစ်ခုပဲဟာ၊ ဘဝမှန်တစ်ခုဆိုတာ ကွယ်ဝှက်ထားလို့ရတာမျိုးလည်း ဟုတ်မှမဟုတ်တာ၊ မိငယ်စိုးရိမ်တာက ဦးမြတ်စံကတော့ ထားပါတော့၊ ဦးလေးဒါရိုက်တာရဲ့ အကြောင်းကို ဇစ်မြစ်ကစပြီး သိတယ်၊ အေးမိတို့ ဦးလေးကိုသောင်းစိန်နဲ့ ဦးလေးကိုညိုတို့က ကိုထွန်းထွန်း နောက် တစ်ကျော့သွားမေးတဲ့အတွက် မိငယ်ကို ဘယ်လိုထင်ကြမလဲ၊ မိငယ်ကို ဦးလေးဒါရိုက်တာက ရုပ်ရှင်ရိုက်ဖို့ ရန်ကုန်ခေါ်လာတယ်၊ အဲသည်နောက် ကိုထွန်းထွန်းဆိုတဲ့ လူက မော်လမြိုင်လာပြီး စုံစမ်းပြန်တယ်ဆိုရင် သူတို့စိတ် ထဲ မိငယ်ကို ဘယ်လိုထင်ကြမလဲ၊ မိငယ်ဆိုတဲ့ကောင်း



လေးဟာ ဘာတွေရှုပ်ပွနေလို့ ဘာတွေမရှင်းလို့ တခြားလူစိမ်းတစ်ယောက်ကလာပြီး စုံစမ်းရတာလဲ ဆိုတာတွေ သူတို့တွေးကြတော့မှာပေါ့ ကိုထွန်းထွန်း၊ နောက်ပြီး ဦးလေးဒါရိုက်တာကပဲ ရုပ်ရှင်ရိုက်ပေးမယ်လို့ ခေါ်သွားပြီး အခု ဘာတွေဖြစ်ကုန်သလဲဆိုတဲ့ အတွေးတွေနဲ့ ဦးလေးဒါရိုက်တာကို သူတို့က တောင်ထင်မြောက်ထင်တွေ ထင်ကြတော့မှာပေါ့ ကိုထွန်းထွန်း"

"သူတို့မှာ အဲသည်လိုထင်ချင်တဲ့ သံသယလေးတွေရှိတာ အမှန်ပဲ မငယ်ငယ်၊ ဒါပေမဲ့ သူတို့အခုတော့ အဲသည်လို မထင်ကြတော့ပါဘူး၊ သံသယရှင်းသွားကြပါပြီ"

"ရှန်"

"ကျွန်တော်ကပဲ သူတို့ကို ရှင်းပြလိုက်တယ်၊ အစ်ကိုဦးဟာ မငယ်ငယ်တို့သားအဖကို ခြံထဲက သီးခြားတန်းလျားမှာ သီးခြားထားတယ်၊ မငယ်ငယ်အတွက် ကာယလေ့ကျင့်ပေးတဲ့ ဆရာမဒေါ်သန်းသန်းနဲ့ လေ့ကျင့်တယ်၊ အဝတ်အစားနဲ့ ရွှေငွေဆင်ပေးထားတယ်၊ အစားအသောက် အနေအထိုင်ကိုလည်း လိုလေသေးမရှိအောင် ထားတယ်၊ ဦးလူအေးရောဂါကိုလည်း ကုသပေးလို့ အခြေအနေ အများကြီးကောင်းလာတယ်၊ နောက်မကြာခင် လာမယ့်ခြောက်လတစ်နှစ်အတွင်းမှာ မငယ်ငယ်ဟာ ရုပ်ရှင်ပိတ်ကားပေါ်မှာ ပေါ်လာစရာရှိတယ်လို့ ကျွန်တော်က အားလုံးရှင်းပြလိုက်တယ်"

"ကိုထွန်းထွန်းက ရှင်းပြရတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သည်လိုပါ မငယ်ငယ်၊ ရှင်းပြတယ်ဆိုတာထက် သူတို့က မငယ်ငယ်ရဲ့အကြောင်းတွေ မေးတဲ့မေးခွန်းတွေ ကျွန်တော်ဖြေရင်း ရှင်းပြတဲ့သဘော သက်ရောက်သွားတာပါ၊ သူတို့ထဲမှာ ဒေါ်လာမိုးဆိုတဲ့ အမျိုးသမီးကြီးကတောင် တအံ့တဩ ပြောသေးတယ်၊ မငယ်ငယ်ဟာ မော်လမြိုင်က ထွက်သွားတုန်းက မျက်နှာလေးလှပေမယ့် ကိုယ်လုံးကိုယ်ပေါက်က ကလန်ကလားကြီးတဲ့၊ အဲသည်ပုံစံနဲ့ ရုပ်ရှင်မင်းသမီး ဖြစ်နိုင်မလားတဲ့"

"ဩော် ... ဩော်၊ မမဒေါ်လာမိုးနဲ့တောင် ကိုထွန်းထွန်းက တွေ့ခဲ့သေးသကိုး"

"ကျွန်တော်က သွားတွေ့တာတော့ မဟုတ်ဘူး မငယ်ငယ်၊ မအေးမိတို့ ကိုညို၊ ကိုသောင်းစိန်နဲ့ ကျွန်တော်ပြောနေတုန်း ဒေါ်လာမိုး ရောက်လာတာ၊ ကျွန်တော်က ပြန်ဖြေလိုက်ပါတယ်၊ အခု မငယ်ငယ်ဟာ ကလန်ကလားကြီး မဟုတ်ပါဘူး၊ မျက်နှာလေး သိပ်နုသေးပေမယ့် လေ့ကျင့်ထားတဲ့ မငယ်ငယ်ရဲ့ခန္ဓာကိုယ်အချိုးအစားဟာ အခုလက်ရှိမှာဆိုရင် စံချိန်မီမင်းသမီးတစ်ယောက်ရဲ့ ခန္ဓာကိုယ်အချိုးအစား ရှိနေပြီလို့လေ"

မိငယ်သည် ဦးခေါင်းလေး ငုံ့ထားမိသည်။ မိမိ၏ အလှကို လူပျိုလူရွယ်တစ်ယောက်က ရှေ့မှာတင် ချီးကျူးနေသည်ကိုမနေတတ်သောကြောင့် ခေါင်းငုံ့ထားမိခြင်း ဖြစ်ပါ၏။ သို့သော် မိန်းမသည် မိန်းမသာဖြစ်ပါ၏။



မိန်းမ၏သဘာဝမှာ မိမိ၏အလှအပကို မည်သူက ချီးကျူး ချီးကျူး ကျေနပ်မှုလေး ဖြစ်ရသည်ချည်းပင်။ မိငယ်သည် မိန်းသားဖြစ်ရုံမက ငယ်ရွယ်သော ဆယ်ကျော်သက်လေး မို့ ကိုထွန်းထွန်းက မိမိအလှကို ဂုဏ်ပြုချီးကျူးသည်ကို ကျေနပ်စွာ ခံယူမိပါ၏။

"မငယ်ငယ်

"ရှင်"

ထွန်းထွန်း ခေါ်လေမှ မိငယ်သည် ငုံ့ထားသော ဦးခေါင်းပြန်ဖော်ကာ ထွန်းထွန်းကို ကြည့်လိုက်သည်။

"မငယ်ငယ်က မေးခွန်းတစ်ခုတော့ ကျွန်တော့်ကို ပြန်မေးဖို့ကောင်းပါတယ်"

"ဟုတ်လား ... ဘာမေးခွန်း မေးရမှာလဲ ကိုထွန်းထွန်း"

"ကျွန်တော်ဟာ ဘာဖြစ်လို့ မော်လမြိုင်ကို တကူးတက သွားပြီး မငယ်ငယ်ရဲ့ ပတ်ဝန်းကျင်ထဲဝင်ပြီး မငယ်ငယ်ရဲ့အကြောင်းကို စုံစမ်းမေးမြန်းရသလဲ ဆိုတာရယ်၊ ဘယ်တုန်းက ကျွန်တော် မော်လမြိုင်ကို သွားလိုက်တယ်ဆိုတာရယ်မျိုးတွေ မငယ်ငယ် ပြန်မေးသင့်ပါတယ်"

"မေးတော့ မေးမိလိုက်တယ် ထင်တာပဲ၊ အေးမိတို့ အကြောင်းပြောရင် စကားတွေ ဟိုရောက်သည်ရောက်နဲ့ ဖြစ်သွားတယ် ကိုထွန်းထွန်း၊ ဒါဆို မိငယ် ထပ်မေးမယ်၊ ကိုထွန်းထွန်း ဘာလို့ မော်လမြိုင်သွားသလဲ၊ ဘယ်တုန်းက သွားခဲ့သလဲ"

ထွန်းထွန်းက ကျေနပ်စွာ ပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသည် မေးခွန်းနှစ်ခုမှာ ဘယ်တုန်းကသွားခဲ့သလဲဆို တဲ့ မေးခွန်းကို ကျွန်တော် အရင်ဖြေချင်တယ် မယ်ယယ်၊ သမ္မတရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ဖို့ အစ်ကိုဦးကို ကျွန်တော် လာခေါ်တုန်းက မယ်ယယ်ကို ပထမဆုံးအကြိမ် ကျွန်တော် မြင်ခဲ့ဖူးလိုက်တယ်"

ထွန်းထွန်းသည် ဆက်ပြီးပြောရန် ဝန်လေးနေသလို ခုံတန်းလျားလေးမှ ထရပ်လိုက်သည်။ သူ့ဟာသူ လက်ဝါးနှစ် ဖက်ကို အဓိပ္ပာယ်ကင်းမဲ့စွာ ပွတ်နေမိသည်။

မိငယ်က ထိုင်ခုံမှထရပ်သော ထွန်းထွန်းအား ကြည့် နေမိသည်။

ငါးရှဉ့်[illegible] စပို့ရှပ်ကို ဝတ်ထား သည်။ ကိုထွန်းထွန်း[illegible]အရောင်နှင့် ငါးရှဉ့်သွေး ရောင်သည် လိုက်ဖက်ပေသည်။ ကိုထွန်းထွန်းတွင်ကျယ်သော ပခုံးတန်းရှိသည်။ ရင်အုံများမို့ပြီး ဝမ်းဗိုက်သားရှပ်ဟပ်သည်။ လက်မောင်းတွင် စပို့ရှပ်လက်နားက ကျပ်စည်းပြီး မာဆယ်သား တွေ ဖုထစ်နေသည်။ ခါးတွင် မီးခိုးမှိုင်းရင့်ရင့် ဘောင်းဘီရှည် ဝတ်ထားသည်။ ဘောင်းဘီရှည်တွင် ခါးပတ်မပါ။ သူ၏ရှပ်ဟပ် သောဝမ်းဗိုက်တွင် ဘောင်းဘီ ကြယ်သီးနှစ်လုံးလေး ပြူးကြောင် ကြောင် တပ်ထားသည်။

ဘောင်းဘီက အကျပ်ကြီးလည်းမဟုတ်။ အချောင် ကြီးလည်းမဟုတ်။ အနေတော်ဝတ်ဆင်ထားသည်။ ကိုထွန်းထွန်း ရုပ်မဆိုး။ ယနေ့ခေတ် ရုပ်ရှင်မင်းသားတစ်လက်ရုပ် ထွက်နေ သည်ဟု မိငယ်က ရင်ထဲမှ ဆုံးဖြတ်မိသည်။



"ရှင်းရှင်းပဲ ပြောပါရစေတော့ မယ်ယယ်၊ အဲဒီ သမ္မတရုံ မှာကြည့်တဲ့နေ့ မယ်ယယ်ကို စပြီးမြင်ဖူးတဲ့ နေ့ကပဲ မယ်ယယ်ကို ကျွန်တော် စိတ်ဝင်စားလိုက်တယ်"

"အို ... မဟုတ်တာ"

"ကျွန်တော် ဆက်ပြောပါရစေ မယ်ယယ်၊ နောက်တစ် နေ့မှာပဲ ကျွန်တော် မော်လမြိုင် သွားတာပဲ၊ မယ်ယယ်ရဲ့ အကြောင်းတွေ သွားစုံစမ်းတာပဲ၊ ဘာလို့စုံစမ်းလဲဆိုတော့ မယ်ယယ်ကို ကျွန်တော် ချစ်မိပြီမို့လေ"

"အယ် ... ဒုက္ခပါပဲ"

မိငယ်၏တစ်သက်ဝယ် ယခုတစ်ကြိမ်သည် ပထမ ဦးဆုံး လူပျိုစကားပြောခံရသောအကြိမ် ဖြစ်ပါတော့၏။ မော်လမြိုင် တုန်က ရေခဲခြစ်ဝင်စားရင်း ရိတီတိလုပ်သော ကောင်လေးတွေ ဆော့ တစ်ပုံကြီး ရှိခဲ့ဖူးပေသည်။ ဒါတွေက အလကားအဓိပ္ပာယ် မရှိ သွားရင်းဟန်လွှဲ လျှော့ကြိုးစီးသဘောတွေမှန်း မိငယ် အစက ဘည်းက သိသည်။ ယခု ကိုထွန်းထွန်း ပြောနေသည်မှာ အတည် အတန့်နှင့် တကယ့်ရင်ထဲကရှိသည့်အတိုင်း ပြောနေခြင်း ဖြစ်သော ကြောင့် ဤသည်ပင်လျှင် မိငယ်အဖို့ ပထမဆုံးအကြိမ် မေတ္တာ စကား အပြောခံရခြင်းဟု မှတ်ယူရတော့မည်။

"မယ်ယယ်မှာ ကျွန်တော့်ထက်စောပြီး ချစ်ရမယ့်သူမရှိ မှန်းလည်း ကျွန်တော် သိတယ် မယ်ယယ်၊ မော်လမြိုင် မှာနေတုန်းက မယ်ယယ်ဟာ ကလေးစိတ်ပဲ ရှိသေးတာ ရယ်၊ တစ်နေ့ တစ်နေ့ အရောင်းအဝယ်နဲ့ပဲ အာရုံစိုက် နေတာရယ်တို့ကြောင့် ဒါမျိုးတွေ စိတ်ကူးထဲ ထည့်ချိန်

www.burmeseclassic.com

www.burmeseclassic.com



မရဘူးလို့ မအေးမိက ပြောတယ်၊ ရန်ကုန်ရောက်ပြီးတော့လည်း အစ်ကိုဦးရဲ့အုပ်ထိန်းမှုအောက်မှာ မငယ်ငယ် ရှိနေတယ်၊ အစ်ကိုဦးက မငယ်ငယ်ကို တခြားဘယ်အမျိုးသားနဲ့မှ ပေးမတွေ့သေးဘူးဆိုတာလည်း ကျွန်တော် သိနေတယ်၊ ကျွန်တော် တစ်ယောက်သာ မငယ်ငယ်ကို ပထမဆုံးတွေ့ပြီး ပထမဆုံး ချစ်ရသူပါ မငယ်ငယ်"

မိငယ် ဘာပြန်ပြောရမှန်းမသိ။ အလိုလို ခြေဖျားလက်ဖျားတွေ အေးလာသည်။

ခေါင်းပြန်ငုံ့ထားမိရင်း မိငယ်၏ မျက်စိထဲတွင် ဦးလေးဒါရိုက်တာကို အလိုလို မြင်လာသည်။ မေတ္တာစကားတွေ ပွင့်ပွင့်လင်းလင်းပြောပြီး မေတ္တာပေးနေသူက ကိုထွန်းထွန်းဖြစ်ပါလျက် မိငယ်၏မျက်စိထဲတွင် အဘယ်ကြောင့်များ ဦးလေးဒါရိုက်တာကို မြင်မိနေပါလိမ့်။

ပြီး ကိုထွန်းထွန်းက အတိအလင်းကြီးပင် မိငယ်တွင် ချစ်သူမရှိသေး၊ သူသာလျှင် မိငယ်ကို ပထမဆုံးတွေ့ရှိပြီး မေတ္တာထားသူဟု ရဲရဲဝံ့ဝံ့ ပြောနေသည်။

အဲဒါ ဟုတ်ပါရဲ့လား။ "ချစ်သူ"ဆိုသော စကားအနက်အဓိပ္ပာယ်သည် မည်သို့နည်း။

"ဘယ်လိုလဲ မငယ်ငယ်၊ ကျွန်တော်တို့ မငယ်ငယ်တို့ဟာ ခေတ်လူငယ်တွေပဲ၊ ဘာမဆို ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းပေါ့၊ အခု ကျွန်တော့်ရင်ထဲကမေတ္တာကို ဖွင့်ဟပြီလေ၊ မငယ်ငယ်ရဲ့ရင်ထဲမှာကော ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော် သိပ်သိချင်တာပဲ"



မိငယ်က ရဲရဲတင်းတင်းပင် ဦးခေါင်းပြန်မော့လိုက်သည်။

"မိငယ် တစ်ခုမေးပါရစေ ကိုထွန်းထွန်း၊ မိငယ် တကယ် အဓိပ္ပာယ်မဖော်တတ်လို့ မိငယ်ထက် အသက်ရော၊ ပညာရော၊ ဗဟုသုတရော ပိုပြီးပြည့်စုံတဲ့ ကိုထွန်းထွန်းကိုမေးချင်တာပါ"

"မေးပါဗျာ မေးပါ၊ ဖြေတတ်ရင် ဖြေဖို့အသင့်ပါ"

"တခြားမဟုတ်ပါဘူး၊ ခုန ကိုထွန်းထွန်း ပြောသွားတဲ့အထဲမှာ ချစ်သူဆိုတဲ့ စကားလေး ခဏ ခဏပါတယ်၊ အဲသည်'ချစ်'ဆိုတဲ့ အနက်အဓိပ္ပာယ်ဟာ ဘာလဲလို့ပါ ကိုထွန်းထွန်း"

"ချစ်သူဆိုတာ အရွယ်ရောက်ပြီးကြတဲ့ သွေးမတော်သားမတော် သူစိမ်းဖိုနဲ့မ အပြန်အလှန် ချစ်ကြတာကို 'ချစ်သူ' လို့ အဓိပ္ပာယ်ဖွင့်ရလိမ့်မယ် ထင်တာပဲ မငယ်ငယ်၊ အဲသည်စကားလုံးအတွက် အဘိဓာန် သပ်သပ်မရှိလေတော့ အဲသည်လို အဓိပ္ပာယ်သက်ရောက်တယ်လို့ပဲတွေးပြီး အဓိပ္ပာယ်ဖွင့်ရမှာပဲပေါ့လေ"

မိငယ်၏မျက်ဝန်းစုံသည် ပုတ်ခတ်၊ ပုတ်ခတ်ဖြင့် ၁င် ကိုထွန်းထွန်းကိုကြည့်ရင်း သူမ၏ရင်ထဲ မရှင်းသောမေးခွန်း ဘဲ ဆက်မေးပြန်သည်။

"အပြန်အလှန် ချစ်ကြတာကို 'ချစ်သူ'လို့ အဓိပ္ပာယ်ဖွင့်ရင် အပြန်အလှန်မချစ်တာကျတော့ ချစ်သူလို့ အဓိပ္ပာယ်ဖွင့်လို့မရနိုင်ဘူးပေါ့နော် ကိုထွန်းထွန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ထွန်းထွန်းပင် မိငယ်၏မေးခွန်းကို မျက်စိလည်ရပေတော့သည်။

"မိငယ်ဆိုလိုတာက သည်လိုပါ ကိုထွန်းထွန်း၊ အခု ကိုထွန်းထွန်းက မိငယ်ကို ရင်ထဲကမေတ္တာနဲ့ ချစ်တယ်လို့ ဖွင့်ဆိုလိုက်တယ်"

"အဲဒါ မုသားတစ်လုံးမှ မပါပါဘူး မယ်ငယ်"

"ယုံပါတယ် ကိုထွန်းထွန်း၊ ဒါပေမဲ့ အဲသည်လို ကိုထွန်းထွန်း ချစ်တယ်လို့ ပြောပေမယ့် မိငယ်ကပြန်ပြီး ချစ်ပါတယ်လို့ မတုံ့ပြန်ရင် ကိုထွန်းထွန်းနဲ့ မိငယ် 'ချစ်သူ' အရာမြောက်သလားဟင်"

"ဟာဗျာ၊ ဒါဆိုရင် မယ်ငယ်က ကျွန်တော့်ကို ကန်တော့ဆွမ်းလုပ်တာပဲ"

"မိငယ် မေးတာကို ဖြေပါဦး ကိုထွန်းထွန်း"

"ဒါတော့ မယ်ငယ်၊ နှစ်ဦးနှစ်ဖက် ချစ်ကြမှ 'ချစ်သူ' ဘဝရောက်မှာပေါ့၊ ကျွန်တော်ကချည်း ချစ်နေပြီး မယ်ငယ်က ပြန်မချစ်ရင် မယ်ငယ်ဟာ ကျွန်တော့်ချစ်သူလို့ ဘယ်မှာကြွေးကြော်ပိုင်ခွင့် ရှိပါ့မလဲ၊ အဲ ... ကျွန်တော့် အနေနဲ့တော့ တစ်ဖက်သတ်ချစ်သူလို့ ဆိုနိုင်တာပေါ့"

"တစ်ဖက်သတ်ချစ်သူ ... ဟုတ်လား"

မိငယ်သည် သူမဘာသာ တစ်ဖက်သတ်ချစ်သူ၊ ဟုတ်လားဟု တိုးတိုးလေး ရွတ်ဆိုလိုက်မိသည်။ ဒါဆိုလျှင် ဦးလေးဒါရိုက်တာနှင့် မိမိသည် ချစ်သူအရာမမြောက်ကြ။ မိမိ



ဘာသာလျှင် တစ်ဖက်သတ်ချစ်သူဘဝ ရောက်နေသည်ဟု မိငယ် ရင်ထဲကကျိတ်၍ ခေါက်ချက်ချလိုက်မိရှာသည်။

မိငယ်က "တစ်ဖက်သတ်ချစ်သူ ... ဟုတ်လား"ဟု သူမဘာသာသူမ ရွတ်ဆိုလိုက်သည်ကို ထွန်းထွန်း ကြားသွားပြီး ထိုစကားဆက်နောက်သို့ ထွန်းထွန်း လိုက်လာသည်။

"ဟုတ်တယ် မယ်ငယ်၊ မယ်ငယ် မတုံ့ပြန်ရင် ကျွန်တော့်ဘဝဟာ တစ်ဖက်သတ်ချစ်သူဘဝ ရောက်သွားမှာပဲ၊ တစ်ဖက်သတ်ချစ်သူဘဝဆိုတာ ကြေကွဲစရာပါ မယ်ငယ်၊ နောက်ပြီး ရင်ထဲမှာ မချိတင်ကဲဝေဒနာမျိုးလည်း ခံစားရတာပါ၊ အဲသည်တော့ မယ်ငယ် ရင်ထဲက ကျွန်တော့်အပေါ် ဘယ်လိုတုံ့ပြန်တယ်ဆိုတာ သိပါရစေလားဗျာ၊ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိနေကြတာပဲ၊ ဘယ်လိုလဲဟင် မယ်ငယ်"

"ဒါနဲ့ပတ်သက်ပြီး မိငယ်မှာ အဖြေမရှိပါဘူး ကိုထွန်းထွန်း"

"မဖြစ်နိုင်တာပဲ မယ်ငယ်၊ အဖြေဆိုတာ တစ်ခုတော့ ရှိနေစမြဲပါ၊ ကျွန်တော့်ကို ပြန်ချင်ရင်ချစ်တယ်၊ မချစ်ရင် မချစ်ဖူးဆိုတာ တစ်ခုခုတော့ မယ်ငယ်ရဲ့ရင်ထဲမှာ ရှိနေမှာပါ"

"ရှိမနေပါဘူး ကိုထွန်းထွန်း၊ တကယ်ပဲ မိငယ်ရင်ထဲမှာ ကွက်လပ်ဖြစ်နေလို့ပါ"

"ကွက်လပ်"

"ဟုတ်ပါတယ်၊ ကိုထွန်းထွန်း အတွက် အကောင်းဆုံးကတော့ ဦးလေး ဒါရိုက်တာကို ဖွင့်ပြောပြပါ၊ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာက ကိုထွန်းထွန်းကို ပြန်ချစ်လိုက်ဆိုရင်မိငယ်က ကိုထွန်းထွန်းကို ပြန်ချစ်လိုက်ရုံပါပဲ”

“အာ … ဟာ … ဟာ၊ အဲဒါမျိုး ကျွန်တော်မလိုလားမိဘူး မငယ်ငယ်၊ ကျွန်တော် လိုလားတာက မငယ်ငယ်ရဲ့ ရင်ထဲနှလုံးထဲက ဖြစ်ပေါ်လာတဲ့အတိုင်း လိုလားမိတာပါ”

မိငယ်က မော့ကြည့်သည်။ မိငယ်၏အကြည့်တွင် တင်းမာသောသဏ္ဍာန်လေး သက်ဝင်နေသည်။

“မလိုလားဘူးဆိုရင်လည်း မတတ်နိုင်ဘူး ကိုထွန်းထွန်း၊ မိငယ်ရဲ့ဘဝမှာ ဟာနေတဲ့ကွက်လပ်မှန်သရွေ့ ဦးလေးဒါရိုက်တာကပဲ ဖြည့်ပေးခဲ့လို့ မိငယ် သည်အခြေထိ ရောက်လာပြီပဲ၊ ကျန်တဲ့ကွက်လပ်တွေလည်း ဦးလေးဒါရိုက်တာက ဖြည့်ပေးမှ မိငယ်အဖို့ ပြည့်စုံမှာပါ၊ အဲဒါ မိငယ်ရဲ့ရင်ထဲမှာရှိတဲ့အတိုင်းပါပဲ ကိုထွန်းထွန်း”

ထွန်းထွန်း ငိုင်သွားသည်။ တစ်မုဟုတ်ချင်းမှာပင် ထွန်းထွန်း၏ နှလုံးသားမေတ္တာ ဖီလော်ဆော်ဖီသည် ပြောင်းလဲလာချင်တော့သည်။ ပထမကတော့ အုပ်ထိန်းသူ လူကြီးမိဘတွေ၏ အရှိန်အဝါသက်ရောက်မှုမှ ဖြစ်ပေါ်လာသော တုံ့ပြန်မေတ္တာမျိုးကို ထွန်းထွန်း မလိုလားနိုင်ဟု သတ်မှတ်ခဲ့သည်။ သူချစ်ကိုယ်ချစ် မေတ္တာမျိုးကိုသာ အစိက လိုချင်ခဲ့သည်။

ယခုလက်တွေ့တွင် မိငယ်က အတင်းအမာလေး ဆိုလာသည်။ မိငယ် ဆိုလိုသည်မှာ သူမ၏အုပ်ထိန်းသူ ဦးလေးဒါရိုက်တာ ကျေနပ်လျှင် ထွန်းထွန်းကို လက်ခံမည်ဆိုသည် သဘောပင် သက်ရောက်နေပြီ မဟုတ်ပါလား။



ပထမခံယူချက် ဖီလော်ဆော်ဖီ အရသာဆိုလျှင် ထွန်းထွန်းအနေနှင့် ဒါဖြင့်လည်း ပြီးရောပေါ့ဗျာဟု နောက်ဆုတ်သွားရုံသာ ဖြစ်တော့သည်။

တကယ်တမ်း ထွန်းထွန်း နောက်ဆုတ်နိုင်ပါသည် တဲ့လား။

မိငယ်ကို ထွန်းထွန်းသည် အတန်ကြာကြာအောင် ငေးကြည့်နေမိသည်။ ငေးကြည့်ရင်းကပင် ထွန်းထွန်း ငယ်စဉ် ကလေးဘဝက အဖြစ်တစ်ခုကို အလိုလို မှတ်မိလာသည်။ ထွန်းထွန်း (၆)နှစ်၊ (၇)နှစ် အရွယ်လောက်က ဖြစ်ခြိမ့်မည်။ မမေနှင့်အတူ ဗိုလ်ချုပ်ဈေး လိုက်သွားသည်။ ဗိုလ်ချုပ်ဈေးတွင် အစားစရာရောင်းသောဆိုင် မဟုတ်ဘဲ အလှကုန်သက်သက် ရောင်းသောဆိုင်တစ်ဆိုင်သို့ မေမေဝင်ခဲ့သည်။ ယင်းအလှကုန် ဆိုင်တွင် ရောင်းရန်မဟုတ်ဘဲ အလှသက်သက် ရှိုးကေ့(စ်)ပေါ် တွင် တင်ထားသော အရုပ်တစ်ရုပ်ကို ထွန်းထွန်း တွေ့ရသည်။ အရုပ်လေးကလည်း ဓာတ်ခဲအားဖြင့် လှုပ်ရှားသော အရုပ်လေး ဖြစ်ပါ၏။ ဝက်ဝံရုပ်ဖြစ်သည်။ ခလုတ်နှိပ်လိုက်သည်နှင့် သစ်ပင်ပေါ်သို့ တက်သည်။ သစ်ပင်ရုပ်ပေါ်တွင် ပျားအုံရှိသည်။ ဝက်ဝံရုပ်လေးက ပျားအုံမှ ပျားဖွတ်သဏ္ဍာန်ပြုသည်။ ပျားအုံထဲမှ ပျားကောင်လေးများ ထွက်လာကာ ဝက်ဝံရုပ်လေးအနီးတွင် ဝဲနေကြသည်။

အားလုံးသည် ဓာတ်ခဲအား ဝါယာများဖြင့်သွယ်ပြီး လှုပ်ရှားသော အရုပ်လေးဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းသည် ထိုအရုပ်လေးကို မြင်သည်နှင့် သိပ်လိုချင်မိတော့သည်။ မေမေ့ကို ပူဆာသည်။ မေမေကလည်း ဝယ်ပေးရန် ဆိုင်ရှင်ကိုမေးသည်။ ဆိုင်ရှင်က ရောင်းရန်မဟုတ်ပါ၊ ရှားရှားပါးပါး အထူးအဆန်း အရုပ်လေးမို့ အလှပြထားခြင်း ဖြစ်ပါသည်ဟု ဆိုသည်။

ထွန်းထွန်းသည် မရပါလေ။ အရုပ်လေးကို လိုချင်တပ်မက်စိတ် ကြီးမားလွန်းပြီး ဆိုင်ရှေ့မှာပင် လှိမ့်ငိုကာ အရုပ်ကို မရမက တောင်းဆိုသည်။ နောက်ဆုံး ပိုင်ရှင် ယောကျ်ားကြီးက သူ့ဇနီးအား ရောင်းလိုက်စမ်းပါကွာ၊ ကလေးခမျာသနားစရာကောင်းနေပြီ၊ မင်းကြိုက်တဲ့ဈေး တောင်းပေါ့ဟုဆိုမှ ထိုအရုပ်ကို ရောင်းတော့သည်။ သားကို အလိုလိုက်လွန်းသော မေမေသည် ငွေကိုပက်ခနဲပေးကာ ထွန်းထွန်းကို ဝယ်ပေးခဲ့ဖူးသည်။

ထိုအဖြစ်ကို ထွန်းထွန်း ပြန်လည်သတိရမိတော့သည်။ အမှန်တော့ အရုပ်လေးအပေါ်တွင် ထွန်းထွန်း၏တပ်မက်သောစိတ်က ပြင်းထန်ခဲ့ခြင်းဖြစ်သည်။

ယခုလည်း ဘာထူးသေးတော့သနည်း။

စကနဦးကတော့ လူကြီးတွေ မပါဝင်သေးမီ ကိုယ်ချစ် သူချစ်ဖြစ်မှုဟု သတ်မှတ်ခဲ့သည်။ ယခု မိငယ်၏အသွင်အစုအရာက တကယ် တင်းမာသည်ကို တွေ့ရသောအခါ ထွန်းထွန်းသည် မိငယ်အပေါ်တွင် ချစ်ခင်မြတ်နိုးရုံမက တပ်မက်စိတ်တွေပါ သက်ဝင်နေပြီမှန်း ကိုယ့်ဟာကိုယ် သိလာရတော့သည်။

တပ်မက်စိတ်ဆိုသည်မှာ တစ်နည်းအားဖြင့် မရမနေ လိုချင်သောစိတ်ပင် မဟုတ်ပါလား။



ထွန်းထွန်းသည် မိငယ်ကို ငေးကြည့်ရင်းမှ သက်ပြင်းတစ်လုံး မှုတ်ထုတ်လိုက်မိတော့သည်။

"မငယ်"

"ရှင်"

"ကောင်းပြီလေ၊ အစ်ကိုဦးကို ကျွန်တော် ပြောမယ်၊ အစ်ကိုဦးကလည်း မငယ်အနေနဲ့ ကျွန်တော့်ကို တုံ့ပြန်လိုက်ပါလို့ပဲ ပြောမှာသေချာပါတယ်"

"အတွက်မရဲလွန်းဘူးလား ကိုထွန်းထွန်း၊ ဦးလေးဒါရိုက်တာက အဲသည်လို မိငယ်ကို တိုက်တွန်းလိမ့်မယ်လို့ ကိုထွန်းထွန်း တစ်ထစ်ကျ တွက်ထားသလားဟင်"

ထွန်းထွန်းက ပြုံးလိုက်သည်။

"ဒီနေ့ ကျွန်တော် လာလိမ့်မယ်ဆိုတာမှန်း အစ်ကိုဦး မနေ့ကတည်းက သိထားတယ်၊ လာရင်လည်း မငယ်ငယ်ကို ကျွန်တော်က မေတ္တာစကား ဖွင့်ပြောမှန်းလည်း အစ်ကိုဦး သိထားတာပဲ၊ ဒါကြောင့် အစ်ကိုဦးဟာ အပြင်ကို ရှောင်ထွက်သွားတာပါ မငယ်ငယ်၊ ဒါဆိုရင် အစ်ကိုဦးရဲ့ဆန္ဒဟာ မငယ်ငယ်နဲ့ ကျွန်တော် ဖြစ်မြောက်သွားစေချင်တဲ့ အာသီသရှိမရှိ သိနိုင်လောက်ပြီပေါ့"

မိငယ် ဦးခေါင်းပြန်ငုံ့ထားမိပြန်သည်၊ ယခုတစ်ခါ ဆံပင်အငုံ့ဝယ် မိငယ်၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်တို့သည် အလိုလိုရစ်ဝဲလာသည်။ ထိန်းချုပ်ထားသည့်ကြားကပင် မျက်ရည်တို့သည် ပေါက်ခနဲ ပေါက်ခနဲ ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ် မျက်ရည်တွေကျနေသည်ကို ထွန်းထွန်းမသိသေး။ အတွေ့အကြုံ ဘာမျှမရှိ အစိမ်းအရိုင်းလေးမို့ အရှက်ကြီးပြီး ခေါင်းငုံ့ထားသည်ဟု ထင်နေမိသည်။

"ကျွန်တော် ထပ်ပြောချင်သေးတယ် မငယ်ငယ်၊ ကျွန်တော် တကယ်လိုချင်တာက မငယ်ငယ်ရဲ့ ရင်ထဲနှလုံးထဲက အလိုလို ဖြစ်ပေါ်လာတဲ့ တုံ့ပြန်မေတ္တာမျိုးပါ၊ ဒါပေမဲ့ မငယ်ငယ်က ဗွတ်တင်းတယ်လေ၊ သည်တော့လည်း မငယ်ငယ်ရဲ့ အလိုကျအတိုင်း အစ်ကိုဦးကို ကျွန်တော် ပြောရမှာပဲပေါ့၊ ကဲ ... အစ်ကိုဦးကို ကျွန်တော်ပြောပြလိုက်လို့ အစ်ကိုဦးက မငယ်ငယ်ကို ထပ်ဆင့်ပြီး ကျွန်တော့်မေတ္တာကို မငယ်ငယ် တုံ့ပြန်သင့်တယ်လို့ ပြောလိုက်ပြီဆိုပါတော့၊ အဲသည်အခါကျမှ မငယ်ငယ်က ကျွန်တော့်ကို တုံ့ပြန်မေတ္တာထားတာဟာ မငယ်ငယ်ရဲ့ တကယ့်အသည်းနှလုံးက ဖြစ်ပေါ်လာတဲ့ တုံ့ပြန်မေတ္တာမျိုး ဖြစ်ပါ့မလားဟင်"

မိငယ်၏ဦးခေါင်းသည် ဆတ်ခနဲ မြွေဟောက်ပါးပျဉ်းလို ထောင်တက်လာသည်။

"ဖြစ်တယ်၊ သိပ်ကိုဖြစ်တယ်၊ စိတ်ချ ကိုထွန်းထွန်း၊ ဦးလေးဒါရိုက်တာကသာ မိငယ်ကို နင့်အနေနဲ့ ကိုထွန်းထွန်းကို ချစ်လိုက်စမ်းလို့ ပြောလိုက်ရင် မိငယ်ရဲ့ရင်ထဲမှာရှိတဲ့ အသည်းနှလုံးကသာမကဘူး ကျောက်ကပ်တွေ၊ အဆုတ်တွေ၊ အူတွေထဲကနေပြီး ထွက်လာတဲ့ အချစ်မျိုးနဲ့ မိငယ် ကိုထွန်းထွန်းကို ချစ်ပစ်လိုက်မယ် သိလား၊ ရှင်းပြီလား"



"ဟာ ... မငယ်ငယ် ၊ ကြည့်စမ်း မငယ်ငယ် ငိုနေတာပါလား"

ထွန်းထွန်းသည် ပျာယာခတ်သွားသည်။

ငိုနေသောမိန်းကလေးတစ်ယောက်ကို ထွန်းထွန်းဘယ်လိုချော့ရမှန်းမသိ။ အထူးသဖြင့် ယခု ငိုနေသော မိငယ်မှာထွန်းထွန်း ချစ်ခင်လိုလား တပ်မက်လှသော မိငယ် ဖြစ်နေပါနော်။

"ဟာဗျာ ... ဘာလို့ငိုမှန်းလဲ မသိဘူး"

ထွန်းထွန်းသည် မိငယ် ငိုနေသည်ကို တွေ့သည်နှင့် ရင်ထဲမှချစ်စိတ်ကြောင့်ရော ပျာယာခတ်သွားသော စိုးရိမ်စိတ်ကြောင့်ရော ဘာမျှ တွေးတာဆင်ခြင်မှု မပြုနိုင်ဘဲ စိတ်နောက်ကိုယ်ပါ မိငယ်ပခုံးလေးတစ်ဖက်တစ်ချက်ကို သူ၏လက်ဝါးစုံတစ်ဖက်တစ်ချက်ဖြင့် အုပ်ကိုင်လိုက်မိသည်။

"မငိုပါနဲ့ မငယ်ငယ်၊ အဲသည်လို မငယ်ငယ် ငိုနေတော့ ကျွန်တော် ဘာလုပ်ရမယ်မှန်း မသိဘူးဗျာ"

"ပွမ် ... ပွမ်"

ထိုစဉ်မှာပင် ခြံထဲသို့ လေးဘီးကားပြာလေး ဝင်လာတော့သည်။ မိငယ်နှင့် ထွန်းထွန်းတို့ရှိရာ စပယ်ရုံဘေးနေရာလေးသည် အိမ်ဘက်ဆီမှ လှမ်းကြည့်လျှင် သစ်ပင်များဖြင့် ကွယ်နေသော်လည်း ခြံထဲဝင်ပေါက်လမ်းမှဆိုလျှင် တန်းတန်းတော်မတ် မြင်ရပေသည်။

မိငယ်အား ထွန်းထွန်းက ပခုံးတစ်ဖက်တစ်ချက်ကိုင်ထားသည်ကို ကိုသက်ဦးလည်း တွေ့မြင်ပါ၏။ ကားမောင်း

www.burmeseclassic.com

www.burmeseclassic.com



နေသော ဦးဘစိမ်းလည်း တွေ့မြင်ရ၏။ သို့သော် မည်သူမျှဘာမျှမပြောဘဲ ကားလေးကို ဆင်ဝင်အောက်အထိ ဆက်မောင်းလာသည်။

“ဟော ... ဦးလေးဒါရိုက်တာ ပြန်လာပြီ၊ ဒုက္ခပါပဲ၊ မိငယ်ကိုတော့ တစ်မျိုးထင်သွားတော့မှာပဲ”

ပြောပြောဆိုဆို မိငယ်သည် ပခုံးပေါ်မှ ထွန်းထွန်း၏ လက်များကို တွန်းထုတ်ပစ်လိုက်သည်။ ထိုင်ရာမှထကာ ချာခနဲလှည့်ပြီး သူမ၏တန်းလျားလေးဆီသို့ အပြေးအလွှားလေးထွက်သွားလေတော့သည်။

ထွန်းထွန်းမှာ မိုးတိုးမတ်တတ် ကျန်ခဲ့ကာ မိငယ် ပြေးသွားရာသို့ ငေးကြည့်နေမိတော့သည်။

“အင်း ... မလွယ်ပါလား”

ဟု ညည်းမိရင်း ထွန်းထွန်းသည် အိမ်ကြီးဘက်သို့ လျှောက်လာခဲ့သည်။

ဟု ညည်းမိရင်း ထွန်းထွန်းသည် အိမ်ကြီးဘက်သို့ လျှောက်လာခဲ့သည်။

ဧည့်ခန်းထဲတွင် အစ်ကိုဦး ထိုင်နေသည်ကို တွေ့ရသည်။ အစ်ကိုဦးသည် အပေါ်အင်္ကျီကို မချွတ်သေး။ အဝတ်အစားပင် မလဲသေးဘဲ ခြေပစ်လက်ပစ် ထိုင်နေခြင်းမျိုးဖြစ်သည်။ လုပ်ငန်းနှင့်ပတ်သက်ပြီး စိတ်မောလူမော အစ်ကိုဦး ဖြစ်လာသည်ဟု ထွန်းထွန်း ထင်မိသည်။

“ဘယ်လိုလဲ အစ်ကိုဦး၊ သိပ်ဖားလာသလား”

“အင်း ... ဆိုပါတော့”



“ဟဲ ... ဟဲ၊ အလိုက်မသိရာတော့ ရောက်မလားမသိဘူး၊ အစ်ကိုဦး ဖားလာတဲ့ကြားကပဲ ပြောရဦးမယ်”

ကိုသက်ဦးက ထွန်းထွန်းကို ငေးကြည့်နေသည်။ ဘာလဲကွ၊ ပြောစမ်းပါဦး၊ ဘာတုန်းဟု တစ်ဖက်လူ၏စကားကို အကြိုအထောက်မပြုဘဲ သူပြောတာ နားထောင်မည်ဆိုသည့်သဘောဖြင့် ထွန်းထွန်းကို ပြန်ကြည့်နေမိခြင်း ဖြစ်ပေသည်။

“ငယ်ငယ်ကပြောတယ် အစ်ကိုဦး၊ သူနဲ့ကျွန်တော့်ကိစ္စမှာ အစ်ကိုဦးကို ပြောပါတဲ့၊ အစ်ကိုဦး ကိုယ်တိုင်က ကျွန်တော်နဲ့ သဘောတူတယ်လို့ သူ့ကိုဖွင့်ပြောရင် ငယ်ငယ်က သူ့အသည်းနှလုံးထဲကသာမကဘူး အူတွေ ကျောက်ကပ်တွေထဲကနေပြီးတောင် ကျွန်တော့်ကို ချစ်ပါ့မယ်တဲ့”

“ဩော် ... ဩော်၊ ဒါဆိုရင် မင်းတို့အချင်းချင်း ပြေလည်ကြပြီပေါ့ ... ဟုတ်စ”

တကယ်တော့ ထွန်းထွန်း၏ ဘာသာပြန်မှုသည် ဟုတ်သလိုလိုနှင့် ကိုယ်လိုရာဆွဲ၍ ပြန်လိုက်ခြင်း ဖြစ်ပါ၏။ မိငယ်ပြောသည်မှာ ဤကိစ္စနှင့် ပတ်သက်ပြီး သူမ၏ရင်ထဲတွင် ဘာမျှမရှိဘဲ ကွက်လပ်ဖြစ်နေသည်။ ဤကွက်လပ်ကိုဖြည့်နိုင်သူမှာ ဦးလေးဒါရိုက်တာ ဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ဦးလေးဒါရိုက်တာက ထွန်းထွန်းကို ချစ်ပါဟု ကိုယ်တိုင်ဆိုလာလျှင် အူ အသည်းနှလုံး ကျောက်ကပ်ထဲကပါ ချစ်ပစ်လိုက်မည်ဟု ရွဲ့ပြောခဲ့ခြင်းဖြစ်သည်။ ရွဲ့ပြောသည်ဟုတ်စေ၊ မဟုတ်စေ ဤစကားကို မိငယ်၏နှုတ်ဖျားမှ ပြောခဲ့ခြင်းတော့ အမှန်ဖြစ်သည်။ ထွန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



က ဘာသာပြန်ရာတွင် မိငယ်ပြောစကားကို အခြေခံကာ ကိုယ်လိုရာဆွဲ၍ ပြန်လိုက်ခြင်းမျိုး ဖြစ်နေပါတော့၏။

ကိုသက်ဦး အဖို့ ထွန်းထွန်း ပြောသည့်အတိုင်း ဆိုလျှင် လူငယ်ချင်း တစ်ဦးကိုတစ်ဦး ချစ်ကြပြီဟု သဘောပေါက်ရုံသာ ရှိတော့သည်။

ပြီး ... ကိုသက်ဦး လေးဘီးကားဖြင့် ခြံထဲအဝင်တွင် စံပယ်ရုံဘေးတန်းလျားတွင် မိငယ်၏ပခုံးကို ထွန်းထွန်းက ကိုင်သည်အထိ ခရီးရောက်နေပြီဟုလည်း ယူမှတ်လိုက်သည်။

တကယ်တော့ ဤအကွာအဝေးသည် မိငယ်ငိုနေသောမျက်နှာကို ကိုသက်ဦး ကားပေါ်မှ ခွဲခွဲခြားခြား မြင်နိုင်သည် မဟုတ်ပါလေ။

"အေးပေါ့ကွာ ... မိငယ်က ငါ့ကို ဖွင့်ပြောလာတဲ့အခါကျရင် ငါက သဘောတူတယ်လို့ ပြောပေးရမှာပေါ့"

"ဟာ ... အစ်ကိုဦး"

ထွန်းထွန်း၏ခေါ်သံမှာ အလန့်တကြားသံ ပါနေပေမင့် ကိုသက်ဦးက ပြန်ထူးခြင်းမရှိဘဲ အေးစက်သော အမူအရာဖြင့်ပင် ထွန်းထွန်းကို ကြည့်လိုက်ပြန်သည်။

"ငယ်ငယ်ကတော့ အစ်ကိုဦးကို ဖွင့်ပြောမယ် မထင်ဘူး အစ်ကိုဦး၊ သည်ကိစ္စမှာ တကယ်အရှက်ကြီးတဲ့ မိန်းကလေးမို့ပါ၊ ငယ်သေး၊ စိမ်းသေး၊ ရိုင်းသေးမှန်း အစ်ကိုဦးလည်း သိသားနဲ့"

"သည်တော့ ငါ ဘာလုပ်ပေးရမှာလဲ ထွန်းထွန်း"



"အစ်ကိုဦးက မိငယ်ကို ခေါ်တွေ့ပြီး ထွန်းထွန်းနဲ့ဆိုရင် အစ်ကိုဦး ကျေနပ်တယ်လို့ ပြောပေးလိုက်မှ ကောင်းမယ် ထင်တယ်"

ကိုသက်ဦးသည် ဦးခေါင်းကို ဖြည်းလေးစွာခါယမ်းလိုက်တော့သည်။

"အဲသည်အထိ ငါ မပါနိုင်ဘူး ထွန်းထွန်း၊ ငါဟာ မိငယ်ရဲ့အုပ်ထိန်းသူနေရာလောက်ကသာ ပါဝင်တာ၊ တကယ်ဖြစ်သင့်တာက မင်းနဲ့မိငယ် လူငယ်ချင်း မေတ္တာရှိကြပြီ၊ ဒါဆိုရင် မင်းကလည်း မင်းမိဘကိုဖွင့်ပြော၊ မိငယ်အနေနဲ့ကလည်း ငါ့ကို ဖွင့်ပြော"

ကိုသက်ဦးသည် ပြောရင်းမှပင် စကားတန့်လိုက်သည်။

ထို့နောက် ဦးခေါင်းကို ခါယမ်းပစ်လိုက်ပြန်သည်။

"ငါမှားသွားတယ် ထွန်းထွန်း၊ တကယ်တော့ မိငယ်မှာ သူ့အဖေအရင်းခေါက်ခေါက် ဦးလူအေး ရှိနေသေးတာပဲ၊ မိငယ်ဟာ သူ့အဖေဦးလူအေးကို ဖွင့်ပြောပြရမယ်"

"ငယ်ငယ်ပြောသွားတဲ့အထဲမှာတော့ သူ့အဖေ ဦးလူအေး အကြောင်း တစ်ခွန်းမှမပါဘူး အစ်ကိုဦး၊ မိငယ်ရဲ့အမိက ဆန္ဒက အစ်ကိုဦး ကျေနပ်ဖို့သာ အဓိက ပြောသွားတယ်"

ကိုသက်ဦးသည် ဓါးခနဲ လေပြင်းတစ်ချက် မှုတ်ထုတ်ပြီး အပေါ်အင်္ကျီကို ချွတ်လိုက်သည်။ ချွတ်သွားသောအပေါ်အင်္ကျီကို ဖြစ်ကတတ်ဆန်း ဆိုဖာကျောမှီပေါ်တွင် ပစ်တင်ထားလိုက်သည်။ ထို့နောက် လည်ပင်းနှင့်ရင်ညွန့်မှ ရှပ်အင်္ကျီကြယ်

www.burmeseclassic.com



သီးတွေကို ဖြုတ်လိုက်သည်။ လက်ရှည်ရှပ်အင်္ကျီမှ လက်ကောက်ဝတ်ကြယ်သီးကို ဖြုတ်ပြန်သည်။ အင်္ကျီလက်ရှည်ကို တစ်ရစ်နှစ်ရစ် အခေါက်ချိုးခေါက်သည် မဟုတ်ဘဲ ကြယ်သီးဖြုတ်နေရာမှ လက်မောင်းရင်းအထိ အင်္ကျီကို ဆွဲခေါက်တင်လိုက်သည်။

ကိုသက်ဦး၏သဏ္ဌာန်ကို ကြည့်ရသည်မှာ အပူပြင်းနေသော လူနာသည် စောင်ခြုံထားသောစောင်ကို ဖယ်ရှားပစ်၊ ဝတ်ထားသောအင်္ကျီကို အပွင့်အဟဖြစ်အောင် လုပ်ပစ်သည်နှင့်ပင် တူသေးတော့သည်။

"ဘယ်ဖြစ်မလဲ ထွန်းထွန်း၊ မိငယ်က သူ့အဖေကိုဖွင့်ပြောပြရမှာပေါ့"

"သူ့အဖေဟာ ငယ်ငယ်ရဲ့ပစ္စုပ္ပန်နဲ့ အနာဂတ်ဘဝကိုမလွှမ်းမိုးနိုင်ပါဘူး၊ ဖွင့်ပြောတော့ကော သည်ပြဿနာဟာအစ်ကိုဦးဆီ ရောက်လာမှာပဲဟာ"

"အေး ... အဲသည်အထိ ငါက စောင့်ရမယ် ထွန်းထွန်း။ မိငယ်ကိုယ်တိုင် ငါ့ကိုပြောရဲမယ် မဟုတ်ဘူးဆိုရင် သူ့အဖေ ဦးလှူအေးကတစ်ဆင့် ငါ့ကို ပြောပါစေပေါ့ကွာ"

"ဟာဗျာ"

"ကဲ ... ထွန်းထွန်း၊ မင်းလည်းပြန်တော့၊ အစ်ကိုဦး နားချင်ပြီ၊ နက်ဖြန်ကစပြီး မိငယ်ကို ငါကားရိုက်ဖို့ စီစဉ်စရာတွေလည်း ရှိနေတယ်"

"ဗျာ ... ငယ်ငယ့်ကို ကားရိုက်တော့မယ် ဟုတ်လား"

"အေး ... ပွင့်ဦးသူဇာကုမ္ပဏီနဲ့ ကျထားတဲ့ဇာတ်ကို ငါ ဝယ်လိုက်ပြီ၊ မိငယ်နဲ့ လမိုင်းကပ်မယ်၊ ခွင်ကိုက်မှာမို့ ငါ



ဝယ်လိုက်တာပဲ၊ ဇာတ်ကတော့ ညီအစ်မနှစ်ယောက်ဇာတ်ပေါ့ကွာ၊ မိငယ်က အငယ်မ နေရာကပေါ့၊ ဒါပေမဲ့ တကယ်အဓိကဇာတ်ဆောင်ဟာ အငယ်မပဲ"

"မင်းသားကကော အစ်ကိုဦး၊ ကျွန်တော့်ကို သုံးကြည့်ရင် မဖြစ်နိုင်ဘူးလားဟင်"

"မင်း စာမေးပွဲ ဖြေပြီးရက်နဲ့ တိုက်ရင်တော့ မဆိုးဘူးပေါ့"

"ကျွန်တော် စာမေးပွဲအတွက် အားလုံး အဆင်သင့်ဖြစ်နေပြီးသားပါ အစ်ကိုဦး၊ ငယ်ငယ်နဲ့ ပွဲဦးထွက်ကားမှာ ကျွန်တော် သိပ်ရိုက်ချင်တာပဲ၊ စာမေးပွဲဖြေတယ်ဆိုတာ တစ်ပတ်အတွင်း ပြီးသွားတဲ့ကိစ္စပါ"

ကိုသက်ဦးသည် နှုတ်ခမ်းကို စေ့နေအောင်တင်းထားလိုက်ပြီး တစ်ခဏ စဉ်းစားလိုက်သေးသည်။

"အေးပေါ့ကွာ၊ ကြည့်သေးတာပေါ့၊ တစ်ခုစဉ်းစားစရာရှိတာက ဇာတ်ကားတစ်ခုထဲမှာ မင်းသမီးသစ်ရော၊ မင်းသားသစ်ရော နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းသုံးရင် သင့်မလား၊ မသင့်ဘူးလား စဉ်းစားရမယ်၊ မင်းသမီးသစ်ကို တင်ပေးလိုက်တာက မင်းသမီးသစ်ဟာ သိပ်မဆိုးရင် ပရိသတ်က လက်ခံတတ်တယ်၊ မိငယ်ဟာ ရုပ်နဲ့ကိုပဲ ပရိသတ်ကို ဆွဲဆောင်နိုင်တဲ့ အခြေခံရှိနေပြီ၊ နောက်ပြီး မိငယ်မှာ ရုပ်ရှင်ရဲ့ဘေးပယောဂတွေ မရှိဘူး၊ ဟိုမင်းသမီး၊ သည်မင်းသမီး ဟန်မျိုးတွေ တုပနေတာမျိုး မရှိဘူး၊ သည်တော့ မိငယ်ရဲ့ပင်ကိုဗီဇဟန်တွေကို အစ်ကိုဦး ဖော်ထုတ်

www.burmeseclassic.com



နိုင်သရွေ့ ထွက်လာမှာ သေချာတယ်၊ အဲဒါဟာလည်း ပရိသတ်မှာ ဟန်သစ်တစ်မျိုးနဲ့ တွေ့ရတဲ့ မိငယ်ကို ဩဘာပေး ကြိုဆိုကြလိမ့်မယ်လို့ ငါ ယူဆထားတယ်"

"ဟာဗျာ၊ အစ်ကိုဦး ပြောပုံက ကျွန်တော့်ကျတော့ ရုပ်ရှင်ဘေးပယောဂတွေ ဝင်နေပြီး ပင်ကိုဗီဇဟန် မရနိုင်တာကျ နေတာပဲ၊ သည်မယ် အစ်ကိုဦး၊ သည်ဇာတ်မှာ ကျွန်တော့်ကို သုံးကြည့်ပါ၊ အစ်ကိုဦး ရိုက်ကွက်ရိုက်ချက်တိုင်းမှာ အစ်ကိုဦး လိုချင်တဲ့ပုံစံကိုရအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ နောက်ထပ် ကျွန်တော် ထပ်ပြောချင်တာက အခု အစ်ကိုဦး ငယ်ငယ်နဲ့ရိုက်မယ့်ဇာတ်မှာ ကျွန်တော့်ကြောင့် အစ်ကိုဦး ရုံတင်ပြီးတဲ့နောက် အရှုံးပေါ်တယ်ဆိုရင် အဲသည် အစ်ကိုဦးရဲ့အရှုံးကို ကျွန်တော် တစ်ဝက်ခံမယ်ဗျာ"

"မင်း ပြန်တော့ ထွန်းထွန်း"

ကိုသက်ဦး၏မျက်နှာမှာ စောစောက စိတ်မော လူမော ပင်ပန်းလှသည့်သဏ္ဌာန် ရှိသော်လည်း ယခုမူ တင်းမာသောအသွင် ပြောင်းသွားသည်။

"မင်းမှာ ငွေတွေသိပ်ပေါနေတယ်ဆိုရင် ကိုယ့်ဟာကိုယ် ပရိဂျူဆာလုပ်၊ ကိုယ်ကြိုက်တဲ့ ဒါရိုက်တာကိုငှားပြီး မင်းဟာမင်း မင်းသားလုပ်ပေတော့ ထွန်းထွန်း၊ ငါ့ကိုတော့ လုပ်ငန်းနဲ့ပတ်သက်ပြီး ငွေစကားလာမပြောနဲ့၊ သည်မယ် ထွန်းထွန်း ရုပ်ရှင်တစ်ကား ရုံတင်ပြီးတဲ့နောက် အရှုံးပေါ်တယ်ဆိုတာ ဘာလို့လဲ"



ထွန်းထွန်း မဖြေတတ်။ ဖြေတတ်သည် ဆိုဦးတော့ မိမိစကား ရှေ့လောကြီးပြီး မှားသွားသောကြောင့် အစ်ကိုဦး စိတ်ဆိုးသွားမှန်း သိသဖြင့် နောက်ထပ် စကားထပ်မမှားစေရန် ရှောင်နေလိုက်သည်။

"ပရိသတ်မကြည့်လို့ ရှုံးတာပေါ့ကွ၊ ပရိသတ် ဘာလို့ မကြည့်လဲ၊ မကြိုက်လို့ မကြည့်ဘူး၊ ဘာလို့မကြိုက်လဲ၊ ဇာတ်မကောင်းလို့ မကြိုက်ဘူး၊ ဘာလို့ ဇာတ်မကောင်းလဲ၊ တင်ပြချက်တွေညံ့လို့၊ ဇာတ်ဆောင်တွေ အမှုအရာ ချွတ်ချော်လို့၊ အဲသည်တာဝန် ဘယ်သူ့မှာ အများဆုံးရှိသလဲ၊ ဒါရိုက်တာမှာ ရှိတယ်ကွ၊ ဒါရိုက်တာရဲ့ အနုပညာပိုင်း အတွေးအခေါ် အယူအဆနဲ့ တင်ပြချက် ညံ့သွားလို့၊ အဲသည်အခါမျိုးမှာ ငွေရှုံးတာ ဘေးချိတ်ထားလိုက်၊ ပရိသတ်ဆုံးရှုံးတာ ဘယ်လောက် နစ်နာသလဲ၊ ပရိသတ်ဆုံးရှုံးတာဟာ ဒါရိုက်တာရဲ့အနုပညာ ဆုံးရှုံးတာပဲ၊ ဒါကြောင့် ဒါရိုက်တာက ဇာတ်ကားတစ်ကား ကိုင်ပြီဆိုရင် ထောင့်မျိုးစုံက ကြည့်ရတယ် ထွန်းထွန်း"

"ကျွန်တော် မှားသွားပါတယ် အစ်ကိုဦး၊ ငယ်ငယ်နဲ့တွဲပြီး ထွက်ချင်တဲ့ဇောနဲ့ ပြောလိုက်မိတာပါ၊ ကျွန်တော့်ကို အစ်ကိုဦး သုံးချင်တဲ့ဇာတ်နဲ့ သုံးချင်တဲ့အချိန်ကျမှသုံးပါ၊ ကျွန်တော်ဆန္ဒစောပြီး အပြောမှားသွားတာကို ခွင့်လွှတ်ပါ အစ်ကိုဦး၊ ကဲ ... ကျွန်တော် ပြန်တော့မယ်၊ အစ်ကိုဦးလည်း သိပ်ပင်ပန်းလာပုံရတယ်၊ အနားယူပါဦး အစ်ကိုဦး"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းသည် မတ်တတ်ရပ်၍ လက်အုပ်လေးချီ၍ပြောပြီး ဖြည်းလေးစွာပင် ထွက်သွားတော့သည်။

ဆိုဖာကျောမှီကို တအားကြီး မှီချပြီး ဦးခေါင်းနောက်စေ့မေးတင်ကာ မျက်နှာကြက်ကို မော့ကြည့်ရင်း ကိုသက်ဦးသည် ရင်ထဲမှ တင်းကျပ်စွာ ထိုးထွက်လာသော သက်ပြင်းတစ်လုံးကို အားရပါးရ မှုတ်ထုတ်လိုက်မိသည်။

ထွန်းထွန်းအား မျက်နှာထားတင်းတင်း၊ စိတ်ဆိုးမာန်ဆိုးနှင့် မိမိပြောလိုက်သည်မှာ သွေးရိုးသားရိုးမှ ဟုတ်ပါလေစ၊ အမှောင့်ပယောဂ တစ်ခုခု ဝင်ကပ်ပြီး ပြောလိုက်ခြင်းဖြစ်နေသည်လားဟု ကိုယ့်ဟာကိုယ်ပင် ကိုသက်ဦး ပြန်မေးမိပါလေတော့သည်။

✤ ✦ ✤



## အခန်း(၁၁)

ညကိုးနာရီထိုးပြီးမှ မလာစဖူး ကြီးကြီးမေ တစ်ယောက် တန်းလျားသို့ ပေါက်ချလာသည်။

ပထမတော့ တစ်ခြိဝင်းတည်း အတူနေများမို့ အဖေဦးလူအေး၏ရောဂါအခြေအနေ လာမေးသည်ဟု မိငယ် ထင်မိသည်။ တကယ်တော့ မဟုတ်ပေ။

ကြီးကြီးမေ မျက်နှာမကောင်းပါလေ။ အဖေဦးလူအေး ထိုင်နေသည့် ပက်လက်ကုလားထိုင်ဘေး သင်ဖျူးဖျာပေါ်တွင် ကြီးကြီးမေ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။

"ခက်တော့ ခက်ကုန်ကြလိမ့်မယ်ထင်တယ် ကိုလူအေးရေ၊ မောင်သက်ဦး တစ်ယောက် ဗွေဖောက်ပြန်ပြီလေ"

မိငယ် အခန်းထဲမှ ပြေးထွက်လာပြီး ကြီးကြီးမေ၏ ဘေးတွင်ကပ်ပြီး ထိုင်ချလိုက်သည်။

"ဦးလေးဒါရိုက်တာက ဘယ်လိုဗွေဖောက်တာလဲ ကြီးကြီးမေ၊ နောက်ပြီး ဘာလို့ ခက်ကုန်ကြမှာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမေက ကိုသက်ဦး၏တိုက်အိမ်ရှိရာသို့ မေးတစ်ချက်ဆတ်ပြလိုက်သေးသည်။

"ညည်း ဦးလေးဒါရိုက်တာ အရက်တွေ အရမ်းသောက်နေလေရဲ့၊ ထွန်းထွန်း ဆိုတဲ့ကောင်လေး ပြန်သွားပြီးတဲ့နောက် လမ်းကပြန်လာတဲ့ အင်္ကျီလုံချည်တောင် မလဲတော့ဘဲ ထမင်းစားခန်း ရေခဲသေတ္တာထဲက အရက်ပုလင်းထုတ်ပြီး ထမင်းစားပွဲမှာ ထိုင်သောက်နေတာ ခုထက်ထိပဲ၊ ဟင်း ... သည်သူငယ် မလွယ်ဘူး၊ သည်လို သောက်ပြီးရင် ဆေးရုံတက်ရဦးမှာပဲ"

"ခါတိုင်းလည်း ဆရာကိုသက်ဦးဟာ တစ်ခါတလေ သောက်တာပဲ မဟုတ်လား မမေ"

"ခါတိုင်း တစ်ခါတလေ သောက်တာက ဘီယာပဲ ကိုလူအေး၊ ဘီယာလောက် သောက်ရင်တော့ မောင်သက်ဦး ဘာမှ ဖြစ်လေ့မရှိပါဘူး၊ အခုသောက်တာက ပုလင်းမည်းမည်း ပုတုတုကြီးလေ၊ ဇက်ဆိုလား ဘာလားပါပဲ၊ သူ့အဖေဆုံးသွားတုန်းကလည်း ရက်လည်ဆွမ်း ကျွေးပြီးတဲ့ညမှာ မောင်သက်ဦး သူ့အဖေဆုံးသွားတာကို စိတ်ထိခိုက်ပြီး အဲသည်ပုလင်းမျိုးကြီး ထိုင်သောက်တာ၊ လူမှန်းသူမှန်းမသိတော့ဘူး၊ သတိလက်လွတ်တွေ ဖြစ်ကုန်လို့ ဆေးရုံကိုတင်လိုက်ရသေးတယ်၊ အခုလည်း သည်သူငယ် ဘာတွေများ စိတ်ထိခိုက်သလဲ မသိပါဘူး၊ ပုလင်းမည်းကြီး ပြန်သောက်နေပြန်ပြီ"

"အဲသည်တော့ ကျုပ်တို့ ဘာလုပ်ရမလဲ မမေ"



"သိဘူးလေ၊ ဒါကြောင့် ကျွန်မက ကိုလူအေးကို လာပြောတာပဲဟာ"

"မမေက သည်အိမ်မှာ ဆရာကိုသက်ဦး အာဏာကုန်လွှဲထားတဲ့ ဘဏ္ဍာစိုးပဲ မမေ၊ ဆရာကိုသက်ဦးဆီသွားပြီး ဖျောင်းဖျောင်းဖျဖျနဲ့ နားချပြီး ပုလင်းကို သိမ်းလိုက်ရင်ကော"

"အံမာလေး ... မလုပ်ဝံ့ပါဘူး ကိုလူအေးရယ်၊ မှန်တာပြောရရင် ကျွန်မရော ခင်ပုနဲ့ မိညိုရောဟာ မောင်သက်ဦးရဲ့လခစားတွေ မဟုတ်လား၊ ကျွန်မ ပြောနဲ့ မောင်သက်ဦး မူးနေရင် ယောက်ျားချင်းဖြစ်တဲ့ ကိုဘစိမ်းတောင် သူ့အနား မကပ်ရဲဘူး၊ မောင်သက်ဦးက မူးလာရင် ဘယ်သူမှ အနားလာတာ မကြိုက်ဘူး၊ သိပ်ဆိုးတယ်၊ အရင်တစ်ခါ သူ့အဖေဆုံးတုန်းက သူသောက်နေတုန်း ရင်းနှီးတဲ့မိတ်ဆွေတွေက ဝင်ဟန့်တာ သူ့လက်ထဲကသေနတ်နဲ့ သူ့မိတ်ဆွေတွေ ပစ်မယ်တကဲကဲလုပ်လို့ လစ်ပြေးကြရတယ်၊ သူမူးလဲပြီး လူမှန်းသူမှန်း မသိတော့မှ ဆေးရုံပို့ရတာ"

"ဒါဆိုရင် ဆရာကိုသက်ဦးအတွက် ကျုပ်တို့ ဘာလုပ်ကြရင် ကောင်းမလဲဟင်"

"သည့်လိုလေ ... ကျွန်မတို့ ခင်ပုနဲ့ မိညိုတို့ ကိုဘစိမ်းတို့ ဆိုတာက မောင်သက်ဦးရဲ့ လခစားတွေ၊ သည်ထက်ရှင်းရှင်းပြောရရင် မောင်သက်ဦးကို ကျွန်မတို့က ကြောက်ရသူတွေပေါ့ ကိုလူအေး၊ အဲ ... ဒါပေမဲ့ ကိုလူအေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိငယ်ကျတော့ မောင်သက်ဦး ထားပုံ သိုပုံက ကျွန်မတို့နဲ့ မတူဘူးလေ၊ ကိုလူအေးနဲ့ မိငယ်ကို ပို့ပြီးအရေးပေးတယ် ဆိုပါတော့၊ အဲသည်တော့ ကိုလူအေးနဲ့ မိငယ် သွားပြီး မောင်သက်ဦး သောက်နေတဲ့ အရက်ပုလင်းကို အလိမ္မာနဲ့ သိမ်းပေးပါလားလို့ ပြောချင်တာပါ"

"အံမာလေး မလုပ်ပါနဲ့ မမေရာ၊ ကျုပ်တို့က သာပြီးမလုပ်ရဲသေးတာပေါ့၊ ဆရာကိုသက်ဦးကို ကျုပ်တို့သားအဖက ချစ်ကြောက်ရိုသေ ဖြစ်နေရတာဗျ၊ တော်ကြာ သူ့အပေါ် သွားပြီး ဆရာလုပ်တယ်ထင်လို့ ကျုပ်တို့သားအဖကို မောင်းထုတ်မှ ဒုက္ခရောက်နေပါဦးမယ်"

ဦးလူအေးက လက်ကာပြရင်း ငြင်းဆန်သည်။ ဦးလူအေး၏ ငြင်းဆန်မှုကို ကြီးကြီးမေ လက်ခံပေးသည်။ မိမိတို့ လူသိုက်ကမှ ကိုယ့်အလုပ်နှင့်ကိုယ် လခစားတွေ ဖြစ်သေးသည်။ ဦးလူအေးနှင့် မိငယ်ကျတော့ ကိုသက်ဦး၏ ကျေးရူးစားကျေးဇူးခံ ဖြစ်နေ၍ မိမိတို့ထက်ပင် ကိုသက်ဦး၏အငြိုအငြင် မခံရဲကြောင်း ကြီးကြီးမေ သဘောပေါက်ပါ၏။

"ဒါဆိုလည်း မတတ်နိုင်ဘူးပေါ့လေ၊ မောင်သက်ဦး အခြေအနေကြည့်ပြီးမှ လိုအပ်ရင်လည်း ဒေါက်တာဋ္ဌေးမြင့်ဖြစ်ဖြစ် ဒေါက်တာစိုးဝင်း ဖြစ်ဖြစ် ဖုန်းဆက်ခေါ်ရမှာပဲ၊ သူ့အဖေဆုံတုန်းကလို လုပ်ကြတာပေါ့"

ကြီးကြီးမေသည် ထိုသို့ဆုံးဖြတ်ပြီး တန်းလျားမှ ပြန်ဆင်းသွားပေသည်။



မိငယ် ငူငူငေါင်ငေါင်ဖြင့် ထိုင်နေသည်။ မိငယ်၏ ဗျက်လုံးအိမ်သူငယ် မည်းနက်နက် ဝိုင်းဝိုင်းလေးသည် ဟိုလည် သည်လည်ဖြင့် ဝိုင်းဝိုင်းလည်နေသည်။

ဦးလေးဒါရိုက်တာအတွက် မိငယ် ရင်ထဲမှ စိုးရိမ်စိတ်လေးတို့သည် ပုစွန်ဆိတ်ခုန် ဖြစ်နေသည်။ ဘာလုပ်ရလျှင် ကောင်းမည်လဲဟုလည်း မိငယ်၏မျက်စိသူငယ်အိမ် ဝိုင်းဝိုင်းလည်အောင် စဉ်းစားနေမိသည်။

"အဖေ"

"ဟော"

"ဦးလေးဒါရိုက်တာကိစ္စ ဘယ်လိုလုပ်မလဲဟင်၊ တော်ကြာ အရက်မူးလွန်ပြီး တစ်ခုခုဖြစ်သွားရင် ဒုက္ခ"

"အေး ... အဲဒါကိုပဲ အဖေလည်း စဉ်းစားနေတယ်၊ အရက်အမူးသိပ်လွန်ရင် မကောင်းဘူး မိငယ်"

"ဟိုတုန်းက အဖေလည်း အရက်တွေ တအားသောက်လာပြီး မူးတာပဲ မှတ်လား၊ အဖေ သိပ်မူးလာရင် အမေ့ကို ရိုက်တယ်၊ အမေ့ကို အပြစ်တွေအမျိုးမျိုး ပြောတယ်၊ အဖေကြိုက်သလို အမေ့ကို ရိုက်နှက်ပြီးရင် အဖေတအားကြီးအိပ်တာပဲ၊ နောက်တစ်နေ့ မိုးလင်းတော့လည်း အဖေက ညက ဘာမှမဖြစ်သလို အမေ့ကို ပြန်ခေါ်တယ်၊ ပဲပြုတ်နဲ့ ထမင်းကြမ်းဆီဆမ်းစားပြီး အဖေ ဆိုက်ကားပြန်ထွက်ပြန်ရော"

"ဟုတ်တယ် သမီး၊ အရက်သမားဆိုတာ နတ်ပူးခံရတဲ့လူလိုပဲ၊ နတ်ပူးတဲ့လူဟာ နတ်ပူးနေတုန်းတော့ ကြမ်းကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တမ်းတမ်းတွေ လုပ်မိပြီး နတ်လည်းခွာသွားရော သူဘာလုပ်လို့ ဘာလုပ်မှန်း ဘာမှသတိမရတဲ့ ဟန်ပန်တွေပြနေသလိုပဲ၊ နတ်ပူးတဲ့လူ နတ်ပူးစဉ်က လုပ်ပြတာတွေကို နတ်ခွာသွားတဲ့အခါ တကယ် သတိမရတော့တာလား၊ ဟန်ဆောင်တာလားတော့ အဖေလည်း ကိုယ်တွေ့မဟုတ်တော့ မသိဘူးလေ၊ အရက်သောက်ပြီး မူးတာကျတော့ အဖေ့လက်တွေ့ပဲ၊ အရက်သောက်တဲ့လူဟာ စပြီးသောက်စအချိန်နဲ့ ရေချိန်မလွန်ခင်အထိတော့ သူ့သတိက မြဲနေသေးတယ်၊ ရေချိန်လည်းလွန်သွားရော နောက်ထပ် ဘယ်နှခွက်ထပ်သောက်မိလို့ သောက်မိမှန်းလည်း မသိဘူး၊ ထမင်းကိုဘာဟင်းနဲ့စားမှန်းလည်း မမှတ်မိတော့ဘူး"

"ဒါပေမဲ့ အဖေ ဘယ်လောက်မူးလာလာ အိမ်ကိုရောက်အောင်တော့ ဆိုက်ကားနဲ့ နင်းလာတာပဲ မဟုတ်လားအဖေ"

"အဲဒါလည်း အဆန်းပဲ သမီးရယ်၊ ဘယ်လောက် ရေချိန်လွန်ပြီးမူးမူး လဲပြီးအိပ်ပျော်မသွားခင်မှာတော့ မျက်စိနဲ့မြင်သရွေ့ အားလုံးသိတယ်၊ အဖေအမူးလွန် ဆိုက်ကားပြန်နင်းလာပေမယ့် မော်တော်ကားတွေ ဘာတွေလဲ ရှောင်နိုင်တယ်၊ ကိုယ့်အိမ် ဘယ်မှာလဲဆိုတာလည်း သိတယ်၊ အဲ ... အိပ်ပျော်သွားပြီး နောက်တစ်နေ့ ပြန်နိုးလာတော့ ကိုယ့်ဟာကိုယ် အိမ်ကို ဘယ်လိုပြန်ရောက်လာပါလိမ့်ဆိုတာတွေ မမှတ်မိတော့ဘူး၊ ခက်ပါတယ် သမီးရယ်၊ အရက်ဟာ နည်းနည်းပါးပါးသောက်ရင်း စားကောင်းအိပ်



ကောင်း ဖြစ်တာပေါ့၊ သိပ်လွန်သွားရင်တော့ အဆိပ်ပဲသမီး၊ ဆရာကိုသက်ဦးလို နေ့တိုင်းမှန်မှန်သောက်တာမျိုးမဟုတ်ဘဲ တစ်ခါတလေကျမှ အလွန်အကျွံသောက်တာမျိုးကတော့ အန္တရာယ်ပဲ သမီး၊ မမေ ပြောသွားသလို ဆရာဝန်ခေါ်ပြီး အမူးပြေဆေးတွေ ဘာတွေ ထိုးချင်ထိုးရမလားပဲ"

"ဦးလေးဒါရိုက်တာဟာ သည်နေ့မှ ဘာတွေများ စိတ်ညစ်ပြီး အရက်သောက်တာလဲ မသိဘူး၊ နော် အဖေ"

"သူ့လုပ်ငန်းကိုင်ငန်းမှာ အဆင်မပြေလို့လားမှ မသိတာ"

မိငယ်သည် ဖခင်အပါးမှထကာ မိမိအခန်းထဲပြန်ဝင်လာခဲ့သည်။ ခုတင်ပေါ်တွင် လှဲလိုက်သည်။ ကြာကြာလှဲ၍ မရ။ ထထိုင်ပြန်သည်။ ဝရန်တာဘက်သို့ ထွက်ခဲ့သည်။ ဦးလေးဒါရိုက်တာ၏အိမ်ဆီသို့ လှမ်းငေးကြည့်မိသည်။

အိမ်ကြီးဆီဝယ် ညွှေ့ခန်းမှ မီးချောင်းများ ထွန်းထားခြင်းမရှိ။ ထမင်းစားခန်းဆီလောက်၌သာ မီးထွန်းထားသည်။ ဦးလေးဒါရိုက်တာသည် ယခုအချိန်အထိ ထမင်းစားခန်းဝယ် အရက်သောက်နေဆဲ ဖြစ်ဟန်တူသည်။

မိငယ်သည် ဦးလေးဒါရိုက်တာကို မြင်ရလိုမြင်ရငြား ဝရန်တာအစွန်းအထိ လျှောက်လာသည်။ အိမ်ကြီးရှေ့ဆင်ဝင်လှေကားထစ်အတက် သံဆွဲတံခါးပေါက်ကျဲကြီးတွေကြားသို့တည့်နေရာသို့ ရွှေ့ပြောင်းကြည့်ပြန်သည်။

ဦးလေးဒါရိုက်တာကို မမြင်ရပါပေ။

မိငယ် ခေါင်းကုတ်သည်။ လက်မှနာရီလေးကိုငုံ့ကြည့်သည်။ ဝရန်တာစွန်းတွင် အမှောင်ရိပ်ကျနေသဖြင့် လက်

www.burmeseclassic.com

www.burmeseclassic.com



ပတ်နာရီ၏ဘေးခလုတ်ဘုသီးလေးကို နှိပ်လိုက်သည်။ နာရီဒိုင်ခွက်တွင် မီးရောင်လေးလင်းလာပြီး အင်္ဂလိပ်ဂဏန်းနှင့် ည(၈)နာရီ(၄၀)မိနစ်ကို ပြနေသည်။

ဤဆိကိုကွပ်(ဖ်)နာရီလေးကိုလည်း ဦးလေးဒါရိုက်တာပင် သူ့ဟာသူဝယ်လာခြင်း ဖြစ်ပေသည်။

"ရော့ …ပတ်ထား၊ အလကားပေးတာ မဟုတ်ဘူး၊ မိငယ်ရဲ့ငွေစာရင်းထဲမှာ ထည့်ပြထားတယ်"

ဟု ပြောပြီး ပေးရုံမက လက်ပတ်ကြိုး မိငယ်နှင့် အံကိုက်ဖြစ်အောင် မိငယ်၏လက်ဝဲလက်ကို သူ့ပေါင်ပေါ်တင်ကာ ပတ်ကြည့်လိုက် အကျဉ်းအကျယ် အထစ်လေးများကို ရွှေ့ပေးလိုက်ဖြင့် ဦးလေးဒါရိုက်တာကိုယ်တိုင် ပတ်ပေးသော နာရီလေး ဖြစ်ပါ၏။ နာရီကြည့်ပုံ ကြည့်နည်းနှင့် ခလုတ်အရွှေ့အပြောင်းလေးတွေကိုလည်း ဦးလေးဒါရိုက်တာက စိတ်ရှည်လက်ရှည် သင်ပြပေးသွားသေးသည်။

ဘာပစ္စည်းတစ်ခုကို ပေးပေး၊ နင့်ကို အလကားပေးတာ မဟုတ်ဘူးဟုပြောပြီး ပေးလေ့ရှိသည်။ စာရင်းမှတ်သည် မမှတ်သည်တော့ မိငယ် မသိ။ သို့တစေ မိငယ်တစ်ကိုယ်လုံးတွင် လက်ဝတ်လက်စားနှင့် အဝတ်အစားတွေ အသာထားဦး။ မိတ်ကပ်ဘူး၊ လက်သည်းဆိုးဆေးဘူး၊ နှုတ်ခမ်းဆိုးဆေးဘူး၊ ရေမွှေးပေါင်ဒါ၊ သနပ်ခါး၊ ကျောက်ပြင်မှအစ ဦးလေးဒါရိုက်တာ ဝယ်ပေးထားသော ပစ္စည်းတွေချည်း ဖြစ်နေပေသည်။

သည်တော့လည်း မိငယ်အဖို့ နေ့စဉ် အိပ်ရာမှနိုးပြီး သွားတိုက်ဆေး၊ သွားပွတ်တံနှင့် သွားတိုက်ခဲ့သည့် အချိန်မှ



ပြီး တစ်နေကုန် အသုံးအဆောင်ပစ္စည်းတွေ သုံးသမျှ ဦးလေးဒါရိုက်တာ ဝယ်ပေးတာဟု အမှတ်တရရှိပြီး မိနစ်တိုင်း နာရီတိုင်း ဦးလေးဒါရိုက်တာကို မေ့မရအောင် ဖြစ်ခဲ့ရသည်။

"ခွမ်း … ဂလွမ် … ဂလွမ်"

အိမ်ကြီးအတွင်းမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ ဤအသံသည် ကွဲရှတတ်သော ပစ္စည်းတစ်ခုခု အမြင့်မှ ကြမ်းတလင်းပေါ်ကျ၍ ကွဲသွားသည့်အသံမျိုးမှန်း မိငယ် ချက်ချင်း သိသည်။

မိငယ်သည် ဘာအချိန်အဆမျှ ဦးနှောက်ထဲ မရှိတော့ဘဲ တန်းလျားလှေကားမှ ပြေးဆင်းလာခဲ့သည်။ အိမ်ကြီးဆီသို့ မိငယ် ရှေ့ရှုလာခဲ့သည်။

ဆင်ဝင်အောက် ရောက်သောအခါ သံဆွဲဘာဂျာတံခါးကြီးမှာ စေ့ပိတ်ထားသည်။ အတွင်းသော့ခလောက်ချိတ်နေရာတွင် တရုတ်နီသော့ခလောက်အမည်းကြီးက တံခါးကွင်းနှစ်ခုတွင် ချိတ်ထားသည်။ မိငယ်က သံဆွဲတံခါးကွက်ကျဲသို့ လက်လျှိုကာ သော့ခလောက်ကို ကိုင်ကြည့်သည်။ ချိတ်ရုံသာ ချိတ်ထားပြီး ဖိနှိပ်ခတ်ထားခြင်းမရှိကြောင်း တွေ့ရသည်။

သို့သော် မိငယ် အထဲသို့ မဝင်ရဲသေး။

ဆင်ဝင်လှေကားထစ်မှာပင် မိငယ်ရပ်ကာ အထဲရှိ ဦးလေးဒါရိုက်တာကို ချောင်းကြည့်နေမိသည်။

ဧည့်ခန်းက မီးချောင်းမထွန်းဘဲ မှောင်နေသည်မို့ ထမင်းစားခန်းမှ မီးရောင်ဖြင့် ကြိမ်ထိုးလိုက်ကာလေး ကာရံထားသည့် ထမင်းစားခန်းကို မိငယ်က လှမ်းမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဒါရိုက်တာကိုလည်း ကြိမ်လိုက်ကာအပေါက်လေးကြားမှ မသဲမကွဲ မြင်ရပါသေး၏။ စောစောက ခွမ်း၊ ဂလွမ်း အသံမှာ ထမင်းစားပွဲပေါ်မှ ဆော်ဒါပုလင်းလွတ်များ ကျကွဲသံဖြစ်ပေတော့သည်။ သမံတလင်းပေါ်ဝယ် မီးရောင်ဟပ်ပြီး ပြိုးပြိုးပြက်ပြက် တောက်ပနေသော ဖန်ကွဲစတွေကိုလည်း မိငယ် လှမ်းမြင်နေရသည်။

ဦးလေးဒါရိုက်တာသည် ကုလားထိုင်တွင်ထိုင်ရင်း လက်မောင်းတစ်ဖက် စားပွဲတွင် ကွေးတင်ကာ ဦးခေါင်းမှေးတင်ထားသည်။

အရက်မူးသံ၊ အာလေးလျှာလေးကြီးနှင့်လည်း တစ်ယောက်တည်း စကားတွေပြောနေသည်။ ဦးလေး ဒါရိုက်တာ ပြောနေသည်တို့ကို မိငယ်က နားစိုက်ထောက်မိသည်။

"ဘယ့်နှယ်လုပ်မလဲ၊ ချစ်တာဟာ ချစ်တာပဲပေါ့၊ အသက်ကြီးတဲ့လူမှာလည်း အသည်းနဲ့ပဲ၊ နှလုံးနဲ့ပဲ၊ အသည်းနှလုံးသားထဲက သူ့ဟာသူ ချစ်လာတာ ဘယ်သူ့တားလို့ရမှာလဲ၊ ဖွင့်မပြောမိအောင် မျိုသိပ်ဖို့ပဲလိုတယ်၊ ငုံးဆူလှုံမသိ။ ငုံးဆူလူမသိပေါ့ဟယ်"

ငုံးဆု လူမသိဟု ထပ်ပြန်ရွတ်ရင်းမှ ဦးလေးဒါရိုက်တာသည် သီချင်းတစ်ပုဒ် သံနေသံထားဖြင့် ကောက်ဆိုလိုက်ပြန်သည်။

"ငုံးဆူလူမသိ ... အုံ့ပုန်းပူ ကိုယ်မချိ ... မသိသူများရယ်"



မိငယ်သည် ဘာဂျာကံခါးပေါက်ထဲသို့ လက်လျှိုသွင်းမိပြီ။ ချိတ်ထားသော သော့ခလောက်ကိုဖြုတ်ပြီး အထဲဝင်ရန် ဆုံးဖြတ်လိုက်သည်။

"ငြိုငြင်ကွက်သွေး၊ လွမ်းရေးကြောင့် မျက်နှာငယ် အလှမ်းဝေးလို့ခက်တယ်၊ ခက်တယ်၊ မှန်းတွေးတော့ ရှက်စဖွယ် ရှက်စဖွယ်"

မိငယ် ကောင်းကောင်းကြီး သဘောပေါက်ပါပြီ။ ဦးလေး ဒါရိုက်တာသည် မိငယ်ကို ချစ်ရှာပါ၏။ သို့သော် ဦးလေးဒါရိုက်တာအနေနှင့် မိငယ်၏အချစ်ကို ရယူခဲ့သည်ရှိသော် ဝတ်ဝန်းကျင်တွင် ရှက်စဖွယ်ဖြစ်မည်စိုး၍ ငုံးဆူလူမသိ ဖွတ်မျိုသိပ်ထားခြင်းမျိုး ဖြစ်ရမည်။ ယနေ့ ကိုတွန်းတွန်းက မိငယ်ကို ချစ်ဟွာစကား ပြောသွားပြီဖြစ်ကြောင်း ဦးလေးဒါရိုက်တာအား ကိုတွန်းတွန်းက ပြန်ပြောပေမည်။ ဤမှာပင် မိငယ်ကိုကျိတ်၍ ချစ်နေရှာသည့် ဦးလေးဒါရိုက်တာ စိတ်ထိခိုက်သွားမည်။ ထို့ကြောင့် အရက်တွေ သောက်ခြင်း ဖြစ်ရှာမည်။

မည်သို့ဆိုစေ ဦးလေးဒါရိုက်တာက မိမိအပေါ်တွင် ချစ်ခင်နေကြောင်း အရိပ်အမြွက် သိရသည်နှင့်ပင် မိငယ်၏ရင်ထဲတွင် အလိုလို ပျော်လာတော့သည်။

သော့ခလောက်ဖြုတ်ပြီး ဆွဲတံခါးကို ဖြည်းညင်းစွာ ဆွဲဖွင့်လိုက်သည်။

စောစောက ခွမ်း၊ ဂလွမ်း ပုလင်းကျကွဲသံတွေ ထွက်လာကတည်းက ကြီးကြီးမေသည်လည်း တိုက်အိမ်သို့ လာခဲ့သည်။ သို့သော် အဝင်လှေကားထစ်တွင် မိငယ် ရောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နေသောကြောင့် ကြီးကြီးမေကဲ ဆက်မလာတော့ဘဲ သစ်ပင်ရိပ်အမှောင်ထဲတွင်ရပ်၍ အကဲခတ်ကြည့်နေပေသည်။

“သူ မချစ်လေတော့ ... ကိုယ့်ချစ်သူကိုကွယ် ... ချစ်သူ
ပါပဲရယ်လို့ ခေါ်နိုင်ဘူး တကယ် ... သက်ဝေရယ် ...
သက်လယ်ရယ် ... သည်လိုဆိုထုံး ကိုယ်သုံးချင်ရဲ့မလွယ်”

မိငယ် အိမ်ထဲသို့ ဝင်လိုက်ပါလေပြီ။ မိငယ်၏နှုတ်ဖျားမှ ‘မိငယ်ကို ချစ်သူပါပဲရယ်လို့ ခေါ်နိုင်ပါတယ် ဦးလေးဒါရိုက်တာရယ်၊ ဦးလေးဒါရိုက်တာက တစ်ဖက်သတ်ချစ်တာမှ မဟုတ်တာ၊ မိငယ်ကလည်း ဦးလေးဒါရိုက်တာကို ချစ်တာပဲဟာ’ ဟု သူမဘာသာသူမ တဖွဖွပြောရင်း ထမင်းစားခန်းဆီသို့ လျှောက်လာခဲ့သည်။

“သူ့ဘက်က မေတ္တာမနွှယ် ... ကိုယ့်ဘက်က ချစ်တာ
တကယ် ... ပဒုမ္မာပန်းပေါ်ဝယ် ... လရောင်ဆမ်းမိလေ
တယ်”

ဦးလေးဒါရိုက်တာသည် သီချင်းပိုဒ် အဆုံးတွင် ဦးခေါင်းပြန်ထောင်လိုက်သည်။ ကျောဘက်တွင် ရောက်နေသော မိငယ်ကို သူ မမြင်သေး။ မိငယ်ကလည်း ခြေသံမကြားအောင် ခြေဖွနင်းကာ ကိုသက်ဦး၏နောက်ကျောဘက်မှ လျှောက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဦးလေးဒါရိုက်တာက သူမ၏အပေါ်တွင် ချစ်နေမှန်း ရိပ်မိပြီ ဆိုစေကာမူ ဦးလေးဒါရိုက်တာ၏ အရှိန်အဝါကိုတော့ မိငယ် ကြောက်လန့်နေသေးသည်။ ထို့ကြောင့် အသံမပြုရဲဘဲ တိတ်တိတ်လေး ရောက်လာခြင်းမျိုးဖြင့် ရောက်လာသည်။



အတိအလင်း အသံပေးဝင်မိပါက ဦးလေးဒါရိုက်တာ နှင်ထုတ်ခံရမည်ကိုလည်း မိငယ် ကြောက်သေးသည်။

ကိုသက်ဦးသည် သီချင်းအဆုံးတွင် ဦးခေါင်း ပြန်ထောင်ရင်း ပုလင်းမည်းကြီးထဲမှ အရက်ကို ဖန်ခွက်ထဲ ငှဲ့ပြန်သည်။ ပုလင်းမည်းပုတိုတိုကြီးပေါ်မှ အင်္ဂလိပ်စာလုံးဖြင့် ရေးထားသောစာတမ်းကို မိငယ် လှမ်းဖတ်ကြည့်သည်။ ရှစ်တန်းအထိသင်ခဲ့ဖူးသော မိငယ်သည် ထိုမျှလောက်တော့ ဖတ်တတ်ပါသည်။ ဖတ်တတ်သည်ကို အဓိပ္ပာယ်ပြန်တတ်ချင်မှ ပြန်တတ်မည်။ ဖတ်တော့ ဖတ်တတ်သည်က အမှန်။

“ဗက်-၆၉”

ဦးလေးဒါရိုက်တာ သောက်နေသော အရက်ပုလင်းမည်းမည်း ပုတိုတိုသည် ဗက်-၆၉ ဟုပင် မိငယ် ဖတ်လိုက်သည်။ ဗက်ဆိုသည်မှာ မိငယ် ဘာမှန်းမသိ။ ၆၉ ဆိုသည်မှာ မိငယ်ဘာမှန်းမသိ။ စာလုံးပေါင်း အသံထွက်လောက်သာ မိငယ်က ဖတ်ကြည့်ခြင်းဖြစ်သည်။ သူ့ဟာသူ ဗက်ခြောက်ဆယ့်ကိုးမကလို့ ဗက်တစ်ရာ ဖြစ်ပါစေ၊ မိငယ် အဓိက ထားကြည့်သည်မှာ အရက်ပုလင်း ဘယ်လောက်ကျိုးသွားပြီလဲဟု လှမ်းကြည့်ခြင်းဖြစ်တော့သည်။

ထက်ဝက် ကျော်သွားပေပြီ။ ပုလင်းပုံစံက ပုဝိုင်းဝိုင်း အောက်တိုတိုနှင့်မို့ ထက်ဝက်ကျိုးသွားပြီး ပုလင်းဖင်ကျဉ်းသွားခြင်းအားဖြင့် ထက်ဝက်ခန့်ဟု ထင်ရသော်လည်း ဦးလေးဒါရိုက်တာတစ်ယောက်တည်းသောက်သော ဗက်-၆၉ အရက်သည် ထက်ဝက်မကလေတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြားထဲမှာပင် မိငယ် ကိုသက်ဦး၏ နောက်ကျောပိုင်း ရောက်သည်အထိ ကိုသက်ဦးသည် အရက်ပုလင်းကို ဖန်ခွက်ထဲ ထပ်၍ငှဲ့နေတုန်း ဖြစ်ပါ၏။

စောစောက ဆော်ဒါပုလင်းလက်စနှင့် ပုလင်းလွတ်တွေမှာ ကျကွဲသွားပြီဖြစ်၍ နောက်ထပ် ပုလင်းသစ်မှာ ရေခဲသေတ္တာထဲတွင် ရှိနေသဖြင့် အရက်ငှဲ့ပြီးနောက် ဆော်ဒါပုလင်းယူရန် ဒယိမ်းဒယိုင်ဖြင့် ကိုသက်ဦး မတ်တတ်ရပ်ကာ နောက်သို့ လှည့်လိုက်သည်။

"ဩော် ... မိငယ်"

"ရှင်"

ကိုသက်ဦးသည် ရေခဲသေတ္တာဆီသို့ ခြေလှမ်းလိုက်ပြန်ပါ၏။ သိပ်မူးနေပြီထင်သည်။ ဒယိမ်းဒယိုင်ဖြင့် သူ့ကိုယ်သူ မတ်မတ်မဟန်နိုင်ဘဲ လဲပြိုကျသွားသည်။

"ဟင် ... ဦးလေး ဒါ ..."

မိငယ်က ကိုသက်ဦး ယိုင်ထိုးကျသွားသည်နှင့် အတင်းပြေးဝင်တွဲလိုက်သည်။ အလန့်တကြား နှုတ်မှ ဦးလေးဒါရိုက်တာဟု ခေါ်သည်ပင် ပြည့်စုံအောင် မခေါ်နိုင်ဘဲ ဦးလေးဒါတွင် ရပ်သွားသည်။

အကြောင်းမူ တကယ်တမ်းကျတော့ ပိန်၍သွယ်သည် ထင်ရသော ဦးလေးဒါရိုက်တာ၏ ကိုယ်အလေးချိန်သည် မနည်းပါပေ။ အရပ်ရှည်ပြီး ကျစ်လျစ်သော အသားစိုင်များဖြင့် ဦးလေးဒါရိုက်တာသည် အချိန်စီးမါ၏။ ပိကျလာသော ဦးလေးဒါရိုက်တာ၏ ကိုယ်အလေးချိန်ကို မနိုင်ဘဲ ဝင်၍ဖေးတွဲသူ မိငယ်ပါ နှစ်ယောက်သား လဲကျသွားသည်။



အရက်မူးလွန်သူ မဆိုထားနှင့်။ ရေနစ်နေသူပင် ဆွဲမိဆွဲရာ တွဲမိတွဲရာကို ဇွတ်ဆုပ်ကိုင် ဖက်တွယ်ထားလေ့ရှိသည့် အတိုင်း ကိုသက်ဦးသည် လဲကျသည်နှင့် မိငယ်ကို တအားကြီး ဆုပ်ကိုင်ရစ်ပတ် ဖက်တွယ်ထားလေတော့သည်။

လဲကျရာအရပ်သည် စောစောက ဆော်ဒါပုလင်းကွဲများနှင့် လွတ်ရာနေရာမို့ တော်သေးသည်။ သို့မဟုတ်ပါက လဲကျသွားသူ နှစ်ဦးစလုံးအား အကွဲအရှတွေစူးကာ သွေးထွက်သံယို ဖြစ်သွားပေမည်။

"မိငယ် ... မိငယ် ... မိငယ်"

လဲပြိုသွားသည့် တစ်ဦးကိုတစ်ဦး ဖက်တွယ်ထားသည့်ပုံစံအတိုင်း ကိုသက်ဦးသည် ပြန်မထဘဲ မိငယ်၏အမည်ကို တတွတ်တွတ် ခေါ်နေပေသည်။

"ရှင် ... ဦးလေးဒါရိုက်တာ"

မိငယ်သည် ရုန်းကန် ထထိုင်ရန် မကြိုးစားမိ။ ဦးလေးဒါရိုက်တာ တအားကြီး ဖက်ထားသည်ကို နှလုံးတုန်ဟုန်ရင်ခုန်ခုန်လေးများ တဆတ်ဆတ် တဖျပ်ဖျပ် ခံစားရင်း အငမ်းမရ ခေါ်နေသော ဦးလေးဒါရိုက်တာ၏အခေါ်ကို ပြန်၍ထူးမိတော့သည်။

"မိငယ်ကို ဦးလေးချစ်တယ်၊ သိပ်ကိုချစ်တယ်၊ သိလား"

ထန်းရည်မူးမှပင် ကျွဲခိုးပေါ်သည့်ကိန်းပင်။

ယခု ဦးလေးဒါရိုက်တာသည် မိငယ်ကိုချစ်ကြောင်း ဖွင့်ဟခွင့်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မိငယ် ဘာပြန်ပြောရမှန်း မသိ။ သို့သော် ပုံပြောသည်ကို နားထောင်ရင်း "အင်း"လိုက်သော ကလေးပမာ မိငယ် ရင်ထဲက "အင်း"ဟု ဆိုလိုက်မိသည်။

"ချစ်တယ်ဆိုတာ ရင်ထဲက သူ့အလိုလို ချစ်လာမှ ချစ်လို့ရတာ၊ ပါးစပ်က ဖွင့်ပြောမှ ချစ်ရာရောက်တာမဟုတ်ဘူး၊ ရင်ထဲက ချစ်နေတာလည်း ချစ်တာပဲ၊ အို ... ဦးလေး မိငယ်ကို ချစ်တယ်"

ပြောပြောဆိုဆို ဦးလေးဒါရိုက်တာသည် မိငယ်ကို ကျစ်ကျစ်ပါအောင် ဖက်ထားပြီး မိငယ်၏ ပါးလေးတွေကိုနမ်းသည်။ ဟိုဘက်ပါး၊ သည်ဘက်ပါး နှံ့အောင်နမ်းသည်။ အကြိမ်ကြိမ်နမ်းသည်။ လဲကျကတည်းက နှစ်ဦးသား ဖက်တွယ်လျက်သား မျက်နှာချင်းဆိုင် လဲကျခြင်းဖြစ်ပါ၏။ မိငယ်၏ပါးလေးနှစ်ဖက်ကို အကြိမ်များစွာနမ်းပြီးနောက် သူ၏နှာခေါင်းကို မိငယ်၏နဖူးပြင်လေးတွင်တေ့ကာ ကြမ်းပြင်တွင် ခေါင်းချထားသည်။

တစ်သက်တွင် ဤတစ်ကြိမ်သာ ဤအတွေ့မျိုးကြုံဖူးသေးသော မိငယ်သည် ဘာမျှလဲ ပြန်မပြောနိုင်။ ရင်ထဲတွင် တဒိန်းဒိန်းခုန်ပြီး ထိတ်လန့်စိတ်လေးတစ်ဝက်၊ ကြည်နူးစိတ်လေးတစ်ဝက်ဖြင့် ဦးလေးဒါရိုက်တာကို ပြန်လည်ဖက်တွယ်ထားမိရင်း ငြိမ်နေမိသည်။

အဖေပြောသည့် အတိုင်းပင် ဖြစ်ဟန်တူသည်။ အရက်မူးလွန်သူသည် မလဲလျောင်းမီ သတိရှိနေသလိုလိုရှိပြီး ခဏွာကိုယ်လှဲချ၊ ဦးခေါင်းမှေးချလိုက်သည်နှင့် အိပ်ပျော်သွားတတ်သည် ဆိုသည့်အတိုင်းပင် ဖြစ်တော့သည်။



ဦးလေးဒါရိုက်တာသည် ရင်ထဲတွင် ချစ်သမျှတွေ နှုတ်မှပြောရင်း မိငယ်၏ပါးကိုလည်း အကြိမ်ကြိမ်နမ်းပြီးသည်နှင့် ကျေနပ်မှုရသွား၍ပေလားမသိ။ မိငယ်၏နဖူးပြင်ထက်တွင် နှာခေါင်းတင်ရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားပေသည်။ အိပ်ပျော်သည်နှင့် မိငယ်အား ကျစ်ကျစ်ပါအောင် ဖက်ထားသောလက်တို့သည် ပြေကျသွားသည်။

ထိုအခါမှ မိငယ်သည် ဖြည်းညင်းစွာ ထထိုင်သည်။ သမံတလင်းပေါ်တွင် တစောင်းလေးအိပ်နေသော ဦးလေးဒါရိုက်တာကို အတန်ကြာအောင် ငေးစိုက်ကြည့်နေသည်။ ကြည့်ရင်းကြည့်ရင်းပင် မိငယ်သည် ဦးလေးဒါရိုက်တာ၏ အပြစ်ကင်းသော မျက်နှာဆီသို့ငုံ့ကာ ဦးလေးဒါရိုက်တာ၏ ပါးပြင်တစ်ဖက်ကို မွှေးလိုက်မိသည်။

တစ်ဆက်တည်းမှာပင် မိငယ်တွင် ပူပန်စိုးရိမ်စိတ်လေးတွေ ဝင်လာသည်။ ညနေ့ခန်းမှာလို မွေ့ယာကော်ဇောကြီးတွေ ခင်းထားသည့် နေရာမျိုးတွင် ဦးလေးဒါရိုက်တာ အိပ်ပျော်သွားလျှင် အရေးမကြီး။ ယခု ထမင်းစားခန်းက သမံတလင်းဖြစ်နေသည်။ တစ်ညလုံးသာ ဦးလေးဒါရိုက်တာ ဤပုံစံအတိုင်း သမံတလင်းပေါ် အိပ်ပျော်သွားလျှင် အဖျားအနာတွေ ဖြစ်တော့မည်။

"ဦးလေးဒါရိုက်တာ၊ ဦးလေးဒါရိုက်တာ"

မိငယ် လှုပ်နှိုးသည်။ အတင်းလှုပ်နှိုးခြင်းမျိုး ဖြစ်သည်။ ယခုမှ အိပ်ပျော်စမို့ ဦးလေးဒါရိုက်တာသည် နိုးတစ်ဝက် မနိုးတစ်ဝက် ပြန်ထူးသည်။

"အင်း ... ဘာလို့လဲ၊ အတင်းဆွဲထူနေတာလဲ မိငယ်"

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာအိပ်လို့ ဘယ်ဖြစ်မလဲ ဦးလေးဒါရိုက်တာ၊ တစ်ညလုံး သမံတလင်းနဲ့ အအေးမိသွားမှာပေါ့၊ ထ ... ထပါ၊ ဦးလေးဒါရိုက်တာအခန်းထဲအထိ မိငယ် ပို့ပေးမယ်လေ"

အရက်အမူးလွန်သူတို့၏ ထုံးစံအတိုင်း အီအီအာအာဖြင့် ထထိုင်သည်။ မဟန်နိုင်ဘဲ ပြန်လဲကျမလို ဖြစ်သဖြင့် မလဲကျမီ မိငယ်ကပင် ဆီးပွေ့ထားလိုက်သည်။

"တကယ်ပဲ ... ဦးလေးဒါရိုက်တာကတော့ စံပဲ"

ပြောပြောဆိုဆို မိငယ်သည် ဦးလေးဒါရိုက်တာ၏ ချိုင်းကို သူမ၏ပခုံးထက်တွင်တင်ကာ ဖွတ်ထလိုက်သည်။ မိငယ်သည် ကျန်းမာသန်စွမ်းလှပါ၏။ ဓော်လမြိုင်တွင် နေစဉ်ကတည်းက ရေခဲခြစ်လှည်းပေါ်တွင် ပုလင်းတွေ အကွက်စေ့တင်ပြီး အောက်အိမ်ထဲတွင် စပါးခွံ(ဖွဲကြမ်း)ခံထားသော ရေခဲတွေပါရှိသည့် တွန်းလှည်းကို မိငယ်တစ်ယောက်တည်း တွန်းလာခဲ့သူဖြစ်သည်။

ယခု ...

ဦးလေးဒါရိုက်တာကို တွဲပိုးရာတွင် မိငယ် ရှိသမျှခွန်အားကို သုံးသည်။

နိုင်နင်းပါပေ၏။ အိပ်တစ်ဝက် နိုးတစ်ဝက် ဦးလေးဒါရိုက်တာကလည်း မိငယ် နှုတ်ဖျားမှ ဆော်ဩမှုကြောင့် သူ၏ခြေထောက်ဖြင့် သူ လမ်းလျှောက်နိုင်ပေသည်။

ဦးလေးဒါရိုက်တာ၏ အိပ်ခန်းထဲသို့ ရောက်လာသည်။ တစ်ယောက်အိပ်ခုတင်ပေါ်ဝယ် ဦးလေးဒါရိုက်တာကိုလှဲချစေပြီး မိငယ် တအောင့်တခဏ စောင့်ကြည့်သည်။



တစ်မုဟုတ်ချင်းမှာပင် ဦးလေးဒါရိုက်တာသည် ရှူးရှူးဖြင့် အိပ်မောကျသွားပေသည်။

မိငယ်က ဦးလေးဒါရိုက်တာကို ခြင်ထောင်ချပေးခဲ့သည်။ ခြင်ထောင်စများကို မွေ့ရာအောက် လေးဖက်လေးတန်သွင်းလိုက်သည်။

ပြီးမှ မိငယ်သည် ခြေဖော့နင်းကာ ဦးလေးဒါရိုက်တာ၏ အိပ်ခန်းထဲမှ ပြန်ထွက်ခဲ့သည်။

သူ့နဂိုအတိုင်း သံဆွဲတံခါးကို ပြန်စေ့ကာ သော့ခလောက်ကို လက်လျှိုပြီး ပြန်ချိတ်ထားခဲ့လေတော့သည်။

ဂျူးခနဲ ချလိုက်သော သက်ပြင်းသံနှင့်အတူ မိငယ်သည် တန်းလျားသို့ ပြန်ခဲ့ပါလေတော့သည်။

စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ပင်ပန်းခြင်းတို့ကို မိငယ် ခံစားရသည် ဆိုစေကာမူ ...

ထိုညသည် မိငယ်အတွက် အပျော်ဆုံးနှင့် အကြည်နူးဆုံးည ဖြစ်ခဲ့ရုံမက ရင်အခုန်ဆုံးညဟု မိငယ် သတ်မှတ်လိုက်ချင်ပါသေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ညက မိငယ် အိပ်မပျော်ခဲ့။

သိန်းဆုထီပေါက်သူတစ်ယောက် အိပ်မပျော်နိုင်ခြင်းမျိုးနှင့် တူနေသည်လား မပြောတတ်။

ဒါမှမဟုတ် ခရီးဝေးထွက်ခွာသွားသော မိခင်အား တငတ်မွတ်မွတ် လွမ်းဆွတ်မျှော်မှန်းနေဆဲတွင် ဖြုန်းခနဲ မိခင်ပြန်ရောက်လာသည်မို့ ဟာဒယရွှင်မြူး ကြည်နူးနေသော ကလေးငယ် မအိပ်မစက် ဖြစ်နေသည်နှင့်များ တူနေမည်လား။

လက်ယာဘက်စောင်းပြီး လဲလျောင်းခြင်း ကြာမြင့်လာသောအခါ အလိုလိုလက်ဝဲဘက်သို့ ပြောင်းရွှေ့လဲလျောင်းမိသည်။ မျက်လုံးမမှိတ် မအိပ်စက်နိုင်လွန်းသောအခါတွင် လက်ဝဲစောင်းမှ လက်ယာစောင်း ပြောင်းရပြန်တော့သည်။

ယင်းသို့ လက်ဝဲစောင်း၊ လက်ယာစောင်းဖြင့်ပင် မိုးစင်စင် လင်းတော့သည်။

မိုးမြန်မြန်လင်းပါစေဟု ဆုတောင်းခဲ့ရသော တစ်ညလုံးဆုတောင်းသည် ယခုမှပင် ပြည့်ဝသွားပါလေ၏။



ငယ်ရွယ်နုဖြိုးပြီး အသွေးအသား အလွန်ကောင်းသော အရွယ်မို့ တစ်ညတာ အိပ်ရေးပျက်သည်ကို ဘာမျှမဖြစ်သလို လန်းဆန်းလတ်ဆတ်လျက်ပင် ရှိနေပေသည်။

မိုးလင်းသည်နှင့် မိငယ် လဲလျောင်းရာမှ ထခဲ့သည်။ ခေါင်းဖြီးမည်။ အဝတ်အစားလေးတွေ လဲဝတ်မည်။ သင့်တင့်ရုံခြယ်ခြယ်သသလေးဖြင့် ခြယ်သပြီး ဦးလေးဒါရိုက်တာ လှမ်းခေါ်သည်ကို စောင့်မျှော်မည်။

ညက ဦးလေးဒါရိုက်တာ၏နှုတ်မှ မိငယ်ကို ဦးလေး ချစ်တယ်၊ သိပ်ကိုချစ်တယ်ဟု ပြောခဲ့သောအခွန်းတွေ များပြားလှသည်။

ပြီး … မိငယ်၏ပါးကို အကြိမ်ကြိမ်နမ်းသည်။ နဖူးကိုလည်း အကြာကြီးနမ်းသည်။

တစ်ခုပဲရှိသည်။ ညက မိငယ်၏နှုတ်ဖျားမှ ဦးလေးဒါရိုက်တာကိုလည်း မိငယ် ချစ်တယ်ဟု ပြန်မပြောမိခဲ့။ ဖက်ပြီး ငိုကျသွားသည့်အချိန်မှစ၍ ဦးလေးဒါရိုက်တာ၏ အပွေ့အပိုက်နှင့် အနမ်းတွေကြောင့် မိငယ် မွန်ထူနေသည်။ ပြန်လည်ချစ်ကြောင်း မပြောဖြစ်ခဲ့။ မိငယ် ရင်အခုန်သက်သာပြီး အမွန်ထူ [illegible] ပျောက်ချိန်ဝယ် ဦးလေးဒါရိုက်တာက အိပ်ပျော်သွားပေပြီ။

ကိစ္စမရှိ။

အခုနံနက် ဦးလေးဒါရိုက်တာက ချစ်ရဲ့လားဟုမေးလျှင် မိငယ်က ဦးခေါင်းလည်း ညိတ်ပြမည်။ နှုတ်မှလည်း ချစ်ကြောင်း ဖွင့်ပြောမည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးလေးတယဉ်ယဉ်ဖြင့် ဝရန်တာမှ တကြည့်ကြည့် အိမ်ကြီးဆီသို့ လှမ်းကြည့်နေသည်မှာ နံနက်ရှစ်နာရီပင် ထိုးသွားပေပြီ။

ကြီးကြီးမေပင် ဈေးကပြန်လာလေပြီ။

ကြီးကြီးမေ၊ မခင်ပုနှင့် မညိုတို့ မီးဖိုချောင်တွင် ဝင်ရောက်ချက်ပြုတ် လုပ်ကိုင်နေချိန်ထိ ဦးလေးဒါရိုက်တာ၏ အရိပ်အယောင်ကို မိငယ် မတွေ့ရသေး။

ကိုးနာရီထိုးတွင် မိငယ် စိတ်မရှည်နိုင်တော့။ တန်းလျားလှေကားမှ ဆင်းသက်ခဲ့သည်။ တိုက်အိမ်ကြီးဆီသို့ လျှောက်လာခဲ့သည်။ ဆင်ဝင်လှေကားထစ်များတက်ပြီး သံဆွဲတံခါး အပေါက်မှ အထဲသို့ လှမ်းကြည့်လိုက်သည်။

"အယ်"

ဦးလေးဒါရိုက်တာကို ဧည့်ခန်း ဆိုဖာတစ်ခုတွင် ထိုင်နေလျက်သား တွေ့ရသည်။ မျက်နှာသုတ်ပဝါကြီး ခြုံထားပြီး ခေါင်းပေါ်တွင် ရေခဲအိတ် တင်ထားပေသည်။

"ဦးလေးဒါရိုက်တာ"

မိငယ်က သံဆွဲတံခါးအပြင်ဘက်မှ အားမာန်ပြည့်သော အသံလေးနှင့် လှမ်းခေါ်လိုက်သည်။

"ဩော် ... မိငယ် လာလေ၊ တံခါးသော့မခတ်ထားဘူး"

မိငယ်၏ မျက်လုံးလေးသည် တောက်ပသောနေရာမှ ရုတ်ခနဲပင် ရီဝေသွားသည်။ ဦးလေးဒါရိုက်တာ လှမ်းခေါ်သံမှာ ပုံမှန် သံမှန်အသွင်မျိုးသာ ရှိနေသည်ကို မိငယ် သတိထားလိုက်မိသောကြောင့် ဖြစ်ပါ၏။



မိငယ်သည် လေးတွဲ့စွာပင် သံတံခါးကို လူတစ်ကိုယ်ဝင်သာရုံဖွင့်ပြီး အထဲသို့ ဝင်ခဲ့သည်။

မိငယ်အနေနှင့် ဘာမျှမပြောသေးဘဲ ဦးလေးဒါရိုက်တာ၏ အရိပ်အကဲကိုခတ်ရင်း ဦးလေးဒါရိုက်တာ ရှိရာသို့လျှောက်လာခဲ့သည်။

"အတော်ပဲ မိငယ်၊ ဦးလေးက မိငယ်ကိုတောင် အခေါ်လွှတ်တော့မလို့၊ စဉ်းစားနေတုန်း မိငယ် ရောက်လာလို့"

"မိငယ်ကို အခေါ်လွှတ်မလို့ ... ဟုတ်လား"

မိငယ် အားတက်သရောလေး ဖြစ်လာပြီး ပြန်မေးလိုက်သည်။

"အေးပေါ့ ... မနေ့က ဦးလေး ပွင့်ဦးသူဇာရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒေါ်စိမ်းစိမ်းနဲ့ သွားတွေ့ခဲ့တယ်၊ သူ့ကုမ္ပဏီအငှားနဲ့ သူ့ဇာတ်ကို ဦးလေးဝယ်လိုက်တယ်၊ အဲသည်ဇာတ်မှာ မိငယ်ကို ဦးလေးက မင်းသမီးနေရာတင်ပြီး တန်းရိုက်မယ်"

မိငယ် ဘာမှပြန်မပြော။ ငြိမ်သက်စွာပင် နားထောင်နေသည်။

"ဟဲ ... ဟဲ ... ဟဲ"

ဦးလေးဒါရိုက်တာက ဦးခေါင်းပေါ်မှ ရေခဲအိတ်ကို နေရာရွှေ့ပြောင်းရင်း တစ်ခုခုကို ကျေနပ်သည့်အသွင်ဖြင့် ရယ်မောလိုက်ပါသေး၏။

"ဇာတ်က မင်းသားတစ်လက်၊ မင်းသမီးနှစ်လက် ဇာတ်မျိုးပဲ၊ မင်းသမီး ညီအစ်မလေ၊ အငယ်မနေရာမှာ မိငယ်

www.burmeseclassic.com



သရုပ်ဆောင်ရမယ်၊ ဇာတ်လမ်းရဲ့အဓိကမှာ အငယ်မဟာ ဇာတ်အိမ်တစ်ခုလုံးရဲ့ သော့ချက်နေရာမှာ ယူထားတယ်၊ မငယ်ရဲ့ပင်ကိုအရည်အသွေးတွေ ဦးလေးက အားလုံးညှစ်ထုတ်မှာ၊ သည်ဇာတ်ကား ရုံတင်တာနဲ့ မိငယ် နာမည် လျှမ်းလျှမ်းတောက်ဖြစ်အောင် ဦးလေးရိုက်ပြမလို့၊ ဒါထက် ပြောရဦးမယ်၊ လက်စသတ်တော့ မျိုးနန္ဒာကို မင်းသမီး အစ်မနေရာအတွက် ပွင့်ဦးသူဇာက ငါးသောင်းပေးမယ်ဆိုပြီး ငှားထားတာကိုး၊ ဟဲ ဟဲ ဟဲ"

မိငယ်ခမျာ မရယ်နိုင်ရှာပေ။ ရုပ်ရှင်ရိုက်ရတော့မည့် မိငယ်အဖို့ အလွန်မင်္ဂလာရှိသော သတင်းဖြစ်ပါလျက် မိငယ်၏ ရင်ထဲဝယ် မတုန်မလှုပ် ဖြစ်နေရတော့သည်။

အဖေပြောသည့်အတိုင်းပင် ဟုတ်နေပါလားဟု မိငယ်၏ဦးနှောက်ထဲတွင် အတွေးတွေ ချာချာလည်အောင် ဝင်နေမိတော့သည်။ အရက်ကို ရေချိန်လွန်အောင် သောက်ပြီးသည့်နောက် ရေချိန်လွန် အမူးလွန်ပြီး နောက်ပိုင်း ဖြစ်ပျက်သမျှတို့ကို အိပ်ရာမှ နိုးလာသောအခါ မမှတ်မိပါလေတော့ ဟူသည့် စကား။

ယခု ဦးလေးဒါရိုက်တာသည် ညက မိငယ်ကို တအားကြီး ချစ်ပါသည်ဟု ပြောခဲ့သော စကားတွေ၊ မိငယ်အား စိတ်ရှိလက်ရှိ ပွေ့ဖက်ပြီး နမ်းခဲ့တာတွေ၊ ဘာမျှ သတိရဟန်မတူပါလေတော့တကား။

မိငယ် အလိုလို ဝမ်းနည်းလာသည်။ အောင့်ထားသည့် ကြားကပင် မျက်ရည်တွေ ကျလာသည်။



"ဟော ... ကြည့်၊ မိငယ်က သည်အကျင့်ကိုမဖျောက်ဘူး၊ ဘာလဲ ရုပ်ရှင်ရိုက်ရတော့မယ်ဆိုလို့ ဝမ်းသာပြီး မျက်ရည်ကျတာ မဟုတ်လား"

မိငယ်သည် ကော်ဇောပေါ်တွင် ထိုင်ချလိုက်သည်။ ထုံးစံအတိုင်း ဦးလေးဒါရိုက်တာ၏ ပေါင်ပေါ်တွင် မျက်နှာဟပ်ကာ ငိုမိပြန်တော့သည်။

သြော် ... မြန်မာမိန်းကလေး တစ်ယောက်အတွက် ဆုန်ကမတိုးဘဲလျက် ပိုက်ကတိုးရိုး ထုံးစံမရှိပါလေတကား။

ဦးလေးဒါရိုက်တာက ဆက်လက်၍ မိငယ်ကို ဦးလေးက တူမကိုချော့သည့်ဟန်၊ အစ်ကိုကြီးက ညီမလေးကို ချော့သည့်ဟန်အတွင်း မိငယ်၏ဦးခေါင်းလေးကို သူ၏လက်ငါးချောင်းဖြင့် ပွတ်သပ်ရင်း စကားတွေ ဆက်ပြောပြန်သည်။

"ဟဲ ... ဟဲ ... မျိုးနန္ဒာက ဦးလေးကို ကောသွားတယ်လေ၊ ပွင့်ဦးသူဇာက သူ့ကို ငါးသောင်းနဲ့ပြောထားပြီး စရန်ငါးထောင် ပေးထားတာကိုး ပွင့်ဦးသူဇာ စရန်ဆုံးပြီပေါ့၊ ဦးလေး မျိုးနန္ဒာကို သုံးချင်မှသုံးမယ်လေ၊ တကယ်လို့ မျိုးနန္ဒာကို မိငယ်ရဲ့အစ်မနေရာက သုံးရင်လည်း ဦးလေးက သုံးသောင်းပဲပေးမယ်၊ ကြိုက်ရင်ရိုက် မကြိုက်ရင်မရိုက်နဲ့ပေါ့"

မိငယ်သည် ငိုလျက်သားကပင် ဦးလေးဒါရိုက်တာ စကားသည်များကို နားထောင်နေမိသည်။ ဦးလေးဒါရိုက်တာသည် ညက ကိစ္စများ တကယ်သတိမရမှန်း သေချာသည်ဟု မိငယ် ဆုံးဖြတ်လိုက်ပါ၏။ မည်သို့ဆိုစေ ဦးလေးဒါရိုက်တာ၏ ရင်ထဲက မိငယ်ကို ချစ်နေမှန်းတော့ မိငယ် ယုံကြည်ထားပါလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ပါလေတော့။ ဦးလေးဒါရိုက်တာ သူ့ဟာသူ အရက်မမူးသောအချိန် ဖွင့်ပြောသည်ကို စောင့်တော့မည်။ ယခု ဦးလေးဒါရိုက်တာက မိမိအား ရုပ်ရှင်ရိုက်တော့မည်ဆိုသည့် စကားဘက်သို့ မိငယ် ဖွတ်အာရုံပြောင်းလိုက်သည်။ ဦးလေးဒါရိုက်တာကလည်း ယခုလောလောဆယ်တွင် တခြား ဘာကိုမှ သတိရဟန်မတူဘဲ ရုပ်ရှင်ရိုက်ရန်ကိုသာ အာရုံရောက်နေသည်။

"မျိုးနန္ဒာက သုံးသောင်းနဲ့ မရိုက်ဘူးဆိုရင်ကော"

မိငယ်က ဦးခေါင်းထောင်လာသည်။ ဦးလေးဒါရိုက်တာကို မော့မော့လေးကြည့်ပြီး ငိုတစ်ဝက် အသံတုန်လေးဖြင့် ပြန်မေးလိုက်သည်။

"မရိုက်ရင် မရိုက်နဲ့ပေါ့၊ အဲ ... တစ်ခုတော့ရှိတယ် မိငယ်၊ မျိုးနန္ဒာက မကျေနပ်လို့ မရိုက်နိုင်ဘူး ဆိုရင်တော့ ဦးလေးအနေနဲ့ ထွန်းထွန်းကို မသုံးသင့်ဘူး၊ သည့်ပြင် နာမည်ကြီးမင်းသားတစ်လက်ကို ပြန်သုံးရမယ်၊ အနုပညာပိုင်းအရ ဘယ်လောက် ပြောင်မြောက်အောင် ဖြစ်စေရမယ်လို့ ဒါရိုက်တာအနေနဲ့ ကြိုးစား ကြိုးစား ပရိသတ်မှာ ဇာတ်ဆောင်အစွဲ ရှိနေတတ်တယ်ဆိုတာ ဦးလေး သတိထားရမယ် မိငယ်၊ မျိုးနန္ဒာဟာ အထိုက်အလျောက် နာမည်တက်နေတယ်၊ သည်ဇာတ်မှာ မိငယ်ရယ်၊ မျိုးနန္ဒာရယ်၊ ထွန်းထွန်းရယ် တွဲရင် အတွဲညီနေတယ် ဦးလေး သုံးသပ်ထားတယ်၊ ဒါပေမဲ့ မိငယ်နဲ့ ထွန်းထွန်းက လူသစ်ဖြစ်နေတယ်၊ ဒါကြောင့် နာမည်တက်စ ပြုနေတဲ့ မျိုးနန္ဒာရဲ့ဝိတ်၊ မျိုးနန္ဒာရဲ့ပရိသတ်ကို မျိုးနန္ဒာနဲ့ ပြန်မျှ



သင့်သလားလို့၊ ဒါမှ မျိုးနန္ဒာက ကြေးကျယ်ပြီး မရိုက်နိုင်ပါဘူးဆိုရင် မျိုးနန္ဒာအစ်မခန်း နေရာမှာ မင်းသမီးသွင်းပြီး ထွန်းထွန်းကိုဖြုတ်မယ်၊ ထွန်းထွန်းနေရာမှာ ယခုလတ်တလော လူကြိုက်များနေတဲ့ မင်းသားကို ထည့်ရိုက်မယ်"

ဦးလေးဒါရိုက်တာက ယခုပြောလေမှပင် ကိုထွန်းထွန်းကို ဤဇာတ်တွင် ထည့်သွင်းရိုက်ရန် ဦးလေးဒါရိုက်တာ ရည်ရွယ်ထားကြောင်း မိငယ် သိရတော့သည်။

"ဒါဖြင့် ကိုထွန်းထွန်းကို ဦးလေးဒါရိုက်တာ သည်ကားထဲမှာ အသုံးပြုဖို့ ရည်ရွယ်ထားပြီးပြီလားဟင်"

"မျိုးနန္ဒာက ဦးလေးပေးတဲ့နှုန်းနဲ့ သဘောတူညီပြီး ရိုက်မယ်ဆိုရင်ပေါ့လေ၊ မျိုးနန္ဒာ မရိုက်နိုင်ဘူးဆိုမှ တခြား နာမည်ရပြီးသား မင်းသားကို သုံးမယ်"

"ဒါဆိုရင် မမမျိုးနန္ဒာ သဘောမတူပါစေနဲ့လို့ပဲ မိငယ် ဆုတောင်းရမှာပဲ"

"ဘာလဲ ... မိငယ်က မျိုးနန္ဒာနဲ့ယှဉ်ရမှာ ကြောက်နေသလား၊ မကြောက်နဲ့၊ မျိုးနန္ဒာဟာ အနုပညာကို လုပ်ယူတတ်ပေမယ့် ပင်ကိုဟန်တွေ ကင်းနေတယ်၊ သူ့ပင်ကိုဟန်ကို လိုချင်လို့ ဘယ်လောက်ပဲ ညှစ်ထုတ်ပေမယ့် ကင်မရာရှေ့ရောက်တာနဲ့ သူ့ရဲ့လုပ်ယူတဲ့ဟန်တွေကိုပဲ သုံးတတ်တယ်"

သွားပြန်ပြီဟု မိငယ် ရင်ထဲတွင် ထပ်မံမှတ်ချက်ချရပြန်တော့သည်။ ခုတ်ရာတခြား၊ ရှရာတလွဲ ဖြစ်သွားပြန်လေ

www.burmeseclassic.com

www.burmeseclassic.com

ပြီ။ မိငယ်က မမမျိုးနန္ဒာ သဘောမတူပါစေနဲ့လို့ပဲ ဆုတောင်းမယ်ဟု ပြောလိုက်သည့် အဓိပ္ပာယ်မှာ ကိုထွန်းထွန်းနှင့် မိငယ်တွဲရိုက်ရန် လွဲစေဖယ်စေဆိုသည့်သဘောသို့ ဦးလေးဒါရိုက်တာကောက်ယူလေမည်လားဟု ပြောလိုက်ခြင်း ဖြစ်ပါ၏။ ဤသို့ကောက်ယူလေလျှင် ကိုထွန်းထွန်း အပေါ်တွင် မိငယ်က စိတ်မဝင်စားကြောင်း ဦးလေးဒါရိုက်တာ မှတ်ယူစေချင်မိသောဆန္ဒမျိုးဖြစ်သွားစေချင်သည်။

သို့တစေ ဦးလေးဒါရိုက်တာသည် မိငယ် ဆန္ဒပြုလိုက်သောအချက်ကို ကောက်မယူ။ လတ်တလော လုပ်ငန်းခွင်တွင် စိတ်ဝင်စားမှု ထက်သန်နေသည့်အလျောက် လုပ်ငန်းဆန်သောစကားတွေပင် ဆက်၍ပြောနေကြောင်း မိငယ် နားလည်ရပြန်တော့သည်။

"မကြောက်နဲ့ မိငယ်၊ မိငယ်မှာ ပင်ကိုဟန်တွေ အများကြီးရှိတယ်၊ နောက်ပြီး မိငယ်တို့အရွယ်လေးမျိုးကို ပရိသတ်က မြင်ရုံနဲ့ အလိုလိုချစ်တတ်ပါတယ်၊ ဦးလေးတွက်ကိန်းအရဆိုရင် သည်တစ်ကားတည်းနဲ့ မိငယ် နာမည်အများကြီးတက်လာလိမ့်မယ်လို့ တွက်ထားတယ်"

မိငယ်သည် ဦးခေါင်းကိုသာ ဖြည်းလေးစွာ ညိတ်ပြလိုက်တော့သည်။ ဖြစ်သမျှအကြောင်း အကောင်းချည်းဟုပင်ရင်ထဲက ဆုံးဖြတ်လိုက်ရပေတော့သည်။

✣ ✦ ✣



## အခန်း(၁၃)

မျိုးနန္ဒာသည် အလျှော့ပေးပါ၏။

ဤဇာတ်တွင် သုံးသောင်းနှင့် လက်ခံရုံမက ဒါရိုက်တာကိုသက်ဦးအား ဆရာရင်းကို အာခံမိပါသည်။ ခွင့်လွှတ်ပါဟု ခြေကန်တော့၍ပင် တောင်းပန်သည်။

ကိုသက်ဦးကလည်း ကိုယ်မွေးသည့် မျောက်ကကိုယ်ပြန်ခြောက်လေခြင်းဆိုသည့် မခံချင်စိတ်လေး ထားရှိမိသည်ကလွဲပြီး ပင်ကိုစိတ်ကောင်းသူပီပီ မျိုးနန္ဒာကို ခွင့်လွှတ်ပေးသည်။ ချုပ်အရ သုံးသောင်းဖြင့် ချုပ်ဆိုသော်လည်း ရုံတင်ပြီး၍မြတ်အစွန်းပေါ် တွက်ချက်ကာ အကျိုးရှိလျှင် ရှိသလို ဘောင်(စ်)ပေးရန်အထိ ကိုသက်ဦးက လိုက်လျောမည်ဟု ကျိတ်၍ဖြတ်ထားလိုက်သည်။

မျိုးနန္ဒာက သဘောတူ ကျေနပ်စွာရိုက်သည်မို့ဤဇာတ်တွင် မင်းသားအဖြစ် ထွန်းထွန်းကိုပင် ကိုသက်ဦးဖာရွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းအရဆိုလျှင် ထွန်းထွန်းအရွယ်၊ ထွန်းထွန်း ရုပ်နှင့်လည်း ကိုက်ညီနေသည်။

ဇာတ်လမ်းအတိုချုပ်မှာ ထွန်းထွန်း(မင်းသား)သည် တောင်ကြီးတွင် နေထိုင်သည်။ မန္တလေးတက္ကသိုလ်မှ ရိုးရိုးဝိဇ္ဇာ ဘွဲ့ရထားပြီးဖြစ်သည်။ ထွန်းထွန်း၏မိဘများသည် ချမ်းသာ ကြွယ်ဝသည်။ ထွန်းထွန်း၏မိဘများနှင့် ငယ်ငယ်၊ မျိုးနန္ဒာညီ အစ်မတို့၏ မိဘတို့သည် ရှေးမဆွကပင် အလွန်ရင်းနှီး ခင်မင် ကြသည်။

အတည်အတံ့ ပြောထားသည် မဟုတ်စေကာမူ ပျက် ကယ် ပျက်ကယ်သဘောဖြင့် ထွန်းထွန်း၏မိဘတို့သည် သူ့သား ထွန်းထွန်းနှင့် အစ်မကြီးဖြစ်သော မျိုးနန္ဒာကို ပေးစားလိုကြောင်း စကားတွေ ရှိခဲ့ဖူးသည်။

ပျက်ကယ် ပျက်ကယ် သဘောဖြင့် ပြောရသည်မှာ သားဖြစ်သူ ထွန်းထွန်းအား တစ်ထစ်ချ သူ့မိဘများက မယုံ ကြည်ရသောကြောင့်ဖြစ်သည်။

တစ်ဦးတည်းသောသား ထွန်းထွန်းကို မိဘတွေက အလိုလိုက်လွန်းထားသည်။ အတည်ပေါက်ပြောပြီးမှ ထွန်းထွန်း က ငြင်းဆယ်လျှင် လူကြီးချင်း မျက်နှာပျက်ရမည်စိုးသောကြောင့် ဖြစ်သည်။

ယင်းဇာတ်တွင် မြှုပ်ကွက်တစ်ကွက် ပါရှိသည်။ ယင်းမြှုပ်ကွက်က ဇာတ်ရှိန်အတက် အထွတ်အထိပ် တက်လာမှ ဖော်ရမည့် မြှုပ်ကွက်ဖြစ်နေသည်။



ထွန်းထွန်းသည် မဟာဝိဇ္ဇာ ဆက်တက်ရန်ဟု အကြောင်းပြချက်ဖြင့် ထွန်းထွန်း၏မိဘများက ရန်ကုန်ရှိ ငယ်ငယ် နှင့် မျိုးနန္ဒာ၏မိဘအိမ်သို့ လွှတ်ပေးလိုက်သည်။

ရန်ကုန်ရှိ ငယ်ငယ်နှင့် မျိုးနန္ဒာ၏မိဘအိမ်သို့ ထွန်းထွန်း ရောက်လာသည်။ ငယ်ငယ်နှင့် မျိုးနန္ဒာ၏မိဘများ ကလည်း ခြံကြီးဝင်းကျယ် နှစ်ထပ်တိုက်အိမ်ကြီးနှင့် နေသူများ ဖြစ်သောကြောင့် တိုက်အိမ်ကြီး၏အောက်ထပ်တွင် သီးသန့်ခန်း တစ်ခန်း၌ အခန်းသော့ပါပေးပြီး ထွန်းထွန်းကို လက်ခံထားလိုက် သည်။

ငယ်ငယ်တို့၏ နှစ်ထပ်တိုက်အိမ်ကြီးရဲ့ ဖွဲ့စည်းပုံ အရ အပေါ်ထပ်တွင် ဘုရားခန်း၊ ငယ်ငယ်၏မိဘနှစ်ပါးအခန်း၊ မျိုးနန္ဒာတစ်ခန်း၊ ငယ်ငယ်ကတစ်ခန်း ဖြစ်သည်။

တိုက်အိမ်ကြီး၏အောက်ထပ်မှာ ဧည့်ခန်း၊ ထမင်း စားခန်း၊ မီးဖိုခန်းများအပြင် တိုက်အိမ်အနေအထားအရ ကျယ် ခန်းသည်နှင့်အမျှ အခန်းပိုတွေ ထားရှိပေသည်။

ငယ်ငယ်သည် တစ်အိမ်လုံးက ဝိုင်းပြီးအလိုလိုက် ထားသော သမီးအငယ်ဆုံးလေးပီပီ ခပ်ပေပေ၊ ခပ်ဆိုးဆိုးလေး ဖြစ်သည်။ ငယ်ငယ်က မိမိအိမ်သို့ သူစိမ်းယောကျ်ားပျိုတစ်ဦး လာနေသည်ကို မကြိုက်။ ငယ်ငယ်က ထွန်းထွန်းကို ရန်တွေ့ သည်။ ဘုနိုပ်သည်။ ထွန်းထွန်းကလည်း မိမိထက် ငါးနှစ်ခန့် ငယ်သော ငယ်ငယ်အား တမင်တကာ ပြန်၍ကလိသည်။ မခံချင် အောင်စသည်။ လှပသောခွေးငယ်လေး တစ်ကောင်ကို တမင် တကာ ပြန်ဟောင် ပြန်မာန်ဖီသည်ကို နှစ်ခြိုက်သဘောကျသော

www.burmeseclassic.com



သင်္ဘောသန့်နှင့်ပင်၊ ထွန်းထွန်းက မိငယ်ကို မခံချင်အောင် ဒေါပွအောင် စတတ်ခြင်းဖြစ်သည်။

မျိုးနန္ဒာနှင့် ထွန်းထွန်းသည် ရွယ်တူခန့်ဖြစ်သည်။ မျိုးနန္ဒာသည် ထွန်းထွန်းကို စိတ်ဝင်စားသည်။ အထူးသဖြင့် မိဘအချင်းချင်း သဘောတူပြီးသားမှန်း အရိပ်အမြွက် မျိုးနန္ဒာသိထားသောကြောင့် အကယ်၍ လူကြီးတွေ စီစဉ်သည်ရှိသော် မိမိသမီးအကြီး မျိုးနန္ဒာနှင့်ပင် စီစဉ်လိမ့်မည်ဟုလည်း ယူဆထားသည်။ မျိုးနန္ဒာ ကိုယ်တိုင်ကလည်း တစ်နေ့နေ့တွင် ထွန်းထွန်းက သူ၏အချစ်ကို မျိုးနန္ဒာအား ဖွင့်ဟလိမ့်မည်ဟု မျှော်လင့်ထားသည်။

မိငယ်သည် စပ်စုသည်။ ထွန်းထွန်း နေပုံထိုင်ပုံမှာ မိမိအား မခံချင်အောင် စသည့်အခါ၌သာ အပြုံးအရယ်လေးရှိတတ်ပြီး ကျန်အချိန်များတွင် တစ်ယောက်ထီးတည်း ငူငူငိုင်ငိုင်နေသည်က များသည်။ မဟာဝိဇ္ဇာ တက်သည်မှာလည်း အချိန်ပိုင်းမျှသာ ဖြစ်သဖြင့် ကျန်အချိန်များတွင် သူနှင့်အတူ တောင်ကြီးမှ ယူလာသော ဒတ်ဆန်းဆန်းနီကားဖြင့် အပြင်ထွက်နေသည်က များသည်။ အိမ်ကပ်သည့်နေ့တွင် မိငယ်၏ ဖေဖေ မေမေတို့နှင့် ကြုံကြိုက်လျှင် ထွန်းထွန်းက ရိုရိုသေသေ လေးလေးစားစားပြောဆိုဆက်ဆံသည်ကလွဲပြီး ဟက်ဟက်ပက်ပက် မရှိကြောင်း တွေ့ရသည်။

တမူထူးခြားနေသော ထွန်းထွန်းကို မိငယ်က စပ်စပ်စုစု စုံထောက်လုပ်တော့သည်။ ထွန်းထွန်း မရှိခိုက် တစ်နေ့တွင် ထွန်းထွန်း၏သော့ပိတ်ထားသော အခန်းကို ငယ်ငယ်က အစ်မ



မျိုးနန္ဒာကို အဖော်ညှိပြီး သော့တူဖြင့်ဖွင့်ကာ ညီအစ်မနှစ်ယောက် ဝင်ကြသည်။ အစ်မမျိုးနန္ဒာက ကြောက်ဆုတ် ကြောက်ဆုတ်ဖြင့် ခဝင်ရောက်ရန် ဟန့်တားရင်း ဝင်ဖြစ်သွားကာ အခန်းကိုမွှေကြသည်။

ဤမှာပင် ထွန်းထွန်းဓာတ် ပေါ်တော့သည်။

ထွန်းထွန်း၏ ဒိုင်ယာယီကို ခိုးဖတ်ကြသည်။ အခြား ဓာတ်ပုံတို့ ဘာတို့ စသည်တို့ကို တွေ့ရသည်။

ထွန်းထွန်းသည် တောင်ကြီးတွင် အမျိုးသမီးတစ်ဦးနှင့် ချစ်ကြိုက်ခဲ့သည်။ ယင်းအမျိုးသမီးကလည်း မျက်နှာများသော အမျိုးသမီး ဖြစ်ဟန်တူသည်။

ယင်းအမျိုးသမီး အသတ်ခံရသည်။

ရဲက လူသတ်မှုနှင့်ပတ်သက်၍ ထွန်းထွန်းကို ဖမ်းချုပ်လိုက်သည်။ နောက် အမှုမှန်ကို ရဲကဆက်ဖော်နိုင်သဖြင့် ထွန်းထွန်းကို တရားသေလွှတ်ပြီး တရားခံအစစ်ကို ဖမ်းမိသွားသည်။

ထွန်းထွန်း ခမျာ အရှောင် နာမည်ပျက်ဘဝဖြင့် တောင်ကြီးတွင် မျက်နှာမပြရဲတော့ဘဲ ရန်ကုန်သို့ ပြေးလာခြင်းသဘော သက်ဝင်သည်။

ထွန်းထွန်းသည် တောင်ကြီးတွင် ဖြစ်ပျက်လာရသည်တို့ကို သိပ်ရှက်နေသည်။ သည်ကိစ္စကို တတ်နိုင်သရွေ့ ဖုံးကွယ်ထားချင်သည်။

မီးဝေး ချိတ်အေး ဆိုသလို ရန်ကုန်တွင်နေရင်း ထွန်းထွန်းအဖို့ မဟာဝိဇ္ဇာလည်း ဖြေဆိုစေ၊ အောင်စေ၊ မဟာဝိဇ္ဇာဘွဲ့ရစေ။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးမှ ကိစ္စအရှုပ်များကလည်း နှစ်နှစ်တန်သည် သုံးနှစ်တန်သည် အနေကြာသောအခါ မေ့စေပျောက်စေသဘောဖြင့် မိငယ်တို့အိမ်သို့ ထွန်းထွန်း ရောက်လာခြင်းပါလားဟု ထွန်းထွန်း၏ လှုပ်ရှားချက်တို့ကို ငယ်ငယ်တို့ သိသွားသည်။

တစ်နေ့တွင် မိငယ်နှင့် ထွန်းထွန်းတို့ ဘုကျကြသည်။ ထွန်းထွန်းက မခံချင်အောင် စသည်နှင့် မိငယ်က မခံချင်စိတ်လေး ပြင်းထန်ကာ ထွန်းထွန်းအား ရက်စက်ကြမ်းကြုတ်သော လူသတ်သမားဟု စွပ်စွဲလိုက်သည်။

ထွန်းထွန်းခမျာ စိတ်သိပ်ထိခိုက်ပြီးမှ ထိုနေ့မှာပင် သူ၏ကားဖြင့် မိငယ်တို့အိမ်မှ ထွက်ခွာခဲ့သည်။ နမ့်စင်းတွင် အရက်ဝင်သောက်သည်။ စော်ဘွားကြီးကုန်း အဆင်းတွင် ကားမှောက်သည်။ အင်းစိန်ဆေးရုံသို့ တင်ပြီးမှ မိငယ်တို့အိမ်သို့ ဖုန်းဆက် အကြောင်းကြားသည်။

မိငယ် စိတ်မကောင်း ဖြစ်ရတော့သည်။ ယခုကဲ့သို့ ထွန်းထွန်း ဖြစ်ရသည်မှာ မိမိပယောဂကြောင့်ဟု စိတ်မှာမှတ်ယူပြီး ငိုမိသည်။ ဆေးရုံသို့ မိဘနှင့်အတူ ညီအစ်မနှစ်ယောက်လိုက်သွားသည်။ ထွန်းထွန်း မျက်နှာနှင့် တစ်ကိုယ်လုံး ပတ်တီးတွေနှင့် မြင်ရသောအခါ မိငယ် ပို၍ စိတ်ထိခိုက်ရသည်။

ထိုအခါကျမှ မိငယ်၏ရင်ထဲတွင် ထွန်းထွန်းအား မုန်းသည်ဟု ထင်မိရာမှ တကယ်တမ်း မုန်းသည်မဟုတ်ဘဲ ချစ်နေမိသည်ကို သိရတော့သည်။ မုန်းခြင်းနှင့် မျက်နှာကြောမတည့်အမြင်ကတ်ခြင်းကို ထိုအခါကျမှပင် မိငယ် ခွဲခြားနိုင်တော့သည်။



ထွန်းထွန်း အတော့်အတန် သက်သာပြီး အိမ်ဆင်းခွင့်ရသောအခါ အိမ်မှာပင် ညီအစ်မနှစ်ယောက်က ဆက်လက်ပြုစုသည်။ ထွန်းထွန်း မိဘများ ရောက်လာသည်။

ထွန်းထွန်းက မိငယ်ကို ချစ်ရေးဆိုသည်။ မိဘတွေခွင့်ပြောသည်။ နှစ်ဦးမိဘက ကျေနပ်သဘောတူကြသည်။ အစ်မမြနန္ဒာက သဘောထားပြည့်ဝစွာဖြင့် ညီမငယ်နှင့် ထွန်းထွန်းတို့ သက်ထပ်ပွဲတွင် ကူညီသည်။

ဇာတ်လမ်းမှာ ဤမျှသာဖြစ်သည်။ သို့သော် မိငယ်၏ ဇာတ်ဝင်ခန်းမှာ နက်နဲရမည်။ တစ်ပိုင်းက ဘုဂလန့်၊ ဘောက်တွေ ပြောနေရင်း မိငယ်၏ မျက်လုံးတို့သည် ထွန်းထွန်းကို ရင်ထဲကချစ်နေမှန်းသိအောင် သရုပ်ဆောင်နိုင်ရမည်။ ဒါရိုက်တာကသည်း ယင်းအချက်ကို မိအောင်ရိုက်နိုင်ရမည်။

ဒါရိုက်တာ ကိုသက်ဦးသည် ထွန်းထွန်း ဖိုင်နယ်စာမေးပွဲဖြေပြီးသည်နှင့် ယင်းဇာတ်ကိုရိုက်ရန် ကန်တော့ပွဲပေးတော့သည်။

ရုပ်ရှင်ကန်တော့ပွဲ ပေးသည်ဆိုသည်နှင့် ကုမ္ပဏီပေါင်းစုံ၊ မင်းသား၊ မင်းသမီးပေါင်းစုံနှင့် ဇာတ်ဆောင်ဇာတ်ပို့ပေါင်းစုံတို့ကို ဖိတ်ရသည်။ စာရေးဆရာ၊ ရုပ်ရှင်စာစောင်ဂျာနယ်နှင့် မဂ္ဂဇင်း သတင်းစာဆရာတို့ကိုလည်း ဖိတ်သည်။

ဆရာဝင်အသင်းတိုက် အဆောင်ခန်းမကျယ်ကြီးမှာပင် ကိုသက်ဦးက ကန်တော့ပွဲ စီစဉ်သည်။ တကယ်တော့ ကိုသက်ဦးသည် လိုသည်ထက်ပို၍ လုပ်သည်ဟု ဆိုနိုင်သည်။ ရွှေဘိုသာလမ်းမှ "ရွှေ"ဒန်ပေါက်စပါယ်ရှယ်မှာပြီး ရေခဲစိမ်အေးတင်းလင်မွှန်တိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်ပလေ့စေ။ ကန်တော့ပွဲပေးသည်မှစပြီး မိငယ်ကို ပွဲထုတ်လေပြီ မဟုတ်လား။

မိငယ်သည် ဦးလေးဒါရိုက်တာ အကုန်အကျခံသည်ကို ပွဲဦးထွက်မှာပင် မျက်လုံးလေးများ ပြူးဝိုင်းရှာတော့သည်။

လာလိုက်တဲ့ လူတွေကလည်း မိငယ် ခန့်မှန်းခြေ ရှစ်ရာလောက် ရှိအုံ့ထင်သည်။ ဒါတောင် စောရောက်သူနှင့် နောက်ကျမှရောက်သူတွေ အဝင်အထွက် ညီမျှသောကြောင့် နေရာထိုင်ခင်း အခက်အခဲ အဆင်ပြေသွားခြင်းဖြစ်သည်။

ကိုယ်ပိုင်မော်တော်ကားတွေ အဝင်အထွက်နှင့် အရပ်အနား အထွက်အပြုအတွက် ယာဉ်ထိန်းရဲဌာနမှ ယာဉ်ထိန်းရဲ နှစ်ဦး အကူအညီ တောင်းခံရသည်။

ကန်တော့ပွဲ အခမ်းအနားနှင့် ပတ်သက်ပြီး ဦးလေးဒါရိုက်တာကပင် မိုက်ကရိုဖုန်းနှင့်ဖွင့်ပြီး မင်းသမီးသစ် ငယ်ငယ်နှင့် မင်းသားသစ် ထွန်းထွန်းတို့ကို ရုပ်ရှင်လောကသားတွေ၊ စာနယ်ဇင်းလောကသားတွေရှေ့တွင် ဖွင့်ထုတ်ပြလိုက်သည်။

ဤမှာလည်း ဦးလေးဒါရိုက်တာက ထွင်ပြန်သည်။ မင်းသမီးသစ် ငယ်ငယ်နှင့် မင်းသားသစ် ထွန်းထွန်း နှစ်ဦးတည်းအတွက်သာ စတိတ်စင်မြင့်တစ်ခု စီစဉ်သည်။ ကျန်သောဇာတ်ဆောင် မျိုးနန္ဒာမှအစ အခြားဇာတ်ရန်ဇာတ်ပို့များမှာ ရုပ်ရှင်လောကသားတွေ စာနယ်ဇင်းသမားတွေ သိရှိအကျွမ်းဝင်ထားပြီမို့ အထူးတင်ပြစရာမလို။ လူသစ်နှစ်ဦးကိုသာ အကဲခတ်ပါရန်ဟု ကြော်ငြာချက်ဖြင့် စင်မြင့်ပေါ် တင်ပြခြင်း ဖြစ်သည်။



စင်မြင့်တွင် နောက်ခံပိတ်ကားအနက် ခံထားသည်။ အမည်းအနက်ရှေ့တွင် ရုပ်လေမှ မင်းသားမင်းသမီး ထင်းခနဲပေါ်လွင်စေရန် ကိုသက်ဦးက နောက်ခံအနက်ထားခြင်း ဖြစ်သည်။

ထွန်းထွန်းတစ်လှည့်၊ မိငယ်တစ်လှည့် စင်မြင့်တွင် လမ်းလျှောက်ပြစေသည်။ ထို့နောက် ပရိသတ်ဘက်သို့ မျက်နှာမူကာ သီချင်းတစ်ပုဒ်ဆီ ဆိုစေသည်။ ကိုသက်ဦးက စန္ဒရားလိုက်တီးပေးသည်။ အခြားတူရိယာ မပါပေ။ ကန်တော့ပွဲမပေးမီ သုံးရက်လောက်ကတည်းက ငယ်ငယ်ရော ထွန်းထွန်းပါ ဆိုရမည့်သီချင်းကို ကိုသက်ဦး ရွေးချယ်ပေးပြီး စန္ဒရားနှင့် ကျင့်ထားသည်။

ကိုသက်ဦး တွက်ဆမျှော်မှန်းထားသည့် အတိုင်းပင်မိငယ်ကို ရုပ်ရှင်လောကသား တော်တော်များများက ရုပ်ရှင်ဝါရင့်ရှင်မျက်စိဖြင့်ကြည့်ပြီး အလားအလာ အလွန်ကောင်းသည့်မင်းသမီးသစ်ဟု မှတ်ချက်ချကြပေသည်။

ရင့်ကျက်သော စာရေးဆရာ ဒါရိုက်တာကြီးတစ်ဦးဆိုလျှင် ကန်တော့ပွဲအခမ်းအနားအပြီး၌ ကိုသက်ဦးကို နှုတ်ဆက်ရင်း ကျောကိုပုတ်၍ မှတ်ချက်ချသွားပါသေး၏။

"ကျောက်သွေးတော်တဲ့ ကျောက်သွေးသမား လက်ထဲကို အလွန် အရည်အသွေးကောင်းတဲ့ ပတ္တမြားရိုင်းတစ်လုံး ရောက်လာတာနဲ့ တူနေပြီ မောင်သက်ဦး၊ သည်ကောင်မလေးမှာ ပင်ကိုတွေရှိနေတယ်၊ မောင်သက်ဦးကိုယ်တိုင် ဒါရိုက်တာအဖြစ်နဲ့ ရိုက်မယ်ဆိုတော့ သည်တစ်ကားတည်းနဲ့ သည်ကောင်မလေး တစ်ရှိန်ထိုးတက်ရမယ်လို့ ငါ ပြောရဲတယ်"

www.burmeseclassic.com



ကိုသက်ဦးသည် အချိန်မဆွဲတော့ဘဲ ရိုက်ပေတော့သည်။ အေးဆေးတည်ငြိမ်သော ဇာတ်ဆောင်နှစ်ဦး၏စရိုက်ကြားဝယ် မိငယ်၏စရိုက်က သွက်သောစရိုက်မို့ ပေါ်လွင်လှသည်။ အစ်မဖြစ်သူ မျိုးနန္ဒာ၏စရိုက်ကလည်း အစ်မနေရာပီပီ တည်ငြိမ်ပြီး အမျိုးသားတစ်ဦးကို ရင်ထဲမှ မျှော်မှန်းတောင့်တရသော စရိုက်ဖြစ်သည်။ ထွန်းထွန်း၏စရိုက်ကလည်း အတိတ်ကဖြစ်စဉ်ကြောင့် မှုံမှိုင်းနေရပြီး မိငယ်နှင့်တွေ့လေမှ အပြုံးအရယ်လေးဖြစ်ပေါ်လာသော စရိုက်ဖြစ်နေပါ၏။

ဦးလေးဒါရိုက်တာက ပြောသည်။

"မိငယ် ... နင့်ရင်ထဲမှာ မင်းသားကို ချစ်နေတယ်၊ ဒါပေမဲ့ နင့်ရဲ့ဗဟိဒ္ဓပြင်ပရုပ်က မင်းသားနဲ့တွေ့တိုင်း အမြင်ကတ်တယ်ဆိုတဲ့သဏ္ဌာန် ပေါ်နေရမယ်၊ ဒါပေမဲ့ အဇ္ဈတ္တရင်ထဲ နှလုံးထဲက ချစ်နေတဲ့ရုပ်လေးလည်း မျက်နှာမှာ ပေါ်လွင်နေစေရမယ်၊ ဦးလေး လိုချင်တာ အဲသည်အမူအရာပဲ၊ မိငယ်ရဲ့မျက်လုံးနဲ့ နှုတ်ခမ်းတွေမှာ အဲသည် ဦးလေးလိုချင်တဲ့ အမူအရာတွေကို ဖော်ပြပေးနိုင်အောင် စွမ်းဆောင်စမ်း မိငယ်"

မိငယ်သည် ချက်ချင်းပင် စိတ်ထဲတွင် စွဲယူလိုက်သည်။ ရင်ထဲမှ ကျိတ်၍ချစ်သော အချစ်မျိုးကို ဖော်ပြရန်အတွက် မင်းသားထွန်းထွန်းကို ကြည့်ရင်းကပင် သူမ၏ဦးလေးဒါရိုက်တာကို မျက်စိထဲတွေးပြီး မြင်လိုက်သည်။ အမြင်ကတ်သည့်အမူအရာမျိုး ပေါ်လွင်စေရန် မင်းသားထွန်းထွန်းကို ထွန်းထွန်းအသွင် အမှန်အတိုင်း မြင်လိုက်ပြန်သည်။ မိငယ် ယင်းသို့သော စိတ်



နှစ်ခုနှင့် ပြသလိုက်သည်နှင့် ဦးလေးဒါရိုက်တာ လိုချင်သော အမူအရာ ရသွားဟန်တူသည်။

"ရိုက် ... ရိုက် ... အဲသည်ရှော့ကို မိအောင်ရိုက်စမ်း"

ကိုသက်ဦး၏ မီးထိုးသမားမှအစ ကင်မရာမင်းအထိ ပိုင်းတော်သားတွေသည် ကိုသက်ဦး၏အထာကို သိနေကြသူများဖြစ်သည်။ ကိုသက်ဦးက ပျာယီးပျာယာဖြင့် ရိုက် ... ရိုက် ဟု ဆိုလျှင်ပင် ထိုအကွက်ကို မလွတ်တမ်းမိအောင် ရိုက်နှက်ကြသည်။

"အား ... မိငယ်၊ မိငယ် ဇာတ်ကွက်ဝင်တာတွေဟာ ဦးလေးလိုချင်တဲ့အတိုင်း ကွက်တိတွေချည်းပဲ၊ တော်တယ် မိငယ်၊ မိငယ်ကို ဦးလေးချီးကျူးပါတယ်"

ရန်ကုန်ရိုက်ကွက်တွေ ရိုက်ရင်းကပင် ရုပ်ရှင်စာစောင်တို့တွင် မိငယ်နှင့် ထွန်းထွန်းတို့၏ ကောင်းပေ့ဆိုသောပုံတွေ ထည့်သွင်းစေသည်။ အပေါင်းအသင်းများဖြစ်သော ရုပ်ရှင်ဆောင်းပါးရေးသူများကို မိငယ်နှင့် တွေ့ဆုံပေးပြီး စာစောင်တွေတွင် "မင်းသမီးငယ်ငယ်နှင့် တွေ့ဆုံခြင်း"၊ "တောက်ပလာမည့် မိန်းကလေး"စသည့် ဆောင်းပါးတွင် ဖော်ပြပေးသည်။

ထွန်းထွန်းကိုလည်း မိငယ်နှင့် အလားတူပင် ကြော်ငြာတွေ ဝင်ပေးပေးသည်။

ရုပ်ရှင်လောကသားတို့သည် အလွန်ဝါးနပ်ကြသည် အနံ့ခံလည်း အလွန်ကောင်း၊ မျက်စိလည်း အလွန်လျင်ကြပေသည်။ ၎င်းတို့ငွေပင်ငွေရင်းဖြင့် ဇာတ်ဆောင်အသစ်စက်စက်တို့ တင်၍ မရိုက်ရဲခြင်းမျိုးသာရှိသည်။ အခြားတစ်ဦးတစ်ယောက်

www.burmeseclassic.com



ဓာတ်ဆောင်သစ်ကိုကိုင်ပြီ၊ တင်ရိုက်ပြီဆိုသည်နှင့် ရိုက်ကွင်းရိုက်ကွက်ဘက်သို့ ကိုယ်တိုင်လာအကဲခတ်သည်။ သတင်းစကားနားထောင်သည်။ ဓာတ်ဆောင်သစ်က တကယ်လည်းတော်သည်။ သူတစ်ပါးစရိတ်ဖြင့် ရုပ်ရှင်ကားတစ်ကားလည်း တင်ပေးပြီးပြီ၊ အောင်မြင်ပြီ၊ နာမည်ကြီးလာမည်မှန်း သိသည်။ ပရိသတ်က လက်ခုပ်သြဘာတီး၍ ကြိုဆိုမည်မှန်းလည်း သေချာသည်ဆိုသည်နှင့် ဓာတ်ဆောင်သစ်နောက်သို့ ငွေထုပ်ပိုက်၍ လိုက်ကြပေတော့သည်။

ရန်ကုန်ရိုက်ကွင်းရိုက်ကွက်တွေ အတော်အတန်ပြီးစီးသည်နှင့်ပင် မိငယ်အား တခြားကုမ္ပဏီတွေက ကမ်းလှမ်းစကားများ ဆိုလာတော့သည်။ သို့သော် မိငယ်ရှေ့တွင် ဒါရိုက်တာကိုသက်ဦး ခံနေ၍ မိငယ်အား တိုက်ရိုက်ဆက်သွယ်ခွင့်တောင် မရကြပေ။

စီးပွားရေးသမားတို့သည် ကြောက်စရာကောင်းဘိတောင်း။

နေ့စဉ် ဈေးဝယ်သွားသော ကြီးကြီးမေမှတစ်ဆင့် မိငယ်ကို ဆက်သွယ်ရန် ကြိုးစားသည်။ ကြီးကြီးမေကိုလည်း အခြားကုမ္ပဏီမှ ဘောက်ဆူးပေးသည် ထင်ပါ၏။

မိငယ်က ကြီးကြီးမေကို အပြတ်ပြောသည်။

"မိငယ် သည်ဘဝ သည်တစ်သက်မှာ ဦးလေးဒါရိုက်တာ ရှိနေသရွေ့ ဘယ်သူက ဘယ်လောက်ပေးပေး ဘယ်တော့မှ မရိုက်ဘူး ကြီးကြီးမေ"

ဟူ၍ပင်။



ထိုမျှမကသေး။ မိငယ်က ထိုအကြောင်းကို ဦးလေးဒါရိုက်တာအား ဖွင့်ပြောလိုက်သည်။ မိငယ် ဖွင့်ပြောသည်မှာ ဦးလေးဒါရိုက်တာကိုသာလျှင် သံယောဇဉ်အရှိဆုံး ဆိုသည့်အချက် ပေါ်လွင်စေလိုသောဆန္ဒနှင့် ဖြစ်ပါ၏။ ပြီး ဦးလေးဒါရိုက်တာအနေနှင့် ထိုကိစ္စလေးလောက်ကို သိလျှင်ပြီးရော ဝမ်းထဲမှာပဲ ထားမည်ဟု မိငယ် မှတ်ထင်မိသောကြောင့် ပြောလိုက်မိခြင်းလည်း ဖြစ်ပေသည်။

သို့သော် ဦးလေးဒါရိုက်တာသည် မိငယ်နှင့်ယှဉ်သို့ပတ်သက်လာသောကိစ္စကို ဆတ်ဆတ်ခါ နာပေသည်။

"သည်မှာ ကြီးကြီးမေ၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ ကျွန်တော့်အလုပ်ထဲဝင်ပြီး ပွဲစားလိုလို၊ မြှူဆွယ်သူလိုလို မလုပ်နဲ့၊ ကြီးကြီးမေကို ဖေဖေ့လက်ထက်ကတည်းက လူယုံဆိုပြီး ကျွန်တော် ထားခဲ့တာ၊ ရတ်ရတ် ရတ်ရတ်လုပ်ရင်တော့ ကြီးကြီးမေ အိပ်ရာလိပ်,လိပ်ပြီး ကျွန်တော့်ခြံထဲက ထွက်သွားရမယ် သိလား"

ဟု မျက်နှာထိ မျက်နှာထားနှင့် ကြိမ်းမောင်းသည်ဟု မိငယ် ကြားရသည်။

ကြီးကြီးမေသည် တစ်သက်လုံး တစ်ခါဖူးမျှ ကိုသက်ဦး၏ အကြိမ်းအမောင်း မခံရဘူးပါဘဲလျက် ယခုကိစ္စတွင် အကြိမ်းအမောင်း ခံရသည်ကို မျက်ရည်ကျသည်အထိ စိတ်မကောင်း ဖြစ်သွားရှာသည်ဟု မခင်ပုနှင့် မညိုထံမှ မိငယ် ကြားရပြန်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ မိငယ်အနေနှင့် ကြီးကြီးမေကို ပြန်လည်တောင်းပန်ချိန် မရအောင်ပင် အလုပ်များရပေသည်။ ဦးလေးဒါရိုက်တာ ရိုက်ကွင်းဆင်းသရွေ့ မိငယ်သည် နေ့မဟူ လိုက်၍ရိုက်ရပေသည်။

နောက်ဆုံး တောင်ကြီးရိုက်ကွက်တွေသာ ကျန်ပေတော့သည်။

တောင်ကြီးရိုက်ကွက်တွေသည် ဇာတ်သဘောအရ ထွန်းထွန်း၏ မိဘအခြေအနေ ချမ်းသာကြွယ်ဝကြောင်း ပြကွက်တွေနှင့် တစ်ဦးတည်းသောသား ထွန်းထွန်းအပေါ် မိဘတွေက မည်မျှချစ်ခင်ယုယကြောင်းတွေ ပေါ်လွင်အောင် ရိုက်ပြရမည့် ရိုက်ကွက်မျိုးတွေ ဖြစ်သည်။

တကယ်တော့ တောင်ကြီးသို့ မိငယ် လိုက်ရန်မလို။

သို့သော် ထွန်းထွန်းက တောင်ကြီးမြို့သို့ မိငယ်ရောက်ဖူးသင့်ကြောင်းတွေပြောပြသည်။ ရှမ်းပြည်နယ်၏ ရာသီဥတုသည် ယခုအချိန်မျိုးတွင် အလွန်နေလို့ကောင်းကြောင်းတွေရော ပင်းတယရှိ လိုဏ်အကြောင်းရော အင်းလေးရေပြင်ကြီး၏ သာမောဆွတ်ပျံ့ဖွယ်တွေရော ပြောပြပြီး လိုက်ခဲ့ရန် ဆွယ်တရားဟောသည်။

မိငယ်သည် မရဲဝံ့ဝံ့လေးဖြင့် ဦးလေးဒါရိုက်တာကို ပြောပေသည်။

"မိငယ် ရှမ်းပြည်နယ်ဆိုတာ ကြားဖူးရုံပဲ ရှိတယ် ဦးလေးဒါရိုက်တာ၊ ရုပ်ရှင်တွေထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ ရှမ်းပြည်နယ်ရဲ့ ရှုခင်းတွေကို မြင်ဖူးကတည်းက ရှမ်းပြည်ကို မိငယ် သိပ်ရောက်ဖူးချင်တာပဲ"



"အေး ... လိုက်ခဲ့၊ ဦးလေးကလည်း မိငယ်ကို ခေါ်သွားဖို့ စဉ်းစားနေတာ၊ ဦးလေးမရှိတုန်း မိငယ်တစ်ယောက်တည်း သည်မှာထားခဲ့ရင် ဘေးအမှောင့်ပယောဂတွေ ဝင်လာမှာကို စိုးရိမ်လို့ပဲ၊ ဦးလူအေးအတွက် ကြီးကြီးမေနဲ့ ဦးဘစိမ်းကို တာဝန်ပေးခဲ့မယ်၊ ဦးဘစိမ်းက ဦးလူအေးရဲ့ ဆေးရုံကိစ္စ လုပ်ပေးဖို့နဲ့ ကြီးကြီးမေနဲ့ မခင်ပု၊ မညိုတို့က ဦးလူအေးရဲ့စားရေးသောက်ရေး စီစဉ်ပေးဖို့လေ"

သို့ဖြင့်ပင် ...

တောင်ကြီးသို့ ဦးလေးဒါရိုက်တာ၊ မိငယ်နှင့် ထွန်းထွန်းတို့က ဟဲဟိုးထိ လေယာဉ်ဖြင့် သွားကြသည်။ ရုပ်ရှင်ရိုက်အဖွဲ့က ဒေါ့ဂျစ်တစ်စီး၊ ဦးလေးဒါရိုက်တာ၏ လင့်ရိုဘာတစ်စီး၊ ကားနှစ်စီးဖြင့် လေယာဉ်ထွက်မည့်ရက်ထက် သုံးရက်စော၍ ထွက်ခွာသွားကြသည်။

လေယာဉ်ပေါ်တက်ကြပြီး နေရာယူရာတွင် ဦးလေးဒါရိုက်တာက မိငယ်ကို ပြတင်းပေါက်ရှိသည့်ဘက်သို့ ပေးထိုင်သည်။ ယှဉ်တွဲခုံတွင် ထွန်းထွန်းကို ထိုင်စေဖို့လည်း ဦးလေးဒါရိုက်တာက လက်ညှိုးညွှန်လိုက်သေးသည်။

"ဟင့်အင်း ... ဦးလေးဒါရိုက်တာပဲ သည်မှာထိုင်ငါ"

ဟု ပြောရင်း ကိုသက်ဦး၏ လက်တစ်ဖက်ဆီဆွဲကာ ဖွတ်ထိုင်စေသည်။

"အစ်ကိုဦးပဲ ထိုင်ပါ၊ ဟဲ ... ဟဲ ... ငယ်ငယ်က ရှုန်တော်နဲ့ဆို ဘေးလူတွေ အထင်လွဲမှာ စိုးလို့ပါ ... "

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းသည် ကွက်ခနဲပျက်သွားသော မျက်နှာကို အရယ်အမောသို့ ချက်ချင်းပြောင်းလိုက်ရင်း ပြောပြောဆိုဆိုနှင့် အခြားခုံတွင် သွားရောက်ထိုင်ပေသည်။

ထွန်းထွန်း ပြောသွားသော စကားထဲတွင် ကျွန်တော်နဲ့ဆို ဘေးလူတွေ အထင်လွဲသွားမှာစိုးလို့ ဆိုသောစကားကို မိငယ်က ငေးငေးလေး ပြန်စဉ်းစားကြည့်နေသည်။ ကိုထွန်းထွန်း၏စကားအဓိပ္ပာယ်မှာ ဘေးအမြင်အားဖြင့် ဦးလေးဒါရိုက်တာနှင့် မိမိဆိုလျှင် အသက်အရွယ် ကွာခြားကြောင်း၊ ဥပမိရုပ်များကို မြင်ရုံနှင့် သိသာနိုင်ပြီး ဇနီးမောင်နှံဟုလည်းကောင်း၊ သမီးရည်းစားဟုလည်းကောင်း အထင်လွဲမှားစရာ မရှိ။ သူနှင့် ယှဉ်တွဲထိုင်လျှင် ဘေးအမြင်တွင် ဇနီးမောင်နှံ သို့မဟုတ် ချစ်သူစုံတွဲဟု ထင်မှတ်နိုင်သည်ဆိုသည့် အဓိပ္ပာယ်သက်ရောက်နေသည်။

လေယာဉ်သည် မင်္ဂလာဒုံကွင်းမှ အပေါ်သို့တက်ပေပြီ။ အရက်တွေ အမူးလွန်ကာ ထမင်းစားခန်းထဲ၌ နှစ်ဦးသား ဖက်တွယ်လဲကျစဉ်က ရင်ထဲတွင် အေးခနဲ လှိုက်ဖိုခြင်း ခံစားရသည်နှင့် တူသေးတော့။

ရာသီဥတု သာယာသောကြောင့် လေယာဉ်သည် ကောင်းကင်မြင့် လေဟာပြင်ဝယ် ငြိမ်ငြိမ်သက်သက်လေး ပျံသန်းနေသည်ကို နာရီဝက်လောက်အကြာတွင် မိငယ် ငြီးငွေ့လာသည်။ လေယာဉ်မိုးပေါ်တက်စကတော့ မြေပြင်သို့ ငုံ့ကြည့်သည်။

သစ်ပင်တွေက မြက်ပင်တွေလို စိမ်းနေပြီး လယ်ကွက်လေးတွေက ဖျာကလေးတွေ ခင်းထားသည်နှင့် တူသည်တို့



ကို မိငယ် ငုံ့ကြည့်သည်။ မြစ်တွေ ချောင်းတွေက ဖဲကြိုးပြားလေး ကွေ့တိကွေ့ကောက် ချထားသည်နှင့် တူသည်ဟုလည်း မိငယ် ထင်မိသည်။ ထိုအထူးအဆန်းလေးများသည် နာရီဝက်အတွင်းမှာပင် မိငယ်အဖို့ မြင်ကွင်းရိုးသွားတော့သည်။

မြေပြင်မှ မိငယ် မျက်နှာလွှဲလိုက်သည်။

လေယာဉ်စီးရသည်ဆိုခြင်းမှာ မီးရထားစီးရသလို မော်တော်ကားစီးရသလို တစ်ခုခု စီးနေရပါလားဟု မှတ်ထင်မရဘဲ အိမ်၏ဧည့်ခန်းထဲတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေရသည့်နှယ်ပါလားဟု မိငယ် မှတ်ယူမိပြန်သည်။

ဦးလေးဒါရိုက်တာဘက်သို့ မိငယ် လှည့်ကြည့်သည်။ ဦးလေးဒါရိုက်တာသည် နောက်မှီကူရှင်အရှည်ကြီးတွင် ဦးခေါင်းမှေးကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာပေသည်။

ဦးလေးဒါရိုက်တာခမျာ ပင်ပန်းလှရှာပြီ။

နေ့ညမဟူ မြေပြင်တွင် အလုပ်တွေလုပ်ရပြီး ယခုလေယာဉ်ပေါ်တွင် ယာယီအနားယူမှေးစက်ခြင်းမျိုးဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာသည်။

မိငယ် လက်တင်တန်းတွင် လက်တင်ရင်း ကူရှင်က ဖင်ပူသဖြင့် နေရာအရွှေ့အပြောင်း လုပ်ကြည့်သည်။

ထိုအခါကျမှ မိငယ်၏ဖင်ထိုင်ခုံပေါ်တွင် တစ်စုံတစ်ခု ရှိနေသည်ကို မိငယ် သတိထားမိသည်။

မိငယ်က ကိုယ်ကိုကြွကာ ထိုတစ်စုံတစ်ခုကို လက်ဝါးဖြင့် စမ်းသပ်ရင်း ထုတ်ယူလိုက်သည်။

စာအုပ်ငယ်လေးတစ်အုပ် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပြစာအုပ်လေးတစ်အုပ် ဖြစ်ပေသည်။ ပန်းချီပုံတွေနှင့် ဇာတ်လမ်းဖော်ပြထားသည်။

ဤလေယာဉ်ဖြင့် ခရီးသွားသူ တစ်ဦးတစ်ယောက်သည် လေယာဉ်စီးရင်း ဤထိုင်ခုံတွင်ထိုင်ကာ ဤရုပ်ပြလေးကို အချိန်ဖြုန်း ဖတ်ခဲ့ပြီး လေယာဉ်မှအဆင်းတွင် ဖင်ထိုင်ခုံပေါ်ပစ်ထားခဲ့ခြင်း ဖြစ်ပေမည်။

မိငယ်က ရုပ်ပြစာအုပ်လေးကို မျက်နှာဖုံးကာဘာကို ကြည့်လိုက်သည်။

**"ညီမျှမှ ယှဉ်ကြတော့မည်"**

ဟု ရုပ်ပြဇာတ်လမ်းလေးကို နာမည်ပေးထားသည်။

မျက်နှာဖုံးဖွင့်ကာ မိငယ် စတင်ဖတ်ကြည့်တော့သည်။

ဇာတ်လမ်းလေးမှာ ကျေးရွာတစ်ခုကို အခြေခံသည်။ လုလင်ငယ်တစ်ဦးနှင့် လုံမပျိုတစ်ဦးတို့သည် ချစ်ခင်မေတ္တာသက်ဝင်ကြသည်။ နှစ်ဦးနှစ်ဖက် မိဘများသည် ရွာတွင်ကြေးရေတာတ် ချမ်းသာကြွယ်ဝရုံမက လုံမငယ်သည် ရွာ၏ကွမ်းတောင်ကိုင် အလှပဂေးမလေး ဖြစ်သည်။

လုလင်ငယ်သည် အမိနိုင်ငံကို ချစ်ခင်သည့်စိတ်ဓာတ်ကြောင့်ရော မိမိဘဝ တိုးတက်ရာ တိုးတက်ကြောင်းရောဖြင့် တပ်မတော်သို့ ဝင်ခဲ့သည်။

တပ်မတော်၏ရှေ့တန်းတစ်နေရာတွင် လုလင်ငယ်သည် ရန်သူတွေကို ရွပ်ရွပ်ချွံချွံ တိုက်ခိုက်သည်။ ဤတိုက်ပွဲကြီးအောင်မြင်ပြီးလေမှ ခေတ္တခွင့်ယူပြီး ရွာသို့ပြန်ကာ ချစ်သူလုံမငယ်နှင့် လက်ထပ်မည်ဟုလည်း လုလင်ငယ် ရည်မှန်းထားသည်။



တိုက်ပွဲဆိုသည်မှာ များများတိုက်နိုင်မှ မြန်မြန်အောင်နိုင်မည်ဟု လုလင်ငယ် ခံယူချက်ထားသည်။

ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ရင်း တစ်နေ့တွင် လုလင်ငယ်၏လက်ကို ရန်သူ၏ကျည်ဆန် ထိမှန်သွားသည်။ လုလင်အား ရဟတ်ယာဉ်ဖြင့် စစ်ဆေးရုံသို့ ပို့ပေးရသည်။

ဝမ်းနည်းစရာပင်။ လုလင်၏ လက်တစ်ဖက်ကို မဖြတ်လျှင် မဖြစ်သော ဒဏ်ရာအခြေအနေကြောင့် လက်တစ်ဖက်ဖြတ်လိုက်ရသည်။

လုလင်သည် လက်တစ်ဖက်မရှိတော့သော မိမိ၏ဘဝကို အားငယ်လှတော့သည်။ ဆေးရုံမှဆင်းပြီးနောက် အငြိမ်းစားယူလိုက်သည်။

လုလင်ငယ်သည် အခြားတစ်ပါးသို့လည်း သွားစရာမရှိပြီမို့ မိဘများရှိရာရွာသို့ ပြန်လာခဲ့သည်။ ရွာရောက်သည်နှင့် နှစ်ဦးနှစ်ဖက်မိဘတွေကရော ချစ်သော လုံမငယ်ကရော ဗမာ့သားကောင်း ပီသခဲ့သော လုလင်အား ဆီးကြိုပြီး နဂိုအစီအစဉ်အတိုင်း လုံမငယ်နှင့် လက်ထပ်ပေးရန် စိုင်းပြင်းကြသည်။

အံ့သြစရာပင်။

လုလင်ငယ်သည် လုံမငယ်ကို လက်ထပ်ရန်အတွက် ငြင်းတော့သည်။

ချစ်သူ၏ ငြင်းပယ်ခြင်းခံရသော လုံမငယ်သည် ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုလေတော့သည်။

လုလင်ကပင် လုံမငယ်ကို တရားပြန်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့လေ လုံမငယ်၊ ဖိုနဲ့မ ချစ်ကြတယ်ဆိုတဲ့ အဆင့်အထိတော့ ဘယ်လိုပုံသဏ္ဌာန်များနဲ့ဖြစ်ဖြစ် ချစ်လို့ရတယ်၊ ချမ်းသာသူနဲ့ ဆင်းရဲသူဖြစ်ဖြစ်၊ လူမျိုးမတူသူဖြစ်ဖြစ်၊ ဘာသာမတူသူဖြစ်ဖြစ်၊ အသက်ချင်းကွာခြားသူဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး ချစ်လို့ရတယ် ...

"အဲ ... လက်ထပ်ပြီး ညားကြလေသတည်း အဆင့်ကျတော့ တစ်ဦးနဲ့တစ်ဦး ညီမျှဖို့လိုတယ် လုံမငယ်၊ ညီမျှမှလည်း ယူကြဖို့ တင့်တယ်တယ်၊ အခုလက်ရှိ အခြေအနေဟာ ကိုယ့်မှာ လက်တစ်ဖက်မရှိဘူး၊ အင်္ဂါတစ်ခု ချွတ်ယွင်းသွားပြီ ...

"လုံမငယ်ကတော့ ခုချိန်ထိ ရွာရဲ့ကွမ်းတောင်ကိုင်မလေးအဖြစ်နဲ့ အလှပဂေးမလေးပဲ၊ လုံမငယ်ကို ကိုယ်ယူရင် လုံမငယ်ရဲ့ဘဝကို ကိုယ်က သတ်ပစ်သလိုဖြစ်သွားမှာပေါ့၊ လုံမငယ်မှာ ကိုယ့်ထက်ပိုပြီး ပြည့်စုံတဲ့ယောက်ျားတစ်ယောက်ကို လက်ထပ်နိုင်ခွင့် ရှိနေသားနဲ့ ကိုယ့်လို ဒုက္ခိတကို လက်ထပ်လိုက်ရင် လုံမငယ်ရဲ့ဘဝ သိပ်နာသွားမှာပေါ့၊ အဲသည်တော့ လုံမငယ်နဲ့ ညီမျှတဲ့ တခြားယောက်ျားတစ်ဦးကိုသာ ယူလိုက်ပါတော့ လုံမငယ်"

ဟု လုလင်ငယ်က ဆိုလိုက်ပေသည်။

လုံမငယ်သည် ချစ်စွာသော လုလင်ငယ်၏စကားကို သေချာစဉ်းစားသည်။ လုလင်ငယ်မှလွဲပြီးလည်း အခြားဘယ်ယောက်ျားကိုမျှ လုံမငယ် မချစ်နိုင်။ မချစ်နိုင်သူကို လုံမငယ်မယူလို။ ချစ်သောလုလင်ကိုသာလျှင် လုံမငယ် ယူလိုသည်။



လုံမငယ်သည် သူမဟာ သူမရင်ထဲတွင် ကျိတ်၍ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်ကို မည်သူမျှ မသိနိုင်ပါလေ။

ရွာ၏ထုံးစံအရ အိမ်တိုင်းစေ့လိုလို ရေတွင်းရှိကြသော်လည်း ဆင်းရဲချမ်းသာမရွေး ရွာဦးထိပ်ရှိ အရှေ့ကျောင်းခေါ် ဘုန်းကြီးကျောင်းရေတွင်းမှ ရေကိုသာ သွားရောက် ခပ်ယူပြီး သောက်ကြလေသည်။

နံနက်ပိုင်းတစ်ကြိမ်၊ ညနေတစ်ကြိမ် ရွာရှိအပျိုမလေးတွေသည် ရေအိုးကိုယ်စီဖြင့် အရှေ့ကျောင်းရေတွင်းမှ ရေကိုလာခပ်ကြသည်ကပင် ရှင်ပြုအလှူပွဲလေးတွင် ပရိက္ခရာရှစ်ပါးကိုင် အမျိုးသမီးလေးတွေ တန်းစီနေသည်လား ထင်မှားလောက်ပါ၏။

တစ်နေ့တွင် နံနက်မဟုတ်၊ ညနေဆည်းဆာမဟုတ်သော နေ့မွန်းတည့်အချိန်ကြီးဝယ် ...

"ဟယ် ... လုပ်ကြပါဦး၊ လုံမငယ်တစ်ယောက် အရှေ့ကျောင်းက ရေအိုးရွက်ပြီး အပြန်မှာ ခလုတ်တိုက်လဲလို့ အိုးကွဲစနဲ့ မျက်နှာရှပြီး သွေးတွေ ဒလဟောထွက်လို့တဲ့"

ဟုတ်ပေသည်။ လုံမငယ်၏ ပါးတစ်ဖက်ခြမ်းဝယ် အိုးကွဲစရှထားသော ဟက်ပက်ဒဏ်ရာကြီးသည် လက်လေးသစ်ခန့် ရှည်မျောမျောကြီး ရှိတော့သည်။

ရွာရှိ ဗိန္ဒောဆရာ "ဆရာလေး"နှင့် ကုသခြင်းဖြင့် လုံမငယ်၏ အနာဒဏ်ရာကျက်ပြီး ပျောက်ကင်းသွားသော်လည်း လုံမငယ်၏ပါးတစ်ဖက်ပေါ်တွင် သေရာသို့ပါမည့် လက်လေးသစ်ခန့် အနာရွတ်ကြီး ကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံမငယ် လဲကျဒဏ်ရာရသည့်နေ့က လုံမငယ်မိခင်သည် အိမ်ရှိသောက်ရေအိုးများကို ဖွင့်ကြည့်ခဲ့သည်။

ရေအိုးတိုင်းတွင် သောက်ရေတွေ အပြည့်ရှိပါလျက် လုံမငယ်သည် နေ့ခင်းကြောင်တောင်ကြီး၌ အဘယ်ကြောင့်များ ရွာဦးကျောင်းသို့ သောက်ရေခပ်ခဲ့လေသနည်းဟု အဖြေမရှာနိုင်အောင် ဖြစ်ခဲ့သေးသည်။

လုံမငယ်အဖို့ကား ရွာ၏ကွမ်းတောင်ကိုင်ဘဝနှင့် အလှပဂေးဘဝကို စွန့်လွှတ်ရတော့သည်။

လုံမငယ် ဒဏ်ရာပျောက်ပြီးနောက် ရက်များမကြာမီမှာပင် လုလင်ငယ်သည် လုံမငယ်နှင့် လက်ထပ်ပေးရန် မိဘများအား ပြောကြားခြင်းဖြင့် ချစ်သူနှစ်ဦး လက်ထပ်ထိမ်းမြားကြလေသတည်း ... တဲ့။

မိငယ်သည် ရုပ်ပြဇာတ်လမ်းကိုဖတ်ပြီး စာအုပ်လေးကို ရင်ဘတ်ပေါ်တင်ကာ တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားတော့သည်။

ရုပ်ပြဇာတ်လမ်း ရေးသားသူက လုံမငယ် ခလုတ်တိုက်လဲ ပါးတစ်ဖက်ခြမ်း လက်လေးသစ်ခန့် ဒဏ်ရာကြီးရသည်ကို မြှုပ်ကွက်အဖြစ် ထားရှိခဲ့သည်။

လုံမငယ်သည် သူ့မဘာသာ ခလုတ်တိုက်လဲခြင်း မှန်ပေသည်လား။

သို့မဟုတ် ...

လုံမငယ်သည် ချစ်စွာသော လုလင်ငယ်နှင့် ဘဝချင်း ညီမျှသွားအောင် တမင်လဲကျပြီး အိုးကွဲစဖြင့် သူမ၏ပါး



တစ်ဖက်ခြမ်းကို တမင်လဲကျပြီး အိုးကွဲစဖြင့် သူမ၏ပါးတစ်ဖက်ခြမ်းကို သူမကိုယ်တိုင် လှီးဖြတ်လိုက်ခြင်းပေလား။

မိငယ်က ဇာတ်လမ်းကပေးသော သဲလွန်စတွေကို စေ့ငုကြည့်သည်။ လုလင်က လုံမငယ်အား ဘဝချင်းညီမျှမှ ယူသင့်ကြသည်ဟု ဆိုခဲ့သည့်အချက်။

ရွာ၏ဓလေ့ထုံးစံအရ နံနက်ခင်းနှင့် ညနေဆည်းဆာတွင်သာ ရေခပ်လေ့ရှိပါလျက် လုံမငယ်တစ်ဦးတည်း နေ့ခင်းမွန်းတည့်ကြောင်တောင် ရေသွားခပ်ခြင်းမှာ လူမမြင် သူမမြင် ဆိတ်ကွယ်ရာဖြစ်စေလို၍ ဖြစ်ရမည်။

သို့မှသာ သူမ၏ပါးပြင်ကို အိုးကွဲစနှင့် ကိုယ့်ဟာကိုယ် လှီးဖြတ်နိုင်ခွင့် ရမည်ဆိုသည်က တစ်ချက်။

နောက်တစ်ချက်မှာ အိမ်တွင် သောက်ရေတွေ အပြည့်ရှိပါလျက် ရေအိုးရွက်ပြီး အိမ်မှထွက်ခြင်း ဖြစ်သည်မို့ မည်သူကမျှ သံသယမကင်း ဖြစ်စေရန် မရှိသော အချက်တစ်ချက်ဖြစ်ပေသည်။

ဤအချက်တွင် စုပေါင်းလိုက်သည်နှင့် လုံမငယ်သည် ချစ်စွာသော လုလင်ဒုက္ခိတနှင့် ညီမျှသောဘဝကို ဖွတ်ဖန်တီးရယူပြီး ချစ်သူနှင့်ညားစေဖို့ မိမိ၏အလှပဂေးဘဝကို စတေးလိုက်ခြင်းဖြစ်ကြောင်း မိငယ် သဘောပေါက်လာသည်။ အဖြေတွေ့လာသည်။

မိငယ်၏ မျက်လုံးလေးတွေသည် အရောင်တောက်ပလာပါလေတော့၏။ မိငယ်၏နှုတ်ခမ်းလေးတွင် ပြုံးယောင်လေးတွေ သမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ်က ရုပ်ပြမျက်နှာဖုံးပေါ်မှ ခေါင်းစည်းလေးကို သေချာကြည့်ပြီး အကြိမ်ကြိမ် ဖတ်လိုက်မိတော့သည်။

ညီမျှမှ ယူကြတော့မည်။
ညီမျှမှ ယူကြတော့မည် …
ညီမျှမှ ယူကြတော့မည် … …။

✤ ✦ ✤



## အခန်း(၁၄)

တောင်ကြီးတွင် ငါးရက်တိတိ ကြာပေသည်။

ရိုက်ကွင်းရိုက်ကွက်တွေ များလွန်းသောကြောင့် ငါးရက်ကြီးကြာအောင် ရိုက်ရသည်မျိုးတော့ မဟုတ်ပါလေ။

ရုပ်ရှင်ရိုက်ရသည် ဆိုတာကလည်း အခက်သား။

ကိုယ့်စတူဒီယိုထဲတွင် ကိုယ့်စိတ်ကြိုက် ဆက်တင်ဆွဲဖန်တီးပြီး ကိုယ့်စိတ်ကြိုက် မီးမောင်းအားဖြင့် အင်ဒိုးအတွင်းရိုက်သည် ဆိုသည်မျိုးက ရိုက်ကွက်ဇာတ်ကောင် အစုံအညီရှိနေလျှင် ဖျတ်ခနဲ ဖျတ်ခနဲရိုက်၍ ခရီးတွင်ပေသည်။

ပြင်ပအောက်ဒိုးကွက်တွင် ရိုက်ရပြီဆိုလျှင်တော့ မိုးလေဝသနှင့် ရာသီဥတုကို ရှိခိုးတောင်းပန်လို့ ရသည်လည်း မဟုတ်ရာ။

လက်ရှိ ကိုသက်ဦးတို့ သုံးစွဲနေရသော ရုပ်ရှင်ကင်မရာတွေကလည်း အမေရိကန်၊ အီတလီ၊ ပြင်သစ်၊ ဂျပန်စသည့် နိုင်ငံများမှ လွှင့်ပစ်သော ကင်မရာမျိုးတွေကို အကောင်း

www.burmeseclassic.com

www.burmeseclassic.com



လုပ် သုံးနေရသော ကင်မရာမျိုးတွေသာ။ တော်ရုံတန်ရုံ ရာသီဥတုမှုန်မှိုင်းနေပြီဆိုလျှင် ကင်မရာမှန်ဘီးလူးတွေက မတိုးချင်။

တောင်ကြီး ရောက်သည့်နေ့မှစ၍ တောင်ကြီး၏ ရာသီဥတုသည် မြူတွေဆိုင်းနေသည်။ မိုးသေးမိုးမွှားလေးတွေပင် ရွာလိုက်သေးသည်။

တစ်နေ့လုံးနေ၍ နေရောင်ခြည် တစ်နာရီလေးလောက် ပွင့်လာဖို့ပင် မနည်းစောင့်ရသည်။

တောင်ကြီးကို အခြေပြုသော အင်ဒိုအိမ်တွင်းရိုက်အခန်းများကိုတော့ ကိုသက်ဦးက နှစ်ရက်နှင့် အပြီးရိုက်ပစ်လိုက်သည်။

အောက်ဒိုး ပြင်ပရိုက်ကွင်းတွေအတွက် တောင်ကြီးမှာပင် နေအပွင့်ကိုစောင့်ရင်း အချိန်ဖြုန်းနေရတော့သည်။

ရုပ်ရှင်မရိုက်သောအခါ ဝိုင်းတော်သားတွေ အားလပ်နေသည်။ တတိယနေ့မြောက်တွင် ...

"ဆရာသက်ဦး သည်နေ့အဖို့တော့ နေကိုမျှော်လင့်စရာမရှိပါဘူး၊ ရောက်တုန်းရောက်ခိုက် ကျွန်တော်တို့ ပင်းတယဘက် ခဏသွားချင်တယ်"

"သွားကြလေ"

"ဒေါ်ဂျစ်ယူသွားမယ်နော်"

ကိုသက်ဦးက ခေါင်းညိတ်ခွင့် ပြုပေးသည်။

ထွန်းထွန်းသည် ဝိုင်းတော်သားတွေနှင့်အတူ အချွင်အရေးတစ်ခု ရယူဖို့ စိတ်ကူးတော့သည်။



ငယ်ငယ်နှင့် ရုပ်ရှင်ရိုက်ရသည်မို့ ယခင်ကထက်တော့ ငယ်ငယ်နှင့်ပိုပြီး ရင်းနှီးမှုရှိခဲ့သည် မှန်ပါ၏။ သို့တစေ ငယ်ငယ်သည် ယခုအချိန်အထိ ထွန်းထွန်းအား တုံ့ပြန်မှုမပေးသေးပါပေ။

"မဖြစ်နိုင်ပါဘူး ကိုထွန်းထွန်း၊ ဦးလေးဒါရိုက်တာက မိငယ်ကို ရုပ်ရှင်ကားတွေ ဆက်တိုက်ရိုက်ရမယ်လို့ ပြောထားတယ်၊ သည်တော့ ရုပ်ရှင်ရိုက်နေတဲ့ အတောအတွင်းမှာ မိငယ် သည့်ပြင် ဘာတွေကိုမှ မစဉ်းစားဘူး"

ဟူ၍လည်းကောင်း ...

"ကိုထွန်းထွန်းရယ် ... မိငယ်ကို အဲသည်စကားတွေ ခဏခဏ လာမပြောပါနဲ့၊ မိငယ် စိတ်ရှုပ်လွန်းလို့ပါ"

ဟူ၍လည်းကောင်း၊ ထွန်းထွန်း ချဉ်းကပ်တိုင်း မိငယ်က ပုတ်ထုတ်သည်ချည်း ဖြစ်ခဲ့သည်။

ထွန်းထွန်း လက်မလျှော့နိုင်။

ယနေ့လည်း ဝိုင်းတော်သားတွေ ဒေါ်ဂျစ်ဖြင့်ထွက်အသွားတွင် ထွန်းထွန်းသည် မိငယ်ကို ချဉ်းကပ်ပြန်သည်။

"ငယ်ငယ် ... ကိုယ်တို့ ရောက်တုန်းရောက်ခိုက် တောင်ကြီးတစ်ဝိုက်ကို လင့်ရှိဗာနဲ့ လျှောက်သွားကြစို့လားဟင်"

ငယ်ငယ်က ပြုံးပြုံးလေး ပြန်ပြောပါ၏။

"ဦးလေးဒါရိုက်တာက လှင့်ရှိဗာ ပေးမတဲ့လား ကိုထွန်းထွန်း"

"ဟိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပင် ထွန်းထွန်းသည် တအံ့တသြ ဖြစ်သွားရပါ၏။ အခါတိုင်း ဘယ်တော့မဆို ရန်ကုန်၌ ရုပ်ရှင်လိုက်ကြည့်ပါဟု ခေါ်သည်ကိုပင် သီးသီးခါးခါး ဦးခေါင်းလေး တယမ်းယမ်းဖြင့် ငြင်းလေ့ရှိသော ငယ်ငယ်သည် ယခု အစ်ကိုဦးထံမှ လင့်ရီဗာရလျှင် လိုက်မည်ဆိုသည့် သဘောမျိုး လွယ်လွယ်လေးပြောလိုက်သည့်အတွက် ထွန်းထွန်းမှာ တအံ့တသြ ဖြစ်သွားရခြင်းဖြစ်ပါ၏။

"ဟာ ... ရမှာပေါ့ ငယ်ငယ်၊ အစ်ကိုဦးကို ကိုယ်သွားပြောမယ်၊ တကယ်လို့ လင့်ရီဗာ မအားဘူးဆိုလည်း လေးဘီးနဲ့ သွားကြတာပေါ့ ငယ်ငယ်၊ တောင်ကြီးမှာ လေးဘီးအငှားကားတွေ ပေါပါတယ်၊ ဘယ့်နှယ်လဲ"

"သွားလေ ... မိငယ်က သွားချင်တာမှ အင်းလေးထိ သွားချင်တာ၊ အင်းလေးရေပြင်ကြီးထဲမှာ မော်တော်စီးရရင် သိပ်ပျော်စရာကောင်းမှာ မဟုတ်လား၊ ဦးလေးဒါရိုက်တာ လိုက်ပို့ပေးမလားလို့ စောင့်နေတာ"

"အို ... အစ်ကိုဦး ပို့ပေးတာ စောင့်မနေနဲ့ ငယ်ငယ်၊ အစ်ကိုဦးက ကားရိုက်ပြီဆိုရင် လူရောမအားတဲ့လူ၊ နေဦး အစ်ကိုဦးဆီမှာ လင့်ရီဗာ ကိုယ်သွားတောင်းကြည့်လိုက်မယ်"

ထွန်းထွန်းသည် ပေါ့ပါးမြူးတူးစွာဖြင့် ကိုသက်ဦး၏အခန်းဆီသို့ လျှောက်သွားတော့သည်။

တောင်ကြီး ရေထွက်ဦးလမ်းထဲတွင် မန္တလေးမှ ရုပ်ရှင်ကန်ထရိုက်တစ်ဦး စီစဉ်ပေးချက်အရ ခြံနှင့်ဝင်းနှင့် တိုက်



ခံပျဉ်ထောင် နှစ်ထပ်အိမ်ကြီးတွင် ကိုသက်ဦးနှင့် ဝိုင်းတော်သားတွေ တည်းခိုကြပေသည်။

အပေါ်ထပ်တွင် ကိုသက်ဦးတစ်ခန်း၊ ထွန်းထွန်းတစ်ခန်း၊ မိငယ် တစ်ခန်းစီ ယူကြပြီး အောက်ထပ်၌ ဝိုင်းတော်သားတွေ စုဝေးနေကြသည်။

ထွန်းထွန်းသည် ကိုသက်ဦးအခန်းထဲ ဝင်သွားပြီးငါးမိနစ်မျှ အတွင်းမှာပင် လင့်ရီဗာကားသော့ခွင်းကို လက်ညှိုးတွင်စွပ်၍ ဝှေ့ယမ်းထွက်လာခဲ့သည်ကို ငယ်ငယ် မြင်ရတော့သည်။

"အိုကေပဲ ငယ်ငယ်၊ အစ်ကိုဦးက ကားသော့ပေးလိုက်တယ်၊ လာ ... လစ်ကြစို့"

မိငယ်သည် ဖြုန်းခနဲ မထသေးဘဲ ဦးလေးဒါရိုက်တာ၏အခန်းသို့ ခေဗွာငေးကြည့်နေပေသည်။ မိငယ် စိတ်ထဲတွင် ကိုထွန်းထွန်း နောက်ပါးမှ ဦးလေးဒါရိုက်တာ ထွက်လိုက်လာပြီး မိငယ်ကို ဘာဘာညာညာလေးတွေ မှာကြားပြောဆိုလိမ့်မည်လားဟု မျှော်လင့်သောအကြည့်ဖြင့် ကြည့်နေမိခြင်း ဖြစ်ပါလေ၏။

"လာလေ ... သွားစို့ မိငယ်"

ငယ်ငယ်သည် ထွန်းထွန်း မမြင်သာသော အပေါ်သွားလေးများဖြင့် အောက်နှုတ်ခမ်းကို မသိမသာလေး ကိုက်ခဲထားလိုက်မိသည်။ ပြီး ကုလားထိုင်မှထကာ ထွန်းထွန်း ခေါ်ဆောင်ရာသို့ လိုက်ပါသွားပေတော့သည်။

တိုက်ခံပျဉ်ထောင်အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ရပ်ထားသော လင့်ရီဗာကားပေါ်သို့ မောင်းသူနေရာတွင် ထွန်းထွန်းက ထိုင်သည်။ ထွန်းထွန်း၏ဘေးတွင် ယှဉ်တွဲလျက် မိငယ်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးသည်နှင့် လင့်ရှိဗာကားသည် ဆင်ဝင်အောက်မှ အီးလိုမ့် ထွက်သွားပေတော့သည်။

ကိုသက်ဦးသည် သူ၏အခန်း တရုတ်ကတ်တွေကြားမှ စတင်ထွက်ခွာပြီး ခြံဝအထိ မောင်းသွားသော လင့်ရှိဗာကို အပေါ်ထပ်မှ လှမ်းကြည့်နေမိသည်။

ကားရှေ့ခန်းတွင် တွဲထိုင်သွားသော စုံတွဲကို ကိုသက်ဦး နောက်ပိုင်းမှ လှမ်းမြင်နေရပါ၏။

မိငယ်သည် အဝတ်အစားသစ်ကိုပင် မလဲလှယ်ပဲ၊ နံနက်ထဲက ဝတ်ထားသော သိုးမွေးဆွယ်တာအနက်လေး ဝတ်ကာ လိုက်သွားသည်ကို ကိုသက်ဦး တွေ့လိုက်ရပေတော့သည်။

✤ ✦ ✤



## အခန်း(၁၅)

ထူးထွေသည့် အံ့ရာသော်ပါပေ။

မနေ့ညက တစ်ညလုံးမက မီးထိန်ထိန် လင်းသည်အထိ လင့်ရှိဗာကား ပြန်မရောက်လာ။

တစ်နည်းဆိုသော် မနေ့မနက်ကတည်းက လင့်ရှိဗာကားတစ်စီးဖြင့် ထွက်ခွာသွားသော မိငယ်နှင့် ထွန်းထွန်းသည် နောက်တစ်နေ့နံနက်ခင်း လင်းရောင်ခြည် လာသည်အထိ ပြန်မရောက်လာသေးပါပေ။

ကိုသက်ဦးသည် တစ်ညလုံး တစ်မှေးမျှ အိပ်မပျော်ပါလေခဲ့။

ကလေးငယ်တစ်ဦးသည် မိမိအလွန်စုံမက် မြတ်နိုးသော အရုပ်တစ်ရုပ် ဆုံးရှုံးပျောက်ကွယ်သွားမည်ဆိုလျှင် သည်းသည်းထန်ထန် ရှိုက်ကြီးတငင် ငိုပေလိမ့်မည်။

ကိုသက်ဦးသည် တအားကြီး ရှိုက်၍ ငိုလိုက်ချင်မိ၏။ ကိုသက်ဦး၏ နှလုံးသားမှာရော၊ ဦးနှောက်မှာရော ဆုံးရှုံးသွားလေပြီ။ သွားလေပြီ … ဟူ၍သာ ထပ်ပြန်တလဲလဲ မြည်ပေါ်လျက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်း နေဝင်မိုးချုပ်ထိ ထွန်းထွန်းနှင့် မိငယ် ပြန်ရောက်မလာကတည်းက ဆုံးရှုံးလေပြီ ဟူ၍ပင် ကိုသက်ဦး တွက်မိတော့သည်။

ဘာတတ်နိုင်ပါတော့အံ့နည်း။

သူတို့နှစ်ဦးသည် အသက်အရွယ်အားဖြင့် မတိမ်း မယိမ်း ရှေ့သွားနောက်လိုက် ညီကြသည်။

ပြီး ဤအရွယ်တို့သည် နှလုံးသားကို ဦးစား တတ်ကြသည်။

ထွန်းထွန်းသည် မိငယ်၏ နှလုံးသားမေတ္တာ အပိုင်စီးနိုင်သွားလေပြီ။

ခါတိုင်း ဤမျှလောက် စိတ်လှုပ်ရှား ထိခိုက် လျှင် ကိုသက်ဦးသည် အရက်ပုလင်းဆွဲမိသည်။ လူမှန်းသူ မသိတော့သည်အထိ အရာခပ်သိမ်းကို မေ့ပျောက်သွားသည် အလဲအကွဲ သောက်ပစ်မိတတ်သည်။

မိငယ်အား ထွန်းထွန်းက မေတ္တာစကားပြော ပြီး မိငယ်က ဦးလေးဒါရိုက်တာကို ပြောပါဟု ထွန်းထွန်း ကိုသက်ဦးကို ပြန်ပြောသည့်နေ့က ညပိုင်းတွင် ကိုသက်ဦးသည် ပထမဆုံးအကြိမ် မိငယ်နှင့်ပတ်သက်၍ စိတ်ထိခိုက်ရပြီး အ အကွဲ အရက်သောက်မိခဲ့သည်။

ထိုညကဆိုလျှင် အရက်မူးမူးရူးရူးနှင့် အိပ်မက် ပင် မက်ခဲ့သည်ကို ကိုသက်ဦး ယခု သတိပြန်ရမိသည်။ ထို က အိပ်မက်ထဲတွင် မိငယ်နှင့် ကိုသက်ဦး တူနှစ်ကိုယ်မေ ပြီး ကြည်နူးရသည့်ဖြစ်ခြင်း။



နောက် ... မိငယ်သည် ထွန်းထွန်းနှင့် အနေအထိုင် တန်းသွားသည်ကို သက်ဦး သတိထားမိပြန်သည်။ မိငယ် အနေအထိုင်မှန်သည်ကို တွေ့ရသဖြင့် ကိုသက်ဦး စိတ်ထဲတွင် ကျေနပ်မှုတစ်မျိုး ခံစားရပြန်သည်။

တကယ်တော့ ကိုသက်ဦးသည် အရှုံးဝေဒနာတစ်မျိုး ခံစားနေရသည်ဟု ဆိုလိုက်ချင်သည်။

မိငယ်ကို ကိုသက်ဦး "ချစ်"မိသည်ကတော့ သေချာသည်။

သို့တစေ ...

ကိုသက်ဦး၏ "သိ"စိတ်က မိငယ်နှင့် သူ့တွင်မညီမျှသော အချက်အလက်ကွေ ရှိနေသည်။ မိငယ်ကို ချစ်ပေမင့် ချစ်ကြောင်းဖွင့်ဟပြီး မိငယ်ကို ကြင်ယာသက်ထားအဖြစ် ထားမြောက်လေလျှင် "သိ"စိတ်နှင့် မညီမျှသော အချက်တွေက ကန့်ကွက်နေသည်။

ထိုကြားထဲမှာပင် ...

မိငယ်က မိမိအား ပြန်ချစ်နေမှန်းလည်း ကိုသက်ဦး၏သိစိတ်က သိနေပြန်သည်။ သိလျက်သားနှင့်ပင် ကိုသက်ဦး၏ "သိစိတ်"တွေက ကန့်ကွက်ထားသောကြောင့် ကိုသက်ဦး မဖွင့်ဟရဲ။

ထိုရောအခါ မိငယ်နှင့် ထွန်းထွန်း ဖြစ်မြောက်သွားလျှင်ပင် မိငယ်အတွက် ထိုက်ထိုက်တန်တန် ဖြစ်သွားရှာသည်ဟု "သိစိတ်"လှုံ့ဆော်မှုကြောင့် ထွန်းထွန်းနှင့်ပင် သဘောတူသလိုလို ရှိခဲ့ပြန်သည်။

သို့ပေမင့် ...

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဦး၏ "မသိစိတ်"ကမူ မိငယ်ကို ချစ်မြဲချစ်လျက်သာ ရှိနေပြန်သည်။

ယင်း "သိစိတ်"နှင့် "မသိစိတ်" ကြားမှာပင် ကိုသက်ဦး၏ စိတ်တွေသည် ဟိုကစားလိုက်၊ သည်ကစားလိုက် ဖြစ်ခဲ့ရပေသည်တကား။

ဝိုင်းတော်သားအားလုံး မိငယ်နှင့် ထွန်းထွန်း ညက ပြန်မရောက်မှန်း သိကြသည်။

"ဘယ်လိုလဲ ဆရာသက်ဦး၊ ကျွန်တော်တို့ ဒေါ့ဂျစ်နဲ့ မင်းသမီးနဲ့ မင်းသားကို လိုက်ရှာပေးရမလား"

ကိုသက်ဦးက ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းပြလိုက်သည်။

"မလိုဘူးထင်တယ်၊ သူတို့ဟာ အရွယ်ရောက်ပြီးသားတွေပဲ ကလေးတွေမှ မဟုတ်တာ၊ သူတို့ချင်း ကျေနပ်လို့ ညအိပ်ထွက်ကြတာပဲဟာ"

"ဒါဆိုရင်တော့ ကိစ္စမရှိဘူးပေါ့ အာစရိ၊ ကျွန်တော်တို့ စိတ်ပူတာက မော်တော်ကားနဲ့ ချောက်တွေ ဘာတွေထဲများ ထိုးကျသလားလို့၊ တောင်ကြီးအဆင်းအတက်လမ်းကလည်း မြွေလိမ်မြွေကောက် ဘေးကချောက်ကြီးတွေကလည်း အနက်ကြီးတွေ၊ နောက်တစ်ချက်က မင်းသမီးငယ်ငယ်ဟာ မင်းသားထွန်းထွန်းကို ရန်ကုန်မှာတုန်က သိပ်အကာပ်ခံတာမှ မဟုတ်တာ၊ အခု တောင်ကြီးရောက်မှ သည်လောက်ကြီး လိုက်လျောတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"



"မဖြစ်နိုင်ပါဘူးကွာ၊ ထွန်းထွန်းက မွေးလာကတည်းက ကားနဲ့မွေးလာတဲ့လူပဲ၊ ကားမောင်းကျွမ်းတာမှ သိပ်ကို ကျွမ်းတယ်၊ နောက်ပြီး ထွန်းထွန်းနဲ့ မိငယ်ဟာ ရန်ကုန်မှာကတည်းက မေတ္တာရှိနေကြမှန်း ငါသိထားတာပဲ၊ အေးလေ ... နှလုံးသားကိစ္စဆိုတာက ခက်သားပဲ၊ ရန်ကုန်တုန်းက မိငယ် အကာပ်မခံပေမယ့် တောင်ကြီးရောက်တော့ စိတ်ပြောင်းပြီး အကာပ်ခံလိုက်တာ ဖြစ်မှာပေါ့ ... ဟဲ ဟဲ ဟဲ"

ကိုသက်ဦး၏ ရယ်သံမှာ မစိုပြည်ပါ။ သွေ့ခြောက်ခြောက်ရယ်သံကြီးမျိုး ဖြစ်ပါ၏။

ယနေ့နံနက်မှာပင် တောင်ကြီးရာသီဥတုသည် သာယာလှပါ၏။ နံနက်ခုနစ်နာရီမှာပင် မြူတိမ်ကင်းပြီး နေခြည်ဖြာနေသည်။

"ကဲ ... ကင်မရာတွေ မှန်ထိုးဖို့တွေ အားလုံးအသင့်ပြင်ထားကြပေတော့၊ သည်နေ့ နေသာပုံရတယ်၊ တစ်နေ့လုံး နေသာရင် အောက်ဒိုးတွေ သည်နေ့အပြီးရိုက်မယ်"

"ဟာ ... ဆရာသက်ဦး မင်းသားမှ မရှိတာ"

"လာမှာပါကွာ၊ မိငယ်ဟာ ထွန်းထွန်းနဲ့ ညအိပ်ခရီးထွက်ပေမယ့် သူ့ဦးလေးဒါရိုက်တာဆီကို ပြန်လာမှာ သေချာပါတယ်၊ မိငယ် ပြန်လာရင် မင်းသားလည်း ပါလာမှာပေါ့ကွာ"

ကိုသက်ဦးတွက်ကိန်း မှန်လှပါ၏။

နံနက်ရှစ်နာရီထိုးရန် ငါးမိနစ်အလိုမှာပင် ခြံထဲသို့ လင့်ရိဗာကား ဝင်လာပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဦးနှင့် တစ်ကွ ဝိုင်းတော်သားတွေသည် အောက်ထပ်ဧည့်ခန်းတွင် စုရုံးနေခိုက် ဖြစ်ပေသည်။ ဆင်ဝင်အောက်သို့ ကားရပ်ပြီးသည်နှင့် ထွန်းထွန်းသည် လက်ထဲတွင် စာချုပ်နှစ်စောင်ကိုင်ကာ ကားပေါ်မှ ဆင်းလာခဲ့သည်။

"အစ်ကိုရေ ... သည်မှာကြည့်"

ဧည့်ခန်းထဲရောက်သည်နှင့် သူ၏လက်ထဲမှ စာချုပ်နှစ်စောင်ကို ကိုသက်ဦးအား လှမ်းပေးလိုက်သည်။

"မနေ့က ရုံးချိန်အတွင်းမှာပဲ ကလောက တရားသူကြီးတစ်ဦးဆီမှာ ငယ်ငယ်နဲ့ ကျွန်တော် လက်ထပ်ခဲ့ကြတယ် အစ်ကိုဦး"

ကိုသက်ဦးက လက်ထပ်စာချုပ်နှစ်စောင်ကို ဖတ်ကြည့်သည်မျိုး မဟုတ်ဘဲ ထွန်းထွန်း ကျေနပ်အောင် ကြည့်သည့်သဘောဖြင့် ငုံ့ကြည့်ပြီး ...

"ကွန်ဂရက်ကျူးလေးရှင်း ထွန်းထွန်း မင်းနဲ့ မိငယ်က လက်ထပ်တာကို ငါက ဝုဏ်ပြုပါတယ်၊ ရန်ကုန်ရောက်မှ မင်္ဂလာဧည့်ခံပွဲ လုပ်ကြပေါ့ကွာ"

"ရွှေး ... ဟုတ်ပြီ။ ငယ်ငယ်ရေ ... လာ၊ ငယ်ငယ့်ဦးလေး ဒါရိုက်တာက ငယ်ငယ်ကို မဆူမကြိမ်းပါဘူးတဲ့၊ ကွန်ဂရက်ကျူးလေးရှင်းတဲ့၊ လာလေ"

မိငယ်သည် ကားပေါ်တွင်ထိုင်လျက်သား ကျန်ရစ်ခဲ့ပေသည်။ သူမ၏ဦးလေးဒါရိုက်တာကို မျက်နှာချင်းဆိုင်ရန် ရွံ့ကြောက်နေဟန် တူပါ၏။



ထွန်းထွန်းက လှိုက်လှိုက်လှဲလှဲ အားရပါးရခေါ်သံကြားမှ တံခါးဖွင့် ဆင်းလာသည်။

မိငယ်ကို ကြည့်ရသည်မှာ အသစ်ကျပ်ချွတ် သတို့သမီး ဖြစ်စေကာမူ တက်တက်ကြွကြွမရှိ။ လှုပ်လီလှုပ်လဲ့ဖြင့် ဖြည်းလေးစွာပင် တစ်လှမ်းချင်း လျှောက်လာသည်။

ထွန်းထွန်းက ဧည့်ခန်းတံခါးဝ လှေကားထစ်အထိဆင်းကာ ...

"လာ ... ငယ်ငယ်"

ဟု လက်တွဲလိုက်သည်။

"အို ... နေစမ်းပါ"

မိငယ် လာတွဲသော ထွန်းထွန်း၏လက်ကို ပုတ်ဆုတ်ပစ်လိုက်သည်။

ဝိုင်းတော်သားတွေသည် မတိုးမကျယ် ရယ်မောမိကြသည်။ မိငယ် မျက်နှာလေး ညှိုးနွမ်းခြင်း၊ သွက်လက်မှုနည်းပါးသွားခြင်းနှင့် ထွန်းထွန်း တွဲသည်ကို အတွဲမခံဘဲ ပုတ်ထုတ်ခြင်းတို့မှာ အစိမ်းသက်သက်မလေးမို့ အရှက်အကြောက်ကြီးနေသည်ဟုပင် ထင်မှတ်မိကြပေသည်။

မိငယ်သည် သူ့ဟာသူပင် ကိုသက်ဦးရှေ့ ထွက်လာရပ်သည်။

ကိုသက်ဦး၏မျက်နှာကို မိငယ် သေချာကြည့်သည်။

ဦးလေးဒါရိုက်တာ၏ မျက်တွင်းတွေသည် သိသိသာသာကြီး ကျနေသည်။ နားထင်လည်းချိုင့်ပြီး မျက်လုံးတွေ ပါကျင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိငယ် သေချာစွာ နားလည်လိုက်ပါ၏။ ဦးလေးဒါရိုက်တာသည် ညက တစ်ညလုံး တစ်မှေးမျှ မအိပ်နိုင်ကြောင်း သိသာလှသည်။

"ဟေး ... လာ မိငယ်၊ လက်ထပ်စာချုပ်တွေ ဦးလေး ကြည့်ပြီးပြီ၊ ကောင်းတယ်၊ ကောင်းတယ်၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်ကြတာပဲ၊ ကွန်ဂရက်ကျူးလေးရှင်း မိငယ်၊ ရန်ကုန်ရောက်ရင် မင်္ဂလာဧည့်ခံပွဲ လုပ်ကြတာပေါ့၊ ဦးလေးက သတို့သမီးရဲ့အုပ်ထိန်းသူအဖြစ်နဲ့ ဧည့်ခံပွဲလှလှပပ လုပ်ပေးမယ်"

ဦးလေးဒါရိုက်တာသည် ပြုံးပြီး ရယ်ပြီး ပြောနေခြင်း ဖြစ်ပါ၏။ သို့တစေ ဦးလေးဒါရိုက်တာ၏ မျက်လုံးတွေကို မိငယ်သည် သိပ်နားလည်သည်။ ဦးလေးဒါရိုက်တာက သွားဖြူပုလဲတန်းနှင့် သွားစွယ်လေးနှစ်ချောင်း ပေါ်သည်အထိ ပြုံးကာ ရယ်ကာ ပြောနေစေကာမူ ဦးလေးဒါရိုက်တာ၏ မျက်လုံးတွေက သေနေသည်။ စင်းနေသည်။

ဦးလေးဒါရိုက်တာသည် ဟန်ဆောင်နိုင်သလောက် ဟန်ဆောင်နေလေပြီမှန်း မိငယ် ကောင်းကောင်းကြီးသိသည်။

ဦးလေးဒါရိုက်တာ အရက်မသောက်။

ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်သော တောင်ကြီး ဤအိမ်တွင် ဦးလေးဒါရိုက်တာ အမူးလွန်လျှင် လူကြားလို့မကောင်း။

ပြီး တောင်ကြီးရောက်ကတည်းက အရက်သောက်ခြင်းမရှိပါဘဲလျက် မိငယ် လင်နောက်လိုက်သွားသော နေ့ကျမှ ကိုသက်ဦး အရက်တွေတအားမူးလျှင် ဝိုင်းတော်သားတွေက ဘယ်လိုဝေဖန်ကြလိမ့်မည်နည်း။



ဦးလေးဒါရိုက်တာကို စိုက်ကြည့်ရင်း ဦးလေးဒါရိုက်တာ၏ နှုတ်ခမ်းထောင့်စွန်းလေးနှစ်ဖက် တဆတ်ဆတ်တုန်နေသည်ကိုလည်း မိငယ် မြင်နေမိပြန်သည်။

မိငယ် ရင်ထဲဆို့တက်လာသည်။ ဟန်မဆောင်နိုင်တော့။

"အို ... ဦးလေးဒါရိုက်တာရယ်၊ မိငယ်ကို ရိုက်ပစ်လိုက်စမ်းပါ"

ဟုပြောရင်း ငိုချလိုက်သည်။ ကြမ်းပေါ်တွင် ဒူးထောက်ချကာ သူမ၏ဦးခေါင်းနှင့် ကိုသက်ဦး ခြေသလုံးနှင့်ဒူးကို ပွတ်တိုက်နေသည်။

"ဟဲ့ ... သည်ကောင်မလေး ရူးနေလား၊ သည်လိုအချိန်ဟာ အင်မတန် ပျော်ဖို့ကောင်းတဲ့ အချိန်ဟဲ့၊ မိငယ်ကို ဦးလေး ဘာမှအပြစ်မပြောဘူး၊ ရန်ကုန်ကျရင် ထွန်းထွန်းမိဘတွေနဲ့ တိုင်ပင်ပြီး မင်္ဂလာဧည့်ခံပွဲလုပ်ပေးမယ်"

ကိုသက်ဦးသည် ရယ်သွမ်းသွေးကာ ပြောရင်း တဆက်တည်းမှာပင် သူ၏ဝိုင်းတော်သားများဆီသို့ ဆက်ပြောလိုက်သည်။

"ကဲ ... လုပ်ကြဟေ့၊ နေသာတုန်း ရိုက်ရအောင်၊ ထွန်းထွန်းလည်း အဝတ်အစားတွေ ဘာတွေ သွားလဲ၊ သည်နေ့ အပြတ်ရိုက်မယ်"

ပြီး ကိုသက်ဦးသည် မိငယ်၏ဦးခေါင်းကို ဖွဖွလေး တစ်ချက် နှစ်ချက် ပွတ်သပ်ပြီး မသိမသာ မိငယ်အပါးမှ ခွာကြဉ်ထွက်ခွာလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ပိုင်းတော်သားတွေဆီ လှမ်းမပြော အလုပ်ထဲသို့ အာရုံမပြောင်းပါလေလျှင် မိငယ် ငိုရှိုက်သည်နှင့် အတူ ကိုသက်ဦး မျက်ရည်ကျမိလေတော့မည်။

ဦးလေးဒါရိုက်တာ ဖယ်ကြဉ်သွားရာ ကျောပိုင်းကို မိငယ် ငေးကြည့်နေရင်း စိတ်ထဲမှ ...

"တစ်နေ့ကျရင် မိငယ် ဘာလို့ ထွန်းထွန်းကို လက်ထပ် တယ်ဆိုတာ ဦးလေးဒါရိုက်တာ သိမှာပါ"

ဟု ရေရွတ်နေလိုက်မိတော့သည်။

✤ ✦ ✤



## အခန်း(၁၆)

သားသမီးအပေါ် ချစ်လွန်းသောနှင့်၊ သားသမီး အပေါ် စေတနာလွန်ကဲလွန်းသော မိဘတိုင်းသည် ဤပုံစံအတိုင်း ဖြစ်တတ်လေသည်လား မပြောတတ်။

သားလူပျို ကျောင်းသားဘဝက ထွန်းထွန်းအား ဘာမဆို အလိုလိုက်ခဲ့သော ထွန်းထွန်း၏မိနှင့်ဖသည် မိငယ်အား ထွန်းထွန်း တရားဝင်လက်ထပ်ပြီးကြောင်း ကြားသိလိုက်သည် နှင့် ဖခင်ဖြစ်သူက လက်သီးလက်မောင်းတန်းကာ ဒေါ်ပွသည်။

မိခင်ဖြစ်သူက ဝမ်းနည်းပက်လက် တအားကြီးငို ရင်းက တက်သွားသဖြင့် ဆရာဝန် ချက်ချင်းခေါ်ယူကုသရသည်ကို ထွန်းထွန်း မျက်မြင်ဖြစ်ရတော့သည်။

ရန်ကုန်မှ ဟဲဟိုးသို့ လက်မှတ်ယူစဉ်ကတည်းက အသွားအပြန်အတွက် တစ်ခါတည်း ယူသည်မို့ တောင်ကြီးတွင် သက်စသတ်ရိုက်ပြီး နောက်တစ်ရက်ခြားမှာပင် ရန်ကုန်ပြန်ရန် လေယာဉ်လက်မှတ် ရရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်ပြီး ခနီးမိငယ်နှင့်အတူ ထွန်းထွန်းသည် ကိုသက်ဦးတို့အိမ်သို့ လိုက်ပါခဲ့ပြီး ညနေစောင်း၌ သူ၏ မိဘအား အကျိုးအကြောင်း နားဖောက်မည်ဟုဆိုကာ ကိုသက်ဦး၏လေးဘီးကားလေးကိုယူကာ မောင်းထွက်သွားပေတော့သည်။

ဖေဖေနှင့် မေမေသည် သားထွန်းထွန်း နယ်ထွက်ရုပ်ရှင်ရိုက်တာမှ ပြန်လာပြီဟူ၍ ဝမ်းသာအားရ ကြိုဆိုကြသည်။

ညှော်ခန်းတွင် ဟေးလားဝါးလား ပြောနေရာမှ ထွန်းထွန်းသည် ရုပ်ရှင်မင်းသမီးသစ်လေး ငယ်ငယ် မည်မျှလှကြောင်းနှင့် ရုပ်ရှင်ရိုက်တာတွင် မည်မျှတော်ကြောင်း ပဏာမခံလိုက်သည်။

ဒါရိုက်တာအစ်ကိုဦးက ဤတစ်ကားတည်းနှင့်ပင် ငယ်ငယ်ရော ထွန်းထွန်းပါ ထိပ်တန်းဇာတ်ဆောင်အထိ မျှော်မှန်းနိုင်ကြောင်းတွေကိုလည်း ပြောပြသည်။

ငယ်ငယ့်အား ဒါရိုက်တာ အစ်ကိုဦးက တူမရင်းတစ်ယောက်လို စေတနာထား မွေးထားကြောင်းတွေလည်း ပြောပြသည်။

"အစ်ကိုဦးကပြောတယ် ဖေဖေ၊ ငယ်ငယ့်မှာ ပင်ကိုဗီဇအနုပညာရှိနေတယ်တဲ့၊ အတတ်ပညာပိုင်းကျတော့လည်း ဒါရိုက်တာ သင်ပေးတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာသင်ယူနိုင်တာမို့ သည်ကောင်မလေးဟာ သည်ဇာတ်ရုံတင်ပြီးတာနဲ့ တစ်ရှိန်ထိုး တိုးတက်လိမ့်မယ်တဲ့၊ တက်မှာမှ ထိပ်တန်းဇာတ်ဆောင် အဆင့်အထိ တက်မယ်လို့ အစ်ကိုဦးက တွက်ဆမျှော်မှန်းထားသတဲ့"



"ဟုတ်တယ်သား၊ အဲဒါမျိုးတွေ ဖေဖေ နိုင်ငံခြားရုပ်ရှင်စာစောင်တွေမှာ မကြာခဏ ဖတ်ဖူးတယ်၊ ဟောလီဝုဒ်က ဝါရင့်ရုပ်ရှင်ဒါရိုက်တာကြီးတွေ၊ ဝါရင့်ပရိုဂျူဆာကြီးတွေဟာ ခုနက သားပြောသလို ပင်ကိုဗီဇအနုပညာရှိနေတတ်တဲ့ အရွယ်ကောင်း ဇာတ်ဆောင်သစ်တွေကို အပင်ပန်းခံပြီး လူစည်ကားတဲ့ ဈေးတွေ၊ ဟိုတယ်တွေ၊ သဘောၤဆိပ်တွေ၊ ဘူတာရုံတွေ စတဲ့နေရာမျိုးတွေမှာ မသိမသာ ထောင့်တစ်နေရာမျိုးက အချိန်ကုန်ခံပြီး ထိုင်ကြည့်ရင်း ရှာဖွေတတ်သတဲ့ ...

"အဲသည် ဝါရင့်ဆရာကြီးတွေပြောတဲ့ အာဘော်ကတော့ လူရယ်လို့ဖြစ်လာပြီး အရွယ်ရောက်လာကြရင် အဲသည်အရွယ်ရောက်တဲ့ လူရွယ်လေးတွေမှာ သာမန်ဆိုတဲ့ လူစားမျိုးလေးတွေ ရှိသလို ထူးခြားဆိုတဲ့ လူစားမျိုးလေးတွေလည်း ရှိတတ်ကြတယ်တဲ့ ...

"အေး ... သာမန်တွေကတော့ နေရာအနှံ့အပြားမှာ တွေ့နေကြပေါ့ကွာ၊ ဒါပေမဲ့ ထူးခြားဆိုတာလေးတွေကတော့ သိပ်ရှားပါးတတ်တယ် ဆိုပဲ ...

"ဒါကြောင့် သူတို့ဆီမှာ အနိမ့်ဆုံး စာပို့လုလင်ပို့စမင်းက မင်းသား ဖြစ်လာတာတွေ၊ မြင့်မားတဲ့ ပရော်ဖက်ဆာကနေပြီး ရုပ်ရှင်မင်းသား ဖြစ်လာတာတွေ ရှိနေကြတာပေါ့ ...

"အဲ ... တစ်ခုတော့ ရှိတယ်၊ သူတို့ဆီက လူတွေဟာ ယေဘုယျအားဖြင့် အနည်းဆုံး အခြေခံပညာရေး

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းလောက်တော့ တတ်တဲ့ လူချည်းပေါ့ကွ

ဒါထက် မောင်သက်ဦးရဲ့ မင်းသမီးငယ်ငယ်ကော ဘယ်

အထန်းထိ စာသင်ခဲ့ဖူးသလဲတဲ့ သား"

"ရှစ်တန်းအထိတဲ့ ဖေဖေ၊ မိဘက လက်လုပ်လက်စားတွေ

ဖြစ်တဲ့အပြင် ဖအေကလေဖြတ်၊ မအေက နောက်အိမ်

ထောင်ပြုဆိုတော့ ငယ်ငယ်ဟာ ကျောင်းဆက်နေခွင့်မ

ရှာဘူး၊ အသက်ဆိုလည်း အခုမှ တစ်ဆယ့်ခုနစ်နှစ်သား

သာ တစ်ဆယ့်ရှစ်ထဲ ဝင်စပဲ ရှိသေးတယ်လေ"

"ဩော် ... ဩော် ... သနားစရာလေးပဲ၊ ဒါပေမဲ့ သူ့မှာ

ပင်ကိုအနုပညာစိတ်လည်း ရှိတယ်၊ မောင်သက်ဦးတို့

ဒါရိုက်တာကလည်း သေချာသင်ပေးတယ်ဆိုရင် သည်

ကလေးမ မကြာခင် တိုးတက်ကြီးပွားရှာမှာပါ"

"ဟုတ်တယ် ဖေဖေ၊ အစ်ကိုဦးက သည်ကားရုံတင်ပြီးသွား

အခါ အကျိုးရှိရင် ရှိသလောက် ချီးမြှင့်မယ်တဲ့၊ နောက်

ထပ် ဆက်တိုက်ရိုက်ဖို့လည်း အစ်ကိုဦး အားသန်နေ

တယ်"

"ကောင်းတာပေါ့ကွာ၊ ဒါဆို သည်မိန်းကလေးအတွက်

အလားအလာ သိပ်ကောင်းတာပေါ့"

ထွန်းထွန်းသည် ဤမျှလောက် ငယ်ငယ်နှင့်ပတ်သက်ပြီး မြေတောင်မြှောက်စကားတွေ ပြောပြီးလျှင် မိမိတို့အကြ မှန်ကို ပြောပြသင့်ပြီဟု စဉ်းစားနေသည်။

ဖေဖေသည် နိုင်ငံခြားစာအုပ်တွေလည်း ဖတ်သည် ရုပ်ရှင်လည်း ဝါသနာပါသည်။ ထို့ကြောင့် ယခု ထွန်းထွန်း



နေသည်တို့မှာ သဘောရိုးနှင့် ပြောနေသည်ထင်ကာ မေမေက သူ့လေ့လာချက်တွေကို ပြန်၍ အားတက်သရော ပြောနေသည်။

မေမေကတော့ တစ်လုံးမျှ ဝင်မပြောသေး။

ဖအေနှင့်သား ပြောသည်များကို ဆိတ်ငြိမ်စွာပင် နားထောင်နေသည်။ မေမေ၏နဂိုအကျင့်ကိုကပင် သူများပြောသော စကားတွေကို ဆိတ်ငြိမ်စွာ နားထောင်လေ့ရှိတတ်ပြီး သူမအနေနှင့် ဘယ်လိုမျှ မပတ်သက်လျှင် အလွန်ယဉ်ကျေးစွာ "ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"ဟု လိုက်၍ပြောတတ်သည်။

မေမေကိုယ်တိုင် စိတ်ဝင်စားသော ဘာသာရပ်နှင့် ပတ်သက်သော စကားတွေဖြစ်လာလျှင်မူ မေမေက အားတက်သရော ပြန်လည်ဆွေးနွေး ပြောဆိုတတ်သော အကျင့်ရှိပါ၏။

ထို့ကြောင့်လည်း ဖေဖေနှင့်မေမေ ဆက်ဆံလေ့ရှိသော ပတ်ဝန်းကျင်က ဖေဖေ့ကို နှုတ်ဖွာသည်ဟုပြောပြီး မေမေ့ကိုတော့ နှုတ်ဆိတ်သည်ဟု ပြောလေ့ရှိခဲ့ကြသည်။

ယခုလည်း ဖအေနှင့်သား အပြန်အလှန်တွေ ပြောပြီးသည့်အဆုံးတွင် မေမေက ဝင်ရောက်လာတော့သည်။

"နေပါဦး သား၊ အခု သားအဖ ပြောသမျှတွေ မေမေနားထောင်ကြည့်နေတယ်၊ သားပြောသမျှထဲမှာ ရုပ်ရှင်မင်းသမီးလေး ငယ်ငယ် အောင်မြင်တဲ့ အကြောင်းတွေ များလွန်းနေတယ် ထင်တယ်၊ မေမေ ကြားချင်တာက သူများအကြောင်း မဟုတ်ဘူးသား၊ ငါ့သား ထွန်းထွန်း ဘယ်လောက်အောင်မြင်တယ်ဆိုတာကိုသာ ကြားချင်တာ"

"သားလည်း အောင်မြင်ပါတယ် မေမေ၊ ဒါပေမဲ့ ငယ်ငယ့်ကိုတော့ မမီပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်ကွယ့် သား၊ သားက ပညာတွေအများကြီးတတ်ထားတယ်၊ နိုင်ငံခြားရုပ်ရှင်စာအုပ်တွေ စာစောင်တွေ အမြဲဖတ်နေတယ်၊ ဒါတောင် ရှစ်တန်းကျောင်းသူလေးလောက်မှ သားက မအောင်မြင်ဘူးတဲ့လား"

"သည်လိုပြောလို့ ဘယ်ရမလဲ မေမေ၊ အနုပညာဆိုတာက ခက်သားပဲ၊ စာတွေ့တွေ၊ ငါတွေ့တွေ ဖတ်ကြည့်၊ အားကထိုင် လေ့လာကြည့်ပြီး ကိုယ့်စိတ်ထဲ ရင်ထဲ သည်နေရာမှာ သည်လိုလုပ်သင့်တယ်လို့ သဘောတွေ ဘယ်လောက်ပေါက်ထားထား၊ လက်တွေ့ကင်မရာရှေ့မှာ ရိုက်ကြည့်တော့ စာတွေ့တွေ၊ ငါတွေ့တွေနဲ့ ငါသဘောပေါက်ထားတာတွေခြား၊ ကိုယ့်ရဲ့လုပ်ဆောင်မှုကတခြား ဖြစ်သွားတတ်တာတွေ အများကြီးရှိတယ် မေမေ"

"အေးလေ ... ဒါမျိုးဆိုတာက ပါရမီလည်း ရှိသေးတာကိုး"

စကားဝိုင်းသည် ခေတ္တငြိမ်သွားသည်။

ထွန်းထွန်း ချီတုံချတုံဖြင့် တကယ်တမ်း ဖွင့်ပြောရမည်ကို ဝန်လေးနေဟန်တူသည်။

သား၏အရိပ်အကဲကို ခတ်နေသော အကင်းပါးလှသည့် ဖေဖေက ကောက်ကာငင်ကာ မေးလိုက်သည်။

"သားမှာ တစ်ခုခုတော့ ပြောစရာရှိနေပြီ ထင်တယ်၊ ဖေဖေကြည့်နေတယ်၊ သား အိမ်ကိုပြန်လာတာ သွားတုန်းကယူသွားတဲ့ အဝတ်အစားသေတ္တာ ပါမလာခဲ့ဘူး၊ နောက်ပြီး သားအနေနဲ့ အိမ်ကကားကို ဖုန်းဆက်ခေါ်ယူနိုင်သားနဲ့ မောင်သက်ဦးရဲ့ကားကို ယူလာတယ်၊ ဘာလဲ ... ရိုက်



ကွင်းရိုက်ကွက်တွေ မပြီးသေးလို့ ဆက်တိုက် နယ်ထွက်စရာရှိနေသလား၊ အဲသည်လို ခရီးထွက်ရမယ့် ကိစ္စအတွက်ပဲ ဖေဖေတို့ကို ခွင့်ပန်ဖို့ ဝန်လေးနေသလား သား"

"မဟုတ်ပါဘူး ဖေဖေ"

"ဒါဖြင့် ..."

ဖေဖေသည် ဒါဖြင့် ... ဟုသာ ပြောပြီး မျက်ခုံးနှစ်ဖက်ကို ပင့်တင်လိုက်သည်။

အဓိပ္ပာယ်မှာ ဒါဖြင့် သားမှာ တခြားဘာပြောစရာရှိသလဲဟု ပြန်မေးသည်မှာ ဖေဖေ၏ မျက်ခုံးနှစ်ပက်ပင့် အမူအရာနှင့်ပင် ပေါ်လွင်နေပါ၏။

ထွန်းထွန်းသည် တံခနဲ စိတ်ကိုဆုံးဖြတ်လိုက်ပြီး သူ၏အိတ်ထဲတွင် အချိုးညီညီခေါက်ထည့်ခဲ့သော လက်ဆပ်စာချုပ်ကို ထုတ်ယူလိုက်သည်။ အခေါက်များကို အရွက်ပြန့်ထိဖြေလိုက်ပြီးနောက် ဖေဖေ့ထံသို့ လှမ်းပေးလိုက်သည်။

"အဲဒါပဲ ဖေဖေ၊ သားအခြေအနေ အဲသည်အတိုင်းပါပဲ၊ အဲဒါကိုပဲ သားမှာ ဖေဖေနဲ့ မေမေကို အပြောရခက်နေလို့"

ဖေဖေသည် စာချုပ်နှစ်စောင်စလုံးကို ယူလိုက်ပြီး အပေါ်စာချုပ်ကို ဖတ်ကြည့်သည်။

စာတစ်ကြောင်းပြီးတစ်ကြောင်း ဖတ်ရာမှ ဖေဖေ၏ မျက်မှောင်သည် ကုတ်သည်ထက် ကုတ်လာသည်။

ဖေဖေ၏နှုတ်ခမ်းစုံသည် အလိုလို စေ့တင်းသွားသည်။ ဖတ်၍ပြီးဆုံးသွားသည်နှင့် မေမေ့လက်သို့ စာချုပ်တွေကမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပေါ့ကွာ၊ မင်းရဲ့သားတော်မောင် အလိမ္မာတုံးလေ၊ မင်းသမီးသစ် ငယ်ငယ်နဲ့ ကလောမြို့က တရားသူကြီးဆီမှာ တရားဝင်လက်ထပ်ခဲ့ပြီတဲ့လေ"

"အို ... မဟုတ်တာ"

မေမေ၏ အလန့်တကြားအော်သံ ထွက်လာပေတော့သည်။ မေမေသည် စာချုပ်ကို ကမန်းကတန်း ကောက်ယူဖတ်ရှုသည်။

"အမယ်လေး ... သားရယ်၊ ဖြစ်မှဖြစ်ရလေ"

မေမေ အော်ဟစ်ပြီး ရှိုက်ငိုစပြုပေပြီ။ ဖေဖေသည် ဆိုဖာထိုင်ခုံမှာ မတ်တတ်ရပ်ရာမှ လက်နှစ်ဖက်ကို နောက်ပစ်ပြီး ဧည့်ခန်းကျယ်ကြီးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပေသည်။

"မင်းကို ငါမေးမယ် ထွန်းထွန်း၊ မင်း မှန်တဲ့အတိုင်း တစ်လုံးမကျန် ဖြေစမ်း၊ ငယ်ငယ် ဆိုတဲ့ မိန်းကလေးဟာ ဘယ်သူ့သမီးလဲ"

"သူ့အဖေ ဦးလူအေးတဲ့"

"ဦးလူအေးက ဘာအလုပ်အကိုင် လုပ်သလဲ"

"ရောဂါသည်ပါ ဖေဖေ၊ ဦးလူအေး လေဖြတ်ပြီး ခြေတစ်ဖက် လက်တစ်ဖက် ချိသွားလို့ အစ်ကိုဦး ကိုယ်တိုင်က ခေါ်လာပြီး ရန်ကုန်မှာ ဆေးကုပေးထားရှာတာပါ"

"ဆေးကုပေးထားရှာတာပါ ... ဟုတ်လား၊ ဟဲ ဟဲ ... ငါ့သား ထွန်းထွန်း ပြောတဲ့လေသံက လေဖြတ်နေတဲ့ ဦးလူအေး ယောက္ခမကြီး အပေါ်မှာတောင် ကရုဏာသံတွေ



ပွဲတင်ထပ်လို့ပါလားကွ၊ ကောင်းပြီ၊ လူတွေမှာ အသက်ကြီးလာရင် လေဖြတ်ချင် ဖြတ်မယ်ပေါ့ကွာ ...

"အဲသည် ဦးလူအေးဟာ လေမဖြတ်ခင်ကကော ဘာအလုပ်အကိုင် လုပ်ခဲ့သလဲ၊ ဘယ်ရုံးမှာ ဘယ်လိုအရာရှိ လုပ်ခဲ့သလဲ၊ ဒါမှမဟုတ် ဘယ်လိုကုန်သည်ပွဲစားမျိုးရိုးတဲ့လဲ သား"

"ဟာ ... ဖေဖေကလည်း"

"ငါမေးတာသာကိုသာ ဖြေပါ သား၊ အရွယ်ရောက်လာကြတဲ့ သားနဲ့သမီး လက်ထပ်ကြပြီဟေ့ဆိုရင် သားရှင်က ဘယ်သူဘယ်ဝါ၊ သမီးရှင်က ဘယ်သူဘယ်ဝါဆိုတာမျိုးလည်း သိကြရမယ်ကွ၊ သားက ဘယ်လိုအရည်အသွေးတွေရှိပြီး သမီးက ဘယ်လိုအရည်အသွေးတွေ ရှိတယ်ဆိုတာလည်း လိုအပ်တယ် သား၊ ဒါမှ ဖိတ်စာရိုက်လို့ရတယ်ကွ၊ ဟိုဘက်သည်ဘက် ညီမျှမှုဆိုတာတွေ ရှိမှ တင့်တယ်တယ်၊ မင်္ဂလာပွဲကို နှစ်ဖက်မိဘက ကျင်းပပေးနိုင်တာကွ"

"အဲဒါဆိုရင်တော့ သားနဲ့ ငယ်ငယ်အတွက် မင်္ဂလာဖိတ်စာ ရိုက်စရာ မရှိဘူး ဖေဖေ"

"ဆို ... ဆက်ဖြေလေ ထွန်းထွန်း"

"ငယ်ငယ်ရဲ့ဖေဖေ ဦးလူအေးဟာ လေဖြတ်တဲ့ရောဂါမရခင်ကတည်းက ဆိုက်ကားနင်းတဲ့ ဆိုက်ကားဆရာပါ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"အံမာမင်း ... ကြီးကျယ်လိုက်တဲ့ ဆွေမျိုးကြီးပါလား"

မေမေသည် ငိုရှိုက်ရင်း ရင်ဘတ်ထုပြီး ပြောလိုက်ပြန်ပါ၏။

"ဖအေက ဆိုက်ကားသမား၊ နို့ ... ငယ်ငယ်ရဲ့မေမေကကော့ကွာ"

ထွန်းထွန်း ခေါင်းကုတ်ရပေပြီ။

"ဖြေလေကွာ"

"ငယ်ငယ့်မှာ မအေမရှိတော့ဘူး"

"ဟေ ... သေသွားပြီလား"

"သေသွားတာတော့ မဟုတ်ဘူး၊ ဦးလူအေး လေဖြတ်တော့ ငယ်ငယ့်အမေက နောက်အိမ်ထောင် ပြုသွားတာတဲ့"

"အံမယ်လေး ... သားရယ်"

ဟု မေမေ့ထံမှ ညည်းညူသံကြားရပြီး အင့်ခနဲ အသံတစ်ချက်ထွက်၊ မေမေသည် လက်ကွေးခြေကွေးဖြင့် ဆိုဖာပေါ်မှ အောက်သို့ပြုတ်ကျသွားတော့သည်။

"ဟာ ... ဟေး ... လုပ်ကြပါဦး၊ တက်သွားပြီ၊ တက်သွားပြီ၊ ဟော့ကောင် ထွန်းထွန်း ဒေါက်တာ့ဆီ ဖုန်းဆက်စမ်း၊ အမြန်ဆုံး လာခဲ့ပါလို့"

ဖေဖေသည် မေမေ့ကို အတင်းပွေ့ထားသည်။ မီးဖိုထဲမှ ဒေါ်ဖွား ပြေးထွက်လာသည်။ ဒေါ်ဖွားသည် အတော်အသင့် အနှိပ်အနင်းတတ်သည်။ အကြောနားလည်ဟန်တူသည်။ မေမေ၏ဒူးကြောနှင့် ခြေမျက်စိကြောကို နှိပ်သည်။



ဒေါက်တာ့ဆီ ဖုန်းဆက်ပြီးသည်နှင့် ထွန်းထွန်း မေမေ့ထံသို့ ပြန်ပြေးလာသည်။ မေမေ၏ အတင်းတုတ်ထားသော လက်ချောင်းတွေကို ထွန်းထွန်း အင်အားနှင့် ဖြေနေသည်။

ဒေါ်ဖွား၏ အကြောနားလည်မှုကြောင့်ပဲ ထင်ပါ၏။ ငါးမိနစ်ခန့် အတွင်းမှာပင် မေမေသည် ဟင်းခနဲ သက်ပြင်းကြီး တစ်လုံးနှင့်အတူ အတက်ကျသွားသည်။

မျက်လုံးမဖွင့်ဘဲ ဖေဖေ၏ လက်မောင်းထဲမှာပင် မှေးနေသည်။ ဒေါ်ဖွားက မေမေ့နှာဝသို့ သွေးဆေးပွတ်ပေးပြီး မေမေ၏ ဆံပင်ကို ဖြေချကာ ယပ်ထိပ်ကို ယပ်ခတ်ပေးထားသည်။

မေမေ့အဖြစ်ကိုကြည့်ကာ ထွန်းထွန်း မျက်ရည်ကျရတော့သည်။

မိမိအနေနှင့် ငယ်ငယ့်ကို လက်ထပ်မိသည်မှာ မှားသွားပြီလားဟုလည်း စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်လာရသည်။

ဒေါက်တာရောက်လာပြီ ဖြစ်ပါ၏။

ဖေဖေနှင့် ထွန်းထွန်း တွဲပိုးပြီး မေမေကို အိပ်ရာထက်သို့ ပို့ပေးရသည်။ ဒေါက်တာစမ်းသပ်ပြီးနောက် စိတ်ငြိမ်ဆေးနှင့် အိပ်ဆေးတွဲဖက်ကာ သောက်စေသည်။

နာရီဝက်ခန့်တွင် မေမေ အိပ်ပျော်သွားသည်။ ဧည့်ခန်းသို့ ဆရာဝန်နှင့်အတူ ဖေဖေရော ထွန်းထွန်းရော လိုက်ပါလာသည်။

ဆရာဝန်က ဖေဖေ့ကို ပြောပါ၏။

"နက်ဖြန်ကာလောက်ကျရင် အန်ဝဒ်ိဂိုကို အီးစီဂျီစမ်းသပ်ကြည့်သင့်တယ်၊ အခု နားကြပ်နဲ့စမ်းသပ်ကြည့်သလောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ မတွေ့ဘူးဆိုပါတော့၊ နှလုံးရောဂါဆိုတာက ဖြစ်ကာစဆိုရင် အီးစီဂျီနဲ့စမ်းမှ သိနိုင်တယ်ပေါ့ဗျာ"

ဖေဖေရော ထွန်းထွန်းရော ဆရာဝန်၏မှတ်ချက်အတွက် ရင်မောရပေသည်။

ဆိုသည်မှာ နှလုံးရောဂါ စတင်ပြီး ဖြစ်နေမဖြစ်နေကို စက်ဖြင့်စမ်းသပ်ခြင်း ဖြစ်ပါ၏။

မည်သို့ပင်ဖြစ်စေ မေမေ့တွင် နှလုံးရောဂါများဖြစ်လာလျှင် ထွန်းထွန်း၏တာဝန် ဖြစ်တော့မည်။ ထွန်းထွန်း၏ ပယောဂ ဖြစ်တော့မည်။

ဆရာဝန်ပြန်သွားသောအခါ ဖေဖေသည် ထွန်းထွန်းအား တောက်ပစူးရှသောအကြည့်ဖြင့် တစ်ချက်ကြည့်ပြီး သံပြတ်နှင့် ပြောလိုက်၏။

"အိမ်မှာ မအေရော ဖအေရော မင်းကြောင့် ဘယ်လောက်စိတ်ထိခိုက်ရတယ်ဆိုတာ မင်းအမြင်ပဲ ထွန်းထွန်း၊ မင်းကို ငါ တစ်ခွန်းတည်းပဲပြောမယ်၊ ငါ့မှာ သားပဲရှိရမယ်၊ ချွေးမ မရှိစေရဘူး၊ မင်းတစ်ယောက်တည်း ငါ့အိမ်ပြန်လာရင် ငါ့သားဟာ ငါ့သားပဲ၊ ငါ့သားကို အချိန်မရွေး လက်ခံတယ်၊ အေး ... ဒါတောင်မှ မင်းက မင်းကောင်မလေးကို မခွဲခွာနိုင်ပါဘူးဆိုရင် ငါ့အိမ်ကို မင်း ဘယ်တော့မှ မလာနဲ့တော့၊ ဒါပဲ"

ဖေဖေသည် နောက်သို့ တစ်ချက်မျှလှည့်မကြည့်တော့ဘဲ မေမေရှိရာ အိပ်ခန်းထဲသို့ ဝင်သွားသည်။ အိပ်ခန်းတံခါးကိုလည်း ပိတ်ပစ်လိုက်တော့သည်။



ထွန်းထွန်းသည် ဆိုဖာပေါ် ပစ်ထိုင်ချလိုက်သည်။ ဖွင့်ထားသော ပြတင်းပေါက်တွေမှ လေတိုးတိုင်း စားပွဲပေါ်ရှိ လက်ထပ်စာချုပ်နှစ်စောင်မှာ တဖျပ်ဖျပ် လှုပ်ရှားနေကြပါ၏။

ထွန်းထွန်းက လက်ထပ်စာချုပ်နှစ်စောင်ကို ကောက်ယူလိုက်သည်။ လက်ထပ်စာချုပ်တွင်ပါရှိသော နေ့စွဲဆီသို့ မျက်စိရောက်သွားသည်။

"ဩော် ... ငယ်ငယ်နှင့် ညားကြသည်မှာ ယနေ့အထိ သုံးရက်မျှသာ ရှိပါသေးလား"

ငယ်ငယ်နှင့် လက်ထပ်ပုံ လက်ထပ်နည်းကို ထွန်းထွန်းသည် ယခုမှ ပြန်တွေးကြည့်မိသည်။

ဖြုန်းစားကြီးမှ တကယ့်ဖြုန်းစားကြီး။

ငယ်ငယ့်ကိုလည်း ထွန်းထွန်းသည် နားမလည်နိုင်အောင်ဖြစ်ရသည်။

စိတ်ပြောင်းမည့် ပြောင်းတော့လည်း ငယ်ငယ်သည် တအံ့တသြ ဖြစ်ရလောက်အောင်ပင် စိတ်ပြောင်းပုံ မြန်လှသည်။

ငယ်ငယ့်ကို အခွင့်သင့်တိုင်း ထွန်းထွန်း ချဉ်းကပ်ခဲ့သည်။ ငယ်ငယ်က လက်ထပ်ဖို့ နေနေသာသာ တုံ့ပြန်မှုလေးပင်မပြုခဲ့ဘဲ ခေါင်းမာထားသည်။ တောင်ကြီးမှ လင့်ရှိဗာနှင့် ထွက်လာသည့်နေ့တွင် ထုံးစံအတိုင်း ထွန်းထွန်းက ငယ်ငယ့်အား ချစ်ခင်ကြောင်းတွေ ပြောပြသည်။

"ဒါဆိုရင် သည်လိုလုပ်လေ ကိုထွန်းထွန်း၊ မိငယ်ကို အခုပဲ ကိုထွန်းထွန်း လက်ထပ်မလား၊ ရဲစခန်းတစ်ခုမှာ ဖြစ်ဖြစ်၊ တရားသူကြီး ရုံးတစ်ရုံးမှာဖြစ်ဖြစ်ပေါ့၊ မိငယ် အခုနေနဲ့ ရည်းစားထားတာတို့၊ ချစ်သူထားတာတို့ အကြာ

www.burmeseclassic.com



ကြီးနေရတာမျိုး မကြိုက်ဘူး၊ ချစ်ကြပြီဆိုရင် တရားဝင် လက်ထပ်လိုက်၊ အဲသည်နောက် ညားသွားတာ အကောင်းဆုံးပဲလို့ မိငယ် ယူဆတယ် ...

"ချစ်ကြပြီးမှ လက်မထပ်သေးဘဲ နေရတဲ့အချိန်တွေကြားမှာ ကိုယ့်ကိုသူက စိတ်ပူ၊ သူ့ကိုကိုယ်ကစိတ်ပူ နေရတာ စိတ်ဆင်းရဲစရာ အကောင်းဆုံး မဟုတ်လား ကိုထွန်းထွန်း"

"ငယ်ငယ် တကယ်ပြောတာလားဟင်"

"အိုး ... တကယ်ပေါ့"

"ဒါဆိုရင် ဟို ... ဟောရှေ့ကမြို့ဟာ ကလောမြို့ပဲ၊ သည်နေ့ ရက်လွတ်လည်းဖြစ်နေတယ်၊ အချိန်ကလည်း ရုံးချိန်အတွင်းဆိုတော့ တရားသူကြီးရုံးတစ်ခုခုမှာ လက်ထပ်မယ်၊ ဘယ့်နှယ်လဲ"

"ရတယ်လေ၊ ကလောမှာပဲ လက်ထပ်ကြပေါ့၊ လက်ထပ်ပြီးရင် ကိုထွန်းထွန်းအနေနဲ့ မိငယ်ကို ပိုင်သွားပြီ၊ ကြိုက်တဲ့ဆီခေါ်သွား၊ မိငယ် လိုက်မယ်"

"ပြတ်လှချည်လား ငယ်ငယ်"

"ပြတ်တာ ကောင်းတာပေါ့ ကိုထွန်းထွန်း၊ ချစ်သူဘဝနဲ့ အကြာကြီးနေကြပြီးမှ လက်မထပ်ဖြစ်ကြရင် မိန်းကလေးပဲ နစ်နာတယ် မဟုတ်လား"

သို့ဖြင့် ကလောတရားရုံးတွင် လက်ထပ်ဖြစ်ကြသည်။ သက်သေအဖြစ် ယင်းနယ်မြေရှိ ရပ်ကွက်လူကြီးနှစ်ဦးကပင် အခိုင်အမာ သူတို့၏အလုပ်အကိုင်၊ ရာထူး၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာတို့ကို ထည့်သွင်းဖော်ပြထားပေးပါ၏။



ထိုနေ့က ကလောဘုတာအနီးမှာပင် သီးသန့်အခန်းတစ်ခုငှားကာ ထွန်းထွန်းနှင့် ငယ်ငယ် တစ်နေ့လုံး တစ်ညလုံး အတူတူနေကြသည်။

တရားဝင် လင်မယားအရာ မြောက်ကြသည်။

သြော် ... မညားသေးမီ ရုံးတွင်လက်ထပ်ပြီးသည်နှင့် ငယ်ငယ်၏ အထူးအဆန်း လုပ်ဆောင်မှုလေး တစ်ရပ်ကို ထွန်းထွန်း ပြန်၍တွေးမိပြန်သည်။

"ငယ်ငယ် တစ်ခုပြောချင်လို့ ကိုထွန်းထွန်း"

"သည်မယ် ငယ်ငယ်၊ ကိုယ့်ကို အခုထက်ထိ ကိုထွန်းထွန်းလို့ခေါ်တုန်းပဲလားဟင်၊ အခု ကိုယ်နဲ့ငယ်ငယ် တရားရုံးမှာ လက်ထပ်ခဲ့ကြလို့ တရားဝင် လင်မယားအရာမြောက်နေပြီ မဟုတ်လား"

"ဒါဖြင့် မိငယ်က ကိုထွန်းထွန်းကို အခု ဘယ်လိုခေါ်စေချင်လို့လဲဟင်"

"မောင်လို့ ခေါ်ချင်ခေါ်၊ ဒါမှမဟုတ် ကိုကိုလို့ ခေါ်ချင်ခေါ်၊ အဲသည်နှစ်ခုထဲက ငယ်ငယ် ကြိုက်ရာကိုခေါ်လေ"

"မိငယ် ကြိုက်ရာကို မခေါ်ပါဘူးလေ၊ ကိုထွန်းထွန်းကြိုက်ရာကိုပဲ ပြောပါ၊ ကိုထွန်းထွန်း ကြိုက်တယ်ဆိုတာကို မိငယ် ပြောင်းခေါ်ပေးမယ်"

ထွန်းထွန်းသည် ငယ်ငယ်၏မျက်နှာကို ဖျတ်ခနဲ စူးစိုက်ကြည့်လိုက်မိသည်။

ငယ်ငယ် ပြောပုံဆိုပုံနှင့် လုပ်ဆောင်ချက်တွေမှာ သံပတ်ပေးထားသော အရုပ်တစ်ရုပ် သူ့ဟာသူ သံပတ်နှင့် [illegible]ပင်နီယံတွေ ရွေ့လျားလေတိုင်း လုပ်ရမည့် အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်သွားသည်နှင့် တူလှကြောင်း ယခုမှ စေ့စေ့တွေးမှ ထွန်းထွန်း ဦးနှောက်ထဲတွင် ရေးရေးပေါ်လာမိခြင်းမျိုး ဖြစ်နေတော့သည်။

ရှင်းရှင်းပြောရလျှင် ...

ယခုမှ ငူငူငိုင်ငိုင်နှင့် ထွန်းထွန်းက ပြီးခဲ့သောကိစ္စလေးတွေကို ထိုင်တွေးနေခြင်း ဖြစ်ပါ၏။

ကလောတွင် လက်ထပ်ပြီး တရားသူကြီးရုံးမှ ဆင်းလာသည်နှင့် ထွန်းထွန်း၏အဓိကဆန္ဒမှာ ဆိတ်ငြိမ်လုံခြုံရာနေရာတစ်ခု၊ အခန်းတစ်ခုတွင် ငယ်ငယ်နှင့်အတူ နေထိုင်လိုခြင်း၊ အိပ်စက်လိုခြင်းဆိုသည့် တပ်မက်စိတ်တွေသာ အဓိကလွှမ်းမိုးခဲ့သည်။

ဤသို့ပင်လျှင် ထွန်းထွန်း၏ ငယ်ဇီဖြေစ်တော့သည်ဟု ဆိုရအံ့ထင်သည်။

ငယ်စဉ်က မိုလ်ချုပ်ဈေးဆိုင်တစ်ခုတွင် ပျားဖွပ်သော ဝက်ဝံရုပ်တစ်ရုပ် လိုချင်တပ်မက်မှုအတွက် ထွန်းထွန်းသည် လှိမ့်၍ လှိမ့်၍ ငိုခဲ့ဖူးသည်ကော။

တပ်မက်စိတ်နောက်သို့ အပြင်းအထန် လိုက်တတ်သော ထွန်းထွန်း၏ ဇီဇစိတ်သည် ကလောတွင် မိငယ်နှင့်အတူနားနေအိပ်စက်ရန်ကိုသာ ဆန္ဒစောဖြင့် ထန်နေသည်။

ထိုရောအခါ မိငယ်က ဘာပြောပြော တတ်နိုင်သရွေ့ လိုက်လျောရန်လည်း အသင့်ဖြစ်နေပါ၏။

"မောင်လို့ ခေါ်တာတွေလည်း ရိုးသွားပြီ ငယ်ငယ်၊ နောက်ပြီး ကိုကိုလို့ခေါ်တာလည်း မောင်နှမလိုလို၊ အစ်ကိုလိုလိုနဲ့ ညီမလိုလိုကြီး၊ သည်တော့ ကိုယ့်ကို 'ကို'လို့ပဲ တစ်လုံးတည်း ခေါ်ပါလား"



"ရတယ်လေ ... အခုပဲခေါ်မယ်၊ သည်မှာ ကို၊ ခုန မိငယ် ပြောချင်တဲ့စကားကို ဆက်ကြရအောင်လေ"

"ပြောလေ"

"မိငယ်နဲ့ ကို့အလုပ်က ရုပ်ရှင်မင်းသမီးနဲ့ မင်းသားမဟုတ်လား၊ နောက်ပြီး ဦးလေးဒါရိုက်တာက မိငယ်တို့ကိုဆက်ပြီး ဇာတ်ကားတွေ ရိုက်ဦးမယ်လို့လည်း ပြောထားတယ်နော်"

"အဲဒါ ဟုတ်သားပဲ ငယ်ငယ်"

"အဲသည်တော့ မိငယ် အခုလောလောဆယ် အတောအတွင်းမှာ သားသမီး မလိုချင်ဘူး ကို"

"ဒါတော့ အခုလောလောဆယ် ရက်အတွင်းမှာ ကံတရားလို့ပဲ သဘောထားရမှာပဲ ငယ်ငယ်"

"ဘာရယ် ကို"

"ဩော် ... သည်ကိစ္စမျိုး ကြိုတင်ကာကွယ်တယ် ဆိုတာမျိုးက ဆရာဝန်တွေကသာ ညွှန်ကြားပြုလုပ်ပေးနိုင်တာမဟုတ်လား၊ ဆရာဝန်တောင် ကိုယ်နဲ့ အင်မတန်ရင်းနှီးပြီး ကိုယ့်ဘက်က ခိုင်လုံတဲ့အကြောင်းတွေ ပြောပြမှ ညွှန်ကြားပြုလုပ်ပေးမှာ မဟုတ်လား ...

"သည်တော့ အဲသည်ကိစ္စကို ရန်ကုန်ကျမှ ဆက်စဉ်းစားတာပေါ့နော်၊ နောက်ပြီး ချက်ချင်းကြီးလည်း ရတတ်တာ အင်မတန်နည်းပါတယ်၊ တချို့များဆိုရင် ဘာမှမကာကွယ်ဘဲနဲ့တောင် လေးငါးခြောက်လ တစ်နှစ်ဆိုသလိုနေပြီးမှ ရကြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှင့်အလွန်စိမ်းသော ကလောမြို့ဝယ် ထွန်းထွန်း ပြန်လည်ရှင်းပြချက်ကို မိငယ်ဇောဒကထပ်၍ တက်စရာမရှိပါ လေတော့။

ထွန်းထွန်းသည် ကလောတွင် လက်ထပ်ပြီးနောက် ဖြစ်ပျက်ခဲ့ရပုံလေးတွေကို ယခုမှ အသေးစိတ် စဉ်းစားကြည့်နေ မိခြင်း ဖြစ်ပါတော့၏။

ထိုစဉ်ကတော့ ထွန်းထွန်းသည် မိငယ်အပေါ်တွင် တပ်မက်စိတ်တွေမွှန်ကာ ဝက်ဝံပျားဖွတ်အရုပ်လေး ရစဉ်တုန်းက ကဲ့သို့ ပျော်မိသည်။ ကြည်နူးမိသည်။

မိမိက တက်တက်ကြွကြွ ရှိခဲ့သလောက် ငယ်ငယ် သည် တက်တက်ကြွကြွမရှိကြောင်း ယခုမှပင် ပြန်လည်တွေးမိ ခြင်းဖြစ်သည်။

ငယ်ငယ်သည် မိမိနှင့်ရရှိမည့် သားသမီးကိုပင် မလိုချင်ကြောင်း ပြောရက်ခဲ့ပေသည်။ ကလောသီးသန့်ခန်းလေး ထဲဝယ် ညတစ်ရေးနိုးမှာပင် ငယ်ငယ်က ထွန်းထွန်းကို မေးခဲ့သေး သည်။

"မိငယ်နဲ့ အခုလို လက်ထပ်လိုက်တာကို ကိုတို့မိဘတွေ က သဘောတူပါ့မလားဟင်"

"ဘာလို့ မတူရမှာလဲ ငယ်ငယ်"

"ဩော် … ကိုနဲ့ မိငယ်ဟာ ဘဝခြင်း မညီမျှဘူးလေ မိငယ်ဘက်က အရာရာချို့တဲ့ပြီး ကို့ဘက်က အရာရာမှာ သာလွန်နေတယ် မဟုတ်လား၊ ကိုက မိဘချမ်းသာတယ် ဂုဏ်ရှိတယ်၊ ကို့ကိုယ်တိုင်က တက္ကသိုလ်ဘွဲ့ရ၊ လူမျိုး လူချောတစ်ယောက်"



"အိုကွယ် … ဖေဖေနဲ့ မေမေ သဘောမတူလည်း ဘာ အရေးလဲ၊ ကိုယ့်မှာ ဘဏ်မှာအပ်ထားတဲ့ ငွေတွေရှိတယ်၊ နောက်ပြီး ကိုယ်တို့နှစ်ယောက် အောင်မြင်သွားရင် ဓာတ် ကားတွေ ဆက်ရိုက်ရင်း ဝင်ငွေရှိလာနိုင်တာပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့ ကို၊ မိန်းကလေးဘက်က သဘောမတူ ပေမယ့် ဖွတ်ဆက်ပေါင်းနေတယ် ဆိုတာက လူကြားလို့ ကောင်းတယ်၊ အဲသည်မိန်းကလေးမျိုးကို ဩော် … သူ့ ခမျာ ယောကျ်ားကို ချစ်လွန်းရှာလို့ပါလားဆိုပြီး ပတ်ဝန်း ကျင်က သနားကြသေးတယ် …

"အဲ … ဒါပေမဲ့ ယောကျ်ားလေးဘက်က သဘော မတူဘဲ ဖွတ်ဆက်ပေါင်းနေရင် ပတ်ဝန်းကျင်က မိန်းက လေးကို ရှုတ်ချကြပါရော …

"ကောင်မက လင်ငတ်လိုက်တာ ဆိုတာမျိုးတွေ၊ ကောင်မကိုက ယောက်ျမချမ်းသာသရွေ့ အပိုင်စီးချင်လို့ ဖွတ်ကပ်နေတာပေါ့ ဆိုတာမျိုးတွေ၊ အကဲ့ရဲ့ခံရမှာ"

"အိုကွာ … ငယ်ငယ်ကလည်း"

"မိငယ်တော့ အဲသည်လို အကဲ့ရဲ့မခံနိုင်ဘူး ကို၊ တကယ် လို့ ကို့မိဘတွေက သဘောမတူနိုင်ဘူးဆိုရင် ကိုနဲ့ မိငယ် တို့ ဤဘဝ ဤမျှသာနဲ့ပဲ လမ်းခွဲကြရမှာပဲ"

မိငယ်စကားကို ထွန်းထွန်းသည် အလေးအနက် ထားခဲ့ပေ။

သူ့ခမျာ ချို့တဲ့ရှာသူမို့ လက်ထပ်ပြီး ညားပြီးကာ မှ တွေးတောပူပန်က စိတ်ထဲရှိသလို လျှောက်ပြောနေသည်ဟု သာ သာမန်မှတ်ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်မှာမူ ဖေဖေနှင့် မေမေသည် ဤမျှမရိုင်းတန်ဟု ထွန်းထွန်း ထင်ရှိထားခဲ့သည်။ အထူးသဖြင့် သားကို အလွန်ချစ်တတ်လွန်းသော ဖေဖေနှင့် မေမေမို့ နောက်ဆုံး သား အလိုကိုလိုက်လျောလိမ့်မည်ဟုလည်း ယုံကြည်ထားမိသည်။

ယခုလက်တွေ့တွင် ထွန်းထွန်း တွေးထင်ယူမှတ်ထားသည်တို့နှင့် တခြားစီဖြစ်နေသည်ကို တွေ့ရသည်။

မေမေသည် နှလုံးထိခိုက်ပြီး တက်သွားသည်အထိ ခံစားရရှာသည်။

ဖေဖေက သူ့တွင် သားသာလျှင်ရှိသည်၊ ချွေးမ မရှိစေရဟု အပြတ်ပြောသည်။

ထားပါတော့၊ ဖေဖေ အပြတ်ပြောသည်ကို ထွန်းထွန်း မပူဘဲ နေနိုင်သည်။

မေမေ နှလုံးလေခတ်ပြီး တက်သွားသည်ကိုတော့ ထွန်းထွန်း ရင်ထဲတွင် အလွန်ထိခိုက်ရသည်။

မေမေ တစ်ခုခု ဖြစ်သွားလျှင် တစ်သက်လုံး ထွန်းထွန်း ဖြေဆည်နိုင်တော့မည် မဟုတ်။

မေမေ တစ်ခုခုဖြစ်သွားလျှင် ထွန်းထွန်းတရားခံ

ထွန်းထွန်းသည် လောလောဆယ်တွင် ဘာမျှမဆုံးဖြတ်နိုင်။

တချုပ်နှစ်စောင်ကို ပြန်ခေါက်ခါ အကျႌအိတ်ထဲပြန် ထည့်ပြီး ဧည့်ခန်းမှ ဖြည်းညှင်းစွာ ထွက်လာခဲ့တော့သည်။

♣ ✦ ♣



## အခန်း(၁၇)

"နင် အများလုပ်ခဲ့ပြီး မိငယ်၊ တကယ်ဆိုရင် ငါ့ဖအေ တစ်ယောက်လုံးကို တိုင်ပင်သင့်သေးတယ်"

"အို ... အဖေကလည်း ကလောမှာ လက်ထပ်လိုက်တာ အဖေက ရန်ကုန်မှာ ကျန်ရစ်ခဲ့တာပဲဟာ ဘယ်လိုတိုင်ပင် ချိန်ရမှာလဲ"

"ရန်ကုန်ရောက်ပြီးမှ လက်ထပ်ရင်ကော မဖြစ်ဘူးလား၊ နောက်ပြီး မောင်ထွန်းထွန်းနဲ့ နင်နဲ့ဟာ အခြေအနေချင်း ကွာခြားလွန်းမနေဘူးလား၊ သည်လိုအိမ်ထောင်ရေးမျိုးဟာ မမြဲနိုင်ဘူး မိငယ"

"အဲဒါလည်း မိငယ် သိသားပဲ အဖေ"

"တောက် ... သိသားနဲ့များ မိငယ်ရယ်၊ နောက်ဆုံး ငါ့ကို မတိုင်ပင်ဘူးထားဦး၊ ဆရာကိုသက်ဦးကို တိုင်ပင်သင့် တယ်၊ ခွင့်တောင်းသင့်တယ်"

"အို ... အဖေ မသိပါဘူး၊ မိငယ် လုပ်တာလည်း မမှားစေရပါဘူး၊ စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ … နင်က ဝင်ငွေကောင်းတော့မယ့် မင်းသမီးဖြစ်တော့မှာကိုး၊ ဖအေမှန်းမသိ ဘာမှန်းမသိ ငါ့လေငါထိုး ပဲရှူးရောက်ရောက်ဆိုတဲ့ အပေါက်မျိုးလုပ်တော့မှာပေါ့"

သားအဖ စကားများနေကြသည်ကို ဝရန်တာသို့ ရောက်နေပြီဖြစ်သော ထွန်းထွန်းက အတိုင်းသား ကြားနေရတော့သည်။

ထွန်းထွန်းသည် စိတ်ပျက်စွာဖြင့် မိငယ်၏အခန်းလေးထဲသို့ မဝင်တော့ဘဲ ခြေသံမကြားအောင် လှေကားမှ ပြန်ဆင်းလာသည်။

ခြံထဲသို့ လျှောက်လာရင်း အစ်ကိုဦးရှိရာ အိမ်ကြီးဆီသို့ မျှော်ကြည့်မိသည်။

အိမ်ကြီးထဲတွင် အစ်ကိုဦး၏ အရိပ်အယောင်ကို မတွေ့ရ။

ခြံထဲဘက်သို့ ထွန်းထွန်း ဆက်လျှောက်ခဲ့သည်။

အကယ်၍ အစ်ကိုဦး ဧည့်ခန်းထဲတွင် အရိပ်အယောင်တွေ့လျှင် ထွန်းထွန်းက သူ့အိမ်မှ သူ့မိဘတွေ ဖြစ်ပျက်ပုံတွေ ပြောပြချင်နေမိသည်။

အစ်ကိုဦးသည် ခရီးပန်းလာပြီး အိပ်ခန်းထဲ၌ အနားယူနေသည် ထင်ပါ၏။

ခြံထဲရှိ ခုံတန်းလျားလေးတစ်ခုပေါ်တွင် ထွန်းထွန်း ထိုင်လိုက်သည်။



ထိုစဉ်မှာပင် ကြီးကြီးမေသည် ပလတ်စတစ်ပန်းခြင်းလေးတစ်လုံး လက်တွင်စွပ်ပြီး အခြားလက်တစ်ဖက်က ပန်းညှပ်ကတ်ကြေးကိုင်ကာ ခြံထဲသို့ ရောက်လာသည်။

မိုးချုပ်ကာနီးကျမှ ပန်းများလာခူးနေသော ကြီးကြီးမေကို ထွန်းထွန်းက ငေးကြည့်နေမိသည်။

ပန်းခူးသည်ဆိုခြင်းမှာ နံနက်ပိုင်းဖြစ်စေ၊ သို့မဟုတ် ညနေစောင်းလေးဖြစ်စေ ခူးလေ့ရှိကြပါသည်။

သစ်ပင်ပန်းပင်တွေင် ရှူး ဘောက်ဖတ်၊ မြွေစသည့် အဆိပ်ရှိသတ္တဝါများ ရှိနေတတ်ခြင်းကြောင့် မြင်မြင်ထင်ထင် အချိန်၌သာ ခူးကြသည် မဟုတ်လား။

"ပန်းခူးတာ မိုးချုပ်လှချည်လား ကြီးကြီးမေ"

"အေးကွယ် … အခုပဲ အားလို့၊ မောင်သက်ဦး ထမင်းစားမလားစောင့်ရင်း မိုးချုပ်သွားတယ်၊ မောင်သက်ဦးခမျာ ထမင်းလည်း မစားပါဘူးကွယ်၊ အရက်တွေသောက်ပြီး သူ့အခန်းထဲ ဝင်အိပ်ပျော်နေလေရဲ့၊ ဒါကြောင့် သူအိပ်မှ ပန်းလာခူးရတာ"

"ဗျာ … အစ်ကိုဦး အရက်သောက်တယ် ဟုတ်လား၊ ကျွန်တော်တော့ အစ်ကိုဦး အရက်သောက်တာ မမြင်ဖူးပါဘူး၊ တစ်ခါတလေ အလုပ်သိမ်ပင်ပန်းမှ ဘီယာလေးလောက် သောက်တာသာ တွေ့ဖူးတာပါ"

"ဟုတ်တယ် ထွန်းထွန်း၊ မောင်သက်ဦးဟာ အရက်သောက်လေ့မရှိပါဘူး၊ ဒါပေမဲ့ သိပ်ပြီးစိတ်ထိခိုက်တဲ့အခါမျိုးတော့ မောင်သက်ဦးက အရက်ပြင်းတွေကို လူမှန်းမသိအောင် သောက်တတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... သိပ်ပြီး စိတ်ထိခိုက်တဲ့ အခါမျိုးမှာ တအား သောက်တယ် ဟုတ်လား၊ နေပါဦး ... အခုကော အစ်ကိုဦး က ဘာများ စိတ်ထိခိုက်စရာရှိသလဲ ...

"ကျွန်တော်တို့နဲ့အတူတူ သည်နေ့မှ တောင်ကြီးက ပြန်လာတာပဲဟာ၊ တစ်လမ်းလုံး အစ်ကိုဦး ဘာမှဖြစ်ပုံ မရပါဘူး၊ နောက်ပြီး အစ်ကိုဦး အခုရိုက်သမျှ ရိုက်ကွက် တွေအားလုံးလည်း အဆင်ပြေလို့၊ အောင်မြင်လို့"

ကြီးကြီးမေသည် ပန်းခြင်းလေးကို ခုံတန်းလျားစွန်း တွင် တင်ထားလိုက်သည်။ ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် မျက်လုံးဝေ့၍ ကြည့်လိုက်သည်။

ပြီးမှ ကြီးကြီးမေက ထွန်းထွန်းအနီးသို့ တိုးကပ် သွားကာ လေသံတိုးတိုးလေးဖြင့် ပြောလိုက်ပေတော့သည်။

"မောင်ထွန်းထွန်းနဲ့ ငယ်ငယ်ဟာ ကလောမှာ လက်ထပ် ခဲ့ကြတယ် မဟုတ်လား"

"အင်းလေ ... အဲဒါ ဘာပြုလို့လဲ ကြီးကြီးမေ"

"အဲသည်အတွက် မောင်သက်ဦး ခမျာ သိပ်စိတ်ထိခိုက် လာပုံ ရတယ်"

"ဗျာ ... ဘာဆိုင်လဲ"

"ဘာဆိုင်လဲဆိုတော့ မောင်သက်ဦးဟာ ငယ်ငယ့်ကိုချစ် နေရှာတာကွယ့်၊ နောက်ပြီး တစ်နေ့မှာ မောင်သက်ဦး အရက်တွေ တအားမူးပြီး ငယ်ငယ်နဲ့ မှားမှားယွင်းယွင်း တွေ ဖြစ်ကုန်ကြဖူးတယ်လေ"

"ဗျာ"



ထွန်းထွန်းသည် ကင်းကိုက်ခံလိုက်ရသလို ဆွေ့ ဆွေ့ခုန်သဏ္ဌာန်နှင့် မတ်တတ်ရပ်လိုက်မိသည်။

ကြီးကြီးမေ၏ ပခုံးနှစ်ဖက်ကိုလည်း တစ်ဖက်တစ် ချက် သူ့လက်ဝါးများဖြင့် ဆုပ်ကိုင်လှုပ်ယမ်းလိုက်သည်။

"ကြီးကြီးမေ ... ခင်ဗျားပြောတာတွေ တကယ်လားဟင်၊ တကယ်ပဲ ကိုသက်ဦးနဲ့ မိငယ်တို့ ကျူးကျူးလွန်လွန်တွေ ဖြစ်ခဲ့ဖူးသလား"

"ကြီးကြီးမေ တစ်ဆင့်စကား မပြောတတ်ဘူး၊ မောင် ထွန်းထွန်း၊ ကြီးကြီးမေရဲ့မျက်စိနဲ့ ကိုယ်တိုင်တွေ့ပြီး တိတိကျကျရှိလို့ ပြောနေတာ"

"ဒါဖြင့် မြန်မြန်ပြောစမ်းဗျာ၊ သူတို့ ဘယ်တုန်းက ဘယ် နေရာမှာ အဲသည်လိုတွေ ဖြစ်ကုန်တာလဲ"

"နားထောင် မောင်ထွန်းထွန်း၊ တိတိကျကျဆိုရင် သည် ဓာတ်ကားရိုက်ဖို့ ကန်တော့ပွဲမပေးခင် သုံးရက်လောက်က မောင်ထွန်းထွန်းနဲ့ ငယ်ငယ်ဟာ ဟောဟိုစပယ်ရုံဘေးက ခုံတန်းလျားလေးမှာ အတူတူ ထိုင်ခဲ့ကြဖူးသေးတယ် မဟုတ်လား"

ထွန်းထွန်းက ခေါင်းညိတ်ပြလိုက်သည်။

ယင်းလွန်ခဲ့သော ရင်းညနေက ကိုသက်ဦးသည် ပွင့်ဦးသူဓာရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒေါ်စိမ်းစိမ်းနှင့် ဤဓာတ်ကား အတွက် သွားရောက်ဆွေးနွေးခဲ့သဖြင့် ငယ်ငယ်နှင့် ထွန်းထွန်း နှစ်ယောက်တည်း တွေ့ခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညနေကပင် ငယ်ငယ့်အား မိမိက မေတ္တာရှိကြောင်း ဖွင့်ပြောခဲ့သည်။

ကိုသက်ဦး ပြန်လာတော့လည်း ငယ်ငယ့်အား မိမိက မေတ္တာရှိကြောင်း ဖွင့်ပြောလိုက်ပြီဖြစ်ကြောင်း ထပ်ဆင့်ပြောခဲ့သည်တို့ကို ထွန်းထွန်း ကောင်းကောင်းမှတ်မိနေပါ၏။

"အဲသည်ညပိုင်းကပဲ မောင်ထွန်းထွန်း၊ မောင်သက်ဦး အရက်တွေ တအားသောက်တယ်၊ သူ့အဖေ ဆုံးတုန်းက သောက်တဲ့ပုံစံမျိုးသောက်တာ၊ အဲသည်ညက မောင်သက်ဦး ဟာ ဘာကိုစိတ်ထိခိုက်ပြီး သောက်တယ်ဆိုတာကိုတော့ ကြီးကြီးမေလည်း မသိဘူး"

ကြီးကြီးမေ မသိသော်လည်း ထွန်းထွန်း သိနိုင်ပါသည်။

ငယ်ငယ့်အား မေတ္တာရှိကြောင်း မိမိက ဖွင့်ပြောပြီး ငယ်ငယ်က လိုက်လျောလေမည့်အသွင်မျိုး မိမိကပင် ကိုသက်ဦးအား ပြန်ပြောခဲ့သဖြင့် ငယ်ငယ့်ကို ကျိတ်ချစ်နေသည့် ကိုသက်ဦး စိတ်ထိခိုက်ခြင်း ဖြစ်ရပေမည်။

"ဟုတ်တယ် … ကြီးကြီးမေ ပြောတာတွေ သိပ်တိကျနေတယ်၊ ဆက်ပြောပါ ကြီးကြီးမေ"

"အဲသည်ညက ထမင်းစားခန်းက စားပွဲမှာ မောင်သက်ဦး တအားကြီး အရက်သောက်နေတော့ ကြီးကြီးမေက စိုးရိမ်ပြီး ဦးလှုအေးနဲ့ ငယ်ငယ့် တန်းလျားကိုသွားပြီး အကျိုးအကြောင်း ပြောပြတယ် …



"ရှင်းရှင်း ပြောရရင် ကြီးကြီးမေတို့က သူ့လခစားအစခံမဟုတ်လား၊ အဲသည်တော့ ကြီးကြီးမေတို့ထက်ပိုပြီး အဆင့်မြင့်တဲ့ ဦးလှုအေးသားအဖဆီမှာ မောင်သက်ဦး အရက်တွေ သိပ်မသောက်အောင် တားမြစ်ပေးပါလို့ ကြီးကြီးမေက အကူအညီ သွားတောင်းတာပါ …

"ဦးလှုအေး ကိုယ်တိုင်ကလည်း ကိုသက်ဦးနားမကပ်ရဲတဲ့အကြောင်း ပြောပြလို့ ကြီးကြီးမေ ပြန်လာခဲ့တယ်၊ အဲ … တစ်အောင့်လောက်ကြာတဲ့အထိ ကြီးကြီးမေ စိတ်ထဲမှာ မောင်သက်ဦးကို စိတ်မချတာရော၊ အိမ်ရှေ့ညှော်ခန်းက ဆွဲတံခါးကြီး သော့မခတ်ရသေးတာရော စိတ်မချလို့ အိမ်ကြီးဆီကို ပြန်လာတယ် …

"အဲသည်လှေကားထိပ်မှ ငယ်ငယ့်က ရောက်နှင့်နေတာနဲ့ ကြီးကြီးမေ သစ်ပင်ရိပ်ကွယ်ပြီး အခြေအနေကြည့်နေမိတယ်၊ တကယ်ပါကွယ်၊ ကြီးကြီးမေ တမင်ချောင်းကြည့်တာ မဟုတ်ရပါဘူး၊ ကြီးကြီးမေ အရှက်ကြီးလွန်းလို့ အခုထိ အပျိုကြီး ဖြစ်နေတာကိုပဲ ကြည့်ပေါ့"

"ဟုတ်ပါပြီ ကြီးကြီးမေ၊ အဲသည်နောက် ကြီးကြီးမေ ဘာတွေတွေ့သလဲ၊ အဲဒါ ပြောစမ်းပါ"

"ငယ်ငယ် အထဲဝင်သွားတယ်၊ အိမ်ရှေ့ ညှော်ခန်းက မီးချောင်းထွန်းမထားဘူး၊ ထမင်းစားခန်းကမီးပဲ ထွန်းထားတယ် …

www.burmeseclassic.com



"မောင်သက်ဦး သိချင်းတွေ အော်ဆိုနေတုန်း ငယ်ငယ်ရောက်သွားတယ်၊ အဲသည်နောက် မောင်သက်ဦး မတ်တတ်ရပ်လိုက်တာ ယိုင်သွားတယ်၊ မီငယ်က ဘေးက ဝင်တွဲတော့ နှစ်ယောက်လုံး လဲသွားတယ်၊ အကြာကြီးပါ ပဲကွယ်၊ ကြီးကြီးမေ ပြောရမှာ ရှက်ပါတယ်"

"ပြောပါ ကြီးကြီးမေ၊ မရှက်ပါနဲ့၊ ဒါမျိုးဆိုတာ တိတိပပ ပြောပြနိုင်မှ လက်ဆုပ်လက်ကိုင် ပြောနိုင်တာမျိုးမဟုတ် လား"

"ကြီးကြီးမေ ချောင်းကြည့်တဲ့ ပြတင်းပေါက်ကနေဆိုရင် ထမင်းစား စားပွဲကြီး ကွယ်နေတယ် မောင်ထွန်းထွန်း၊ နောက်ပြီး သူတို့နှစ်ယောက်သား ဖက်ပြီးလဲကျသွားတဲ့ ဘက်က ထမင်းစားစားပွဲ ကုလားထိုင်တွေ အရိပ်ကျပြီး မှောင်နေတယ် ...

"ဒါပေမဲ့ သူတို့လဲကျသွားတာ အကြာကြီးပဲ၊ အဲသည် အကြာကြီးကြာပြီးမှ ငယ်ငယ်က အရင်ထရပ်တယ်၊ နောက် ပြီး မောင်သက်ဦးကို ငယ်ငယ်က တွဲထူပြီး မောင်သက်ဦး ရဲ့အိပ်ခန်းအထိ ငယ်ငယ်က တွဲပိုးပြီး လိုက်ပို့လိုက်တယ် လေ ...

"သူတို့နှစ်ယောက် အိပ်ခန်းထဲ ရောက်သွားပြီဆို တော့လည်း ကြီးကြီးမေက တိတ်တိတ်လေးပဲ ကိုယ့်တန်း လျားဆီကို ကိုယ်ပြန်လာခဲ့တာပေါ့၊ ကြီးကြီးမေ ချောင်း ကြည့်နေမိတဲ့ ရည်ရွယ်ချက်က မောင်သက်ဦး အရက်မူး လွန်ပြီး အန္တရာယ်ဖြစ်မှာစိုးလို့သာ ကြည့်နေတာကိုး၊ အခု တော့ သူတို့ဟာသူတို့ ..."



"တော်ပြီ ကြီးကြီးမေ၊ ဒါဆိုရင် သိပ်ခိုင်လုံနေပြီ၊ ဟင်း ... ကိုသက်ဦးဆိုတဲ့ ကြောင်ဖားကြီးက ကျွန်တော့်ကို လှည့် ကျိုးထမ်းခိုင်းတယ်၊ ဟိုကောင်မ မီငယ်က ဖအေအရွယ် ကိုသက်ဦးကို မကြည်ဖြူချင်လို့ ကျွန်တော့်ကို အမိဖမ်း တာပဲဖြစ်မယ်၊ ဒါကြောင့် ကျွန်တော် စဉ်းစားနေတယ် ...

"သည်ကောင်မ မီငယ် ကျွန်တော့်ကို လက်ထပ်ပုံ လက်ထပ်နည်း တစ်မျိုးကြီးပါလားလို့၊ လက်စသတ်တော့ အပိုင်ထုတာကိုး၊ ဟင်း ... သိကြရောပေါ့ကွာ၊ သိကြရော ပေါ့"

"အေးကွယ် ... အဲဒါတွေတော့ ကြီးကြီးမေ မသိဘူးပေါ့ ကွယ်၊ အခု မောင်ထွန်းထွန်းက မောင်သက်ဦး ဘာတွေ စိတ်ထိခိုက်စရာ ရှိလို့လဲမေးတာနဲ့ ကြီးကြီးမေက သိသမျှ ဖွင့်ပြောမိလိုက်တာပါ ...

"ဘုရား ... ဘုရား ... သည်လိုပြောမိတဲ့အတွက် မောင်ထွန်းထွန်းကသာ ဆူဆူပူပူတွေဖြစ်ရင် ကြီးကြီးမေ အလုပ်ပြုတ်ပြီး အိပ်ရာလိပ်ပိုက်ပြီး သည်ခြံထဲက ထွက် ပြေးရပြီ"

"မပူနဲ့ ကြီးမေ၊ ကြီးကြီးမေဟာ ကျွန်တော့်အတွက် အင်မတန်ခိုင်မာတဲ့ သက်သေပဲ၊ အခု ကိုသက်ဦး ပေးထား တဲ့လခထက် ကျွန်တော်တို့အိမ်က ပိုပေးဖို့ မေမေ့ကိုပြော ပေးမယ်၊ ဘာမှမပူနဲ့ ကျွန်တော်တို့အိမ်မှာ လာလုပ်"

"အေးပေါ့ကွယ်၊ မောင်ထွန်းထွန်း အိမ်က အဲသည်လို ပေးရင်လည်း ကြီးကြီးမေရဲ့ကုသိုလ်ပေါ့၊ မပေးရင်လည်း ကြီးကြီးမေကတော့ တောကိုပဲ ပြန်မှပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမေသည် မျက်နှာသေလေးနှင့် ပန်းခြင်းလေး ကောက်ယူထွက်သွားသည်။

ကျောပေးထွက်ခွာသွားသည်မို့ ကြီးကြီးမေ၏မျက်နှာကို ထွန်းထွန်း မမြင်ရသော်လည်း ကြီးကြီးမေသည် ပြုံး၍ထွက်ခွာသွားခြင်းမျိုး ဖြစ်ပါတော့၏။

ရှင့်ဥသုဘာဒ္ဒါ၏ အသည်းနှလုံးလို ကြီးကြီးမေသည် ကိုသက်ဦးရော ငယ်ငယ့်ပါ ကလဲ့စားချေလိုက်နိုင်ပြီ မဟုတ်လား။

ကြီးကြီးမေ နားထဲတွင် တစ်ခါက ကိုသက်ဦး ကိုယ်တိုင် မျက်နှာထိ မျက်နှာထားနှင့် ...

"သည်မှာ ကြီးကြီးမေ၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ ကျွန်တော့်အလုပ်ထဲဝင်ပြီး ပွဲစားလိုလို မြှူဆွယ်သူလိုလိုနဲ့ ရှုတ်ရှုတ် ရှုတ်ရှုတ်လုပ်ရင်တော့ ကြီးကြီးမေ အိပ်ရာလိပ်လိပ်ပြီး ကျွန်တော့်ခြံထဲက ထွက်သွားရမယ် သိလား"

ဟု ပြောလိုက်သံကို ကြားယောင်နေပါ၏။

ယခု ဘာတတ်နိုင်ကြသေးသနည်း။

ထွန်းထွန်း၏မိဘအိမ်က လက်ရှိလခထက် ပိုပေးဦးမည်ဆိုခြင်းမှာ ကြီးကြီးမေအတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ် အမြတ်ထွက်ရပြီ မဟုတ်လား။

ထွန်းထွန်းသည် ခြံထဲမှ ပြေးထွက်ခဲ့သည်။

တန်းလျားပေါ်သို့ တဒုန်းဒုန်း ခြေသံတွေဖြင့် ပြေးတက်ခဲ့သည်။

ငယ်ငယ်၏အခန်းသို့ တစ်ရှူးထိုး ဝင်ခဲ့သည်။



"လာစမ်း မိငယ် ... လာစမ်း၊ အခုတော့ အားလုံးပေါ်ပြီ မဟုတ်လား၊ ထ ... ထ ... ကြောင်သူတော် ဒါရိုက်တာကြီး ကိုသက်ဦးရှေ့မှာ သွားရှင်းမယ်"

မိငယ်သည် ခုတင်ထက်တွင် လဲလျောင်းနေသည်ကို အတင်းဆွဲထူသည်။

မိငယ်က ထွန်းထွန်း၏ဒေါသလွှမ်းနေသော မျက်နှာ၊ သူ၏အပြုအမူ၊ သူ၏စကားလုံးတွေကြောင့် ခေတ္တအံ့အားသင့်သွားရသေးသည်။

"အဲဒါ ဘာဖြစ်လာတာလဲ"

"ဘာဖြစ်လာရမှာလဲ၊ နင်နဲ့ ဒါရိုက်တာသက်ဦးနဲ့ ငါ့ကို လက်မထပ်ခင်က ဖြစ်ချင်တိုင်း ဖြစ်ခဲ့တာတွေ သွားရှင်းမယ်လေ"

"ကြည့်ပြောနော်၊ မိငယ်နဲ့ ဦးလေးဒါရိုက်တာ ဘယ်တုန်းက ဘာတွေဖြစ်ခဲ့လို့လဲ"

"အေး ... နင့်ကိုငါက မေတ္တာရှိတဲ့အကြောင်း ဖွင့်ပြောတဲ့နေ့၊ ဒါရိုက်တာသက်ဦးက ရှောင်ပေးသလိုလိုနဲ့ ပွင့်ဦးသူဇာကုမ္ပဏီကို ဇာတ်လမ်းသွားဆွေးနွေးတဲ့နေ့ ...

"အဲသည်နေ့ရဲ့ညပိုင်းမှာ ဒါရိုက်တာသက်ဦး အရက်တွေတအားမူးတယ်၊ နင်က ရောက်သွားတယ်၊ ထမင်းစားစားပွဲဘေးမှာ လဲကျပြီး နင်နဲ့ သက်ဦးနဲ့ ဖြစ်ချင်တိုင်းဖြစ်ခဲ့တယ် မဟုတ်လား မိငယ်"

မိငယ်သည် ပထမတော့ မျက်ဝန်းလေးဝိုင်းသွားအောင် အံ့ဩသွားမိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းထွန်း ဤမျှအတိအကျ ပြောနိုင်ခြင်းကို အံ့သြမိ၍ ဖြစ်ပါ၏။

ထိုညက အဖြစ်အပျက်ကို တစ်ဦးတစ်ယောက်သည် ဘေးမှချောင်းကြည့် မြင်တွေ့သွားခြင်း ဖြစ်ရမည်ဟု ငယ်ငယ် ချက်ချင်း နားလည်လိုက်သည်။

သို့တစေ ကိုထွန်းထွန်း စွပ်စွဲသည့် အချက်ထဲတွင် တစ်ချက်သည် လွဲမှားနေသည်။

"ဦးလေး ဒါရိုက်တာနဲ့ မိငယ် ဖြစ်ချင်တိုင်း ဖြစ်ခဲ့တယ် ဆိုတာ ကိုထွန်းထွန်းက ဘယ်လောက်အတိုင်းအတာအထိ ပြောနေတာလဲ ကိုထွန်းထွန်း"

"လိုသေးလား၊ ပြောနေစရာ လိုသေးလား၊ အဲသည်ညကပဲ နင်နဲ့ သက်ဦးနဲ့ ညားခဲ့ကြတယ် မဟုတ်လား မိငယ် ..."

"ဟင်း ... ထမင်းစား စားပွဲဘေးမှာ လဲကျသွားပြီး အကြာကြီး ပြန်မထနိုင်ကြဘူး၊ သည်နောက် နင်ကိုယ်တိုင် သက်ဦးကို တွဲပိုးပြီး သက်ဦးရဲ့အိပ်ခန်းထဲအထိ သွားကြတယ်ဆိုတော့ အဲသည် အတိုင်းအတာကို ငါက ဘယ်လိုပြောရမလဲဟင်၊ သက်ဦးက ရဟန္တာလား၊ ဒါမှ မဟုတ် နွားလား"

"တော်တော့ ကိုထွန်းထွန်း၊ ရှင့်အပြောအဆိုတွေ သိပ်မိုက် ရိုင်းတယ်"

"ဒါဆိုရင် နင်က အဲသည်အထိ မဖြစ်ခဲ့ပါဘူးလို့ ငြင်းမလား မိငယ်"

မိငယ်သည် တွေခနဲ တစ်ချက်စဉ်းစားလိုက်သည်။



တကယ်အစစ်အမှန်သည် ထိုညက ဦးလေးဒါရိုက်တာသည် မိငယ်ကို ပါးပြင်နှင့် နဖူးကို နမ်းခဲ့ပါ၏။

ထို့ထက်မပိုခဲ့ကြောင်း မိငယ်မှလွဲပြီး အဘယ်သူ သိနိုင်အံ့နည်း။

ဒါကို မိငယ်က မဖြေရှင်းပါလေတော့။

ယခု ကိုထွန်းထွန်း ဒေါသတကြီး ဖြစ်နေပုံသည် မိငယ် မျှော်မှန်းထားသည့်ထက်ပင် ပို၍ ခရီးရောက်နေလေပြီ ဖြစ်၍ မိငယ် ချက်ချင်းသတိထားလိုက်မိသည်။

မိငယ် ဆင်ထားသော အကွက်ထဲတွင် ယခုအကွက် သည် မျှော်မှန်းထားသောအကွက် မဟုတ်ပါလေခဲ့။

မိငယ် နားလည်ထားသည်မှာ ကိုထွန်းထွန်း၏ မိဘများသည် မိငယ်နှင့် ဘယ်လိုမျှ သဘောတူမည်မဟုတ်။ ယင်းသို့ သဘောမတူကြောင်း အတိအလင်း သိရသည်နှင့် မိငယ်က ထို အချက်ကို ခြေကုပ်ယူကာ ထွန်းထွန်းနှင့် ကွာရှင်းခွင့်ရအောင် ဆောင်းယူမည် ဆိုသည်ကိုသာ အဓိကထားခဲ့သည်။

ထိုအကွက်ကို ရယူလိုခြင်းကြောင့်ပင် မိငယ်၏ အပျိုစင် နုနုထွတ်ထွတ်ဘဝကို ထွန်းထွန်း၏ ရင်ခွင်ကြားတွင် ထားခဲ့ရသည်။

ယခုတော့ မျှော်မှန်းထားသည်ထက်ပင် အခြား အကွက်ကောင်းတစ်ခု ဝင်ဆိုက်လာလေသည်တကား။

မိငယ်က မျက်နှာလေး ညိုပစ်လိုက်သည်။

မျက်နှာလေး အိုပစ်လိုက်သည်။

www.burmeseclassic.com



ပြီး ... လေသံပျော့ပျော့လေးဖြင့် ပြန်၍ ပြောကြားလိုက်သည်။

"အဲသည်အထိ ဖြစ်ခဲ့သလားဆိုတဲ့ ကိုထွန်းထွန်းရဲ့အမေးကို မိငယ် မငြင်းနိုင်ပါဘူး ကိုထွန်းထွန်း ...

"ဘာလို့လဲဆိုတော့ အဲသည်ညက ဦးလေးဒါရိုက်တာဟာ လူမှန်းသူမှန်း မသိအောင် မူးနေတယ် ...

"မိငယ်ကိုယ်တိုင်ကလည်း ဦးလေးဒါရိုက်တာကို မငြင်းပယ်နိုင်ခဲ့လို့၊ ဖြစ်ချင်တိုင်း ဖြစ်သွားခဲ့ကြပါတယ် ကိုထွန်းထွန်း"

"ကွာမယ် ... ကွာမယ်ဟေ့၊ သည်မိန်းမမျိုးအတွက် ငါ့အမေ နှလုံးရောဂါ အဖြစ်မခံနိုင်ဘူး ...

"သည်မိန်းမမျိုးအတွက် ငါ့အိမ် ငါ့မိသားစုတစ်ခုလုံး အထိခိုက် မခံနိုင်ဘူး၊ အပြိုအကွဲ မခံနိုင်ဘူး"

"ဘာလဲ ... ကိုထွန်းထွန်းရဲ့ ဖေဖေနဲ့ မေမေက မိငယ်နဲ့ သဘောမတူနိုင်ဘူးလို့ ပြောလွှတ်လိုက်ပြီ မဟုတ်လား ကိုထွန်းထွန်း"

"ပြောလွှတ်လိုက်ရုံလောက်သာဆိုရင် ငါက မဖြုန်ဘူး မိငယ်၊ အခုဆိုရင် ငါ့အမေဟာ သည်သတင်းကြားတာနဲ့ နှလုံးထိခိုက်သွားပြီး နက်ဖြန် အိုးစီးဂျီမှာတောင် သွားပြရမယ့်အခြေ ဆိုက်နေတယ် ...

"အေး ... ဒါပေမဲ့ နင့်ကို ငါ ငဲ့နေတယ်၊ မိဘနဲ့ နင့်ကြားမှာ ငါ ဘယ်လိုလုပ်ရမှန်း မသိအောင် တွေဝေနေတယ်၊ အခုတော့ ငါ အပြတ်ဆုံးဖြတ်လိုက်ပြီလေ၊ အပျိုမစစ်တဲ့ နင့်ကို ငါက ကွာရုံပဲပေါ့"



"ရပါတယ် ကိုထွန်းထွန်း၊ မိငယ်ကလည်း ယောကျ်ားလေးရဲ့မိဘဘက်က သဘောမတူပါဘူးဆိုရင် ပတ်ခနဲ့ကျင်အကဲ့ရဲ့မခံတော့ဘဲ ကွာရှင်းလိုက်တာ အကောင်းဆုံးလို့ ကလောမှာ နားခဲ့တဲ့ညကပဲ ပြောခဲ့ဖူးသားပဲ"

"ဒါဆို ပြီးရော၊ သည်မှာ ကြည့်မယ်"

ထွန်းထွန်းက ပြောပြောဆိုဆို ကလောတရားရုံးတွင် လက်ထပ်ခဲ့သည့် စာချုပ်နှစ်စောင်ကို အိတ်ထဲမှထုတ်ယူကာ ဗြဲခနဲ ဗြဲခနဲ လေးဖက်လေးတန် ဆွဲဆုတ်ပစ်လိုက်သည်။

အစုတ်အပြဲတို့ကို မိငယ်ရှေ့တွင် ပစ်ပေါက်ချလိုက်သည်။

"ပြီးပြီ မိငယ်၊ နင်နဲ့ ငါနဲ့ ပြတ်ပြီ"

ဦးလှအေးသည် ပက်လက်ကုလားထိုင်မှ ထခဲ့ပြီး ဝရန်တာသို့ ထွက်လာခဲ့တော့သည်။

ယခုလို ဖြစ်ပျက်သွားသော အကြောင်းခြင်းရာတွေကို သမီးလေးမိငယ်က သူမ၏ဦးလေးဒါရိုက်တာကို ရှင်းပြလိမ့်မည်မှန်း ယခုမှပင် ဦးလှအေး သဘောပေါက်ရလေတော့သည်။

ထွန်းထွန်းက တောင်ကြီးသို့ ယူသွားခဲ့သော သူ၏ အဝတ်အစားသေတ္တာကို ကောက်ယူလိုက်သည်။

ထိုစဉ်မှာပင် မိငယ်က စာရေးစက္ကူ ကတ်ပြားတစ်ခုနှင့် ဘောလ်ပင်မင်ချောင်းအံ့တစ်ခုကို ရှာဖွေယူငင်လာခဲ့သည်။

ဒေါနှင့် မောနှင့် အဝတ်အစားသေတ္တာကို ဆွဲယူကာ ထွန်းထွန်း ထွက်ခွာသွားတော့မည် အပြုတွင် မိငယ်က ဟန့်တားစကား ဆိုလိုက်သည်။

www.burmeseclassic.com



"နေဦး ကိုထွန်းထွန်း၊ တစ်ခုတော့ လုပ်လက်စနဲ့ဆက် လုပ်ပေးခဲ့ဦးလေ"

ထွန်းထွန်းက တုံ့ခနဲရပ်ကာ မိငယ်ကို လှမ်းကြည့်လိုက်သည်။

မိငယ်က စာရေးစက္ကူကတ်ပြားနှင့် ဘောလ်ပင်ကိုင်ကာ ထွန်းထွန်းဆီသို့ တိုးကပ်လာသည်။

"လက်ထပ်စာချုပ် ဖြဲဆုတ်ပစ်ရုံနဲ့ ဘယ်မှာခိုင်မာပါမလဲ ကိုထွန်းထွန်း၊ အဲသည်တော့ ဟောသည်စာရေးစက္ကူကတ်ထဲမှာ မိငယ်ကို အပြီးအပိုင် စွန့်လွှတ်ကွာရှင်းကြောင်း စာတစ်ကြောင်း နှစ်ကြောင်းလောက်ရေးပြီး ကိုထွန်းထွန်း လက်မှတ်ထိုးခဲ့ဦးလေ"

"ရတယ် ... သိပ်ကိုရတယ်"

ထွန်းထွန်းသည် စာရေးစက္ကူကတ်ပေါ်တွင် မိငယ်အား အပြီးအပိုင် စွန့်လွှတ်ကွာရှင်းကြောင်း စာတွေရေးကာ အောက်တွင် သူ၏ထိုးမြဲလက်မှတ် ရေးထိုးချလိုက်ပေတော့သည်။

ထို့နောက်တော့ ထွန်းထွန်းသည် အဝတ်သေတ္တာ ဆွဲယူကာ လှေကားမှ ဆင်းသွားပေတော့သည်။

ဝရန်တာတွင် ထွက်ရပ်နေသော ဦးလှအေးက ထွန်းထွန်းတစ်ယောက် ခြံဝတံခါးမှ ထွက်သွားသည်အထိ စောင့်ကြည့်ပြီးမှ အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

အိမ်ထဲတွင် ငယ်ငယ်သည် ထွန်းထွန်း ဖြဲဆုတ်သွားသော ကလောတရားရုံးမှ လက်ထပ်စာချုပ် လေးပိုင်းပြတ်ကို တယုတယ ပြန်ကောက်ယူနေသည်။



ထို့နောက် ထွန်းထွန်းက ကွာရှင်းပြတ်စဲကြောင်း ရေးသား လက်မှတ်ထိုးထားသော စာရွက်ကို ဖြုတ်ယူကာ လက်ထပ်စာချုပ်အပိုင်းပြတ်တွေနှင့် ထပ်ထားလိုက်ပြန်သည်။

"မိငယ်"

"အဖေ"

"အဲဒါတွေ ဘာလို့ တရိုတသေ နင်က ထပ်စီနေတာပဲ ဟင်"

"စောစောက မခင်ပုနဲ့ မညိုကို မိငယ်က ဦးလေးဒါရိုက်တာ ဘာလုပ်နေသလဲလို့ မေးခဲ့တယ် အဖေ၊ သူတို့က ပြောတယ်၊ ဦးလေးဒါရိုက်တာ အရက်တွေသောက်ပြီး အိပ်နေတယ်တဲ့၊ အဲသည်တော့ မိငယ်က ဟောသည်စာချုပ်အပိုင်းအပြတ်တွေရယ်၊ ကိုထွန်းထွန်းရေးပြီး လက်မှတ်ထိုးပေးခဲ့တဲ့ ကွာရှင်းကြောင်း စာရွက်ရယ် စီကပ်ပြီး ဦးလေးဒါရိုက်တာရဲ့ အိပ်ရာဘေးက စားပွဲခုံလေးမှာ သွားထားမလို့ ...

"ဦးလေး ဒါရိုက်တာ နိုးလာတဲ့အခါ အဲဒါတွေ တွေ့တာနဲ့ မိငယ်ကို ခေါ်မေးမှာပါ ဖေဖေ၊ ဦးလေးဒါရိုက်တာ ခေါ်မေးမှ မိငယ်ကလည်း အဖြစ်မှန်တွေ ပြောပြလိုက်မယ်လေ"

"ဟဲ့ ... မိငယ်"

ဦးလှအေးက သမီးမိငယ်ကို နားမလည်သလို စူးစူးစမ်းစမ်း မျက်စိနှင့် တစ်ချက်ကြည့်လိုက်ရင်း ...

"နင် ဘာတွေလုပ်နေတာလဲ မိငယ်"

www.burmeseclassic.com

www.burmeseclassic.com



"မညီမျှလို့ မယူနိုင်ကြတဲ့ အခြေအနေကနေပြီး ညီမျှသွားတဲ့အခါ ယူကြတဲ့ အခြေအနေကို မိငယ် လက်တွေ့လုပ်ပြတာပါ အဖေ"

"နင်ပြောတာ ငါ ဘာမှ နားမလည်ပါလား မိငယ်"

"ဒါဆိုရင် အဖေ့ကို မိငယ်က တစ်ခွန်းပဲ မေးမယ်၊ အခုကိုထွန်းထွန်းက မိငယ်ကို တရားဝင် ကွာရှင်းသွားပြီဆိုတာ အဖေ့အမြင်နော်"

"အေးလေ"

"အခုဆိုရင် မိငယ်ဟာ အပျိုမဟုတ်တော့ဘူး၊ တစ်ခုလပ်"

"ဟဲ့ … အဲဒါ သားအဖ ပြောရမယ့် စကားလား မိငယ်"

"မိငယ်ဘဝမှာ သားအမိဆိုတာ မရှိတော့ သားအဖချင်းပဲ ပြောရမှာပဲ အဖေ၊ မိငယ် တစ်ခုလပ် ဖြစ်သွားတာနဲ့ ဦးလေးဒါရိုက်တာ အသက်ကြီးတာတွေ၊ ရုပ်မလှတာတွေ ဘေးချိတ်ပြီး မိငယ်ကို လက်ထပ်တယ်ဆိုရင် အဖေမကျေနပ်ဘူးလား၊ ပတ်ဝန်းကျင်က လူတွေကကော မကျေနပ်နိုင်ဘူးလား"

"အင်းလေ … အဲသည်တော့ ဘာပြုလဲ၊ ငါ့အနေနဲ့ပြောရရင် မော်လမြိုင်ကစပြီး ထွက်လာကတည်းက နင့်ကို ဆရာကိုသက်ဦးက ဘယ်တော့ ကြင်ယာမြှောက်မလဲဆိုတာကို မျှော်လင့်ထားတာဟော့၊ သည်ကြားထဲ နင်က ဘာမှန်းမသိ၊ ညာမှန်းမသိ ထွန်းထွန်းကို လက်ထပ်လိုက်တာ၊ အဲသည်အတွက် ငါ့စိတ်ထဲ မကျေမနပ် ဖြစ်နေတာ"



"ဒါဆို အဖေ ကျေနပ်ပေတော့၊ ဦးလေးဒါရိုက်တာ နိုးလာပြီး ဒါတွေ အားလုံး ဖတ်မိပြီးတာနဲ့ မိငယ်ကို ဦးလေးဒါရိုက်တာက လက်ထပ်မှာ သေချာပါတယ်"

ဦးလူအေးသည် သမီး မိငယ်၏ လုပ်ပုံကိုင်နည်း လုပ်ဟန်တွေကို သဘောပေါက်သလိုလို၊ သဘောမပေါက်သလိုလို စိတ်ထဲတွင် ရှိနေပါ၏။

မည်သို့ဆိုစေ …

"ဆရာကိုသက်ဦးက သမီး မိငယ်ကို ကြင်ယာမြှောက်လျှင်တော့ ဦးလူအေး ကျေနပ်ဝမ်းသာသည်မှာ အမှန်။

မိငယ်သည် စာချုပ်ပြီနှင့် ထွန်းထွန်း၏ ကွာရှင်းခြင်းစာတန်း လက်မှတ်ထိုးပြီးသားကိုယူပြီး တန်းလျားလှေကားမှ ဆင်းလာခဲ့သည်။

"ဩော် … ကြည့်စမ်း၊ မေ့လိုက်တာ"

ဟု လှေကားတစ်ဝက်ရောက်ပြီးမှ မိငယ် တန်းလျားပေါ်ရှိ သူမ၏အခန်းသို့ ပြန်လာခဲ့သည်။

သူမ၏အိပ်ရာခေါင်းအုံးအောက်တွင် သိမ်းဆည်းထားသော ရုပ်ပြဇာတ်လမ်း စာအုပ်လေးကို ထုတ်ယူလိုက်သည်။

"ညီမျှမှ ယူကြတော့မည်"

ဟု ခေါင်းစည်းမျက်နှာဖုံး ရေးထားသော စာအုပ်လေးပင် ဖြစ်ပါတော့၏။

ရုပ်ပြစာအုပ်လေးကို စာချုပ်ပြီ၊ ကွာရှင်းစာရွက်များအပေါ်သို့ ထပ်၍ မိငယ်က ထင်လိုက်သည်။

www.burmeseclassic.com



ဦးလေးဒါရိုက်တာ နိုးလာပြီးနောက် လက်ထပ်စာချုပ်ပြီတွေ၊ ထွန်းထွန်း၏ ကွာရှင်းလက်မှတ်ထိုး စာရွက်တွေနှင့် ဤရုပ်ပြဇာတ်လမ်း စာအုပ်လေးအားလုံးကို ပေါင်းစပ်ပြီး ဖတ်လေမှ မိငယ်သည် ဦးလေးဒါရိုက်တာ၏အပေါ်တွင် မည်မျှချစ်ခင်ပြီး ဦးလေးဒါရိုက်တာဘဝနှင့်အတူ ညီမျှသွားအောင် သူမ၏ခန္ဓာကိုယ်ကို စတေးလိုက်ရကြောင်း ဦးလေးဒါရိုက်တာ သိမြင်သဘောပေါက်မည် မဟုတ်ပါလား။

သည်ကြားထဲကမှ ဦးလေးဒါရိုက်တာက သိမြင်ခြင်းနှင့် သဘောပေါက်ခြင်း မရှိသေးပါမူ။

ထုံးစံအတိုင်း ...

ဦးလေးဒါရိုက်တာက ဆိုဖာပေါ်မှာထိုင်၊ မိငယ်က ဦးလေးဒါရိုက်တာ၏ ပေါင်ပေါ်တွင် မျက်နှာအပ်ပြီး သည်လိုကြောင့် သည်လိုလုပ်ရတာပါ ဟူသော အကြောင်းတွေ စိကာပတ်ကုံး ပြောပြလိုက်မည်သာ။

နား၊ကြေပါဦးဗို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com